၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၂၆ ၊ ၂၀၁၂)



# အပြောင်းအလဲများ၏အစလား

## နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ်တွေ့ဆုံ

နိုင်ငံတော်သမ္မတနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ဝမ်းမြောက်ကျေနပ်ကြောင်း ပြောကြားခဲ့သည်။

အချပ်ပို(A)သို့

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဩဂုတ်လ၁၉ရက်က နိုင်ငံတော်သမ္မတရုံးခန်း၌တွေ့ဆုံနေစဉ်

**အက်ဖ်ဒီအီးစီ ဖျက်သိမ်းပါက ကျပ်ငွေနှင့် လဲလှယ်ပေးမည့် အစီအစဉ် တာဝန်ရှိသူပြောကြား**

အချပ်ပို(A)သို့


**ဥပဒေနှင့် မညီသော မြေရောင်းဝယ်မှု များအား ဖော်ထုတ် အရေးယူမည်**

စာ(၃)သို့

**ဗုန်ကား အမည်ခံ တရားမဝင် ကား တင်သွင်းသူများတွင် နာမည်ကြီးကား စက်ရုံများ ပါဝင်နေ**

စာ (၇) သို့


**သီပေါဘုရင် မြစ်တော်တစ်ဦး၏ ဘဝပုံရိပ်**



ဆောင်းပါး - စာ(၉)



နေပြည်တော်၌ကျင်းပသောအလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာသောဒေါ်အောင်ဆန်းစုကြည်ကိုဩဂုတ်လ၂၀ရက်က ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအောင်ကြည်၊ ဗိုလ်ချုပ်သိန်းဌေး၊ စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်၊ ပါမောက္ခဒေါ်ရီရီမြင့်(ငြိမ်း)၊ ဒေါ်အောင်ဆန်းစုကြည်၏အဖော်ဒေါ်ဆွေ့ဘည်တော်တစ်ဦးတို့နှင့်အတူလက်ဖက် ရည်ဝိုင်းတွင်ရင်းနှီးပွင့်လင်းစွာစကားလက်ဆုံကျနေစဉ် ဓာတ်ပုံ - အားမာန်




Bellco Battery
Made in Thailand


CNC
men's wear

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**


– နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
– အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
– စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
– ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

– စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
– ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
– ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
– နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

– တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
– အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
– စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
– တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



မန္တလေးမြို့ကို Google Earth မှ မြင်တွေ့ရစဉ်

# ဥပဒေနှင့်မညီသော မြေရောင်းဝယ်မှုများအား ဖော်ထုတ်အရေးယူမည်

မင်းဒင်

**မန္တလေး၊ ဩဂုတ်– ၁၈**

မြေဈေးနှုန်းအဆမတန် မြင့်တက်ခဲ့သည့် နေရာများနှင့် ဆက်စပ်တည်ရှိနေသော လယ်ယာမြေများအား ရောင်းဝယ်မှုများရှိခဲ့ရာတရားဥပဒေနှင့်မညီသည့် လုပ်ရပ်များကိုမလုပ်ကိုင်ကြရန်နှင့် တွေ့ရှိပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်းမြေ၊ ကျွန်းမြေနှင့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများကို စိုက်ပျိုးမှုအတွက် အသုံးမပြုဘဲ အခြားနည်းအသုံးပြုရန် ရည်ရွယ်၍ လယ်ယာမြေများကို မတန်တဆဈေးပေးပြီးဝယ်ယူနေကြသည်ကိုကြားသိနေရကြောင်း တည်ဆဲမြေယာဥပဒေဖြစ်သည့် ၁၉၅၃ ခုနှစ်လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ၊ နည်းဥပဒေများနှင့်မညီညွတ်လျှင် လယ်ယာမြေများကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း (သို့) ခွဲစိတ်ခြင်းများ မပြုလုပ်နိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးမြင့်သန်းက ပြောကြားသည်။

အရေးယူမှုအပိုင်းတွင်ရောင်းချသူ၊ ဝယ်ယူသူ နှစ်ဦးသာမက ဝိုင်းဝန်းကူညီအထောက်အကူပြုသူအားလုံးကိုပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးကဆက်လက်ပြောသည်။

စာ(၁၂) သို့

## ယှဉ်ပြိုင်မှုမူဝါဒ ဥပဒေမူကြမ်း ရေးဆွဲမည်

အားမာန်

**နေပြည်တော်၊ ဩဂုတ် – ၂၀**

ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ယှဉ်ပြိုင်မှုမူဝါဒ ဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံအတွက် ပထမဦးဆုံးဖြစ်မည့် ယှဉ်ပြိုင်မှုမူဝါဒ ဥပဒေမူကြမ်း ရေးဆွဲလျက်ရှိကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်က ၎င်းတင်သွင်းသောစာတမ်းဖတ်ကြားစဉ် ပြောကြားခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်လိုက်လျောညီထွေဖြစ်စေရန် ယှဉ်ပြိုင်မှုမူဝါဒဥပဒေမူကြမ်း ရေးဆွဲနေသည့်နည်းတူ ၁၉၈၈ ခုနှစ်က ရေးဆွဲခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ခေတ်နှင့်လျော်ညီစေရန်အတွက် ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း ဒေါ်ဝင်းမြင့်ကပြောကြားခဲ့သည်။ ထို့အပြင် ပုဂ္ဂလိကမှ ရင်းနှီးမြှုပ်နှံမှုပိုမိုပြုလုပ်နိုင်ရန်လက်ရှိပြဋ္ဌာန်းထားသော ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ခေတ်ကာလနှင့်လျော်ညီစေရန် ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကျွမ်းကျင်သူဒေါ်မြသူဇာကလည်း ၎င်း၏စာတမ်းကိုဖတ်ကြားစဉ်ပြောကြားခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

CRIME CORNER

## လူမှုရေးပြ နာမှ အစပြု ငွေကြေးပေးငှားရမ်းကာ ရုပ်ရှင်ဆန်ဆန် လူသတ်မှုဖြစ်ပွား

စိုင်းသာအောင်

**မန္တလေး၊ ဩဂုတ်-၁၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် လူမှုရေးပြဿနာမှ စတင်ကာ ညှိနှိုင်းစေ့စပ်၍မရသဖြင့် ငွေကြေးပေးရုပ်ရှင်ဆန်ဆန် မယားငယ်ကို လူသတ်မှုတစ်မှု ဇူလိုင်လတတိယပတ် အတွင်းကဖြစ်ပွားခဲ့သည်။

ယင်းအမှုသည်မယားကြီးရှိသူ အမျိုးသားတစ်ဦးက မယားငယ်အား ကွာရှင်းရေးအတွက် စေ့စပ်ညှိနှိုင်းရာ မယားငယ်က ကွာရှင်းခွင့်အတွက် ကျပ်သိန်း ၂၀၀တောင်းဆိုခဲ့သည်ဟု သိရသည်။ ထိုအခါ အမျိုးသားက ကျပ်သိန်း ၆၀သာပေးသဖြင့်ညှိနှိုင်းမှုပြေလည်ခြင်းမရှိခဲ့သည့်အတွက်နောက်ဆုံးအဆိုပါအမျိုးသားက ငွေပေးငှားရမ်းပြီး မယားငယ်အား သတ်ခိုင်းခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် ည ၇ နာရီခန့်က အောင်မြေသာစံမြို့နယ် ၈၇ လမ်း၊ ၂၃×၂၄ လမ်းကြားတွင် အသက် ၃၅နှစ်အရွယ် အဆိုပါမယားငယ်အမျိုးသမီးသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ စေ့စပ်ညှိနှိုင်းပြီးအပြန် အသင့်စောင့်နေသော ငွေပေးငှားရမ်းထားသူ လူသတ်သမားက ဓားနှင့်ထိုးကာ ဆိုင်ကယ်စီးထွက်ပြေးသည်။ အဆိုပါအမျိုးသမီးအား ဗဟိုအမျိုးသမီးဆေးရုံကြီးသို့တင်ပို့ကုသခဲ့သော်လည်း သေဆုံးသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ မန္တလေးတိုင်းရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့တို့က ကျူးလွန်သူ တရားခံအားချက်ချင်းဖမ်းဆီးနိုင်ရေးအတွက် အမှုကျူးလွန်နိုင်သူဟု သံသယရှိသူ၊ ဆက်နွှယ်မှုရှိသူများအား အချိန်နှင့် တစ်ပြေးညီစစ်ဆေးရာ ကြံစည်သောအဖွဲ့တွင်ပါဝင်သောသူတစ်ဦး ထွက်ဆိုချက်အရကျူးလွန်သူတရားခံအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ လူသတ်မှုကျူးလွန်သူ တရားခံက ဇူလိုင် ၂၃ ရက်တွင် အောင်မြေသာစံမြို့နယ် တွဲဖက်တရားသူကြီးရှေ့မှောက်တွင် အပြစ်ရှိကြောင်း ဝန်ခံချက်ပေးပြီး အမှုတွင် ဦးဆောင်သော အမျိုးသားကိုဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

အဆိုပါ အမှုကို နယ်မြေခံအမှတ်(၅) ရဲစခန်းမှ ပူးပေါင်းပါဝင်သူများအား (ပ)၃၅၁/ ၂၀၁၁ ပုဒ်မ-၃၀၂ အရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

## တကသိုလ်အနီးဝန်းကျင် အရက်၊ ဘီယာရောင်းချမှု စတင်တားမြစ်

ကျော်သီဟ

**ရန်ကုန်၊ ဩဂုတ်-၁၉**

တက္ကသိုလ်နယ်မြေဝန်းကျင်တစ်လျှောက် စားသောက်ဆိုင်များတွင် အရက်၊ဘီယာရောင်းချမှု ပပျောက်ရေးကို သက်ဆိုင်ရာမှ ဆောင်ရွက်လျက်ရှိကြောင်း တိုင်း ဒေသကြီးအစိုးအရအဖွဲ့မှ သတင်း ရရှိသည်။

သင်္ဃန်းကျွန်းမြို့နယ် ဝါဆိုဦးမှတ်တိုင်အနီးရှိ သွားဖက်ဆိုင်ရာ တက္ကသိုလ်(ရန်ကုန်)အနီးဝန်းကျင်တွင်ရှိသည့် အရက်၊ ဘီယာ တွဲဖက်ရောင်းချနေသော စားသောက်ဆိုင်များအား နေရာပြောင်းရွှေ့ရောင်းချရန်နှင့် နောက်ဆုံး ပြောင်းရွှေ့ရမည့်ကာလ သတ်မှတ်ရန် သက်ဆိုင်ရာက အသိပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်ပတ်ဝန်းကျင်၊ ရန်ကုန်တက္ကသိုလ်ပတ်ဝန်းကျင်၊ အင်းလျားလမ်းတစ်လျှောက် နှင့် အခြားတက္ကသိုလ်ကျောင်းများအနီး တစ်ဝိုက်ရောင်းချနေသောစားသောက်ဆိုင်များတွင်လည်း အရက်၊ ဘီယာစသည့်တို့ လုံးဝရောင်းချခွင့်ပြုတော့မည်မဟုတ်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## ပြည်ပရောက်မြန်မာများ ပြန်လာနိုင်ရန် စဉ်းစားပေးမည်ဟု နိုင်ငံတော်သမတပြောကြား

အားမာန်၊ နေလင်းအောင်

**ရန်ကုန်၊ ဩဂုတ်-၁၇**

အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ရောက်ရှိနေကြသော မြန်မာတိုင်းရင်းသားများကို ပြန်လာနိုင်ရန် စဉ်းစားပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားသည်။

ဩဂုတ် ၁၇ ရက်က နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများနှင့် နိုင်ငံတော်သမ္မတ တွေ့ဆုံပွဲ၌ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အကြောင်းအမျိုးမျိုးကြောင့် ပြည်ပကိုရောက်နေကြတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သွားတာ မရှိဘူးဆိုရင် အချိန်မရွေးပြန်လာနိုင်ဖို့ ကျွန်တော်တို့ စဉ်းစားပေးသွားမှာဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်ခဲ့သည့်တိုင် ထိုက်သင့်တဲ့ပြစ်ဒဏ်ခံယူဖို့ ပြန်လာမယ်ဆိုရင်တောင် ကျွန်တော်တို့က သဘောထားကြီးစွာနဲ့ စဉ်းစားပေးသွားမှာဖြစ်ပါတယ်" ဟု သမ္မတဦးသိန်းစိန်က ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ပဉ္စမမြောက်မိန့်ခွန်းတွင် ထိုသို့ပြည်ပရောက် မြန်မာများနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ခြင်းကို စိတ်ဝင်စားသူ များပြားခဲ့ပြီး လူမှုကွန်ရက် အသုံးပြုသော မြန်မာများကြား ဩဂုတ် ၁၇ ရက်တွင် အဓိကဆွေးနွေးစရာဖြစ်ခဲ့သည်။

"သမ္မတကြီးက ပြည်တော်ပြန်လာဖို့ခေါ်တော့လည်း ၂၃ နှစ်တာ အိမ်အလွမ်းစိတ်နဲ့ ရုတ်တရက် တစ်မျိုးဖြစ်သွားတယ်" ဟု ပြည်ပရောက် မြန်မာတစ်ဦးက သူမ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့သည်။

"အပြင်ရောက်နေတဲ့မြန်မာတွေ ပြန်လာဖို့ခေါ်တာကို ကြိုက်တယ်"ဟု ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်တစ်ဦးကလည်းသမ္မတ၏ပြောကြားချက်အပေါ်မှ သူ၏အမြင်ကို ပြောသည်။

"အရင်ကတော့ ဘယ်လိုတွက်တွက် 'သုည'ပဲရတာ။ အခုတော့ တစ်ကျန်ပြီဆိုတော့ တော်သေးတာပေါ့"ဟု ပြည်ပရောက် မြန်မာတစ်ဦးကလည်းသူ၏အမြင်ကို ပြောသည်။

အစိုးရအဖွဲ့ ထိပ်တန်းတာဝန်ရှိသူတစ်ဦးအနေဖြင့် ပြည်ပရောက်မြန်မာများနှင့်ပတ်သက်၍ ပြန်လာနိုင်ကြောင်း ပြောကြားခဲ့ခြင်းမှာ နှစ် ၂၀ကျော်ကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

## မြန်မာမီနီဆလွန်းများ လက်သိပ်ထိုးရောင်းချနေခြင်း မဟုတ်ဟု ဝန်ကြီးက ဆို

နေလင်းအောင်

**ရန်ကုန်၊ ဩဂုတ် - ၂၀**



ရောင်းချပြီးဖြစ်သည့် မြန်မာမီနီဆလွန်းကားတစ်စီးကို ရန်ကုန်မြို့၌ တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်တွင်းရှိ အလယ်လတ်တန်းစားများအတွက် ရောင်းချပေးနေသည်ဆိုသော မြန်မာမီနီဆလွန်းမော်တော်ယာဉ်များကို အများထင်သလို လက်သိပ်ထိုးရောင်းချနေခြင်းမဟုတ်ကြောင်း အမှတ်(၁)နှင့်(၂) စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မီဒီယာများနှင့်တွေ့ဆုံရာတွင် ပြောကြားသည်။

လျှောက်ထားသူ သောင်းဂဏန်းကျော်ရှိနေသည့် မြန်မာမီနီဆလွန်းမှာလက်ရှိတွင် အစီးရေ ၂၀၀ ကျော်သာရောင်းချထားပြီးဖြစ်ရာ ယင်းပမာဏတွင် အများစုမှာလွှတ်တော်ကိုယ်စားလှယ်များကဝယ်ယူရရှိထားခြင်းဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ ဝန်ကြီးကပြောကြားရာတွင် "လူတွေကပြောကြတယ်။ လက်သိပ်ထိုးပြီးရောင်းနေတာတို့၊ သူတို့တွေအသိပဲ ရောင်းနေတာတို့။ ဒီလိုမဟုတ်ပါဘူး။ ကျွန်တော့်အိမ်ကို လာကြည့်ပါ။ ကျွန်တော့်မိန်းမ ကျွန်တော့်ဆွေမျိုး ဘယ်သူ့မှ မရောင်းပါဘူး။ ကျွန်တော့်ဝန်ထမ်းတွေတောင်မရပါဘူး"ဟုပြောသည်။

လက်ရှိ တစ်ရက်လျှင်ငါးစီးခြောက်စီးဝန်းကျင်သာ ပုံမှန်ထုတ်လုပ်နိုင်သေးသည့်အတွက် လျှောက်ထားသူများအနေဖြင့် စောင့်ဆိုင်းရန်လိုအပ်ကြောင်း တစ်ချိန်မဟုတ်တစ်ချိန် ရရှိမည်ဖြစ်ကြောင်း ဝန်ကြီးကဆိုသည်။

စာ(၁၂)သို့



# နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ်သည့်ပုံစံ ၁၇ အတွက် အခကြေးငွေပေးရန်မလိုဟုဆို

ဇာဇာနီ

**ရန်ကုန်၊ ဩဂုတ် - ၁၉**

နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) အတွက်မြို့နယ်များရှိ အခွန်ရုံးများ၌ပုံစံ(၁၇)ယူရာတွင် ပေးဆောင်ရသည့် ငွေကြေးပမာဏမှာ လူတစ်ဦးနှင့် တစ်ဦး မတူညီသဖြင့် အစိုးရမှ တရားဝင်ငွေပမာဏ သတ်မှတ်ပေးစေလိုကြောင်း နိုင်ငံကူးလက်မှတ် လျှောက်ထားသူများက ဆန္ဒပြုပြောကြားသည်။

"ပတ်စ်ပို့သက်တမ်းတိုးဖို့ပုံစံ (၁၇) သွားလုပ်တာ ငွေ ၂၅, ၅၀၀ ကျပ်ကျတယ်လို့ပြောတယ်။ အဲဒါနဲ့ တရားဝင် အစိုးရက သတ်မှတ်တဲ့ဈေးနှုန်းလားလို့မေးတော့ တရားဝင်ဖြတ်ပိုင်းနဲ့ပေးမယ်။ ဘဏ်မှာငွေငါးသောင်းသွင်းရမယ်လို့ ပြောတယ်။ မသွင်းချင်ရင် အဲဒီနှုန်းနဲ့ လုပ်ပေးမယ်လို့ ပြောတော့ အဲဒါတရားဝင်သတ်မှတ်ထားတာလားသိချင်တယ်" ဟုရခိုင်ပြည်နယ်စစ်တွေမြို့တွင် သန်းခေါင်စာရင်းသွင်းထားသည့် ပုံစံ ၁၇ လျှောက်ထားသူ အမျိုးသမီးတစ်ဦးက ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထို့ပြင် ရန်ကုန်မြို့ လှိုင်မြို့နယ်တွင် လျှောက်ထားသော မအိကလည်း "ကျွန်မပုံစံ ၁၇ လျှောက်တုန်းကတော့ ငွေကျပ် ငါးထောင်ပဲပေးရတယ်" ဟုပြော သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ တာဝန်ရှိသူတစ်ဦးက "ပုံစံ ၁၇အတွက် တရားဝင်သတ်မှတ်ထားတာမျိုး မရှိသေးဘူး။ အရင်တုန်းကတော့ အာမခံစာချုပ် တံဆိပ်ခေါင်းဖိုးအတွက် ပေးရပေမယ့် ခုနောက်ပိုင်း Clean Government လုပ်ပြီးမပေးရတော့ဘူး။ ပုံစံ ၁၇ အတွက်ဆိုရင်တော့ ငွေကြေးသတ်မှတ်ထားတာမရှိဘူး" ဟု 7Day News သို့ယနေ့ပြောကြားသည်။

ပတ်စ်ပို့လျှောက်ထားမှုနှင့်ပတ်သက်၍ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောရာတွင် ပုံစံ ၁၇အတွက် တရားဝင်ဈေးနှုန်း သတ်မှတ်ပေးခြင်း မရှိကြောင်း မိမိလျှောက်ရသည့် မြို့နယ်ပေး၌သာ မူတည်ကြောင်း ဩဂုတ်လ ၁၉ရက်က ရှင်းပြသည်။

ပုံစံ၁၇အတွက်ငွေကြေးသတ်မှတ်ချက်မရှိသော်လည်း ပုံစံ ၁၉ ပြုလုပ်သည့်အခါ အာမခံငွေကြေးအတွက် နိုင်ငံအလိုက်၊ လုပ်ခငွေပေါ်မူတည်၍ သတ်မှတ်ထားသည့်နှုန်းရှိသောကြောင့်ပုံစံ၁၉လျှောက်သည့်အခါမြို့နယ်အခွန်ရုံး၌စုံစမ်းရန်လိုကြောင်း ပြောသည်။

"စင်ကာပူမှာ အလုပ်လုပ်တယ်ဆိုပါတော့။ အဲဒီမှာ ကိုယ်ရတဲ့အနိမ့်ဆုံးလစာငွေကို အာမခံထားဖို့ အခွန်သွင်းရတာမျိုးတော့ရှိတယ်" ဟုဘဏ္ဍာအခွန်မှ တာဝန်ရှိသူကပြောသည်။

ပုံစံ ၁၇ ပြုလုပ်ရာတွင် ယခုပေးဆောင်နေရသည့် ငွေကြေးပမာဏမတူညီမှုမှာ နယ်မြို့များတွင်နေထိုင်ပြီး ရန်ကုန်၌ လျှောက်ထားပါက ကာယကံရှင်ကိုယ်တိုင်မလာသည့်အတွက် ပေးဆောင်ရသည်များရှိသကဲ့သို့ပုံစံဖြည့်စွက်မှုများတွင်မှားယွင်းမှုရှိပါကလည်း ပေးဆောင်ရတတ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

## လမ်းဘေးတွင်ရောင်းချသော အစားအသောက်များကိုစစ်ဆေးမည်ဟုဆို

မြတ်စုမွန်၊ ဥက္ကာကိုကို

**ရန်ကုန်၊ ဩဂုတ်-၁၇**

အစားအသောက်ရောင်းချသော လမ်းဘေးဈေးသည်များကို အခါအားလျော်စွာ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"အများပြည်သူကို အစားအစာရောင်းချနေတဲ့ ဈေးသည်တွေမှာ ကူးစက်နိုင်တဲ့ အသည်းရောင်အသားဝါဘီပိုးရှိ၊ မရှိဆိုတာတွေ၊ ရောင်းချတဲ့အစားအစာတွေဟာ ရက်လွန်တဲ့ဟာတွေဟုတ်၊မဟုတ်ဆိုတာတွေကိုစစ်ဆေးသွားမှာပါ" ဟု မြို့တော်စည်ပင်ကော်မတီဝင်ဦးလှအေးက ယခုလ တတိယပတ်အတွင်း သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ယခုလအတွင်း ထုတ်ပြန်ခဲ့သည့်လမ်းဘေးဈေးသည်များ လိုက်နာရမည့် စည်းကမ်းချက် ၇ ချက်တွင် လမ်းဘေးဈေးသည်များသည် ဆိုင်ရှိလျှင် အမှိုက်ပုံးရှိရမည်ဖြစ်ပြီး ခေါင်းရွက်ဗျက်ထိုးဖြစ်ပါက အမှိုက်အိတ်ရှိရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ယင်းစည်းကမ်းချက်များတွင် ဖော်ပြချက်အရလမ်းဘေး ဈေးသည်များဈေးရောင်းချရာတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် ဈေးရောင်းသည့် မြို့နယ်တွင်နေထိုင်ကြောင်း ပုံစံ-၁၀ မိတ္တူအမြဲယူဆောင်ရမည်ဖြစ်ကြောင်း၊ အခြားမြို့နယ်များမှ လာရောက်နေထိုင်ပါက စက်တင်ဘာလကုန်အပြီးအစီး ပုံစံ-၁၀ မြို့နယ်ပြောင်းပြီးဖြစ်ရမည်ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

"ပုံစံ-၁၀လုပ်ရင်ပင်မနယ်မြေအတွက်မြန်မြန်ဆန်ဆန်လုပ်ပေးဖို့လ.ဝ.ကနဲ့ပြောထားပြီးသားပါ။ စက်တင်ဘာလအကုန် နောက်ပိုင်း ပုံစံ-၁၀ ပြောင်းပြီးသားမပါရင် နောက်ထပ်အချိန်တစ်လထပ်တိုးပေးမယ်" ဟု ဦးလှအေးက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့တွင် ရောင်းချလျက်ရှိသည့် လမ်းဘေးဈေးသည်များအနက် ရန်ကုန်မြို့ပြင်ပမှ လာရောက်ရောင်းချသူဦးရေ ၃၀၀ခန့်ရှိပြီး မြို့တွင်းမှရောင်းချသူ နယ်ခံဦးရေမှာ ၂၀၀၀ခန့်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

# ဟိုင်းလတ်၊ ဒိုင်နာ စစ်ကျန်ဘတ်စ်ကားများ နေရာတွင် ခရီးသည်တင်ယာဉ်သစ်များ အစားထိုးပြေးဆွဲရန် အချိန်ယူရဦးမည်



ဒိုင်နာနှင့် ယာဉ်ဟောင်းများသည် ယာဉ်တိုက်မှုဖြစ်ပွားပါက ခရီးသည်ထိခိုက်စေမှုမြင့်မားကြောင်း ယာဉ်တိုက်မှုများက သက်သေပြနေသည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မေဝင်းမွန်

ရန်ကုန်၊
ဩဂုတ် - ၁၆

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် ဟိုင်းလတ်၊ ဒိုင်နာနှင့် စစ်ကျန်ဘတ်စ်များကို ခရီးသည်တင်ယာဉ်သစ်များနှင့် အစားထိုး ပြေးဆွဲမည်ဖြစ်သော်လည်း သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် မပေးနိုင်သေးသဖြင့် ချက်ချင်းအစားထိုးပြေးဆွဲနိုင်ရန် မဖြစ်နိုင်သေးကြောင်း မြို့တွင်းခရီးသွားလာရေးနှင့်ပတ်သက်၍ လေ့လာသူများကပြောကြားသည်။

လက်ရှိအနေအထားအရ ထပ်မံဝယ်ယူတင်သွင်းမည့် သဘာဝဓာတ်ငွေ့သုံးယာဉ်အစီး၃၀၀ အတွက် သဘာဝဓာတ်ငွေ့ရောင်းချပေးနိုင်ခြင်းမရှိသေးဘဲ ၂၀၁၃ တွင်ရွှေစီမံကိန်းနှင့် ဇောတိကစီမံကိန်းတို့မှ ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့ရယူသည့်အခါမှသာ စီအင်န်ဂျီသုံးယာဉ်များအတွက် သဘာဝဓာတ်ငွေ့တိုးမြှင့်ဖြန့်ဖြူးရေးကိုဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ယာဉ်လိုင်းမှနုတ်ထွက်သည့်ယာဉ်များမှာ သဘာဝဓာတ်ငွေ့ယာဉ်အဖြစ်မှ ရပ်ဆိုင်းခံရပြီး ဓာတ်ငွေ့ဝယ်ယူခွင့်စာအုပ်ပါ အပ်နှံရသဖြင့်နုတ်ထွက်ထားသည့် မော်တော်ယာဉ်များနေရာတွင် ယာဉ်သစ်များအစားထိုးကာ ဓာတ်ငွေ့ဝယ်ယူခွင့်ပြုပေးလျက်ရှိသည်ဟုသိရသည်။

မထသ၏စာရင်းဇယားများအရ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ ယာဉ်စီးရေ ၁၀၀ ကျော်နုတ်ထွက်ခဲ့သည်ဟုသိရသည်။

စွမ်းအင်ဝန်ကြီးဌာနက ကုန်းတွင်းနှင့်ကမ်းလွန်တို့မှထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းရှိနိုင်ငံပိုင် စက်ရုံနှင့် ပုဂ္ဂလိက ပိုင်စက်ရုံများ၊ စီအင်န်ဂျီသုံးမော်တော်ယာဉ်များအတွက် ခွဲဝေဖြန့်ဖြူးလျက်ရှိသည်။

မြို့တွင်း ၆ မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မြို့တွင်းယာဉ်ကြောရှုပ်ထွေးမှုသက်သာစေရေးအတွက် စစ်ကျန်ဘတ်စ်၊ ဒိုင်နာနှင့်ဟိုင်းလတ်ယာဉ်များကို မြို့ပြင်လမ်းကြောင်း၌သာ ပြေးဆွဲစေခဲ့ပြီး လက်ရှိတွင် ဒိုင်နာယာဉ် ၄၂၄ စီး၊ စစ်ကျန်ဘတ်စ် ၃၄၅ စီး၊ ဟိုင်းလတ်ယာဉ် ၂၀၅ စီး ပြေးဆွဲလျက်ရှိသည်။

# အရန်ဆန် တန်ချိန်တစ်သန်း ထားရှိတော့မည်

အားမာန်

ရန်ကုန်၊ ဩဂုတ်-၁၈

ပြည်တွင်းတွင်စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် အရန်ဆန် တန်ချိန် တစ်သန်းထားရှိတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်စီးပွားရေးလုပ်ငန်းရှင်များ ဩဂုတ် ၁၇ ရက်ညနေပိုင်းက တွေ့ဆုံစဉ်ဆန်စပါးဖူလုံမှုရှိစေရန်အတွက် အရန်ဆန်တန်ချိန် တစ်သန်းသိုလှောင်ထားရှိရန် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ပြောကြားခဲ့ကြောင်းလည်း အဆိုပါ တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူများကပြောသည်။

ထိုတွေ့ဆုံပွဲသို့ ဆန်စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ရေထွက်ကုန်ပစ္စည်းနှင့် အထည်ချုပ်လုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းရှင် ၃၀ဦး တက်ရောက်ခဲ့သည်။

"စပါးပေါ်ချိန်မှာ တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုဖြင့် သတ်မှတ်ဝယ်ယူပြီး နိုင်ငံတော်ရဲ့ အရန်ဆန်အဖြစ်ထားရှိရန် အ စီအစဉ်သစ်တစ်ရပ်ကို ကျွန်တော်တို့ စီမံထားပြီးဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ဩဂုတ် ၁၇ရက်တွင် အသင်းအဖွဲ့ပေါင်းစုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အမှာစကားပြောရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အရန်ဆန်ထားရှိရန်အတွက် သိုလှောင်ရုံများ၊ နည်းပညာနှင့်ငွေကြေး စသည်တို့ကို ပုဂ္ဂလိကမှ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။






7 DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

# ဇုန်ကား အမည်ခံ တရားမဝင် ကားတင်သွင်းသူများတွင် နာမည်ကြီးကား စက်ရုံများ ပါဝင်နေ

**နေလင်းအောင်**

**ရန်ကုန်၊ ဩဂုတ် - ၁၉**

ရန်ကုန်ရှိ စက်မှုကုန်များမှ တရားမဝင်ကားမှောင်ခိုတင်သွင်းပြီး ကုန်ထုတ်အမည်ခံခဲ့သော ကုမ္ပဏီလုပ်ငန်းစုများအား သက်ဆိုင်ရာက စစ်ဆေးလျက်ရှိပြီး ယင်းလုပ်ငန်းများတွင် နာမည်ကြီးကားစက်ရုံများ ပါဝင်လျက်ရှိကြောင်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မီဒီယာသို့ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါတွေ့ဆုံပွဲတွင် စည်းကမ်းဖောက်ဖျက်သည့်ကားထုတ်လုပ်ရေးလုပ်ငန်းများကို အမည်ထုတ်ဖော်ခြင်းမရှိသော်လည်း ပါဝင်နေသည့်ဇုန်များကို ဖော်ထုတ်ရှင်းလင်းသွားခဲ့သည်။

၂၀၁၀ ပြည့်နှစ်မှ ယခုအစိုးရသစ် ပြောင်းလဲပြီးနောက်ပိုင်းကာလအထိ ထုတ်လုပ်ခွင့်ပြုထားသည့်ကားအရေအတွက် ၉၈၈၈၄ စီးရှိခဲ့ရာ လက်ရှိတွင် ကုမ္ပဏီအုပ်စုတစ်စုတည်းမှပင် ကားအစီးရေ ၂၉၆ စီးခန့်ထုတ်လုပ်ထားသည်ကို စိစစ်တွေ့ရှိရကြောင်းသိရှိရသည်။

ယင်းအထဲတွင် Super Custom, MPV ကဲ့သို့သော လူစီးကားများ ပါဝင်လျက်ရှိပြီး ရန်ကုန်မြို့ရှိစက်မှုကုန်များတွင် ဒဂုံအရှေ့ပိုင်းစက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန် ၃၊ တောင်ဒဂုံစက်မှုဇုန် ၂၊ သာကေတစက်မှုဇုန်နှင့် ဟသ်ာတစက်မှုဇုန်များမှ ပါဝင်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်တော်တို့က one ton two ton လို လိုက်ထရပ်လိုကားမျိုးကို ထုတ်ဖို့အားပေးခဲ့ကြတဲ့ကြားကနေ အခုပြဿနာပေါ်နေတဲ့ super custom လိုကားမျိုးတွေထုတ်ဖို့ တင်ပြလာပေမယ့် MIDC ကခွင့်မပေးခဲ့ပါဘူး။ ငွေကြေးအရပိုမြတ်လို့ တင်ပြလာတဲ့အတွက် ၂၀၁၀-၁၁ မှာခွင့်ပေးခဲ့ရာကနေ အခုလိုဖြစ်လာရတာပါ ဟုအမှတ်(၁)နှင့်အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုဝန်ကြီး ဦးမျိုးအောင်က မီဒီယာများသို့ ရှင်းလင်းပြောကြားသည်။ အဆိုပါ Super Custom ကဲ့သို့သော ကားမျိုးမှာ အမြင့်ပိုင်းများဖြစ်သည့်အတွက် တည်ဆောက်ပုံစနစ်များအရပြည်တွင်းတွင် ထုတ်လုပ်အသုံးပြုရန် အန္တရာယ်မကင်းဖြစ်နိုင်သည့်အတွက် ယခင်ကထုတ်လုပ်ခွင့်မပြုခဲ့ဘဲ ယခုနှစ်ပိုင်းအတွင်း ဝန်ကြီးဌာနမှလုပ်ငန်းရှင်များ ထုတ်လုပ်ခွင့်ပေးခဲ့သည့်အခွင့်အရေးပေါ်တွင် ကားထုတ်လုပ်သူများကကားတစ်စီးလုံး မှောင်ခိုတင်သွင်း၍ အယောင်ဆောင်ထုတ်လုပ်လာကြခြင်းဖြစ်သည်။



**ရန်ကုန်မြို့ရှိ ညဈေးတန်းတစ်နေရာ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# လမ်းဘေးဈေးသည်များကို ဈေးကောက်ကောက်ခံပါက တိုင်ကြားနိုင်ဟုဆို

**မြတ်စုမွန်၊ ဥက္ကာကိုကို**

**ရန်ကုန်၊ ဩဂုတ်-၁၇**

လမ်းဘေးဈေးသည်များအား မေလနောက်ပိုင်းမှစတင်ကာ ဈေးကောက်ကောက်ခံခြင်းမရှိတော့ကြောင်းနှင့် ဆက်လက်ကောက်ခံမှုများရှိပါက သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးရုံးများသို့ တိုင်ကြားနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ယခုလတတိယပတ်အတွင်း ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံရာတွင်ပြောကြားခဲ့သည်။

"ရပ်ကွက်အုပ်ချုပ်ရေးရုံးကလည်း ကောက်ခွင့်မရှိပါဘူး။ ဒါပေမဲ့ ဆက်လက်ကောက်ခံနေတာကို ဌာနတွေက မသိတာလည်းဖြစ်နိုင်တယ်။ ဆက်ကောက်နေမယ်ဆိုရင် ထွေအုပ်ရုံးတွေကို လိပ်မူပြီး တိုင်နိုင်ပါတယ်။ စည်ပင် ဝန်ထမ်းက ကောက်မယ်ဆိုရင်တော့ ကိုယ့်လူကိုယ်အရေးယူမယ်"ဟု ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ ကော်မတီဝင် ဦးလှအေးကပြောသည်။

လမ်းဘေးဈေးသည်များအား ဈေးကောက်ငွေကောက်ခံခြင်းမပြုတော့ကြောင်း သတ်မှတ်ထားသော်လည်း ဒဂုံမြို့သစ်မြို့နယ်များအတွင်း ဆက်လက်ကောက်ခံနေသူများရှိခြင်းနှင့်ပတ်သက်၍ သတင်းထောက်များက မေးမြန်းရာအထက်ပါပုဂ္ဂိုလ်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

သို့သော် ပုဇွန်တောင်မြို့နယ်အတွင်း သစ်သီးရောင်းချသူ လမ်းဘေးဈေးသည်တစ်ဦးက မြို့တော်စည်ပင်ဝန်ထမ်းများက ဈေးကောက်ငွေကောက်ခံခြင်း မရှိတော့သော်လည်း ရဲကြေးဟုဆိုကာ ကောက်ခံမှုရှိနေသေးသည်ဟုဆိုသည်။

**စာ(၁၂)သို့**



7DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ရေနံဓာတုလုပ်ငန်းများထက် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းဖွံ့ဖြိုးအောင် ဆောင်ရွက်သင့်ကြောင်း ထိုင်းပညာရှင်တစ်ဦး အကြံပြု

နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ် - ၁၇

**ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း တာဝန်ရှိသူများအနေဖြင့် ရေနံဓာတုလုပ်ငန်းများထက် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ရေရှည်ရပ်တည်၍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက ဦးစားပေးစဉ်းစားသင့်ကြောင်း ထိုင်းနိုင်ငံရှိ ဖောင်ဒေးရှင်းတစ်ခုမှ ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။**

စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးကို ဦးစားပေးမှသာ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုမြင့်မားမည်ဖြစ်ပြီး ရေနံဓာတုလုပ်ငန်းများသည်ဒေသခံများအတွက်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးစေမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မပ်တာဖွတ်စက်မှုဇုန်အား ၁၉၈၂ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယင်းဒေသ စီးပွားရေးသည် ထိုအချိန်တွင် စက်မှုနှင့် သတ္တုတွင်းလုပ်ငန်းမှာ ၂၉ရာခိုင်နှုန်း၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းမှာ ၃၆ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းမှာ ၃၅ ရာခိုင်နှုန်း ရှိခဲ့သော်လည်း နှစ်ပေါင်း ၂၅နှစ်ခန့်ကြာမြင့်၍ ၂၀၀၆ ခုနှစ်တွင် စက်မှုနှင့်သတ္တုတွင်း လုပ်ငန်းမှာ ၇၉ရာခိုင်နှုန်း၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းမှာ ၁၈ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းမှာ ၃ ရာခိုင်နှုန်းသို့ ပြောင်းလဲသွားခဲ့ကြောင်းသိရသည်။

ဒေသစီးပွားရေး အပြောင်းအလဲကြောင့် ရေနံနှင့် ဓာတုစက်မှုလုပ်ငန်းများမှ ဝင်ငွေများ မြင့်တက်ခဲ့သော်လည်း ဒေသခံများ၏ အလုပ်အကိုင်ရရှိမှုသည် အခြားဒေသများထက် နိမ့်ကျနေပြီး စက်ရုံများမှ စွန့်ထုတ်ပစ္စည်းများကြောင့် ကျန်းမာရေးနှင့် လူမှုဘဝများကို ထိခိုက်နေလျက်ရှိကာ သဘာဝပတ်ဝန်းကျင်အား ပျက်စီးစေလျက်ရှိကြောင်း လေ့လာသူပညာရှင်များကပြောသည်။

ထိုကဲ့သို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးနေမှုများနှင့်ပတ်သက်၍ တိကျသေချာသော ဥပဒေများ ချမှတ် ရေးဆွဲနိုင်ခြင်းလည်း မရှိသေးကြောင်း ၎င်းတို့ကဆိုသည်။

မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်သည် မပ်တာဖွတ်စက်မှုဇုန်ထက် ဆယ်ဆပိုမိုကြီးမားမည်ဖြစ်ပြီး ကောင်းကျိုး၊ ဆိုးကျိုးသက်ရောက်မှုသည်လည်း များစွာဖြစ်ပေါ်စေမည်ဖြစ်ကြောင်းသိရသည်။

၎င်းစီမံကိန်းအား ထိုင်းနိုင်ငံရှိ ထိုင်းနိုင်ငံသားများသာ ပိုင်ဆိုင်ထားသည့် အကြီးဆုံးဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော Italian-Thai Development (ITD)က လုပ်ပိုင်ခွင့်ရရှိထားပြီး ၂၀၁၉ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးနိုင်ရန်စီစဉ်ထားသည်။ ဆိပ်ကမ်းမြေငှားရမ်းမှုအား အများဆုံးကာလ ၇၅ နှစ် သတ်မှတ်ထားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(MPA)က ငွေ ကြေးရင်းနှီးမြှုပ်နှံရန်မလိုအပ်ဘဲ ရှယ်ယာဝေစု ၂၀ရာခိုင်နှုန်းရရှိမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါကုမ္ပဏီသည် ဒေသတွင်းနိုင်ငံများဖြစ်သော ထိုင်း၊ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှား၊ မက်ဒါဂါလစ်ကာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် စွမ်းအင်လုပ်ငန်းများဖြစ်သော ကျောက်မီးသွေးလုပ်ငန်း၊ ဟိုက်ဒရိုပါဝါနှင့် ကျောက်မီးသွေးစက်ရုံများအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ထားကြောင်းသိရသည်။

## ပြည်ပသံရုံးများက မြန်မာကျောင်းသားများ၏ ဘဏ်ငွေစာရင်းပိုမိုစိစစ်လာ

နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ် - ၁၇

**ပြည်တွင်းရှိဘဏ်အချို့သည်ပြည်ပတွင် ပညာသင်ယူမည့်ကျောင်းသားများအတွက် ဘဏ်ငွေစာရင်းအတု လုပ်ကိုင်ပေးနေမှုကြောင့် ၎င်းဘဏ်များ၏ ငွေစာရင်းဖြင့် ပြည်ဝင်ခွင့်လျှောက်ထားပါကအပယ်ခံရမှုများရှိနေကြောင်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းများလုပ်ကိုင်သူအချို့ကပြောသည်။**

ကျောင်းသားပြည်ဝင်ခွင့်ဗီဇာရရှိရန်အတွက် ဘဏ်ငွေစာရင်းပြသရာတွင် လှည့်ဖျားမှုများရှိနေခြင်းကြောင့် ပြည်ပသံရုံးအချို့သည် မရိုးသားမှုဖြစ်နေသောဘဏ်အချို့မှဘဏ်ငွေစာရင်းများကိုပိုမိုစိစစ်နေခြင်းဖြစ်ပြီး ထိုကဲ့သို့ ပိုမို စိစစ်တင်းကျပ်ခံရသောဘဏ်အရေအတွက်လည်းတိုးလာကြောင်း အထက်ပါပုဂ္ဂိုလ်တို့ကဆိုသည်။

"တိုးလာနေတယ်။ အရင်ကသုံးဘဏ်ပဲရှိတာ၊ အခု လေး၊ ငါးဘဏ်ဖြစ်လာတယ်။ ဗြိတိန်တင်မဟုတ်ဘူး၊ အမေရိကန်နဲ့ ဩစတြေးလျကလည်း ကျပ်လာတယ်။ ဘဏ်တွေကိုသတိထားလာတယ်" ဟု နိုင်ငံတကာ ပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးကပြောသည်။

ဗြိတိန်အစိုးရသည်ပြည်ဝင်ခွင့်လျှောက်ထားသော ကျောင်းသားများအနေဖြင့် မယုံကြည်ရသောဘဏ်များ၏ ဘဏ်ငွေစာရင်းကိုပြသပါက ဗီဇာအပယ်ခံရမည်ဖြစ်ကြောင်း ကြေညာထားသည်။

ထို့ပြင် ယင်းဘဏ်များ၏ အမည်စာရင်းကိုထုတ်ပြန်မည်ဟုဆိုထားသော်လည်း ယခုချိန်ထိ ကြေညာခြင်းမျိုး မရှိသေးကြောင်း သိရသည်။

"အဲဒီဘဏ်တွေက လာရင်ဗီဇာမတင်ပေးရဲဘူးဖြစ်နေတယ်။ လူမကြားဖူးတဲ့ဘဏ်တွေကငွေစာရင်းလုပ်လာတာလည်းရှိတယ်။ ဘဏ်တွေက ဝန်ထမ်းတွေ လုပ်စားနေကြတာပါ"ဟု ဗြိတိန်ပညာရေးဝန်ဆောင်မှု မန်နေးဂျင်း ဒါရိုက်တာက ပြောသည်။

ဘဏ်အချို့သည် ကျောင်းသားများအား အတိုးစနစ်ဖြင့် ဘဏ်ငွေစာရင်းလုပ်ပေးနေဖြင့်ပြီး မှန်မှန်ကန်ကန် ဘဏ်စာရင်းပြသရန် ငွေကြေးမပြည့်စုံသော ကျောင်းသားများအနေဖြင့်ထိုကဲ့သို့ဆောင်ရွက်နေကြခြင်းဖြစ်ကာ ပြည်ဝင်ခွင့် အပယ်ခံရမှုလည်း များပြားလာခဲ့သည်။

"ဗြိတိန်သွားဖို့က ဘဏ်ငွေစာရင်းပြဖို့အတွက် အတိုးက တစ်လကို ကျပ်ဆယ်သိန်းလောက်ပေးနေရတယ်။ အခု ဗီဇာက အပယ်ခံနေရတော့ အချိန်က တော်ကြာသွားတယ်။ ဘဏ်တိုးတင်ကျပ်သိန်းခုနစ်ဆယ်လောက်ပေးနေရတယ်။ ဘာလုပ်ရမှန်းမသိသေးပါဘူး"ဟု ဘဏ်ငွေစာရင်းအတုဖြင့်ပြည်ဝင်ခွင့်လျှောက်ထားသော အသက် ၂၄ နှစ်အရွယ် ကျောင်းသားတစ်ဦးက ပြောကြားသည်။

ပြည်ပနိုင်ငံများတွင်ကျောင်းတက်ရောက်နိုင်ရန်အတွက် မြန်မာကျောင်းသားများသည် သက်ဆိုင်ရာနိုင်ငံအလိုက်ကျပ်သိန်း၃၀၀ ကျော်ငွေစာရင်းပြသနိုင်ရန်လိုအပ်ပြီး အလုပ်အကိုင်ရည်ရွယ်သော ကျောင်းသားများသည် ဘဏ်ငွေစာရင်းအတုလုပ်ပြုလုပ်ကြရာမှ ယခုကဲ့သို့အခက်အခဲများဖြစ်ပေါ်လာခြင်းဖြစ်သည်။

## အရှုံးပေါ်သည့် သကြားစက်ရုံနှင့် အရက်ချက်စက်ရုံတို့အား ပုဂ္ဂလိကသို့ ငှားရမ်း




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၁၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အရှုံးပေါ်နေသော သကြားစက်ရုံလေးရုံနှင့်အရက်ချက်စက်ရုံတို့ကို ပုဂ္ဂလိကကုမ္ပဏီသုံးခုသို့ နှစ် ၃၀ (နှစ်ရှည်) ငှားရမ်းလုပ်ကိုင် ခွင့်ပြုလိုက်ကြောင်း အဆိုပါဝန်ကြီးဌာနမှ စုံစမ်းသိရသည်။

စက်စွမ်းအားရှိသလောက် ကုန်ကြမ်းကြံ ဝယ်ယူမရ၍ အရှုံးပေါ်နေသော အဆိုပါ သကြားစက်ရုံများအား တောင်သူများ တွက်ခြေကိုက်ရန် ကြံသီးနှံအား လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ခွင့်ရှိသော ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်မှ ချမှတ်ပေးထားသည့်မူအတိုင်း ပုဂ္ဂလိကသို့လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ သကြားစက်ရုံများအား ပုဂ္ဂလိကသို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုရေးနှင့်ပတ်သက်ပြီး ယခုလ ပထမပတ်အတွင်း ဒုတိယဝန်ကြီးများနှင့် လုပ်ငန်းရှင်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ စက်ရုံများ၏ အဆောက်အဦ၊ စက်ပစ္စည်းနှင့် မြေတန်ဖိုးများ ပမာဏကြီးမားနေသဖြင့် ဝယ်ယူရန်လုပ်ငန်းရှင်များတွင် အခက်အခဲရှိနေ၍ ဘီအိုတီစနစ်ဖြင့် နှစ်ရှည်ငှားရမ်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းလည်း လုပ်ငန်းရှင်များနှင့် နီးစပ်သူအချို့ထံမှ သိရသည်။

ထိုသို့ ငှားရမ်းလုပ်ကိုင်စေခြင်းဖြင့် အဆိုပါ စက်ရုံများမှ နှစ်စဉ်နိုင်ငံတော်အတွက် ကျပ်သန်း ၂၀၀၀ ကျော် အကျိုးအမြတ်ရရှိနိုင်ပြီး ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်၍ တောင်သူများလည်း ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ပုဂ္ဂလိကအရင်းအနှီးဖြင့် စက်ကိရိယာများ တိုးတက်မွမ်းမံပြင်ဆင်မည်ဖြစ်ရာ အရည်အသွေးမြင့် သကြားစက်ရုံများ ပေါ်လာမည်ဖြစ်ပြီး သကြားဈေးကွက် ယှဉ်ပြိုင်စွမ်းအားကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ယခုလ ဒုတိယပတ်အတွင်း လွှဲပြောင်းခဲ့သော အဆိုပါ အစီအစဉ်အရ နေပြည်တော်ရှိ အမှတ်(၂)၊ အမှတ်(၃) သကြားစက်များနှင့် အရက်ချက်စက်ရုံများအား ယုဇနကုမ္ပဏီလီမိတက်သို့ တစ်နှစ်လျှင် ကျပ်သန်း ၄၅၀ ခန့်ဖြင့် လည်းကောင်း၊ အမှတ်(၅) သကြားစက်ရုံ(မြို့လှ)အား International Gateway Group ကုမ္ပဏီသို့ တစ်နှစ်လျှင် ကျပ်သန်း ၃၀၀ ဖြင့် လည်းကောင်း၊ အမှတ်(၆)သကြားစက်(ရေတာရှည်) အား Dalicious Food လီမိတက်သို့ တစ်နှစ်လျှင် ကျပ်သန်း ၃၀၀ ဖြင့်လည်းကောင်း ငှားရမ်းပေးခဲ့ကြောင်း သိရှိရသည်။

## ညှော်မထစပါး ဈေးကောင်းလာ

အောင်သူရ

ရန်ကုန်၊ ဩဂုတ်-၁၈

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးသောညှော်မထစပါးဈေးမှာ ယခုရက်ပိုင်းမှစ၍ တင်းတစ်ရာလျှင် ကျပ်ငါးသောင်းခန့်တက်လာကြောင်း သတင်းရရှိသည်။

"အရင်ရက်က သုံးသိန်းနှစ်သောင်းလောက် (တင်းတစ်ရာဈေး)ကနေ အခုသုံးသိန်းခုနစ်သောင်းထိ ပေးဝယ်လာကြတယ်" ဟု မြောင်းမြမြို့ခံ ဆန်စပါးကုန်သည်တစ်ဦးကဆိုသည်။ စပါးကောင်းဝယ်ယူရခက်ခဲခြင်းနှင့် မကြာမီတွင် အစိုးရကချမှတ်မည့်ဆန်စပါးမူဝါဒကြောင့် စပါးဈေးတက်လာခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များက သုံးသပ်သည်။ ဩဂုတ် ၁၇ရက် နိုင်ငံတော်သမ္မတဦးသိန်းစိန်ပြောကြားသောမိန့်ခွန်းတွင် "စပါးပေါ်ချိန်မှာ တောင်သူလယ်သမားများ အရှုံးမပေါ်စေရအောင် အစိုးရနှင့် ဆန်ကုန်သည်ကြီးများ ဖက်စပ်ငွေကြေးစိုက်ထုတ်ကာ အခြေခံဈေးနှုန်းတစ်ခုဖြင့် သတ်မှတ်ဝယ်ယူပြီးနိုင်ငံတော်ရဲ့ အရန်ဆန်အဖြစ် ထားရှိရန်အစီအစဉ်သစ်တစ်ရပ်ကိုကျွန်တော်တို့စီမံထားပြီးဖြစ်ပါတယ်"ဟုပါရှိသည်။ အဆိုပါအခြေအနေများကြောင့် စပါးဈေးတက်လာသော်လည်း ဆန်ဈေးမှာမတက်သေးကြောင်း ဘုရင့်နောင်ဈေးကွက်မှ သတင်းရရှိသည်။

Life
7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

## ဈေးဝယ်ထွက်မယ် နိုင်ငံခြားဖြစ် ဖိနပ်မျိုးစုံနဲ့ အိတ်လှလှလေးတွေရှိတဲ့နေရာ

**အိဖြူလွင်**

စတိုင်ကျလှပဖို့ဆိုရင် အဝတ်အစားတင်မကဘဲ အခြားမရှိမဖြစ်ပစ္စည်းတွေဖြစ်တဲ့ အိတ်နဲ့ဖိနပ်တွေကပါ အဝတ်အစားနဲ့လိုက်ဖက်မယ့်ဒီဇိုင်းတွေဖြစ်ဖို့ အရေးကြီးပါတယ်။

အမျိုးသမီးတွေအတွက်ဆိုဖိနပ်နဲ့အိတ်တွေက ဖက်ရှင်စတိုင်ကို အထောက်အပံ့ပေးနိုင်တဲ့ နေရာမှာ လန်းသွားစေနိုင်၊ ဂွမ်းသွားစေနိုင်တဲ့အရာတွေ လည်းဖြစ်လို့ ဒီပစ္စည်းတွေကိုဝယ်တဲ့အခါသတိပြုပြီး ဝယ်ယူဖို့လည်း လိုအပ်လှပါတယ်။


ဖိနပ်အမျိုးအစားဆိုရင် ထသွားထလာစီးနိုင်တဲ့ဖိနပ်တွေကနေ ပွဲတွေမှာစီးဖို့ဖိနပ်တွေ၊ စတိုင်တစ်ခုအတွက်လိုတဲ့ လည်ရှည်ဖိနပ်တွေထိ ဖိနပ်ပုံစံမျိုးစုံကိုရနိုင်တဲ့နေရာနဲ့အိတ်တွေကိုလည်းလက်ကိုင်အိတ်အရွယ်ကနေ ပခုံးလွယ်တဲ့အိတ်အရွယ်ထိ အရွယ်အစားရော ပုံစံပါစုံတဲ့နေရာကို ဒီတစ်ပတ်မှာ ဈေးဝယ်ထွက်ဖို့လမ်းညွှန်ပါရစေ။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဖိနပ်တွေရဲ့ ပုံစံတွေအားလုံးကမလှတာမရှိဘဲ လှနေတာကြောင့် မိမိစိတ်ကြိုက်သင့်တော်မယ့်ဒီ ဇိုင်းကိုပဲရွေးဖို့လိုအပ်မှာဖြစ်သလို၊ အိတ်တွေကလည်းပစ္စည်းကောင်းကြိုက်သူတွေအတွက် ၂၀၁၁ဒီဇိုင်း LVတံဆိပ်အိတ်တွေကိုပါ ဒီဆိုင်မှာရနိုင်တယ်လို့ သိရပါတယ်။ ဖိနပ်နဲ့ အိတ်တွေအားလုံးက ဟောင်ကောင်နဲ့ဘန်ကောက်ကတင်သွင်းတာဖြစ်ပြီး ဈေးနှုန်းကတော့ဖိနပ်က ၅,၅၀၀ကျပ်ကနေ ၂၈,၀၀၀ကျပ်လောက်ထိရှိပြီး အိတ်တွေကတော့ ၈,၅၀၀ ကျပ်ကနေ ၂၁,၀၀၀လောက်ထိရှိပါတယ်။

LV အိတ်တွေရဲ့ ဈေးနှုန်းကတော့ပုံစံအပေါ် မူတည်နေတာကြောင့် အမျိုးမျိုးကွဲနိုင်ပြီး သီးသန့်ဈေးနှုန်းတစ်ခုအနေနဲ့ ရှိနေတာပါ။ စတိုင်ကျတယ်ဆိုတဲ့ အိတ်နဲ့ဖိနပ်ကိုမှ စီးချင်သူတွေအတွက်တော့ ဒီဆိုင်မှာရနိုင်တဲ့ ပစ္စည်းတွေအားလုံးကို စိတ်တိုင်းကျမှာ သေချာသလို ဈေးနှုန်းရောဆက်ဆံရေးကပါ ပြောစရာမရှိလို့ ဈေးဝယ်ထွက်သူတွေကို သွားကြည့်ဖို့ ရွေးချယ်ပေးလိုက်တာပါ။ ဆိုင်ရဲ့လိပ်စာက ပြည်လမ်းတော်ဝင်စင်တာ ဒုတိယထပ်နဲ့ယုဇနပလာဇာ တတိယထပ် အမှတ် I 1 မှာရှိတဲ့ Bliss Colectionမှာပါလို့ လမ်းညွှန်ရင်း . . . . . ။





## ဒီလိုလေး ချက်ကြရအောင်

### ငါးရှဥ့်ငှက်ပျောဖူးဟင်း

**ဝိုက်ဇီ**

ဒီတစ်ပတ်တော့ ဝိုက်ဇီက ပရိသတ်အများစု ချက်ပြုတ်စားသောက်လေ့မရှိတဲ့ ဟင်းအမယ် ငါးရှဥ့်ကို ရွေးချယ်ချက်ပြုတ်ထားတာကြောင့် ငါးရှဥ့်မစားတဲ့ ပရိသတ်ကြီးကို ကြိုတောင်းပန်ပါရစေ။

ငါးရှဥ့်စားတယ်ဆိုရင်တော့ ဒီဟင်းလျာက ကျန်းမာရေးနဲ့ညီညွတ်မျှတတဲ့ ဟင်းတစ်ခွက်ပါပဲ။

ဒီဟင်းချက်ဖို့ ငါးရှဥ့် အကောင်လိုက် ၄၀ကျပ်သားနဲ့ငှက်ပျောဖူးတစ်ဖူးပဲလိုပါတယ်။ ဈေးက ဝယ်လာတဲ့ ငါးရှဥ့်အကောင်လိုက်ကို မန်ကျည်းအနှစ်နဲ့ သေချာဆေးကြောသန့်စင်ပြီးတော့ ခေါင်းဖြတ်၊ ဗိုက်ခွဲဆေးကြောပြီး ဆားနဲ့ နနွင်းအနည်းငယ် ထည့်နယ်ပြီး ပြုတ်ထားလိုက်ပါ။ ငါးရှဥ့်နူးတဲ့အထိ ရေခန်းအောင်ပြုတ်ပေးပြီး အေးသွားတဲ့အခါ အလယ်ရိုးကို ထုတ်ပစ်လိုက်ကာ အသားတွေချည်း ထွင်လိုက်ရပါမယ်။

ငှက်ပျောဖူးကိုလည်း အပြင်သားတွေ ခွာချပြီး အတွင်းပိုင်း အနုသားရောက်မှ အလယ်ကနေ ထက်ခြမ်းခွဲ၊ ခပ်ရိတ်ရိတ်လေး လှီးပါမယ်။ လှီးပြီးသား ငှက်ပျောဖူးကို ရေစိမ်ထားပါ။

ကြက်သွန်ဖြူ၊နီ ဆီအရင်သတ်ပါမယ်။ ဆီသတ်ရာမှာ စပ်စပ်လေးစားချင်သူတွေက ငရုတ်သီးခွဲခြမ်းထည့်ပြီး သတ်လို့ရပါတယ်။ ဆီသတ်တဲ့အထဲကို ငံပြာရည်အနည်းငယ်ထည့်ပေးပြီး မွှေပြီးတာနဲ့ ပြုတ်ထားတဲ့ ငါးရှဥ့်ကို ထည့်ပါမယ်။ ငါးရှဥ့်ကို ငါးဘတ်မွှေချက်သလိုပါပဲ ကြေသွားအောင် မွှေပေးပါ။ ငါးရှဥ့် အသားဖတ်လေးတွေ ကြေသွားပြီး ဆီသတ်ထားတာတွေနဲ့ သမသွားပြီဆိုရင် ရေစိမ်ထားတဲ့ ငှက်ပျောဖူးတွေကို ဆယ်ထည့်ပါ။ ဆားနဲ့ဟင်းခတ်မှုန့်ကိုလည်း အရသာအနေတော်ဖြစ်အောင် ထပ်ထည့်ပေးရပါမယ်။ အရသာထည့်ပြီးရင်တော့ ငှက်ပျောဖူးနူးအောင် ရေထည့်ပြီးအုပ်ထားပါ။ ရေထည့်ပြီးအုပ်တဲ့အချိန်မှာ ငရုတ်သီးစိမ်း လေး၊ငါးတောင့်ကို ထည့်အုပ်လိုက်ရင်တော့ အနံ့လေး ပိုမွှေးသွားမှာပါ။ ငှက်ပျောဖူးနူးအိသွားအောင် နှစ်ရေလောက်ထည့်ပြီးပြီဆိုရင်တော့ ငှက်ပျောဖူးနဲ့ ငါးရှဥ့်အသားကရောထွေးသွားပြီး အရသာနှစ်မျိုးကလည်း စိမ့်ဝင်ပေါင်းစပ်သွားမှာပါ။

ရေခန်းသွားပြီး ဆီပြန်လာလို့ ချပြီဆိုရင်တော့ နူးညံ့ပြီးအရသာရှိတဲ့ ငါးရှဥ့်ငှက်ပျောဖူးဟင်းကို သုံးဆောင်လို့ရပြီပေါ့။

ရှေ့တစ်ပတ်တော့ အစားလည်းညီ၊ ကျန်းမာရေးအတွက်လည်းကောင်းမယ့်ဟင်းချိုတစ်မျိုး ချက်ဖို့ စီစဉ်ထားလို့ စောင့်မျှော်ဖတ်ရှုကြပါဦးလို့ . . . ။


အရှင်နှစ်ပါး ပန်းချီကားနှင့်အတူ ယှဉ်တွဲတွေ့ရသည့် သီပေါဘုရင်၏မြစ်တော် ဒေါ်ဒေဝီသန့်စင်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## သီပေါဘုရင် မြစ်တော်တစ်ဦး၏ ဘဝပုံရိပ်

**ငြိမ်းငြိမ်းနိုင်**

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ကားမှတ်တိုင်သို့ (၃)ကားဟု အလွယ်ခေါ်သည့် မထသ အမှတ်(၃)ဟိုင်းလပ်လိုင်းကား ထိုးဆိုက်လိုက်သည်နှင့် ယောဂီလုံချည်ဝတ် အမျိုးသမီးကြီးတစ်ဦးကား လက်ကိုင်တန်းကို ကျွမ်းကျွမ်းကျင်ကျင် ဆွဲကိုင်အားပြုကာ ကားပေါ်သို့တက်လာသည်။

ဘေးတန်းထိုင်ခုံအစွန်ဆုံးတွင် နေရာယူလိုက်ပြီးနောက် ယာဉ်နောက်လိုက်ထံသို့လက်ပွေ့အိတ်ထဲမှ ယာဉ်စီးခကျသင့်ငွေကို ကမ်းပေးလိုက်သည်။ ထိုင်ခုံတွင် ထိုင်ရင်း လက်တစ်ဖက်က အပေါ်မှ သံတန်းကိုအားကိုးတကြီးကိုင်ထားရသေးသည်။ အမည်းရောင်ထက် အဖြူရောင် ပိုလွှမ်းနေသည့် ဆံပင်ကို သေသေသပ်သပ် ထုံးထားသည့် ထိုအမျိုးသမီးကြီးက အသက် ၆၀ ဝန်းကျင်ရှိမည်။

ယင်းမာခြေညှပ်ဖိနပ်အဖြူရောင်ကိုစီးထားသည့်ခြေအစုံက ယောဂီလုံချည်အောက်တွင် ဖွေးဖွေးလွလွရှိလှသည်။ သန့်ပြန့်သည့်ယောဂီလုံချည်နှင့် အင်္ကျီအဖြူကိုကျကျနန ဝတ်ဆင်ထားသည်မှအပ အမျိုးသမီးတစ်ယောက်၏ အခြားသောအဆင်တန်ဆာများကိုမတွေ့ရ။ နားကပ်ပန်ဆင်ရန်နားပေါက်ပင်မတွေ့။ သို့သော် သားရေကြိုးတပ်လက်ပတ်နာရီကိုတော့ လက်ကောက်ဝတ်အပေါ် နားဆီတွင် ခပ်ကျပ်ကျပ်ဝတ်ဆင်ထား သည်။

ရိုးရှင်းသည့် သွင်ပြင်နှင့် ယောဂီဝတ်စုံဝတ်ထားသောအမျိုးသမီးကြီးမှာ သူလို ကိုယ်လိုသာမညအရပ်သူတစ်ယောက်မဟုတ်သည်ကိုမူ ကားပေါ်တွင် ပါလာသည့် မည်သူတစ်ဦးတစ်ယောက်ကမျှသိလိမ့်မည်မဟုတ်ပေ။

သူမသည်ကား ကမ္ဘာတွင်မြန်မာဟော့ဟု ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေလာခဲ့ကြသည့် မြန်မာဘုရင်များ၏ နောက်ဆုံး မင်းဆက်ဖြစ်သော သီပေါဘုရင်နှင့် မိဘုရားခေါင်ကြီး စုဘုရားလတ်တို့၏မျိုးဆက်၊ အနွယ်တော်များထဲမှတစ်ဦးဖြစ်လေသည်။ ပါတော်မူ အရှင်နှစ်ပါး၏ မြစ်တော်ဒေါ်ဒေဝီသန့်စင် . . . . ။

အင်္ဂလိပ်ဘုရင်ခံ ဆာဒေါ်မန်စမစ်က မိဘုရားခေါင်ကြီး စုဘုရားလတ်အုတ်ဂူတော် စောင့်ရှောက်ရန်ပေးထားသည့် ရွှေတိဂုံစေတီတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ပေ ၅၀ မြေကွက်ပေါ်တွင်မြေးတော်တစ်စုပူးပေါင်းဆောက်လုပ်ထားသောနှစ်ထပ်ပျဉ်ထောင်အိမ် အောက်ထပ်တွင် ဒေါ်ဒေဝီသန့်စင်က မိခင်ဖြစ်သူနှင့်အတူနေထိုင်လျက်ရှိသည်။ အပေါ်ထပ်တွင်မူ ကြီးဒေါ်ဖြစ်သူ ထိပ်စုဘုရားကြီး(စတုတ္ထသမီးတော်၏ ဒုတိယသမီးတော်)မိသားစုနေထိုင်သည်။ ယခုဆိုလျှင် အရှင်နှစ်ပါးပါတော်မူခဲ့သည်မှာ နှစ်ပေါင်း ၁၂၆ နှစ်ရှိခဲ့ပြီဖြစ်၏။ အရှင်နှစ်ပါး၏သွေးအနီးစပ်ဆုံးအနွယ်တော်ဆို၍ စတုတ္ထသမီးတော်၏ ဒုတိယသားတော် တော်ဘုရား (၈၈နှစ်)နှင့် ဒုတိယသမီးတော် ထိပ်စုဘုရားကြီး(၈၉နှစ်)တို့ မြေးတော်နှစ်ဦးသာ ကျန်တော့၏။

စာ(၄၀)သို့

7 DAY NEWS JOURNAL
ol.10, No.23 • AUGUST 25, 2011



ကိုယ့်အားကိုယ်ကိုးလျှပ်စစ်ဓာတ်အား ထုတ်လွှတ်ရာနေရာနှင့်အတူ တွေ့ရသည့် ရွာခံတစ်ဦး၏ပီတိအပြုံး။
ဓာတ်ပုံ - အိဖြူမွန်

# ချွေးနှင့် ရယူလိုက်သော အလင်းရောင်

အိဖြူမွန်

**လျှပ်စစ်မီးစပေးသော ညက မီးခလုတ်မပိတ်ရဲ၍ အလင်းရောင်ကြောင့် အရုဏ်တက်ချိန်အထိ အိပ်မပျော်ခဲ့ကြောင်း ရွာသားတစ်ယောက်က သူကိုပြောပြတော့ စိတ်မကောင်းဖြစ်ခဲ့ရသည့်ဟု ဦးနေဝင်းက ပြောသည်။**

အလားတူ မီးသီးခေါင်းချောင် နေပါက ဟိုဘက်ဒီဘက်လှည့် ပါက မီးပြန်လင်းတတ်သည်ကို မသိဘဲ စက်လှေဖြင့် နာရီဝက်ခန့် ဝေးသော အခြားရွာမှ မီးပြင်ဆရာ အား သွားခေါ်ရသည့် အဖြစ်အပျက်မျိုးလည်းရှိခဲ့ကြောင်း လျှပ်စစ်မီးနှင့်ပတ်သက်၍ ရွာသားများ မကျွမ်းကျင် မသိနားမလည်ခြင်းကို ဦးနေဝင်းကပြောပြသည်။

ထိုဖြစ်ရပ်နှစ်ခုမှာ ဖယောင်းတိုင်မီးဖြင့်သာ နေခဲ့ရသော အင်းတိန်လယ်ပြင်ရွာ၏ တစ်ရွာလုံး မီးလင်းသည့် ပထမဆုံးနေ့က ဖြစ်ရပ်များပင်။ ထိုနေ့ ညနေခြောက်နာရီတွင် မီးအလင်းပေးသည့်တစ်ပြိုင်နက် တစ်ရွာလုံး ညာသံပေးသော "ဝေး . . . ဟေး" ဆိုသည့်အသံများကို အမှတ်တရ သတိရနေသေးကြောင်း လွန်ခဲ့သောလက ရွာတွင် လျှပ်စစ်မီး မြင်တွေ့ခွင့်ရခဲ့သည့် အင်းလေးကန်ရှိ အင်းတိန်ရွာမှ ဦးနေဝင်းက သူ့အတွေ့အကြုံကိုပြန်လည်မျှဝေပြောကြားသည်။

"အိုး . . မီးပေးတဲ့နေ့က တစ်ရွာလုံး ဆူညံနေရော။ မီးအကြောင်း ဘာမှမသိလို့ ရယ်စရာလေးတွေလည်း ဖြစ်ခဲ့သေးတယ်။ အဲဒီတုန်းက ကျွန်တော့်ရွာအတွက် သူစိမ်းဆန်သည့် အလည်ရောက်လာတဲ့ အတိုင်း ခပ်စိမ်းစိမ်းဖြစ်နေတယ်"ဟု ကျေးရွာမီးလင်းရေးကော်မတီဝင်ဖြစ်ပြီး ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်လည်ပတ်ရေးအတွက် လုပ်အားပေးနေသူဦးနေဝင်းကပြောသည်။

ဦးနေဝင်းတို့နေထိုင်ရာ အင်းလေးကန်ကြီး၏ ကျေးရွာများအနက် စံပြကျေးရွာကြီးအချို့ကို ဌာနဆိုင်ရာမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားသည်။ ကျေးရွာအများစုကမူ လျှပ်စစ်မီးရရှိရေးအတွက် သဘာဝရင်းမြစ်မှ ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်ကို ထုတ်ယူသုံးစွဲကြသည်။ နိုင်ငံတော်အစိုးရ (အသုံးစရိတ်) ဘတ်ဂျက်ဖြင့်လည်း မြို့များ လျှပ်စစ်ဓာတ်အားရရှိရေးကို အဓိကဦးစားပေးလုပ်ကိုင်လျက်ရှိသည်။

ကျေးရွာများမှလျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲပါက လိုအပ်သော ကုန်ကျစရိတ်ကို ကျခံရသည်။ မီတာဘောက်စ်တစ်ခုရရှိရေးအတွက် မီးသွယ်တန်းစရိတ်၊ မီးတိုင်စသဖြင့် အထွေထွေကုန်ကျစရိတ်ကို ကျခံမည်ဆိုပါက ကျပ်သိန်း ဆယ်ဂဏန်းခန့်ရှိသည်။ ယင်းကျခံငွေကို ကျေးရွာအများစုက မတတ်နိုင်ကြ။ စာ(၁၁)သို့






7 DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

## စာ-၁၀၊ ချွေးနှင့်ရယူလိုက်သော အလင်းရောင် မှ

"အစိုးရမီးယူတာတော်တော်ကုန်တယ်။ အကွာအဝေးက လှမ်းတော့မီးကြိုးလည်းကုန်တယ်။ အိမ်ကို မီးဆင်တုန်းက ဆယ်သိန်းလောက်ကုန်တယ်"ဟုအင်းတိန်လယ်ပြင်ကျေးရွာတွင် အစိုးရမီးရရှိခဲ့သူတစ်ဦးကပြောပြသည်။

မြို့များကိုလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အဓိကထားပြီး ကျေးရွာလျှပ်စစ်ဖြန့်ဖြူးရေးအပိုင်းတွင်ဖြစ်ပေါ်နေသောဖြစ်ရပ်များနှင့်ပတ်သက်၍ ညောင်ရွှေမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ တာဝန်ရှိသူတစ်ဦးက

"လျှပ်စစ်ဓာတ်အား မလုံလောက်တော့ ကျေးရွာအဆင့်ထိ မလုပ်ပေးနိုင်သေးဘူး။ မြို့တွေမှာတော့ တည်ဆောက်ရတဲ့ ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းအစအဆုံးကို အစိုးရဘတ်ဂျက်နဲ့ လုပ်ပေးတယ်။ အဲဒါကြောင့် သုံးစွဲမယ့်သူက ကုန်ကျစရိတ် မျှခံရတာနည်းတယ်။ ရွာတွေက လုပ်ချင်ရင်တော့ လက်ရှိပေးတဲ့ဓာတ်အားခွဲပေးရုံက နိုင်ပါ့မလား။ မနိုင်ရင်နောက်တစ်ခုထပ်ဆောက်ရမယ်။ အစကအဆုံး ကုန်ကျစရိတ်ကိုကုန်ကျခံရတယ်။ အစိုးရက မီတာတစ်လုံးအတွက် ယူတဲ့စရိတ်က မပြောင်းလဲပါဘူး။ ပုံသေပါပဲ" ဟု ရှင်းပြခဲ့သည်။ ကျေးရွာအဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအတွက် အစိုးရပိုင်း၌ ငွေကြေးဆိုင်ရာ အခက်အခဲများ နေရာအကွာအဝေးဆိုင်ရာ အခက်အခဲများ၊မလောက်ငမှုအခက်အခဲများကြောင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကိုထောက်ခံအားပေးကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။ သို့သော် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ နည်းပညာ သတ်မှတ်ချက်နှင့်အညီ လုပ်ဆောင်ရမည်ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲသောကျေးရွာပေါင်းများစွာရှိလာပြီဟု လုပ်သက်အတွေ့အကြုံအရအဆိုပါ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှတာဝန်ရှိသူက ထပ်မံပြောသည်။

ဦးနေဝင်းတို့ နေထိုင်ရာအင်းလေးကန်ကြီးထဲတွင် အထက် ဘီလူးချောင်းမှ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ထုတ်ယူသည့် အလုပ်ရုံ ၁၅ ခုကျော်ရှိသည်။ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်ထုတ်ယူသည့်အလုပ်ရုံ အများမှာ ကီလိုဝပ် ၁၀၀ မကျော်ကြချေ။ အစိုးရဓာတ်အားလိုင်းနည်းတူ ၂၄ နာရီဓာတ်အား မထုတ်လွှင့်နိုင်သော်လည်း ညပိုင်းမီးလင်းရေးနှင့် တီဗီကြည့်၍ရကြသည်။

လူတစ်ရပ်ခန့်အမြင့်တွင် တပ်ဆင်ထားသော အဖြူရောင်မီးလုံးမှ အလင်းရောင်ရရန် ငါးနှစ်ခန့်လုပ်အားပေးခဲ့ရကြောင်း အင်းတိန်လယ်ပြင်ရွာသူမခိုင်ငယ်က ဗမာစကားသံခပ်ဝဲဝဲဖြင့် ပြောပြသည်။

လွန်ခဲ့သော ငါးနှစ်ခန့်က ကျေးရွာလုပ်အားပေးတွင် ပါဝင်ခဲ့ကြပြီး လျှပ်စစ်မီးရချိန်၌ မီးရောင်မမြင်ခဲ့ရသော သူတို့ရွာမှ ကွယ်လွန်သူများကို သတိရမိကြောင်း လွမ်းဆွတ်သံဖြင့် သူမက ပြောသည်။

သူတို့ကျေးရွာလျှပ်စစ်မီးရရန် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ ၈ မိုင်ခန့်ခြေကျင်လျှောက်ခဲ့ရသည်။ တစ်ရက်လျှင် အသွား သုံးနာရီ၊ အပြန် သုံးနာရီ ခြေကျင်လျှောက်ခဲ့ရပြီး လေးနာရီခန့် အလုပ်လုပ်ရသည်။ သီးနှံစိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်မှအပ ကျန်အချိန်အားလုံးကို ရွာသားများ တစ်ရွာဆယ်ယောက်နှုန်း လုပ်အားပေးကြရသည်။

ကျေးရွာပိုင် ရေအားလျှပ်စစ်သည် ပေနှစ်ထောင်ကျော်မြင့်သော (မင်းလုံ၊ လွယ်မော၊ တောင်ခမောက်)တောင်သုံးလုံး၏ တောင်ခြေရင်းတွင်ရှိသည်။ အထက်ဘီလူးချောင်း ရေတံခွန်များမှ ရေကျအရှိန်ကို အနက်ပေ ၂၀ ပေ၊ အကျယ် ၆ပေ၊ အရှည်ပေ ၅၀ ရှိသော တူးမြောင်းအား လူအားဖြင့် တူးဖော်ခဲ့ရသည်။ ယင်းတူးမြောင်းမှရေစီးအားကိုယူ၍ လျှပ်စစ်ဓာတ်အားကိုမတ်စောက်ပြီးပေ၁၀၀နက်သော ဓာတ်အားဖြန့်ဖြူးပေးစက်ရုံသို့ ရောက်ရှိလာသည်။

"စက်လုံးဝ မပါဘူး။ လူအားပဲ သုံးတယ်။ ဒီပေ ၂၀၀၀ ကျော်မြင့်တဲ့တောင်တွေမှာ မီးတိုင်စိုက်ရတယ်။ ဓာတ်အားကြိုးတွေ သွယ်တန်းရတယ်။ ဒဏ်ရာမရဘဲ ပြန်ရတဲ့သူမရှိဘူး။ တူးမြောင်းတူးတုန်းကလည်း ထုံးကျောက်တောင်တွေ၊ ထုံးကျောက်ဆိုတော့ အပေါက်ပါလို့ မိုင်းခွဲလို့လည်းမရ။ တူးလို့လည်းမရ။ တွင်ဖြတ်ရတယ်။ တစ်ရက်တစ်ပေကျဖို့ မလွယ်ဘူး" ဟု ဦးနေဝင်းက တူးမြောင်းကိုကြည့်ရင်း ဆောင်ရွက်ခဲ့ရသည့် အခက်အခဲများကိုပြောပြသည်။

သူတို့ရွာသားများ လုပ်အားဖြင့်စခဲ့သော ရေအားလျှပ်စစ်အတွက် သည်အခက်အခဲအချို့ကိုရင်ဆိုင်ခဲ့ရသည်။ အမှတ်တရအဖြစ်ဆုံး အခက်အခဲက ၂၀၁၀ပြည့်နှစ်တွင် ဖြစ်ခဲ့သည်။ အထက်ဘီလူးချောင်း ရေအားလျှပ်စစ် စီမံကိန်းမှ ဖြိုခွဲခဲ့သော ကျောက်အပိုင်းအစများသည် ၆ပေအကျယ်တူးမြောင်းထဲတွင် ၇ ပေခန့်နစ်မြုပ်နေခဲ့သည်။ ကျောက်အပိုင်းအစများကို ဖယ်ထုတ်ရာတွင် ရက်အတန်ကြာမြင့်ခဲ့သည်။

ယင်းစီမံကိန်း၏ တာမံတည်ဆောက်မည်၊ အထက်ဘီလူးချောင်း၏အောက်ဘက်တွင်ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ် ခုနစ်ခုခန့်ရှိသည်။ ရေအားကိုတမံပိတ်လိုက်ပါက ရေအရှိန်လျော့နည်း၍ ရေအားလျှပ်စစ်ထုတ်ယူမှုကို ထိခိုက်နိုင်မည်ကို အိမ်ခြေ ၆၀ ခန့်မီးအလင်းရနေသော အင်းတိန်လယ်ပြင်ရွာသားများ စိုးရိမ်ပူပန်နေကြသည်။

ထိုစိုးရိမ်မှုနှင့်ပတ်သက်၍ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းသည် မည်သည့်ရေအားလျှပ်စစ်ကိုမျှထိခိုက်မည်မဟုတ်ကြောင်း လျှပ်စစ်ဓာတ်အားရရှိပါက ကျေးရွာများအတွက် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်းပြောပြသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးမှ ဩဂုတ် ၈ ရက်တွင် ကိုယ့်အားကိုယ်ကိုးရေအားလျှပ်စစ်တည်ဆောက်ထားသော ကျေးရွာများကို ခေါ်ယူတွေ့ဆုံခဲ့သည်။

"မထိခိုက်အောင် လုပ်ပေးမယ်ပြောတယ်။ ရေအရှိန်ရအောင် တစ်ဖက်လွှဲရေလွှဲလုပ်ပေးမယ်။ တကယ်လို့မဖြစ်မနေ ထိခိုက်မယ်ဆိုရင်လည်း ကုန်ကျစရိတ် အားလုံးကို အလျော်ပေးမယ်။ လျှပ်စစ်မီးရအောင်လည်း အင်းအတွက် လုပ်ပေးမယ်လို့ပြောတယ်" ဟု သွားရောက်တွေ့ဆုံခဲ့သူတစ်ဦးကပြောပြသည်။

တောင်သုံးလုံးအောက်ခြေတွင်ရှိသော ရေအားလျှပ်စစ်လည်ပတ်မှုသည် မရပ်တန့်သေးချေ။ အထက် ဘီလူးချောင်းရှိ ရေတံခွန်များကလည်း အရှိန်ခပ်ပြင်းပြင်းနှင့် စီးကျလျက်ရှိသည်။

ချောက်တစ်ခုကိုဖြတ်ကျော်ပြီး ရေအားလျှပ်စစ်သွားရာ မတ်စောက်သည့်တောလမ်းလေးသည် ယခင်လိုမဟုတ်ဘဲ စီမံကိန်းဖော်ထုတ်လိုက်သော လမ်းမကြီးအဖြစ် ညီညာပြန့်ပြူးနေသည်။ ညီညာပြန့်ပြူးသော လမ်းမပေါ်မှ ပေ ၁၀၀ ကျော်အောက်ခြေတွင်ရှိသော ဓာတ်အားပေးရုံကိုငေးကြည့်ရင်း "ကျွန်တော်တို့ လုပ်အားနဲ့ သွေးနဲ့ ချွေးနဲ့ လုပ်ထားလို့သူများအတွက် တန်ဖိုးမရှိဘူး ထင်ရပေမယ့် ကျွန်တော်တို့အတွက် တန်ဖိုးမဖြတ်နိုင်ဘူး" ဟု စိတ်လှုပ်ရှားမှုကြောင့် အသံများပင် တုန်ယင်လျက် ဦးနေဝင်းကပြောပါသည်။

---

**ဓမ္မ**

**အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏**

## မသေမီနေ့ရက်များကိုဖြတ်သန်းခြင်း ။ ။

ဤခန္ဓာကိုယ်ကြီး၏အတွင်း၌ ကောင်းမြတ်သောအရာ၊ ခိုင်မြဲသောအရာဟူ၍ ဘာတစ်ခုမျှမရှိပါ။ အလိမ္မာစသောဂုဏ်များကား အလွန်စင်ကြယ်၏။ မစင်ကြယ်သောခန္ဓာကိုယ်ကြီးဖြင့် စင်ကြယ်သော ဂုဏ်သတင်းများကို ရအောင်အားထုတ်ကြလော့။ ငါတို့ဗုဒ္ဓဘာသာဝင်များသည် မအို၊ မသေ အမြဲနေရာနိဗ္ဗာန်ကိုပင် မြော်မြင်မှန်းဆ၍ မရရအောင် အားထုတ်ကြကုန်သေး၏။ ယခုဘဝကြီးပွားရေး၊ စီးပွားရေး၊ ပညာရေး လောက်ကို ပဇာဟူ၍ ကြောက်ရမည်နည်း။ လုံ့လဝီရိယကင်း၍ အဖျင်းစား၊ အပေါစားလုပ်နေသော်လည်း ဤခန္ဓာကိုယ်ကြီး ပို၍မကျန်းမာ၊ ပို၍ မသက်မရှည်တော့ပြီ။

စင်စစ်သော်ကား ပျင်းနေသည့်အတွက် ခန္ဓာကိုယ်မှ အခိုးအငွေ့တွေ အပြင်သို့မထွက်ရသောကြောင့် အေးစက်စက်ဖြစ်ကာ ပို၍မကျန်းမမာဖြစ်ရသေး၏။ ထိုမကျန်းမာမှုကြောင့် အပျင်းထူသူမှာ အသက်တိုဖွယ်သာများ၏။ ပျင်း၍ အလုပ်မလုပ်သူသည်ပို၍ ပျင်းစရာ ဖြစ်နေပါလိမ့်မည်။ လုံ့လဝီရိယမှန်မှန်ဖြင့် အလုပ်လုပ်နေသူကို လူတွေလည်း ကြည်ညို၊ နတ်တွေလည်း စောင့်ရှောက်လို၏။ ရှေးကံတွေကလည်း အကျိုးပေးခွင့်သာ၍ လှလှပပအကျိုးပေးကြသည်။ ထို့ကြောင့် လုံ့လရှိသူတို့အဖို့မှာ လောကကြီး၌ ပျော်စရာကိုသာတွေ့ရပါလိမ့်မည်။ တစ် နေ့အဖို့(၁) ကုသိုလ်၊(၂)ဥစ္စာ၊(၃) ကျန်းမာရေး၊(၄)အတတ်ပညာ၊(၅)တန်ခိုးဂုဏ်သိန် ဤငါးမျိုးတွင် တစ်မျိုးမျိုးမှ အကျိုးမရဘဲ ကုန်လွန် သွားသောနေ့သည်ဝမ်းနည်းစရာလွန်စွာအသုံးမကျ၊ မသေမီကပင် အသေဖြစ်သွားသောနေ့ရက်တစ်ရက်ပင်တည်း။

ရည်ညွှန်း- "ရတနာ့ဂုဏ်ရည်" မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

---

## ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အဟောင်းကို ပင့်ဆောင်အပူဇော်ခံရန်စီစဉ်

မေဝင်းမွန်

ရန်ကုန်၊ ဩဂုတ် - ၁၇

ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ပြည့် နှစ်အထိမ်းအမှတ်အဖြစ် ရွှေတိဂုံစေတီတော်ပြတိုက်တွင်ပြသထားသည့်စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို ဆံတော်ကြိုစေတီများရှိရာသို့ ပင့်ဆောင်ပူဇော်ရန် စီစဉ်ထားကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှသိရသည်။



ရန်ကုန်တိုင်းအတွင်းဆံတော်ကြိုစေတီများမှာ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေး၊ ဗိုလ်တထောင်မြို့နယ်များတွင်ရှိပြီးဆံတော်ကြိုစေတီ ၉ ဆူရှိသည်ဟုသိရသည်။

ရွှေတိဂုံစေတီပွဲတော်လဖြစ်သည့်လာမည့်တပေါင်းလအတွင်း ကျင်းပပြုလုပ်သွားရန်ရည်ရွယ်ထားပြီး သံဃာတော်အပါး ၂၆၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် အနေကဇာတင်ခြင်း အခမ်းအနားများ ကျင်းပမည်ဖြစ်ပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်အပြင် ရွှေတိဂုံစေတီတော်နှင့် ပတ်သက်သည့်ဓာတ်ပုံမှတ်တမ်း၊ ပန်းချီမှတ်တမ်းများ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားများ ပုံတော်များကို ဆံတော်ကြိုစေတီရှိရာ ဒေသခံများပူဇော်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး၊ အသေးစိတ်အချက်အလက်များ ထပ်မံထုတ်ပြန်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ဝါခေါင်လပြည့်နေ့(မေတ္တာအခါတော်နေ့)ကလည်း ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ဗုဒ္ဓပူဇနိယပွဲတော်အကြိုအဖြစ် အသံမစဲစုပေါင်းမေတ္တာပွားများပွဲ၊ ပန်းပေါင်း ၈၄၀၀၀ ပန်းစေတီလှည့်လည်ပူဇော်ပွဲ၊ သွေးလှူဒါန်းပွဲ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများကိုပြုလုပ်ခဲ့သည်။

---

## တဂိုး နှစ် ၁၅၀ပြည့်အထိမ်းအမှတ် ပန်းချီနှင့် မှတ်တမ်းဓာတ်ပုံ ရုပ်ရှင်ပြပွဲ ကျင်းပမည်

မေဝင်းမွန်

ရန်ကုန်၊ ဩဂုတ် - ၁၇


စာပေ၊ ပန်းချီ၊ ဂီတ၊ ပြဇာတ်စသည့် အနုပညာဘက်ပေါင်းစုံတွင်ကမ္ဘာသိထင်ရှားသူ၊ အတွေးအခေါ် ပညာရှင်၊ နိုဗယ်ဆုရှင်ရာဘင်ဒြာနတ်သ် တဂိုး၏နှစ် ၁၅၀ပြည့်အထိမ်းအမှတ် ပန်းချီနှင့် မှတ်တမ်းရုပ်ရှင်ပြပွဲများကို လာမည့်စက်တင်ဘာလ အတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုလ ၂၀၊ ၂၁ ရက်တွင် အိန္ဒိယသံရုံး၌ ပန်းချီဆရာများကိုစခန်းသွင်းပန်းချီရေးဆွဲစေပြီး အဆိုပါပန်းချီကားများပြပွဲကို စက်တင်ဘာ ၂ရက်မှ၈ ရက်အထိရန်ကုန်ရှိ အိန္ဒိယသံရုံးတွင်လည်းကောင်း၊ မန္တလေးရှိအိန္ဒိယကောင်စစ်ဝန်ရုံးတွင် စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ပြသမည်ဖြစ်သည်။ တဂိုး၏ကဗျာနှင့် ဝတ္ထုကိုအခြေခံရိုက်ကူးထားသည့် အိန္ဒိယရုပ်ရှင်ကားများကို စက်တင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ပြသမည် ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံ ရုံးကကြီးမှူးပြုလုပ်ခြင်းဖြစ်ပြီး တဂိုး၏နှစ် ၁၅၀ ပြည့်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ၊ ဆောင်းပါးပြိုင်ပွဲများ၊ ပြဇာတ်နှင့် ဟောပြောပွဲများကိုဇူလိုင်လကုန်ပိုင်းမှစတင် ကျင်းပခဲ့ပြီး၊ တဂိုး၏အတွေးအခေါ် နှင့် အနုပညာရပ်များနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ်မှပါမောက္ခများနှင့် အိန္ဒိယနိုင်ငံမှ ပါမောက္ခများ ဆွေးနွေးဟောပြောခဲ့ကြသည်။

Vol.10, No.23 · AUGUST 25, 2011

# ဈေးကြီးတိုင်း မကောင်းပါ

သီဟ



“ကျွန်မမျက်နှာဟာ သုံးလလောက်တော်တော်အခြေအနေ ဆိုးဝါးခဲ့ပါတယ်”ဟုပြောလာသူမှာ အသက် ၂၅ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်း မဇင်ဇင် ဖြစ်ပါသည်။

သူမသည်တိုက်ရိုက်ဖြန့်ကုမ္ပဏီတစ်ခုမှရောင်းသည့်အလှကုန်ပစ္စည်းတစ်စုံကို တစ်လခန့်သုံးပြီးချိန်တွင် ယခင်ကချောမွေ့ခဲ့သည့် သူမမျက်နှာ၌မြင်မကောင်းအောင်အဖုကြီးများပေါ်ထွက်လာခဲ့သည်။

“အဲဒီကုမ္ပဏီက အလှကုန်ပစ္စည်းတစ်စုံကို လေးသိန်းခွဲနဲ့ရောင်းပါတယ်၊ အဲဒီလိုဝယ်လိုက်ရင် နှစ်သိန်းခွဲတန်တစ်စုံလက်ဆောင်ပေးတယ်ဆိုတာနဲ့ ကျွန်မနဲ့ အစ်မတစ်ယောက်စပ်ပြီးဝယ်လိုက်တာ၊ ဒါပေမဲ့သူတို့ပေးတဲ့နှစ်သိန်းခွဲတန်မှာက ခြောက်သောင်းခွဲတန်ပစ္စည်းတစ်ခုထပ်ဝယ်လိုက်ရတယ်”ဟုမဇင်ဇင်ကပြောသည်။

ထိုပစ္စည်းဝယ်ပြီး အသုံးပြုချိန်မှစကာ သူမမျက်နှာတွင်ဝက်ခြံအဖုကြီးများ ထွက်လာခဲ့ခြင်းဖြစ်သည်ဟု ပြောပြသည်။ ထိုသို့ ထွက်လာသော်လည်း ပစ္စည်းဝယ်ခဲ့သည့်ကုမ္ပဏီက ဆက်လိမ်းရန်သာ တိုက်တွန်းခဲ့သဖြင့် သူမဆက်လက်အသုံးပြုခဲ့ရာ နောက်ဆုံးတွင် မျက်နှာမှအဖုများ ထိန်းမရနိုင်တော့သည့် အခြေအနေရောက်မှသာ အဆိုပါအလှကုန်ပစ္စည်းအသုံးပြုခြင်းကို ရပ်ခဲ့သည်။

တစ်ကိုယ်လုံးတွင်အရေပြားသည် အကျယ်ပြန့်ဆုံးသော အင်္ဂါအစိတ်အပိုင်းဖြစ်သည့်အပြင် မျက်နှာအရေပြားသည်ပို၍အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် မျက်နှာပေါ်သို့ အလှကုန်ပစ္စည်းတစ်ခုခု တင်တော့မည်ဆိုပါက မိမိ၏မျက်နှာအရေပြားသည် မည်သည့်အမျိုးအစားဖြစ်သည်ကို ဦးစွာသိရှိပြီးမှသာအသုံးပြုသင့်သည်ဟု အရေပြားအထူးကုဆရာဝန် ဒေါက်တာလင်းထက်ကပြောကြားသည်။

မျက်နှာအရေပြားတွင်အဆီပြန်သည့် အရေပြား၊ ခြောက်သွေ့သည့်အရေပြား၊ တုံ့ပြန်လွယ်သည့်အရေပြား၊ တုံ့ပြန်မလွယ်သည့်အရေပြား၊ ညိုသည့်အရေပြား၊ ဖြူသည့်အရေပြား၊ အရေးအတွန့်များသည့်အရေပြား၊ အရေးအတွန့်မရှိသည့် အရေပြားဟူ၍ အမျိုးအစားများခွဲခြားထားကြောင်း သိရသည်။

ထို့ကြောင့် မိမိတွင် အဆီပြန်တတ်သည့် မျက်နှာအရေပြားရှိသည်ဆိုပါက အဆီပြန်စေသည့် အလှကုန်ပစ္စည်းများအသုံးပြုမိလျှင် မျက်နှာ၌ အဆီများပိုထွက်လာကာ ဝက်ခြံဖုများထွက်လာနိုင်သကဲ့သို့ ခြောက်သွေ့သည့်မျက်နှာအရေပြားပိုင်ရှင်သည်လည်း အဆီခြောက်ခန်းစေသည့် အလှကုန်ပစ္စည်းများအသုံးပြုမိလျှင် မျက်နှာခြောက်သွေ့မှုပိုများလာပြီး အသားနီလန်ခြင်း ရောင်ရမ်းခြင်းများဖြစ်လာနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ဈေးကြီးသည့် အလှကုန်ပစ္စည်းတိုင်းသည်လည်း လူတိုင်းနှင့်သင့်တော်သည်မဟုတ်ဘဲ မိမိတွင်ရှိသည့် မျက်နှာအရေပြားအမျိုးအစားနှင့်ကိုက်ညီမှသာ သင့်တော်နိုင်မည်ဖြစ်သည်။

မဇင်ဇင်ကဲ့သို့ပင် ဈေးကြီးသည့်အလှကုန်ပစ္စည်းအသုံးပြုမိကာ အသားအရေနှင့် မကိုက်ညီသည့်အခါတွင် စိတ်သောကဖြစ်စရာများနှင့်ကြုံတွေ့ရမည်သာဖြစ်သည်။

“နောက်ဆို ဈေးကြီးတိုင်းလည်းမကောင်းဘူးဆိုတာသိသွားပါပြီ။ ကိုယ့်လိုပဲ တခြားသူတွေလည်းဖြစ်မှာစိုးရိမ်တယ်၊ ဒါကြောင့် ဈေးကြီးတိုင်း လိုက်မသုံးပါနဲ့လို့”ဟု မဇင်ဇင်ကပြောကြားသည်။

အချို့သော အလှကုန်ပစ္စည်းများတွင် အသားဖြူစေသည့် ဓာတုဗေဒပစ္စည်းများပါဝင်တတ်ရာ အဆိုပါပစ္စည်းများ၌ မျက်နှာ၏အပေါ်ယံအလွှာအားတိုက်စားသွားစေသည့် အစွမ်းသတ္တိရှိသည့်ပစ္စည်းများလည်းပါဝင်တတ်ကြောင်း သိရသည်။ **စာ(၁၄)သို့**

# ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် လူသေမှုများလာ

သီဟ

ရန်ကုန်၊ဩဂုတ် – ၁၆


ကမ္ဘာပေါ်ရှိလူအများသေဆုံးရသော အကြောင်းရင်းများထဲတွင်ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုသည် ထိပ်ဆုံးသို့လျင်မြန်စွာရောက်ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ကူးစက်ရောဂါနှိမ်နင်းရေး ဗဟိုဌာနတို့၏ သုံးသပ်ချက်အရသိရသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၊ အခြေခံကျန်းမာရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနန်းနိုင်နိုင်ရှိန်ကပြောသည်။

ယခု၂၁ရာစုနှစ်အတွင်းတွင်လူဦးရေသန်းတစ်ထောင်ခန့်သည်ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးခြင်းနှင့် နှီးနွယ်သည့် ရောဂါများကြောင့် သေဆုံးနိုင်ကြောင်းခန့်မှန်းထားပြီး ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးသူများ၏၅၀ရာခိုင်နှုန်းသည် အရွယ်မတိုင်မီ သေဆုံးနေကြကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ဆေးလိပ်သောက်ဖူးသူ ကလေး ၂၀ ရာခိုင်နှုန်းသည် အသက် ၁၀နှစ်မရောက်မီကပင် ဆေးလိပ်စတင်သောက်သုံးနေကြပြီး လက်ရှိသောက်သုံးနေသူများ၏ ၈၀ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်မရောက်မီကပင် စတင်သုံးစွဲနေကြောင်း သိရသည်။

လက်ရှိအတိုင်းဆက်လက်သုံးစွဲသွားမည်ဆိုပါက ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကလေးများနှင့်လူငယ်လူရွယ်သန်း ၂၅၀သည်အရွယ် မတိုင်မီသေဆုံးခြင်းဖြင့် ရင်ဆိုင်ကြရမည်ဖြစ်သည်ဟု အချက်အလက်များကိုကိုးကား၍ဒေါက်တာနန်းနိုင်နိုင်ရှိန်က ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့်အပတ်အတွင်း နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ ဒေါက်တာနန်းနိုင်နိုင်ရှိန်က အထက်ပါအတိုင်းပြောကြားသွားခြင်းဖြစ်သည်။








7 DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

## စာ-၁၃၊ ဈေးကြီးတိုင်း မကောင်းပါ မှ

ထိုကဲ့သို့သော အလှကုန်ပစ္စည်းများကို အသုံးပြုပြီး နေရောင်အောက်သို့သွားမည်ဆိုပါက နေရောင်ကာ ကရင်ကိုအသုံးပြုသွားရန်လိုအပ်ကြောင်း သိရသည်။

"ဒါ့ကြောင့် ကိုယ်ဘာပစ္စည်းသုံးနေတယ်၊ ကိုယ့်မျက်နှာအခြေအနေ ဘယ်လိုရှိတယ်ဆိုတာသိထားဖို့တယ်လို့ပြောတာပါ။ အပေါ်ယံ အရေပြားကိုတိုက်စားစေတဲ့ အလှကုန်ကို သုံးမိပြီး ကိုယ်ကမသိဘဲ နေရောင်ထဲထွက်မိရင် မျက်နှာမှာ ပြဿနာပိုဖြစ်နိုင်တယ်"ဟု ဒေါက်တာလင်းထက်က ပြောသည်။ မသိ၍ အသုံးပြုမိလိုက်သောအလှကုန်ပစ္စည်းကြောင့် စိတ်ဒုက္ခရောက်ရပုံကိုလည်း မဇင်ဇင်က ယခုကဲ့သို့ပြောပြသည်။

"ကျွန်မဖြစ်နေတုန်းက တော်တော်စိတ်ညစ်တာ။ လူတွေက ကျွန်မကိုမြင်ရင် နှစ်ခါပြန်မကြည့်ဘဲမနေဘူး။ အဲဒါနဲ့နောက်တော့ အလုပ်ကနေပါ တစ်လလောက်ခွင့်ယူပြီး မျက်နှာကို ပြန်ကုယူလိုက်ရတယ်။ ညဘက်တွေဆိုလည်း မအိပ်ရဘူး၊ အိပ်လိုက်တဲ့အချိန်မှာ မျက်နှာက အဖုတွေက ပေါက်တော့ပြည်တွေထွက်လာလို့ဆေးထထည့်ရတာတွေလည်းရှိတယ်။ အဲဒီတုန်းက ခေါင်းအုံးတွေစောင်တွေဆို အခုပြန်သုံးလို့မရတော့ဘူး၊ တကယ့်အနာကြီးရောဂါသည်တစ်ယောက်လိုပါပဲ"ဟုသူမ၏အဖြစ်အပျက်အား ပြန်ပြောင်းပြောပြသည်။

ထိုကဲ့သို့အသုံးပြုလိုက်မိသဖြင့် ရောဂါခံစားနေရစဉ်အချိန်တွင် လူမှုရေး၊စီးပွားရေးများလည်း ထိခိုက်ခဲ့ရသည်။

"ကျွန်မ အဲဒါဝယ်လူးဖို့ကုန်သွားတဲ့ပိုက်ဆံရယ်၊ မျက်နှာမှာပြဿနာဖြစ်လာလို့ပြန်ဆေးကုရတဲ့ ပိုက်ဆံရယ်၊ သုံးလေးလအတွင်းမှာ ဆယ်သိန်းလောက်ကုန်သွားတယ်။ နောက်ပြီးအလုပ်ကနေလည်း ခွင့်ယူလိုက်ရတယ်။ ဆေးကုနေတဲ့အချိန်တုန်းကလည်း အိမ်ပေါ်ကနေ အိမ်အောက်မဆင်းရဲဘူး။ ဘယ်သူနဲ့မှလည်းမတွေ့ရတော့ လူမှုရေးထိခိုက်မှုတွေလည်း ရှိခဲ့တယ်"ဟု မဇင်ဇင်ကပြောပြသည်။

အလှကုန်ပစ္စည်းများအသုံးပြုမှုကြောင့် မျက်နှာတွင်ပြဿနာများနှင့် ရင်ဆိုင်ရခြင်းသည် အလှကုန်ပစ္စည်းအရေအသွေးထက် အလှကုန်ပစ္စည်းရွေးချယ်မှုမှားယွင်းမှုကြောင့်ဖြစ်ပွားမှုပိုမိုများပြားလေ့ရှိသည်။

"ပစ္စည်းတွေကတော့ ထုတ်ပြီဆိုရင်တော့ အများနဲ့ သင့်တော်အောင်တော့ ထုတ်ကြတာပဲလေ။ ကိုယ်ကတော့ ကိုယ်သုံးတဲ့ပစ္စည်းနဲ့ ကိုယ့်အရေပြားအမျိုးအစားကို သိထားရင် သင့်တော်တာကို ပိုရွေးနိုင်တာပေါ့"ဟု ဒေါက်တာလင်းထက်ကပြောသည်။ အချို့မိန်းကလေးများသည် မိမိတို့မျက်နှာတွင် ထိုသို့ပြဿနာများဖြစ်လာပါက အစိုးရိမ်လွန်ကာမလုပ်သင့်သည်များ ဆက်လုပ်မိသွားတတ်သည်များလည်းရှိသည်။

"ကျွန်မလည်း ဘာသုံးမိလို့လဲတော့မသိဘူး။ အခုအထိတော့သေချာမသိဘူး။ အစားမှားလို့လား ဘာလားလည်းမသိဘူး။ မျက်နှာမှာ ဝက်ခြံအကြီးကြီးတွေထွက်လာတယ်။ အဲဒါနဲ့ ဆရာဝန် ထိုင်တယ်ဆိုတဲ့ ဖြူတီဆလွန်းကြီးတစ်ခုမှာ အဆိပ်ထုတ်တယ်ဆိုတာ သွားလုပ်လိုက်တာ မပျောက်တဲ့အပြင်ပိုဆိုးလာလို့ အခုတော့ အရေပြားအထူးကုနဲ့ပြနေရတယ်"ဟု အလားတူခံ စားနေရသည့် မလင်းလင်းကပြောသည်။

"အချို့တွေက ဆရာဝန်ဆိုင်းဘုတ်တင်ထားပြီး သူတို့ဘာသာ သူတို့လုပ်နေတာမျိုးတွေလည်းရှိတတ်တယ်။ အဲဒါကို ဆိုင်းဘုတ် ချိတ်ထားခံရတဲ့ ဆရာဝန်တွေကသိတော့ ပြန်ဖြုတ်ခိုင်းတာတွေလည်း ရှိပါတယ်"ဟု ဒေါက်တာလင်းထက်ပြောသည်။

အရေပြားအခြားနေရာများတွင် အသုံးပြုလိုက်မိသည့် ပစ္စည်းများသည် အဆင်ပြေသည်ဖြစ်စေ မပြေသည်ဖြစ်စေ ပြဿနာ သိပ်မရှိသော်လည်းမျက်နှာအရေပြားအား ထိုကဲ့သို့မလုပ်သင့်ဘဲ စမ်းသပ်ပြီးမှသာ သုံးစွဲသင့်ကြောင်း ဒေါက်တာလင်းထက်ပြောသည်။

# တီဗီကြည့်လွန်းသူများပုံမှန်ထက်ငါးနှစ်ခန့်သက်တမ်းတိုနိုင်

**ဆစ်ဒနီ၊ ဩဂုတ် - ၁၆**



တီဗီရှေ့တွင် နာရီပေါင်းများစွာထိုင်ကြည့်နေတတ်သောသူများသည်ပုံမှန်ထက် အသက်ငါးနှစ်ခန့် သက်တမ်းတိုနိုင်ကြောင်း ဩစတြေးလျ ပညာရှင်များ၏ သုတေသနတစ်ခုတွင် ဖော်ပြသည်။

ဩစတြေးလျ ကွင်းစလန်တက္ကသိုလ်မှ သုတေသီများ၏ အဆိုပါလေ့လာမှုကို ဗြိတိသျှအားကစားဆေးပညာဂျာနယ်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ လေ့လာမှုတွင် တစ်နေ့လျှင် ခြောက်နာရီခန့်ရုပ်သံကြည့်သူများသည် မကြည့်သူများထက် မျှော်မှန်းသက်တမ်း ၄ ဒသမ ၈ နှစ်ခန့် အသက်တိုနိုင်ကြောင်း ဆိုသည်။

ယခုလေ့လာမှုမှာ ဩစတြေးလျနိုင်ငံတွင် ရုပ်သံကြည့်ရှုမှုအလေ့အထနှင့် အသက်ရှည်မှုတို့အကြားဆက်နွယ်မှုကို ပထမဆုံးလေ့လာခဲ့ခြင်းဖြစ်သည်။ ပညာရှင်များက နေ့စဉ် အချိန်များစွာရုပ်သံကြည့်ခြင်းသည် အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းတို့ကဲ့သို့ပင် ဘဝမျှော်မှန်းသက်တမ်းအပေါ် တူညီသည့် ဆိုးကျိုးများ သက်ရောက်နိုင်ကြောင်း ဆိုထားသည်။ သုတေသနက ၂၀၀၈ ခုနှစ်တစ်နှစ်တည်း၌ပင် ဩစတြေးလျမှအရွယ်ရောက်သူများသည် ရုပ်သံကြည့်ချိန် နာရီပေါင်း ၉ ဒသမ ၈ ဘီလီယံခန့် အသုံးပြုခဲ့ကြောင်း တွေ့ခဲ့ရသည်ဟုဆိုသည်။

—Ref: AFP

# အဝလွန်ခြင်းသည် ကျန်းမာရေးကို ချို့ယွင်းစေသည်ဆိုသော အချက်အပေါ် သုတေသနတစ်ခုက ငြင်းပယ်

**တိုရွန်တို၊ ဩဂုတ် - ၁၆**

အများစုက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသော အဝလွန်မှုသည် ကျန်းမာရေးချို့ယွင်းမှုကို ဖြစ်ပေါ်စေနိုင်သည်ဆိုသော အချက်ကို ကနေဒါပညာရှင်များက သုတေသနတစ်ခု၌ ငြင်းပယ်ခဲ့ကြောင်းသိရသည်။

တိုရွန်တိုမြို့တော်ရှိယောက်တက္ကသိုလ် ကျန်းမာရေးသိပ္ပံဌာနမှ လက်ထောက်ပါမောက္ခ ဂျင်နီဖာကွတ်က "ကျွန်မတို့ရဲ့ လေ့လာမှုတွေက အဝလွန်သူအားလုံး ကိုယ်အလေးချိန်လျှော့ဖို့လိုအပ်တယ်ဆိုတဲ့အကြံဉာဏ်ကိုဆန့်ကျင်နေပါတယ်"ဟုဆိုသည်။ ၎င်းတို့၏ လေ့လာမှုတစ်ခုတွင် လူပေါင်း ၂၉,၅၃၃ ဦးကို မသေဆုံးမီ ၁၆ နှစ်တာကာလအတွင်း လေ့လာခဲ့ရာ သာမန်ကိုယ်အလေးချိန်ရှိသူများနှင့် အဝလွန်သူများအကြား ကွာခြားချက်မရှိကြောင်း သိရသည်။



ဒေါက်တာကွတ်က "အဝလွန်သူတွေဟာ သာမန်လူတွေထက် ပိုပြီး သေဆုံးနိုင်ခြေပိုရှိမနေတဲ့အတွက် သူတို့ဟာ ဝိတ်ချဖို့လည်း မလိုအပ်တော့ပါဘူး"ဟု ပြောသည်။ သို့သော် ၎င်းက ကိုယ်အလေးချိန်ထိန်းခြင်း၊ အချိန်မှန်စားခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်းတို့သည် ကိုယ်အလေးချိန်လျှော့ချခြင်းထက်ရေရှည်တွင်ပိုကောင်းကြောင်းဆိုသည်။

—Ref: Xinhuanet

# ဆေးလိပ်သောက်သည့် အမျိုးသမီးများ ဆီးအိမ်ကင်ဆာ ဖြစ်နိုင်ခြေပိုများ


**ဝါရှင်တန်၊ ဩဂုတ် - ၁၇**


ဆေးလိပ်သောက်သူ အမျိုးသမီးများသည် ယခင်ထင်မှတ်ထားသည်ထက်ပို၍ ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေပိုများကြောင်း အမေရိကန်သုတေသနတစ်ခုကဖော်ပြသည်။ ယခုသုတေသနကို ရေးသားသည့် အမေရိကန်အမျိုးသားကင်ဆာအင်စတီကျုဒ် NCI မှပညာရှင် နီယယ်ဖရီးမင်းက "ဆေးလိပ်သောက်သုံးခြင်းနဲ့ ဆီးအိမ်ကင်ဆာတို့အကြား ဆက်နွယ်မှုဟာ နှစ်ပေါင်းများစွာပြုလုပ်ခဲ့တဲ့ ဆေးလိပ်သောက်မှုအလေ့အကျင့်နဲ့စီးကရက်တွေကို ထုတ်လုပ်ပုံအပြောင်းအလဲတွေနဲ့သက်ဆိုင်ပါတယ်" ဟုပြောသည်။

ထို့ပြင် အမေရိကန်ဆေးပညာအသင်းဂျာနယ်တွင် ယခုသုတေသန၌ ပြီးခဲ့သည့် နှစ်ငါးဆယ်အတွင်း စီးကရက်များ၏ ဖွဲ့စည်းထုတ်လုပ်ပုံသည် ပြောင်းလဲခဲ့ကြောင်း၊ ထိုအပြောင်းအလဲများကြောင့် ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေများ တိုးပွားလာသကဲ့သို့ အမျိုးသမီးများမှာလည်း ယခင်ကထက် ဆေးလိပ်သောက်သုံးမှုပိုများလာကြောင်း ဖော်ပြသည်။ သုတေသနတွင် "မိန်းမတွေနဲ့ ယောကျ်ားတွေဟာ ဆေးလိပ်သောက်သုံးမှုပမာဏ အတူတူလောက်ရှိနေတာကို မကြာမီက လေ့လာမှုမှာ တွေ့ရှိရပါတယ်။ ဒါဟာ အမေရိကန်လူဦးရေမှာ အကုန်လုံးကို ခြုံပြီးတွေ့ရတာပါ" ဟုဖော်ပြသည်။

အမေရိကန်ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန CDC ၏အဆိုအရ အမေရိကန်နိုင်ငံတွင် အရွယ်ရောက်သူဦးရေမှ ၄၆ သန်း (သို့မဟုတ်) ၂၀ ဒသမ ၆ ရာခိုင်နှုန်းသည် စီးကရက်သောက်သုံးနေပြီး အမျိုးသားများ၌ ဆေးလိပ်သောက်သုံးသူဦးရေ ၂၃ ဒသမ ၅ ရာခိုင်နှုန်း အမျိုးသမီးများတွင် ၁၇ ဒသမ ၉ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

—Ref: AFP





Regional

7DAY NEWS JOURNAL

Vol.10, No.23 · AUGUST 25, 2011

# နေပြည်တော်တွင် ကျပ်သန်းပေါင်း ငါးထောင်ကျော်အကုန်ကျခံ၍ တရားစခန်းနှင့်သတ္တဌာန ခုနစ်ပါးဆောက်လုပ်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၁၅**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း မြန်မာကျပ်ငွေ သန်းပေါင်း ၅၃၃၂ဒသမ ၅၆ ခန့်ကုန်ကျနိုင်မည့် တရားစခန်းနှင့် သတ္တဌာန ၇ ပါးကို တည်ဆောက်လှူဒါန်းသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါ ဘာသာရေး အဆောက်အအုံများအတွက်ကုမ္ပဏီများနှင့် ရပ်ဝေးအလှူရှင်များက လှူဒါန်းလျက်ရှိကြောင်းယခုအခါ နေပြည်တော်ဒေသခံများလည်း ပါဝင်လှူဒါန်းနိုင်ရန် ရပ်ကွက်၊ ကျေးရွာအကြီးအကဲများအထိ နှိုးဆော်စာများ ပေးပို့ထားကြောင်း အလှူရှင်အမည်နှင့် လှူဒါန်းမှုများကိုလည်း နေ့လယ် ၁၂ နာရီအချိန်အရောက်မြို့နယ်ရုံးသို့ပေးပို့တင်ပြရန်ညွှန်ကြားထားကြောင်းလည်း သိရသည်။

ယခု လှူဒါန်းပူဇော်မည့် တရားစခန်းတွင် ၂၄ ပေပတ်လည်ရှိကမ္မဋ္ဌာန်းကျောင်းဆောင် ၂၄ ဆောင်၊ ၁၃၆ × ၄၆ ပေရှိ ဆွမ်းစားဆောင် တစ်ဆောင်၊ ၁၈၀×၇၂ ပေရှိ ဓမ္မာရုံတစ်ရုံနှင့် ၈ ပေအကျယ်လူကူးစင်္ကြံတံတား အပါအဝင် အခြားသာသနိကလုပ်ငန်းများလည်း ပါဝင်မည်ဖြစ်သည်။

သတ္တဌာန (၇) ပါးတည်ဆောက်ရေးတွင်မှု ဉာဏ်တော် ၁၀၈ ပေရှိ မဟာဗောဓိ စေတီ၊ ပထမသတ္တာဟ ရွှေပလ္လင်တော်၊ ဒုတိယ သတ္တာဟ အနိမိသစေတီတော် (ဉာဏ်တော် ၃၆ ပေ) တတိယသတ္တာဟ ရတနာစင်္ကြံတော်၊ စတုတ္ထသတ္တာဟ ရတနာရွှေအိမ်တော်၊ ပဥ္စမသတ္တာဟ အဇပါလ ညောင်ပင် အထိမ်းအမှတ်ကျောက်တိုင်၊ ဆဋ္ဌမ သတ္တာဟ ပုဥ္စလိန္ဒာအိုင်နှင့် ပြကွက်များအပြင် သတ္တမသတ္တာဟအဖြစ် လင်းလွန်းပင်နှင့် ခြံစည်းရိုးအဆောက်အအုံများလည်းပါဝင်မည် ဖြစ်သည်။

နေပြည်တော်တွင် ယခုကဲ့သို့ ဘာသာရေးအဆောက်အအုံများလှူဒါန်းပေါ်ပေါက်လာသည့်အတွက် ကြည်နူးရကြောင်း စွယ်တော်ပွားစေတီတစ်ဆူ တည်ထားပူဇော်မည်ဟု ကြားသိရကြောင်း ယခုတည်ဆောက်မည့်အဆောက်အအုံများကြောင့်လည်း ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာနိုင်ကြောင်း ဒေသခံအချို့က သုံးသပ်ပြောဆိုလျက်ရှိသည်။

## နေပြည်တော်တွင် မြေကွက်ပေါင်သူ အချို့ရှိလာ



*နေပြည်တော်အတွင်းရှိ ရပ်ကွက်တစ်ခုကိုတွေ့ရစဉ်* ဓာတ်ပုံ - နေလင်းအောင်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်- ၁၂**


နေပြည်တော်အိမ်ခြံမြေဈေးကွက်တွင် ဈေးကောင်းစဉ်က ဝယ်ယူထားခဲ့သော ကျပ်သိန်းထောင်ချီ မြေကွက်များယခုအချိန်တွင်ပြန်လည်အပေါင်ထားလိုသူအချို့ရှိလာကြောင်း ဒေသခံ စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။ စာ(၁၈) သို့

# အိမ်ခြံမြေအခွန်စနစ် သက်တမ်းထပ်မံတိုးမြှင့်သဖြင့် မန္တလေးမြေဈေးကွက် အရောင်းအဝယ်လိုက်

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၁၈**

မြန်မာနိုင်ငံအလယ်ပိုင်း စီးပွားရေးမြို့တော် မန္တလေးမြို့တော်တွင် ပြည်တွင်းအခွန်များ ဦးစီးဌာနက အိမ်ခြံမြေဝယ်ယူသူဘက်မှ ဝင်ငွေရလမ်းပြစရာ မလိုဘဲ အခွန်ကောက်ခဲ့သည့် စနစ်အား ဩဂုတ်၁၂ရက်မှစတင်၍ တစ်နှစ်ထပ်မံသက်တမ်းတိုးလိုက်သောကြောင်း မြေရောင်းဝယ်မှု အနည်းငယ်တန့်နေရာမှ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း၇၂လမ်း၊ ၂၈× ၂၉ ကြား မြေပွဲစားအသိုင်းအဝိုင်းမှ သိရသည်။



*မန္တလေးမြို့တစ်နေရာကို အပေါ်စီးမှရိုက်ယူထားပုံ* ဓာတ်ပုံ - အားမာန်

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်တွင် ပိုမိုအရောင်းအဝယ်ဖြစ်ပြီး ၆၂ လမ်း၊ မင်းကြီးရန်နောင်လမ်းမှ ယောမင်ကြီးလမ်း(စက်မှုဇုန်လမ်းမကြီး) အတွင်း ပေ ၆၀× ၄၀ မြေကွက်များ အိမ်မပါကျပ်သိန်း ၃၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း(လလ)(ဝဝ)မြေကွက်များ ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၁၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်ကြောင်း မဟာဗန္ဓုလလမ်းမကြီး ဘေးဝဲယာ ၅၆ လမ်းမှ ၆၂ လမ်းအတွင်း ပေ ၄၀×၆၀ မြေတစ်ကွက် အနည်းဆုံးကျပ်သိန်း ၈၀၀ မှ ၁၇၀၀ အတွင်း အရောင်းအဝယ်ဖြစ်သည်ဟု သိရသည်။

မန္တလေးမြို့ နန်းရှေ့ ၅ ကေခန့် မြေကွက်အား ဝယ်လက်မှ ကျပ်သိန်း ၁၂၅၀၀၀ ဖြင့်ဝယ်ရန် ကမ်းလှမ်းသော်လည်း ရောင်းသူဘက်မှ မရောင်းချတော့သဖြင့် အရောင်းအဝယ်ပျက်သွားကြောင်း၊ လမ်း ၃၀၊ မန္တလေး-ပြင်ဦးလွင်လမ်းနှင့် လမ်း ၆၀ အတွင်း တစ်ကေကွက်၊ နှစ်ကေကွက်၊ သုံးကေကွက်၊ လေးကေကွက်များကို ဝယ်လက်များက စိတ်ဝင်စားကြသော်လည်း ရောင်းမည့် သူမရှိကြောင်းသိရသည်။

၂၀၀၇ ခုနှစ်ဩဂုတ်မှစတင်ခဲ့သည့်ဝယ်သူမှ ၁၅ ရာခိုင်နှုန်း ရောင်းသူမှ ၁၀ ရာခိုင်နှုန်း အခွန်ပေးသွင်းရမည့် စနစ်ကို ယခုတစ်နှစ် တိုးလိုက်ခြင်းဖြစ်သည်။

## မန္တလေးမြို့ လူနေရပ်ကွက်အချို့ ရေလွှမ်းခြင်းကြောင့် သွားလာရေးခက်ခဲ

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ်-၂၀**

မန္တလေးမြို့တွင် ဩဂုတ် ၁၉ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်း လမ်းအများစုနှင့် လူနေရပ်ကွက်အချို့၌ ရေပြည့်ရေလျှံခြင်းဖြစ်ပေါ် နေကြောင်း သတင်းရရှိသည်။

ရေလျှံနေသော လမ်းများမှာ သိပ်ပွဲလမ်း၊ ၇၃ လမ်း၊ ၃၅ လမ်း၊ လမ်း ၃၀ အစရှိသည့်မန္တလေးမြို့ရှိ လူသွားလူလာ အများဆုံးလမ်းများဖြစ်သည်။ "ရေတွေကတော့ မိုးမရွာလိုက်နဲ့ ရွာလိုက်တာနဲ့ တက်လာတာပဲ။ ဒါတောင်ရပ်ကွက်ထဲက လူတွေကကိုယ့်အားကိုယ်ကိုးပြီး မြေတွေဘာတွေဖို့ထားကြလို့တော်သေးတာ။ နှစ်တိုင်း မိုးရာသီဆိုဖြစ်နေကျပါ"ဟု မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂) ရပ်ကွက်တွင် နေထိုင်သူအမျိုးသားတစ်ဦးကပြောသည်။

အဆိုပါလမ်းများအနီးရှိကုမ္ပဏီရုံးခန်းများဝန်ဆောင်မှုလုပ်ငန်းများ၊ အင်တာနက်ဆိုင် များအတွင်းသို့ ရေများဝင်ရောက်လာမှုကြောင့် ခေတ္တပိတ်ထားခဲ့ရပြီး ဖြတ်သွား ဖြတ်လာဆိုင်ကယ်များမှာလည်း ဆိုင်ကယ်ပလပ်များအတွင်းသို့ ရေဝင်ရောက်မှုကြောင့်စက်နှိုး၍ မရဖြစ်ကြကြောင်းမြို့ခံများကပြောသည်။ "ဒီနေ့မနက်အလုပ်သွားတာ သိပ်ပွဲလမ်းက ရေပြည့်နေလို့ ၆၈ လမ်းဘက်ချိုးဝင်တာ အဲဒီလမ်းဘက်မှာပါ ရေတွေက ပြည့်နေတယ်။

ပုံမှန်အတိုင်းဆို အိမ်ကနေ အလုပ်ကိုမိနစ် ၂၀ လောက်နဲ့ရောက်တာ။ ဆိုင်ကယ်ထဲ ရေဝင်လို့ ဆိုင်ကယ်ပျက်တာနဲ့ ရေမရှိတဲ့ လမ်းဘက်နေ ပက်မောင်းရတာနဲ့ လေးဆယ့်ငါးမိနစ်လောက် အချိန်ကြာသွားတယ်"ဟုမန္တလေးမြို့သစ်မှ ဈေးချိုအနီးသို့လာရောက်အလုပ်လုပ်ကိုင်သူ အမျိုးသားတစ်ဦးကပြောသည်။ ၂၀၁၀ အောက်တိုဘာလကလည်း စံချိန်တင် မိုးရွာသွန်းမှုကြောင့် မန္တလေးမြို့ရှိလူနေရပ်ကွက်အချို့ ရေလွှမ်းမိုးမှုများ ကြုံတွေ့ခဲ့ရသည်။



7 DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# ဖုန်းဖြင့်ငွေလိမ်လည်ရန် ဝန်ထမ်းများကို ပစ်မှတ်ထားလာ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ် - ၁၃**

လွန်ခဲ့သော နှစ်များအတွင်းမှ စကာ တယ်လီဖုန်းမှတစ်ဆင့် ငွေလိမ်လည်မှုများက စီးပွားရေးလုပ်ငန်းရှင်များ အဓိကထားခဲ့ရာမှ ယခုနှစ်အတွင်း ဝန်ထမ်းများအား ငွေလိမ်လည်ရန်ကြိုးစားသူပိုများလာကြောင်း အောင်ဘာလေထီအကြောင်းပြ၍ ငွေလိမ်လည်မှုနှင့် ပတ်သက်၍ မုံရွာဒေသခံပုဂ္ဂလိကဘဏ်တာဝန်ရှိသူများက ပြောကြားသည်။

"အရင်တုန်းက အောင်ဘာလေထီအကြောင်းပြပြီး ထပ်ဆင့်ကံထူးရှင်ဆိုပြီး တယ်လီဖုန်းကတစ်ဆင့်ငွေလိမ်လည်ခဲ့တဲ့ဖြစ်ရပ်တွေကို စီးပွားရေး လုပ်ငန်းရှင်တွေ အဓိကထား လိမ်ညာခံခဲ့ရတယ်။ ဒီနှစ်အတွင်းမှာ ဌာနဆိုင်ရာ ဝန်ထမ်းရော ကုမ္ပဏီဝန်ထမ်းတွေပါ တယ်လီဖုန်းကနေ ငွေလိမ်လည်သူပိုများလာတယ်။ ဩဂုတ်လ ၁၂ ရက်တုန်းက ကမ္ဘောဇဘဏ်(မုံရွာ)မှာ ငွေလွှဲတဲ့ကျောင်းဆရာတစ်ဦး အလိမ်ခံခဲ့ရတယ်။ တစ်ချိန်တုန်းက အောင်ဘာလေထီထိုးရာက ကံစမ်းမဲအဖြစ် ကျပ်ငါးသိန်းတန် တယ်လီဖုန်းတစ်လုံးမဲပေါက်လို့ အာကာသ အဆင့်မြင့်ယာဉ်လိုင်းနဲ့ ဖုန်းကို တင်ပို့လိုက်တယ်ဆိုပြီး ထီဖိုးငွေ ကျပ်သုံးသိန်းလွှဲပို့ခိုင်းတယ်။ ငွေလိမ်တာမှန်း သိတဲ့အချိန်မှာ ဘဏ်ကို ငွေလိမ်တဲ့အကြောင်း သွားပြောတော့ တစ်ဖက်ဘဏ်က ငွေထုတ်သွားလို့ ငွေဆုံးရှုံးသွားတယ်။ ဩဂုတ်လ ၁၃ ရက်မှာလည်းကျောင်းဆရာမတစ်ဦးဖုန်းကံစမ်းမဲပေါက်လို့ ငွေလွှဲခိုင်းတာ ငွေလွှဲပြီး အချိန်ပိုင်းအတွင်း ငွေလိမ်တာ သိလိုက်ရလို့ ဘဏ်ကို လွှဲငွေအလိမ်ခံရတဲ့ အကြောင်း အချိန်မီ အကြောင်းကြားနိုင်တဲ့အတွက် ငွေဆုံးရှုံးမှုမရှိဘဲ ပြန်ရခဲ့တယ်။ ငွေလိမ်ခံရတာကို သိသိချင်း အချိန်မီဘဏ်ကို အကြောင်းကြားနိုင်ရင် တစ်ဖက်ဘဏ်က ဆုံးရှုံးမှု မရှိအောင် တားဆီးပေးနိုင်ပါတယ်။ အချိန်လွန်မှ အကြောင်းကြားတဲ့အခါ တစ်ဖက်ဘဏ်က ငွေထုတ်သွားရင်တော့ ဘဏ်တွေက ငွေထုတ်ပြီးသူကို တားဆီးနိုင်ခွင့်မရှိလို့ ငွေလိမ်လည်မှုမဖြစ်ပွားအောင်ကာကွယ်မပေးနိုင်ဘူး"ဟု မုံရွာဒေသခံပုဂ္ဂလိကဘဏ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်အတွင်းမုံရွာမြို့တွင် အောင်ဘာလေ ထီဆိုင်များမှ ထပ်ဆင့်ကံထူးရှင်အဖြစ် မိုဘိုင်းဖုန်းရရှိမည်ဟုဆိုကာ ငွေလိမ်လည်မှုများ ပညာရေး ဝန်ထမ်းကျောင်းဆရာမများအား အဓိကထား လိမ်လည်ခံရကြောင်းသိရှိရသည်။ ဖုန်းမှတစ်ဆင့် ငွေလိမ်လည်မှုအား အသစ်ထပ်မံချထားပေးသော အော်တိုတယ်လီဖုန်းများနှင့် မိုဘိုင်းဖုန်း ပိုင်ရှင်များ အများဆုံး လိမ်လည်ရန်ကြံစည်ခံရကြောင်း ကိုယ်တွေ့ကြုံရသူ မုံရွာဒေသခံ စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။ ဖုန်းဖြင့် ငွေလိမ်လည်သူများကြောင့် ငွေလွှဲပေးပို့သော ပုဂ္ဂလိကဘဏ်များနှင့် ကံစမ်းမဲပစ္စည်းပေးပို့သည်ဆိုသော ရန်ကုန်-မုံရွာခရီးသည်တင်ယာဉ်များတွင်မကြာခဏဖြေရှင်းမှုများ ပြုလုပ်ခဲ့ရကြောင်း သိရှိရသည်။

မုံရွာမြို့ပေါ်တွင် ဖွင့်လှစ်ထားရှိသော ပုဂ္ဂလိကဘဏ်အချို့၌ ငွေလွှဲသူများ ငွေလိမ်လည်ခြင်း မခံရစေရေးအတွက် သတိပေးနှိုးဆော်ချက်များထားရှိသည်။




## ကျောက်စိမ်းအရောင်းအဝယ် တန့်နေခြင်းကြောင့် လေလံအောင်လက်ကျန် ကျောက်တွဲများ ထုတ်ယူရန် အခက်တွေ့



ဓာတ်ပုံ-စိုင်းသာအောင်

**မင်းဒင်**

**မန္တလေး၊ ဩဂုတ်-၂၀**

ပြည်တွင်း ကျောက်စိမ်းလုပ်ငန်းရှင်များ လက်ထဲတွင် ပစ္စည်းများ စုပုံကာ အရောင်းအဝယ်လည်း မဖြစ်သည့် အနေအထားကြောင့် ကျန်ရှိသော လေလံအောင် ကျောက်တွဲများ ထုတ်ယူရန်ခက်ခဲစေပြီးအမည်ပျက်စာရင်းသွင်းခံရသည်အထိ ဖြစ်ပေါ်စေနိုင်ကြောင်း ကျောက်ကုန်သည်များထံမှ စုံစမ်းသိရှိရသည်။

ယခုကဲ့သို့ကျောက်စိမ်းဈေးကွက်အတွင်း ဝယ်လက်မရှိသည့် အနေအထား ဆက်သွားနေပါက ပြီးခဲ့သည့် ကျောက်မျက်ပြပွဲတွင် လေလံ အောင်မြင်ခဲ့ကြသည့် ကျောက်စိမ်းကုန်သည်များကျောက်တွဲများ ကုန်အောင် ထုတ်ယူရန် ခက်ခဲမည်ဖြစ်ကြောင်း မန္တလေးမြို့ခံ ဝါရင့်ကျောက်ကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

ထိုသို့လေလံအောင်ကျောက်တွဲများအား ကုန်စင်အောင်ထုတ်ယူနိုင်ခြင်းမရှိသည့်ကုမ္ပဏီများအနေဖြင့် ပွဲပယ်ပြစ်ဒဏ်များထိကာ အမည်ပျက်စာရင်း သွင်းခံရမည်ဖြစ်သည်။

"ကျောက်ဈေးကွက် ခပ်အေးအေးနဲ့ပဲ သွားလိမ့်မယ်။ မှန်းရတော့ခက်တယ်။ ဓားပိုင်းကျောက်လောက်ပဲ ရောင်းဝယ်ဖြစ်တယ်။ တရုတ်ငွေလည်း ကျနေတယ်။ အားရစရာတော့ မရှိဘူး" ဟု ဝါရင့်ကျောက်ကုန်သည်တစ်ဦးကဈေးကွက်အလားအလာအပေါ် သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့်ဇူလိုင်လကျောက်မျက်ပြပွဲတွင် တရုတ်ကုန်သည်များ လာရောက်မှုနှင့် လေလံအောင်မှုနည်းကာ ပြည်တွင်းကျောက်စိမ်းကုန်သည်များ လေလံအောင်မြင်မှု နှုန်းမြင့်မားခဲ့သည်။

မြန်မာ့ ကျောက်စိမ်းအား အဓိကဝယ်ယူသည့် တရုတ်နိုင်ငံတွင် ကျောက်စိမ်းအပေါ်၌ အခွန်ပေးဆောင်ရမည့်နှုန်းထားကို ၃၅ ရာခိုင်နှုန်းအထိ သတ်မှတ်လိုက်ခြင်းကြောင့် တရုတ်ကုန်သည်များ ဝယ်ယူမှုကျဆင်းသွားခြင်းဖြစ်ကြောင်း ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

"ကျောက်စိမ်းက ငွေကျပ်ရင် ကျန်တဲ့ပစ္စည်းတွေလို ပေါင်လို့ရတာမဟုတ်ဘူး။ အရောင်းအဝယ် မဖြစ်လို့ကတော့ ဘယ်လိုမှကို လုပ်မရတာ။ ကိုယ့်ရှိတဲ့ ကျောက်ရောင်းရမှကို ငွေပေါ်တာ" ဟု ကျောက်ပွဲစားတစ်ဦးက ဆိုသည်။

ယခုကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များ ကျောက်ကုန်စင်အောင်ထုတ်ယူခြင်းမရှိပါက အမည်ပျက်စာရင်းသွင်း ခံရနိုင်ပြီး နောင်တွင်ပြုလုပ်မည့် ပြပွဲများသို့ တက်ရောက်ရန် အခွင့်အရေးရမည်မဟုတ်ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# သနပ်ခါးစိုက်ပျိုးရေးနည်းပညာအခမဲ့ဖြန့်ဖြူးပေးမည်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ် - ၁၆**

ဈေးကွက်ဝင်မြန်မာ့သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းများတွင်ကာလတိုအတွင်း သနပ်ခါးဈေးကွက်တင်ပို့နိုင်ရေး၊ အပွေးလှ ဈေးကွက်ရသည့် သနပ်ခါးများ ထုတ်လုပ်နိုင်ရေးအတွက် အရာတော်မြို့နယ်အတွင်း ဝါရင့် သနပ်ခါးစိုက်ပျိုးရေးပညာရှင်ဦးစိန်မင်းက စိုက်ပျိုးရေးနည်းစနစ်များ အခမဲ့ဖြန့်ဖြူးပေးရန် စီစဉ်ထားကြောင်းသိရှိရသည်။



ဓာတ်ပုံ - မျိုးမင်းဦး

"အရင်တုန်းကမြန်မာ့သနပ်ခါးတစ်ပင်ကိုနှစ်ပေါင်း ၂၀ ကျော်ကြာမှ ဈေးကွက်ဝင် သနပ်ခါးရတာ။ အခုငါးနှစ်အတွင်းဈေးကွက်ဝင်သနပ်ခါးခုတ်လို့ရနေပြီ။ မျိုးကောင်းမျိုးသန့် မြန်မာ့ သနပ်ခါးမျိုးတွေစိုက်မှ ကာလတို ဈေးကွက်ဝင် သနပ်ခါးကိုရမှာဆိုတော့ မြန်မာ့သနပ်ခါးချင်းတူတာတောင်မှ မျိုးကောင်းမျိုးသန့်စိုက်ဖို့လိုတယ်။ စိုက်ဖို့ နည်းစနစ်တွေ မှန်ပြီး မျိုးကောင်းမျိုးသန့် သနပ်ခါးမျိုးစေ့တွေရမယ်ဆိုရင် သနပ်ခါးကို နှစ် ၂၀ အထိ စောင့်စရာမလိုတော့ဘဲ ငါးနှစ်အတွင်း ဈေးကွက်တင်ပို့လို့ရပြီ။ ဒီနေ့ခေတ် ကျောက်ကုန်းမြေတွေမှာ ဘာပင်မှ စိုက်မရတောင်မှ သနပ်ခါးစိုက်ရင် အပိုဝင်ငွေရရှိနိုင်တဲ့အတွက် သနပ်ခါးစိုက်ပျိုးလိုသူမည်သူမဆို ဈေးကွက်ဝင်မြန်မာ့သနပ်ခါးတွေ ကာလတိုအတွင်း ဝင်ငွေရရှိအောင်စိုက်ပျိုးရေးနည်းပညာပိုင်းအနေနဲ့ အခမဲ့ကူညီပေးသွားဖို့ စီစဉ်ထားတယ်။

ပြည်တွင်း စိုက်ပျိုးရေးကုမ္ပဏီတွေက မြန်မာ့သနပ်ခါး စီးပွားဖြစ် စိုက်ပျိုးဖို့ ကျောက်ကုန်းမြေတွေမှာ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နေချိန်မှာ စိုက်ပျိုးရေးနည်းစနစ်ရော၊ မျိုးကောင်းမျိုးသန့် မြန်မာ့သနပ်ခါးမျိုးစေ့တွေပါရရှိအောင် စိန်မင်းသနပ်ခါးဖြန့်ဖြူးရေးလုပ်ငန်းက ဝန်ဆောင်မှုတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု အရာတော်မြို့နယ်၊ ဇီးပင်လယ်ကျေးရွာနံ့သာမြေမှ ဝါရင့်သနပ်ခါး စိုက်ပျိုးရေးပညာရှင် ဦးစိန်မင်းကပြောသည်။

"မြန်မာ့သနပ်ခါးချင်းအတူတူ မျိုးမကောင်းရင်၊ ဆယ်နှစ်နေလို့ သနပ်ခါးအပင်က အပွေးမတက်ရင် ဈေးကွက်မရောင်းနိုင်ဘူး။ သနပ်ခါးမျိုးကောင်းမျိုးသန့်တွေ ရရှိရေး၊ စိုက်ပျိုးစနစ် မှန်ကန်ရေးက သနပ်ခါးစိုက်ပျိုးသူတွေအတွက် နည်းပညာအရေးပါတယ်"ဟု အရာတော်မြို့နယ် ဝါးတန်းကျေးရွာဒေသခံသနပ်ခါးစိုက်တောင်သူတစ်ဦးကပြောသည်။

အရာတော်မြို့နယ်အတွင်း မြန်မာ့သနပ်ခါး (ရိုးရိုး)မျိုးစေ့နို့ဆီဘူးတစ်ဘူးလျှင် ကျပ် ၅,၀၀၀ မှ ကျပ် ၂၀,၀၀၀ အထိရှိပြီး ဈေးကွက်ဝင် မြန်မာ့သနပ်ခါးမျိုးစေ့များအား နို့ဆီဘူးတစ်ဘူးလျှင် ကျပ် ၃၀,၀၀၀ မှ ကျပ် ၆၀,၀၀၀ အထိ ဈေးကောင်းရရှိသည်။ သနပ်ခါးအသီးတစ်လုံးလျှင် ကျပ် ၁၀၀ နှုန်းအထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

အရာတော်မြို့နယ်အတွင်း ယခင်က ကောက်ပဲသီးနှံ စိုက်ပျိုးမရသော တောင်ကုန်းကျောက်ပြုန်းမြေများတွင် ထင်းစိုက်ခင်းများ စိုက်ပျိုးခဲ့ရာမှ ယခုအခါထင်းစိုက်ခင်းများ ရှင်းလင်း၍ ဈေးကွက်ဝင်သနပ်ခါးစိုက်ခင်းများ စီးပွားဖြစ်စိုက်ပျိုးသူများလာသည်။ ယခင်တောင်ကတုံးများမှာ သနပ်ခါးစိုက်ခင်းများဖြင့်စိမ်းလန်းလာပြီးဒေသခံတောင်သူများလည်း သနပ်ခါးစိုက်ပျိုးရေးဖြင့် ဝင်ငွေရရှိခဲ့သည်။

## စာ(၃၂) မောင်နှင့်နှမ သားနဲ့အမိ မှ

'ဟဲ့ သမီး နင့်အကောင်ကကြီးကောကြီးလား'

'ကြီးသလားတော့ မမေးနဲ့ အကုန်ကြီးတယ်အမေရဲ့'

'ဟဲ့ဟဲ့ဘာတွေကြီးတာတုန်းသမီးရဲ့'

'ဆွေကြီး မျိုးကြီး နာမည်ကြီး အမေရဲ့ နောက်ထပ်ကြီးတာရှိသေးတယ်လေ'

'ဟေ ဟေ ဟေ ဘာကြီးတာလဲ သမီးရဲ့'

'သူ့နာမည်က 'ကျွဲကြီး'လေ အမေရဲ့'

'တော်ပါသေးရဲ့ သမီးရယ်၊ ဒါပေမဲ့လို့ စိုးရိမ်မိသေး ငါ့သမီးလေးတော့ 'ချို'နဲ့ အထိုးခံရတော့မှာပဲ'

'ဟဲ ဟဲဟဲဟဲ ဒါက သမီးကိစ္စပါအမေရဲ့။ အမေတွေးပြီး ပူစရာမဟုတ်ပါဘူး'

ထူးထွေဆန်းပြား'အောက်လုံး' များကား တီဗီဖန်သားပြင်ထက်မှာလုံးဝတပ်စွဲနေရာယူလျက်ရှိပါပေပြီ။

အချို့အစီအစဉ်များတွင် ပရိပရမ်တင်ဆက်သူတို့၏ အဆုံးသတ်စကားကား "ဒီအစီအစဉ်ကို 'သဘာဝအမြင်'နဲ့ မကြည့်ပါနဲ့ 'ဟာသအမြင်'နဲ့ပဲကြည့်ပါ"ဟု ဆိုကြလေ့ရှိရာ 'ဟာသနှင့် သဘာဝ'မှာ သီးခြားစီဖြစ်တည်လျက် 'သဘာဝမကျသည့်ဖြစ်ရပ်များ၊ သဘာဝမကျသည့်ခါးအောက်ပိုင်း ဒူးအထက်စကားပြက်များကို အတင်းစွဲတွဲစပ်ကာချုပ်လုပ်လိုက်လျှင် 'ဟာသ'ဖြစ်သွားပြီဟု အနို 'အနုပညာရှင်ဆိုသူတို့' ယုံမှတ်လို့နေသည်မှာ များစွာစိတ်မကောင်းစရာ ဖြစ်လျက် 'တကယ့်ဟာသ'အတွက် ရတက်မအေးမိပါကြောင်း မိတ်ဆွေအပေါင်းတို့ ခင်ဗျား . . .။ ။

# အရာတော်မြို့နယ်ရှိ တောင်ကုန်းမြေများကို ဝယ်ယူသူများလာ

**ရန်နိုင်ကျော်**

**မုံရွာ၊ ဩဂုတ်- ၁၆**

အရာတော်မြို့ပေါ်ရပ်ကွက်များတွင် လူနေအိမ်များထက်သနပ်ခါးစိုက်ပျိုးရေးလုပ်ကိုင်သောတောင်ကုန်းမြေများ ဝယ်လိုအား ပိုများလာကြောင်း အရာတော်ဒေသခံ အိမ်ခြံမြေအကျိုးဆောင်များ၏ပြောကြားချက်အရသိရှိရသည်။

"အရာတော်မြို့ လမ်းမကြီးတွေပေါ်မှာ ကျပ်သိန်းနှစ်ရာ့ငါးဆယ်အထိ ဈေးပေါက်တယ်။ အရာတော်အရှေ့ဘက်မြို့အထွက်က မြို့သစ်ပိုင်းမှာ အရာတော်-ရွှေဘိုလမ်းမကြီးဘေးဝဲယာမှာ ပေ ၈၀× ပေ ၆၀ တစ်ကွက်ကို ကျပ်သိန်း ၆၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်တယ်ဆိုပေမယ့် အတွင်းဘက်မြေကွက်တွေမှာ ဝယ်သူမရှိလို့ပေါက်ဈေးမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ်သာဖြစ်ခဲ့တယ်။ မြို့အနီးတစ်ဝိုက်ယာမြေတွေမှာလည်း ကုန်းအနိမ့်အမြင့်မညီတဲ့မြေကွက်တွေ တစ်ဧကကျပ်သုံးသိန်းကနေကျပ်ငါးသိန်းအထိအရောင်း အဝယ်ဖြစ်ပြီးယာမြေညီညာတဲ့မြေကွက်တွေ တစ်ဧကကျပ်ဆယ်သိန်းဝန်းကျင်နဲ့အရောင်းအဝယ်ပိုဖြစ်တယ်။ မြို့ပေါ်က လုပ်ငန်းရှင်တွေကလည်းယာမြေထက်သနပ်ခါးစိုက်လို့ရတဲ့ကျောက်ကုန်းမြေတွေဝယ်သူပိုများလာတယ်။ တောရိုင်းမြေ(သဘာဝထင်းတောမြေ)တစ်ဧကကျပ်သုံးသိန်းကနေ ကျပ်ငါးသိန်းအထိရှိပြီး ခုတ်ထွင်ရှင်းလင်းပြီးကျောက်ကုန်းမြေတစ်ဧကကျပ်ဆယ်သိန်းကနေ တစ်ဆယ့်ငါးသိန်းအထိ ဈေးပေါက်တယ်။ သနပ်ခါးစိုက်ပြီးတစ်နှစ်သား ဆိုတစ်ဧကကျပ်သိန်းနှစ်ဆယ်ဝန်းကျင်ရှိတယ်။ငါးနှစ်သားသနပ်ခါးမျိုးကောင်းတဲ့ခြံမြေဆိုမြေဈေးကသိန်းနှစ်ဆယ်၊သနပ်ခါးအပင်(၈၀၀) တစ်ပင်တစ်သောင်းနှုန်းကျပ်သိန်း (၈၀)ဆိုတော့ကျောက်ကုန်းမြေငါးနှစ်ရင်းနှီး လိုက်တာနဲ့ သိန်းတစ်ရာရတယ်။ ဆယ်နှစ်သားသနပ်ခါး တစ်ပင်နှစ်သောင်းအထက်ရှိတာဆိုတော့ သနပ်ခါးအပင်တန်ဖိုးက ကျပ်သိန်း(၁၆၀)ကျော်ရပြီး နှစ်ပေါင်း(၂၀)ကျော်သနပ်ခါးတစ်ပင်ကို သုံးသိန်းဝန်းကျင်အထိ ဈေးကောင်းရတဲ့ အပင်တွေလည်းရှိတော့ ကျောက်ကုန်းမြေမှာ ရင်းနှီးမြှုပ်နှံလိုသူတွေပိုများတယ်။ သနပ်ခါးစစိုက်ချိန်မှာပဲတီစိမ်း။ မြေပဲ၊ပဲနီကြား၊နှံနှံ၊ဝါစတဲ့ ကောက်ပဲသီးနှံတွေသီးညပ်စိုက်ပျိုးနိုင်တဲ့အတွက် စိုက်ပျိုးစရိတ်လည်းပြန်ရတယ်"ဟု အရာတော်မြို့ဒေသခံအိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောသည်။

ယခုနှစ်အတွင်းမုံရွာမြို့၊ရွှေဘိုမြို့၊အရာတော်မြို့များမှ စိုက်ပျိုးရေးလုပ်ငန်းရှင်အချို့သည် ဈေးကွက်ဝင်သနပ်ခါး စိုက်ပျိုးလုပ်ငန်းရင်းနှီးမြှုပ်နှံလုပ်ကိုင်သူတိုးပွားလာသဖြင့်ကျောက်ကုန်းထက်မှ နံ့သာတောဖြစ်သည့် မြေလွတ်မြေရိုင်းကျောက်ကုန်းမြေများတွင်သနပ်ခါးစိုက်ပျိုးသူများကြောင့် သနပ်ခါးခြံမြေဈေးကွက်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

## စာ(၄၂) ပုလဲနှင့်ကလေးမြို့ကြား ၁၂ ဘီးကား သွားလာခွင့်ပိတ်လိုက်ခြင်းကြောင့် မနလေး-ကလေးကုန်တန်ဆာခမြင့်တက် မှ

"ဒီလမ်းကို ပြီးခဲ့တဲ့လ ၁၇ ရက်ကစပြီးပိတ်လိုက်တယ်။ သက်ဆိုင်ရာက ပိတ်တယ်ဆိုပြီး စာရွက်စာတမ်းပြပြီးတော့ ၁၂ ဘီး ကားတွေမသွားရဘူးဆိုပြီး ပိတ်လိုက်တာ" ဟုအဆိုပါ လမ်းကြောင်းပြေးဆွဲနေသော ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခုလလယ်၌ B.O.T စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နေသောလုပ်ငန်းရှင်များ အပါအဝင် လမ်းတံတားနှင့်ပတ်သက်သော အစည်းအဝေးတစ်ရပ်ကိုသက်ဆိုင်ရာမှခေါ်ယူပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ B.O.T စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နေသောကုမ္ပဏီများမှ လမ်းတံတားကြေးကိုသတ်မှတ်နှုန်းထက် ပိုမိုကောက်ခံခဲ့သောကတ္တားဂိတ် ၆ ဂိတ်ကို ယာယီပိတ်သိမ်းအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့သော်ကျန်ဒေသများတွင်ကတ္တားများ၊ စစ်ဆေးရေးဂိတ်များနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အရေးယူခြင်းမျိုးမတွေ့ရသောကြောင့် ဒေသအချို့တွင် သတ်မှတ်နှုန်းထက် ပိုကောက်ခံသောနေရာများရှိနေကြောင်း ကုန်တင်ယာဉ်မောင်းများကပြောသည်။

မန္တလေး-ကလေး လမ်းတလျှောက်တွင် မြင်းမူမြို့အထွက်၌ ကားတစ်စီးလျှင် ကျပ် ၂၀,၀၀၀ နှုန်း၊ မကွေး-ပုံတောင်ပုံညာတောင်ကြားရှိ လယ်သမားရွာဂိတ်မှလည်း ကျပ် ၇၀၀၀ နှုန်းနှင့် ဂန့်ဂေါမြို့ထွက်ရှိ မေတ္တာမြစ်ကူးတံတားမှလည်း ယခုလ ၁၇ ရက်မှစကာ ကျပ် ၅၀ အစား ၁၀ ဘီးတစ်စီးလျှင် ၅၀၀၀ ကျပ်အထိ ပိုမိုကောက်ခံမှုများ ရှိနေကြောင်း သိရသည်။

ထို့ပြင် ပခုက္ကူမြို့ထွက်၌လည်း ကားတစ်စီးလျှင် ၂၀,၀၀၀ ကျပ်ထိကောက်ခံနေမှုများရှိကြောင်းလည်းသိရသည်။

## စာ(၁၅) နေပြည်တော်တွင် မြေကွက်အပေါင်ထားသူအချို့ရှိလာ မှ


ဆောက်လုပ်ရေးလုပ်ငန်းအများစု ယာယီလုပ်ငန်းရပ်နားထားသော ကာလတွင် ဆပ်ကန်ထရိုက်တာအချို့နှင့် လုပ်ငန်းရှင်အချို့မှာ ယာယီငွေကြေးလိုအပ်ချက်ကို ဖြေရှင်းရန်အတွက် ၎င်းတို့၏ မြေကွက်များကို ပြန်လည်အသုံးချခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။


"ကုမ္ပဏီကြီးတွေက ရပ်ကုန်တော့ ဆပ်ကန်ထရိုက်တာတွေ ပစ္စည်းပေးသွင်းသူတွေမှာ ငွေမြုပ်ကုန်တယ်။ သူတို့ရဲ့ လက်အောက်က လုပ်ငန်းတွေ၊ အလုပ်သမားတွေ၊ ပစ္စည်းဖိုးတွေကို ပေးချေဖို့ဒီလိုပဲလုပ်လာရတယ်။ များသောအားဖြင့် သိန်းရာဂဏန်းတွေဖြစ်ပေမယ့်အချို့ထောင်ချီတဲ့မြေကွက်တွေလည်း ပါဝင်လာတယ်"ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုကဲ့သို့ပင်ဒေသခံအခြေခံလူတန်းစားများ အလုပ်အကိုင်အခက်အခဲရှိလာသောကြောင့် ရွှေထည်ပစ္စည်းများ အပေါင်များလာကြောင်း လက်ကြီးသမားများကရောင်းချလာမှုအချို့ ရှိနေကြောင်းလည်း မြို့ရွှေထည် လုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ရွှေရှိတဲ့သူကတော့ ရွှေရောင်းပြီးဖြေရှင်းနိုင်တယ်။ မျှော်လင့်ချက်နဲ့ မြေကွက်ဝယ်ထားတဲ့သူကတော့လွယ်လွယ်နဲ့ပြန်ရောင်းမထွက်နိုင်တာကြောင့် မြန်မြန်ပဲအပေါင်ထားကြတယ်"ဟုဒေသခံ အုတ်၊ သဲ၊ ကျောက်လက်ကြီးသမားတစ်ဦးဖြစ်သူ ဦးစိုးမြိုင်က သုံးသပ်ပြောသည်။





# ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်သူပြန်လည်မြင့်တက်လာ

အောင်သူရ

**ရန်ကုန်၊ ဩဂုတ် - ၂၀**

ယခုနှစ်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန်သွားသူ ပြန်လည်မြင့်တက်လာကြောင်း အေဂျင်စီအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

"ပထမငါးလပိုင်းလောက်က တစ်နေ့ကို ၁၅ စီးလောက်သွားပြီး တစ်ခါပြန်ငြိမ်သွားတယ်။ အခုရက်ပိုင်းမှာ တစ်နေ့တခြားကို ကား ၁၀ စီးလောက် သွားလာကြတယ်" ဟု ပဲခူးဒေသခံတစ်ဦးက ဆိုသည်။ ထို့ပြင်မလေးရှားနိုင်ငံသို့ သွားရောက်ရာတွင် အချိန်နှစ်လသုံးလကြာမြင့်သဖြင့် မစောင့်ဆိုင်းရသောထိုင်းနိုင်ငံသို့ သွားရောက်သူပြန်များလာကြောင်း ရန်ကုန်အခြေစိုက်အေဂျင်စီများကဆိုသည်။

မတ်ပဲ၊ ပဲတီစိမ်းနှင့် နှမ်းပေါ်ချိန်ကြီးပြိ ရေမိုးရှားပါးပြီး ... 

ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့သွားရောက်ပါက အကျိုးဆောင်ခမှာလူတစ်ဦးလျှင် ကျပ်သုံးသိန်းခွဲလက်ငင်းယူဆောင်ပြီး လုပ်ငန်းခွင်ဝင်ရောက်စဉ်တွင် သက်ဆိုင်ရာအေးဂျင့်က ကျပ်တစ်သောင်းထပ်မံဖြတ်တောက်ကြောင်း သိရှိရသည်။

## အိုင်တီနည်းပညာ အလုပ်သင်ဝန်ထမ်းအဖြစ် ဂျပန်နှင့်အိန္ဒိယတွင် လုပ်ကိုင်ရန်ခေါ်ယူ

နေလင်းထွန်း

**ရန်ကုန်၊ ဩဂုတ်-၁၉**

ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် အိုင်တီနည်းပညာ အလုပ်သင်ဝန်ထမ်းလုပ်ကိုင်ရန်အတွက်လျှောက်လွှာများခေါ်ယူလျက်ရှိကြောင်း ဒဂုံမြို့နယ်၊ လပြည့်ဝန်းပလာဇာရှိ Better Life သင်တန်းကျောင်းမှ သိရသည်။

၎င်းနိုင်ငံတစ်ခုတွင် အနည်းဆုံး ငါးနှစ် သင်တန်းတက်ရောက်နိုင်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံသို့ ပြန်လာ၍ Better Life ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ပြည်ပသို့ သင်တန်းမသွားရောက်မီ သတ်မှတ်ထားသည့်ကာလတွင် ဂျပန်ဘာသာစကားသင်တန်းပေးမည်ဖြစ်ပြီး အရည်အချင်းပြည့်မီရန် ကြိုးစားနိုင်ရမည်ဟု သိရသည်။

၎င်းအလုပ်အကိုင်အခွင့်အလမ်းအတွက် အသက် ၂၅ နှစ်အောက် လူငယ်များဖြစ်၍ အိုင်တီနယ်ပယ်တွင် အတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။ လျှောက်ထားလိုသူများအနေဖြင့် စက်တင်ဘာ ၂၉ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

# ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သား မှတ်ပုံတင်ခြင်းကို လျစ်လျူရှုနေကြဟုဆို

**ဘန်ကောက်၊ ဩဂုတ် - ၁၆**

ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားများအား မှတ်ပုံတင်ရေး အစိုးရ၏ တွန်းအားပေးမှုကို ငါးလုပ်ငန်းစီးပွားရေးလုပ်ကိုင်သူအများအပြားက ယင်းမှာ ၎င်းတို့အတွက်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟုဆိုကာရှောင်ရှားနေကြကြောင်း ဘန်ကောက်ပို့စ်သတင်းတွင် ဖော်ပြသည်။

အလုပ်သမားနှစ်သောင်းသာ ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသည်ဟု စာရင်းသွင်းမှတ်ပုံတင်ထားကြောင်း၊ သို့သော်ငါးလုပ်ငန်းကဏ္ဍတွင်လုပ်ကိုင်နေသူတစ်သိန်းခန့်ရှိသည်ဟုခန့်မှန်းထားကြောင်း နိုင်ငံခြား အလုပ်သမားစီမံခန့်ခွဲရေးရုံး ညွှန်ကြားရေးမှူးအာနူရက် သိုဆာရက်က ပြောသည်။

နိုင်ငံခြားသား အလုပ်သမားမှတ်ပုံတင်ခြင်းကို နောက်ဆုံးအသုတ်အနေဖြင့် ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။ ၎င်းတို့လုပ်ငန်းမှ ထွက်ပြေးသွားသည့် အလုပ်သမားများကို အစားထိုးနိုင်ရန် နိုင်ငံခြားသား အလုပ်သမားမှတ်ပုံတင်ခွင့်ပေးရေးအတွက် ငါးလုပ်ငန်းကဏ္ဍက တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း မစ္စတာအာနူရက်က ပြောသည်။

သို့သော် အလုပ်ရှင်များဘက်ကလည်း ယခင်ကယင်းသို့ မှတ်ပုံတင်ခြင်း လုပ်ဆောင်ခဲ့သော်လည်း အလုပ်သမားမလုံလောက်ခြင်းနှင့် ထွက်ပြေးခြင်းပြဿနာများ မဖြေရှင်းနိုင်ခဲ့၍ မှတ်ပုံတင်ခြင်းကို စိတ်မဝင်စားကြကြောင်း သိရသည်။

မစ္စတာ အာနူရက်ကမူ အလုပ်ရှင်များက အလုပ်သမားများအပေါ် ကောင်းကောင်းမွန်မွန် မဆက်ဆံ၍ အလုပ်သမားများ ထွက်ပြေးကြခြင်းဖြစ်နိုင်ကြောင်း ပြောကြားသည်။

—*Ref: Bangkok Post*



**ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု**

ဓာတ်ပုံ-အင်တာနက်

## Free Classified

## ဝန်ထမ်းအလိုရှိသည်

### အခမဲ့ကြော်ငြာကဏ္ဍ

အမြန်အလိုရှိသည်
ယာဉ်မောင်းဝန်ထမ်း-ကျား(၁)ဦး
အသက်(၃၅)နှစ်အထက်၊ ကျန်းမာရေးကောင်းမွန်ရမည်။ ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာသွားလာနိုင်ရမည်။ ယာဉ်မောင်းကျွမ်းကျင်မှုအပေါ်မူတည်၍လစာကောင်းမည်။
ဓာတ်ပုံတစ်ပုံနှင့်အတူ လျှောက်လွှာတင်ရန်။
လပြည့်ဝန်းပလာဇာ(၁၀)ထပ်၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

-------------------------

AutoCAD ကျွမ်းကျင်သင်တန်းဆရာမ(၅)ဦးအလိုရှိသည်။
**ဖုန်း-၀၁-၃၉၉၂၀၂၊**
**၀၉-၈၀-၂၄၂၃၈**

-------------------------

Marketing - မ(၅)ဦး
လိုက်ကာတပ်ဆင်ကျွမ်းကျင် - ကျား(၃)ဦး
စတိုထိန်းသိမ်းကျွမ်းကျင်-မ(၂)ဦး
ယာဉ်မောင်း-ကျား(၂)ဦး
**ဖုန်း-၀၁-၆၆၄၆၇၅**

-------------------------

အလိုရှိသည်
စားသောက်ကုန်ဖြန့်ချိရန်
ရောင်းမောင်း- ကျား(၁)ဦး
**ဖုန်း-၀၉-၅၀၁၃၁၂၈**

-------------------------

အမြန်အလိုရှိသည်
ယာဉ်မောင်း-(၁)ဦး
**ဖုန်း-၅၁၁၇၅၆**

-------------------------

မူကြိုဆရာမအလိုရှိသည်
International Pre-School အတွက် လက်မှတ်ရ၊ အသက်(၃၅)နှစ်အောက် ဆရာမများ လျှောက်ထားနိုင်ပါသည်။
**ဖုန်း-၀၉-၇၃၁၂၆၅၇၁**

-------------------------

Officer (International Trading) (Japanese) - 3 Posts
**Ph:09-73048302, 227638**

-------------------------

၁။ စာရင်းကိုင်-မ(၃)ဦး၊ ၂။ DTP - မ(၃)ဦး၊ ၃။ ယာဉ်မောင်း-ကျား(၂)ဦး၊ ၄။ Marketing -ကျား/မ (၄၀)ဦး
**ဖုန်း-၀၉-၄၃၁၁၁၀၁၊**
**၀၉-၄၃၁၁၁၀၂**

-------------------------

**Better Life Acty Co., Ltd**
Japanese Language Instructor - 1 Post၊ အသက် ၂၃-၃၀ အတွင်း၊ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ Level (2)နှင့် အထက်အောင်မြင်ထားသူအလိုရှိသည်။
**ဖုန်း-၃၈၂၅၂၉၊၀၉-၇၃၁၁၂၅၀၆**

-------------------------

ဝန်ထမ်းအမြန်အလိုရှိသည်
1. Korean Translator - M/F (10)Posts (Any Graduate)
2. Office Staff - M(5)Posts (Any Graduate)
**ဖုန်း-၃၉၃၁၈၉၊ ၃၇၀၈၃၆-၈၃၉**
**(လိုင်းခွဲ- ၈၁၆/၈၂၃)**

-------------------------

ယာဉ်မောင်း - ၂-ဦး
လစာ -၁၂၀,၀၀၀ ကျပ် ဝန်းကျင်၊
**ဖုန်း-၀၉ ၅၁၁၄၉၃၃**
**(ရုံးချိန်အတွင်းသာ)**

-------------------------

Marketing Manager (ဘွဲ့ရ) ကျား/မ -၁ ဦး
Assistant Marketing Manager(ဘွဲ့ရ) ကျား/မ -၁ ဦး
ယာဉ်မောင်း(အိမ်ကား) ကျား-၁ ဦး၊
အမှတ်-၁၉၉၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်။
**ဖုန်း-၂၄၅၉၂၅၊**

-------------------------

Zeta Mobile & Computer Accessories Sales & Services တွင်
Sales & Marketing -(F-2 -Post) ၊
**ဖုန်း-၀၉ ၇၃၁၈၉၉၆၆**

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ဘာပဲဖြစ်ဖြစ်သုံးလိုက်လို့ အဆင်မပြေပါဘူး။
Colgate
Proven Cavity Protection
Great Regular Flavor
ဖလိုရိုဒ်နှင့် ကယ်လ်ဆီယမ်အရည်ပါဝင်သည့် တစ်ခုတည်းသောဖော်မြူလာ
Colgate

Education

7DAY NEWS JOURNAL

Vol.10, No.23 • AUGUST 25, 2011

## ကုမဏီတစ်ခုက ဘကကျောင်းဆရာ၊ ဆရာမများသို့ လစာငွေထောက်ပံ့မှု အချိန်ကာလကန့်သတ်

နေလင်းထွန်း

ရန်ကုန်၊ ဩဂုတ် - ၁၇

မြန်မာနိုင်ငံဒေသအသီးသီးရှိ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း ၂၀၀ကျော်မှ ဆရာ၊ ဆရာမများအား လစာငွေထောက်ပံ့ နေမှုကိုအချိန်ကာလကန့်သတ်လိုက်ပြီဖြစ်ကြောင်း ထိုအစီအစဉ် များဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုမှ သတင်းရရှိသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမ များ၏ လစာငွေများ ထောက်ပံ့နေမှုကို ယခင်က အချိန်ကာလ သတ်မှတ်ထားခြင်း မရှိသော်လည်း ယခုနှစ်မှစတင်၍ ထောက် ပံ့မှုအား သုံးနှစ်ထိသာ ဆက်လက်ထောက်ပံ့ရန် ကန့်သတ်လိုက် ခြင်းဖြစ်သည်။

ထိုကဲ့သို့ ကန့်သတ်လိုက်ခြင်းသည် ပြည်နယ်နှင့် တိုင်း ဒေသကြီးအသီးသီးရှိ မြို့ပေါင်း ၆၀ကျော်မှ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအရေအတွက် ၂၂၅ ကျောင်းခန့်တွင် ကျောင်း သား ၅၀,၀၀၀ ကျော်ကို ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမ ၂,၅၀၀ခန့်အား သက်ရောက်မည်ဖြစ်သည်။ ထိုကဲ့သို့ ထောက်ပံ့မှုများအား အချိန်ကန့်သတ်လိုက်ခြင်းကို ဘုန်း တော်ကြီးသင် ပညာရေးကျောင်းများသို့ အကြောင်းကြားထား ပြီးဖြစ်ကြောင်းသိရသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအနေဖြင့် ပြင်ပ အကူအညီမှီခိုနေရမှုလျော့နည်းလာစေရန်နှင့် ရပ်ရွာဒေသမှ စုစည်းပါဝင်လာမှုအားကောင်းလာစေရန် ရည်ရွယ်၍ လစာငွေ ထောက်ပံ့နေမှုအား ကန့်သတ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

လစာငွေများ ထောက်ပံ့နေမှုကို ကာလကန့်သတ်လိုက် ခြင်းကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ၎င်း တို့တည်ရှိရာ ရပ်ရွာဒေသမှ ပူးပေါင်းပါဝင်မှုဖြင့် ရေရှည်ရပ်တည် သွားနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အထက်ပါ အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"တချို့ဘုန်းတော်ကြီးတွေက ပရဟိတအနေနဲ့ ဖွင့်ကြ တယ်။ တချို့က မရှိဆင်းရဲသားတွေရှိနေတဲ့အတွက် လိုအပ်ချက် အရ ဘက(ဘုန်းတော်ကြီးသင်ပညာရေးကျောင်း)တွေဖွင့်နေကြ ရတာပါ။ ဘကမှာ ကလေးတွေက တိုးလာနေပါတယ်။ ဘုန်းကြီး က ကြာတော့ဝန်ပိလာတယ်။ ရပ်ရွာကလည်း နားမလည်ဘူး။ ဝိုင်းဝန်း ကူညီရမှန်းမသိကြဘူး။ ကျောင်းတွေ ဆက်လက် လည် ပတ်ဖို့ ခက်ခဲလာတာပေါ့။ ရပ်ရွာဒေသခံက လူတွေပါဝင်မှုနည်း လို့ဖြစ်တာပါ"ဟု ၎င်းကပြောသည်။

၎င်းအဖွဲ့အစည်းသည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း များရှိ ဆရာ၊ဆရာမများအား လစာငွေထောက်ပံ့မှုကို ၂၀၀၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်ဦးလျှင် လစာငွေ ကျပ် ၃၀,၀၀၀ကို ယခုနှစ်တွင် စတင်တိုးမြှင့်ပေးအပ်ထား ကြောင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်းနှင့် ကျန်းမာ ရေးစောင့်ရှောက်မှုအတွက်လည်း ပံ့ပိုးလျက်ရှိကြောင်း သိရ သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမ များ၏ လစာငွေရရှိမှု ရေရှည်လည်ပတ်ရပ်တည်စေရန် ငွေ ပဒေသာပင်စိုက်ထူ၍ ဆောင်ရွက်မည်ဖြစ်ပြီး ရပ်ရွာဒေသခံ တက်ကြွသူများကို စုစည်းဖွဲ့စည်းသွားရန် စီစဉ်ထားကြောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ခုမှ သိရသည်။

"ကျောင်းကော်မတီနဲ့ ပံ့ပိုးသွားဖို့ စီစဉ်ထားတယ်။ ရှိုင်း ဟုပ်ကုမ္ပဏီက ဆရာ၊ ဆရာမ ၂၈ယောက်စာအတွက် တစ်လကို ၈၄၀,၀၀၀ ကျပ် ပံ့ပိုးနေတယ်။ ဇူလိုင်လကစပြီး ဘဏ်မှာငွေအပ် ထားတယ်။ နဝကမ္မအလှူငွေတွေ ရှစ်သိန်းအပ်တယ်။ ဘဏ်တိုးနဲ့ လုပ်မယ်။ ပဒေသာပင်စိုက်ချင်တယ်။ ကျောင်းလည်ပတ်ဖို့က တစ်လကို ကျပ်ရှစ်သိန်း၊ ဆရာ၊ ဆရာမလစာ မပါသေးပါဘူး"ဟု မြန်မာနိုင်ငံအောက်ပိုင်းတွင် ကျောင်းသားအများဆုံးအနေဖြင့် ၁,၉၄၂ ဦးအား အလယ်တန်းအထိ ပညာသင်ယူနေစေသော ရွှေပြည်သာမြို့နယ်ရှိ တေဇာရာမဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းမှ ကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

စာ(၂၂)သို့



ပုဂ္ဂလိကတရားဝင်ကျောင်းများ ပေါ်ထွက်လာပါက အစိုးရကျောင်းများ ရှေ့ရေးသည် စဉ်းစားစရာပင်ဖြစ်သည်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဥပဒေထွက်လာခဲ့ပါလျှင် ပုဂ္ဂလိကကျောင်းများ အဆင်သင့် ဖြစ်ပါပြီလား

နေလင်းထွန်း

**ပြည်တွင်းရှိပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် မကြာမီ တွင် အပြောင်းအလဲအချို့နှင့်ကြုံတွေ့ရဖွယ်ရှိနေသည်။ ပုဂ္ဂလိကပညာ ရေးဝန်ဆောင်မှုလုပ်ငန်းများအား သက်ဆိုင်ရာက ဥပဒေပြဋ္ဌာန်းပြီး စနစ် တကျ အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်၍ ထွက်ပေါ်လာ မည့်ဥပဒေနှင့်ကိုက်ညီသော ကျောင်းများအနေဖြင့် အခွင့်အလမ်းကောင်း များဖြစ်ပေါ်လာနိုင်ပြီး တရားဝင်အသိအမှတ်ပြုခံရသော ကျောင်းအဖြစ် ရပ်တည်နိုင်ကြတော့မည်ဖြစ်သည်။**

လက်ရှိအချိန်တွင်ပြည်တွင်း၌ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း များသည် တက္ကသိုလ်ဝင်တန်း ဘော်ဒါဆောင်ကျောင်းများ၊ နိုင်ငံခြားသင်ရိုး အသုံးပြုသင်ကြားနေသော အင်တာနေရှင်နယ်ကျောင်းများ၊ နိုင်ငံခြား ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်သင်ကြားနေသော ဒီပလိုမာနှင့် အသိအမှတ်ပြုလက်မှတ်ရသင်တန်းကျောင်းများ၊ စီးပွားရေးစီမံခန့်ခွဲမှု ဆိုင်ရာ ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းကျောင်းများ၊ ကွန်ပျူတာသင်တန်း ကျောင်းများ၊ နိုင်ငံခြားဘာသာစကားသင်တန်းကျောင်းများ၊ ဘာသာရပ် သင် ကိုယ်ပိုင်ကျောင်းများ၊ ပြည်ပ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ စသည့်ကွဲပြားခြားနားသော ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် မိမိတို့ အစီအစဉ်ဖြင့် လုပ်ငန်းလုပ်ကိုင်လည်ပတ်လျက်ရှိသည်။

ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့်သက်ဆိုင်သောတိကျသေချာ သည့် ဥပဒေမထွက်ပေါ်မီမှာပင် ပုဂ္ဂလိကပညာရေးလုပ်ငန်းများ အရှိန် ကောင်းကောင်းဖြင့် ဈေးကွက်ကျယ်ပြန့်လျက်ရှိသည်။ သို့သော် ပုဂ္ဂလိကပညာရေးလုပ်ငန်းအများစုသည် လူအနည်းစုအတွက်သာဖြစ် နေ၍ အခြေခံလူတန်းစားတို့နှင့် အလှမ်းကွာနေလျက်ရှိပြီး သင်ကြားရေး ဆိုင်ရာနှင့်ပတ်သက်၍လည်း အားနည်းချက်အချို့ရှိနေကြောင်းလေ့လာ သူများကဆိုသည်။

"ဒီလုပ်ငန်းကိုလုပ်ကိုင်တဲ့သူတွေက အစိုးရက ထောက်ပံ့မှုနည်းလေ လေ သူတို့အမြတ်စွန်းရဖို့ချန်ရတဲ့အတွက် အရည်အသွေးနိမ့်တဲ့ပညာရေး ကိုပဲ လူထုကိုပေးလိုက်မယ်။ မဟုတ်ရင်လည်း ကုန်ကျစရိတ်က အရမ်း တက်နေလိမ့်မယ်။ ဒါ့ကြောင့် သာမန်လူတန်းစားက အခွင့်အလမ်းမရနိုင် ဘူးလေ။ ပုဂ္ဂလိကပညာရေးကလည်း လူများစုအတွက် အခွင့်လမ်းများ များရှိအောင် ဆောင်ရွက်ရပါမယ်။ အခုက လူနည်းစုအတွက်ပဲဖြစ်နေ တာပါ။ လူအများစုနဲ့အလှမ်းကွာတယ်။ သင်ကြားပို့ချတဲ့ဆရာပိုင်းမှာ အားနည်းချက်ရှိနေတယ်။ ပုဂ္ဂလိကပညာရေးကို ရန်ကုန်ကလူတွေတင် မကဘဲ နယ်ကလူတွေပါအခွင့်အလမ်းရအောင်လုပ်ရမယ်"ဟုဂျပန်နိုင်ငံ တွင် ဥပဒေပါရဂူဘွဲ့ သွားရောက်လေ့လာသင်ယူခဲ့ပြီး ရန်ကုန်တိုင်းဒေသ ကြီးလွှတ်တော်အမတ် အဖြစ်ရွေးချယ်ခံထားသော ဒေါက်တာညိုညိုသင်း ကပြောသည်။

ပုဂ္ဂလိကပညာသင်ကျောင်းများအရည်အသွေး မြင့်မားစွာဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် ပညာသင်စရိတ်ကြီးမားမနေစေရန်အတွက် အဆိုပါကျောင်းများအား အသိအမှတ်ပြုပေးခြင်း၊ စည်းမျဉ်း စည်းကမ်း များ သတ်မှတ်ပေးခြင်းသာမက လိုအပ်သည့်အထောက်အပံ့အကူအညီ များကိုသက်ဆိုင် ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

အဆိုပါသင်တန်းကျောင်းများသည်ကျောင်းသားများ၏ လိုအပ်ချက် ကို အခြေခံ၍ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်ရိုးညွှန်းတမ်းများ၊ သင် ထောက်ကူပစ္စည်းများ၊ စာသင်ခန်းဖွဲ့စည်းမှု၊ သင်တန်းကြေးများ၊ ဆရာ၊ ဆရာမ အရည်အချင်း စသည့်အခြေခံစံချိန်စံညွှန်းတို့အား မိမိတို့အစီအ စဉ်ဖြင့်သာ စီမံဆောင်ရွက်လျက်ရှိသည်။ **စာ(၂၂)သို့**

## ကျေးရွာများနှင့် အလှမ်းဝေးသည့် အခြေခံပညာကျောင်းများတွင် ဘော်ဒါဆောင်များထားပေးမည်ဟုဆို

သီဟ

ရန်ကုန်၊ ဩဂုတ် - ၁၆

ကျေးရွာများနှင့် အလှမ်းဝေးသည့် အရပ်ဒေသများမှ အလယ်တန်း ကျောင်းနှင့် အထက်တန်းကျောင်း များသို့ တက်ရောက်ရန်အခက်အ ခဲရှိသည့် ကျေးရွာများမှ ကျောင်း သား၊ ကျောင်းသူများအတွက် အ ဆိုပါအထက်တန်း၊ အလယ်တန်း ကျောင်းများတွင် ဘော်ဒါဆောင် များထားရှိသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း ကပြောသည်။

အဆိုပါ အစီအစဉ်မှာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအစီ အစဉ်များထဲမှတစ်ရပ်ဖြစ်ပြီး ကျေး လက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အချို့ကျေးရွာတွေမှာ ကျေး ရွာအုပ်စုတစ်ခုကို ခုနစ်ရွာ၊ ရှစ်ရွာ ရှိပါတယ်။ အဲဒီအုပ်စုတွေမှာရှိ တဲ့ အလယ်တန်း၊ အထက်တန်း ကျောင်းတွေနဲ့ အချို့ရွာတွေက ကျောင်းနဲ့ငါးမိုင်၊ ခြောက်မိုင်၊ ခုနစ် မိုင်လောက်ဝေးတယ်"ဟု ဦးကျော် ဆန်းက ဆက်လက်ပြောကြား သည်။ ထို့ကြောင့် အဆိုပါရွာများမှ ကလေးများ ပညာသင်ကြားမှု လွယ်ကူစေရန်အတွက် ကျောင်း များတွင် ဘော်ဒါဆောင်များ ဆောက်ပေးခြင်း၊ချက်ပြုတ်စား သောက်နိုင်ရန်စီစဉ်ပေးခြင်း၊ ငွေ ကြေးရန်ပုံငွေ ထူထောင်ပေးခြင်း တို့ကို ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

ဝန်ကြီးဦးကျော်ဆန်းက ပြီးခဲ့ သည့်အပတ်က နေပြည်တော် တွင်ကျင်းပခဲ့သည့် ပြောရေးဆိုခွင့် နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ ၁/၂၀၁၁ ၌ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နှင့်ပတ်သက်သည့် မေးခွန်းတစ်ခု အား အထက်ပါအတိုင်း ဖြေကြား သွားခြင်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# နိုင်ငံတကာတက္ကသိုလ် အခြေခံသင်တန်းဖွင့်လှစ်



သီဟ

ရန်ကုန်၊ဩဂုတ် - ၁၇

မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ နိုင်ငံတကာတက္ကသိုလ်များသို့ တက်ရောက်လိုပါက တက္ကသိုလ်အခြေခံအတန်းကို ပြည်တွင်း၌ပင်တက်ရောက်နိုင်ပြီဟုပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော YIUSမှသိရသည်။

အဆိုပါ တက္ကသိုလ်အခြေခံသင်တန်းသည် နိုင်ငံတကာကျောင်းများ၏ ၁၂တန်း သို့မဟုတ် GCE 'A level နှင့်ညီမျှပြီး နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်သင်တန်းလည်းဖြစ်ကာပြည်ပတွင်တက်ရောက်ပါကတစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး ယခုဖွင့်လှစ်မည့်သင်တန်းသည် ရှစ်လသာကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်း တက်ရောက်ပြီးပါက နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Navitas နှင့်ချိတ်ဆက်ထားသည့် ဩစတေးလျ၊ ဗြိတိန်၊ အမေရိက၊ ကနေဒါ၊ စင်ကာပူစသည့် နိုင်ငံများရှိ တက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း သိရသည်။

တက်ရောက်လိုသော ကျောင်းသားများသည် အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး အရည်အချင်း မပြည့်မီသော ကျောင်းသားများအတွက် Pre University English Course သင်တန်းများလည်းဖွင့်လှစ်ထား ကြောင်း သိရသည်။

## စာ - ၂၁၊ ဥပဒေထွက်လာခဲ့ပါလျှင် ပုဂ္ဂလိကကျောင်းများ အဆင်သင့် ဖြစ်ပါပြီလား မှ

"ကျောင်းတွေအကုန်လုံးကို စည်းကမ်းတကျဖြစ်စေချင်တယ်။ ပုံစံတစ်မျိုးတည်း ဖြစ်သွားရင် အထိန်းအကွပ်ဖြစ်သွားမှာပေ့ါ။ ခေတ်အခြေအနေပေါ် မူတည်ပြီးတော့ ကျောင်းလခဈေးနှုန်းတွေနဲ့ သင်ရိုးညွှန်းတမ်းတွေက အပြောင်းအလဲရှိသွားမယ်။ အခုချိန်ထိတော့ လိုအပ်နေတဲ့ ပညာရေးကွက်လပ်တွေကို ပုဂ္ဂလိကကျောင်းတွေက ဖြည့်ဆည်းနေကြပါတယ်" ဟု ပညာရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်ဟောင်းဖြစ်သူ ဦးမျိုးတင့်ကဆိုသည်။

ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ တိကျသည့်ဥပဒေသတ်မှတ်ချက်များ ရှိမနေသောကြောင့် သက်ဆိုင်ရာ သင်တန်းကျောင်းများပေါ် မူတည်၍ ပညာရေးဆိုင်ရာ အရည်အသွေးနှင့်သင်တန်းကြေးများကွဲပြားလျက်ရှိသည်။ ထို့ကြောင့်ယင်းကဲ့သို့ သင်တန်းကျောင်းများတွင် ပညာသင်ယူနေကြသောကျောင်းသားများအနေဖြင့် အခြေအနေတစ်ခုနှင့် ကြုံတွေ့နေရသည် အချိန်တွင် ညှိနှိုင်းဖြေရှင်းတာဝန်ယူဆောင်ရွက်ပေးမည့်အာမခံချက်ရရှိရန်လိုအပ်သည်။

"သင်တန်းတက်မယ်ဆိုရင် ပိုက်ဆံတွေသာ အများကြီးပေးရတာ။ သူတို့သင်ပေးတာက ကိုယ်ပေးရတာနဲ့ ပြန်တွက်လိုက်ရင် မတန်သလိုခံစားရတယ်။ အဲလိုမှ မတက်ရင်လည်း တခြားသက်သက်သာသာနဲ့တက်လို့ရတဲ့ သင်တန်းတွေ မရှိသလောက်ပဲလေ" ဟုအင်္ဂလိပ်ဘာသာစကားသင်တန်းတက်ရောက်ခဲ့သည့်အသက် ၂၆ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းတစ်ဦးကပြောသည်။

ပုဂ္ဂလိက ပညာရေးတွင် ကျောင်းသားများအတွက် စံချိန်မီ ပညာရေးအရည်အသွေးနှင့် ငွေကြေးဆိုင်ရာ အာမခံချက်များ ရရှိနိုင်ရန်လေ့လာစိစစ်စောင့်ကြည့်ပေးသောအဖွဲ့အစည်းတစ်ခုလည်း လိုအပ်နေပြီး အဆိုပါသင်တန်းကျောင်းများအား အကဲဖြတ်အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပညာရေးကျွမ်းကျင်သူများကဆိုသည်။

ယခုနှစ်မေလတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုတွင် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်ဆိုင် ရာကိုယ်ပိုင်သင်တန်းဖြစ်သည့် ကျူရှင်များအတွက် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့နိုင်ငံ၏ ဘာသာ၊ ရိုးရာယဉ်ကျေးမှုကို ထိခိုက်သော ပညာရေးဝန်ဆောင်မှုမျိုးမဖြစ်စေရန် ကြီးကြပ်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

လတ်တလောတွင် ပုဂ္ဂလိကကျောင်းများ တရားဝင် တည်ထောင်ခွင့်ရရေး ရှေ့ပြေးအစီအစဉ်အနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့တို့ရှိ တက္ကသိုလ်ဝင်တန်းဘော်ဒါကျောင်းအချို့အား ယာယီစမ်းသပ်ဖွင့်လှစ်ခွင့်ပြုထားပြီးအခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသားများအား အချိန်ပြည့်ပညာသင်ကြားခွင့်နှင့်နဝမတန်းအထိစာမေးပွဲစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်ခွင့်ပြုထားသည်။

သို့သော်နိုင်ငံခြားသင်ရိုးဖြင့် သင်ကြားနေသော အင်တာနေရှင်နယ်ကျောင်းများ၊ နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရသင်တန်းကျောင်းများ၊ ဘာသာစကားသင်တန်းကျောင်းများနှင့် ပတ်သက်သော အစီအစဉ်များကို ကြားသိရခြင်း မရှိသေးပေ။

အထက်ပါသင်တန်းကျောင်းများသည် မကြာမီထုတ်ပြန်ဖွယ်ရှိသော ပုဂ္ဂလိကပညာရေး ဥပဒေ၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများပေါ် မူတည်၍ အခက်အခဲအချို့ကြုံတွေ့ရနိုင်ကြောင်းယူကေတက္ကသိုလ်တစ်ခုနှင့် ချိတ်ဆက်ကာပုဂ္ဂလိကကောလိပ်ကျောင်းတည်ထောင်ထားသူတစ်ဦးက သုံးသပ်သည်။

"မကြာခင်မှာ ထုတ်ပြန်မယ့်ဥပဒေကြောင့် ပုဂ္ဂလိကသင်တန်းကျောင်းတွေ အခက်အခဲတချို့ကြုံရလိမ့်မယ်။ ဥပဒေရဲ့ ညွှန်ကြားသတ်မှတ်ချက်တွေအရ ဆရာတွေရဲ့ အရည်အချင်း၊ ကျောင်းစာသင်ခန်းအကျယ်အဝန်းစတဲ့ အခက်အခဲပေ့ါ။ ဘာပဲပြောပြော ဥပဒေက တကယ့်ကိုလိုအပ်နေတဲ့အတွက် ကြိုဆိုရပါမယ်" ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပုဂ္ဂလိကကျောင်းများ တရားဝင်ဖွင့်လှစ်ခွင့်ရရှိပါက ပြည်တွင်း၌ အစိုးရပညာရေးနှင့် ပုဂ္ဂလိကပညာရေးဟူ၍ ကဏ္ဍနှစ်ရပ်ပီပီပြင်ပြင် ဖြစ်ပေါ်လာနိုင်ပြီး သင်ကြားရေးနှင့် ပတ်သက်သည့် ယှဉ်ပြိုင်ရမှုများလည်းရှိလာနိုင်ကြောင်း ပညာရေးနယ်ပယ်မှ ကျွမ်းကျင်သူများက သုံးသပ်သည်။

ပုဂ္ဂလိကပညာသင်ကျောင်းများ ပေါ်ပေါက်လာတော့မည်ဖြစ်၍ ပုဂ္ဂလိကကျောင်းများနှင့် ယှဉ်ပြိုင်သင်ကြားနိုင်ရေးအတွက် ပြင်ဆင်ကြိုးစားရန် ဇူလိုင်လအတွက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက မန္တလေးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိခိုက် ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတက မန္တလေးမြို့ရှိတက္ကသိုလ်ဝင်တန်းဘော်ဒါကျောင်းများသို့ လိုက်လံကြည့်ရှုခဲ့ပြီး ပုဂ္ဂလိကကျောင်းများထူထောင်ကြရာတွင် ကျောင်းနှင့်ကျောင်းသားသာမက စီးပွားရေးအကျိုးအမြတ်အတွက်ပါ ထည့်သွင်းစဉ်းစားလာကြမည်ဖြစ်သော်လည်း ကျောင်းနှင့် ကျောင်းသားနှစ်ဦးနှစ်ဖက်စလုံး အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အခြေခံစည်းမျဉ်းစည်းကမ်းမူဝါဒသတ်မှတ်ချက်များမရှိဘဲ အရှိန်ရလာခဲ့သည့် ပုဂ္ဂလိကပညာရေးဝန်ဆောင်မှု လုပ်ငန်းများသည် မကြာမီထွက်ရှိလာမည့် ပုဂ္ဂလိကပညာရေးဥပဒေ၏ ကြပ်မတ်မှုဖြင့် ပညာရေးအရည်အသွေးပြည့်ဝသောပညာသင်စရိတ်ကြီးမြင့်နေမှုရှိမနေသော တရားဝင် ပုဂ္ဂလိကပညာသင်ကျောင်းများအဖြစ် ရပ်တည်လာကြပါက အခြေခံလူတန်းစားကျောင်းသားများအတွက် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိလာကြမည်ဖြစ်သည်။

## စာ- ၂၁၊ ကုမဏီတစ်ခုက ဘုကကျောင်းဆရာ၊ ဆရာမများသို့ လစာငွေထောက်ပံ့မှု အချိန်ကာလကန့်သတ် မှ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိဆရာ၊ ဆရာမများအား ထောက်ပံ့နေသော အဖွဲ့အစည်းသည် မာလ်တီလယ် ဘယ်မားကက်တင်းစနစ်ဖြင့် အာဟာရဖြည့် အစား အသောက်များ ဖြန့်ဖြူးရောင်းချနေသော ရှိုင်းဟုပ်ကုမ္ပဏီဖြစ်သည်။

လက်ရှိ စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂,၅၀၀ခန့်ရှိပြီး၊ ကျောင်းသားနှစ်သိန်းကျော်ပညာသင်ယူလျက်ရှိကြောင်းသိရသည်။ ဘုန်းတော်ကြီးကျောင်းများတွင် အဓိကကြုံတွေ့နေရသော အခက်အခဲမှာ ဆရာ၊ ဆရာမများ၏ လစာငွေပေးချေနိုင်မှုနှင့် ရပ်ရွာဒေသခံများ၏ ပူးပေါင်းပါဝင်မှု အားနည်းနေခြင်းတို့ဖြစ်ပြီး ကျောင်းရပ်တည်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အဟန့်အတားဖြစ်နေကြောင်း ဘုန်းတော်ကြီးသင်ပညာရေးလေ့လာနေသူများကဆိုသည်။

TRADEMARK CAUTION

ORTHOREST

TRADEMARK CAUTION

VISA

# Technology

7 DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011



## မိုဘိုင်းဖုန်းကတ်ပျောက်ဆုံးပျက်စီး၍ အသစ်လျှောက်ထားမှုအတွက် ပေးသွင်းရသောငွေ ထက်ဝက်လျှော့

ယုဇနကိုကို

ရန်ကုန်၊ဩဂုတ်-၁၈

မိုဘိုင်းဖုန်းကတ်များ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများဖြစ်ပေါ်ပါကပြန်လည်လျှောက်ထားမှုအတွက် ပေးရသောငွေကိုဩဂုတ်လဆန်းမှစ၍ ထက်ဝက်လျှော့ချလိုက်ပြီဖြစ်ကြောင်းသတင်းရရှိသည်။

ယခင်က ထိုကဲ့သို့မိုဘိုင်းဖုန်းများပျက်စီးခြင်း (သို့မဟုတ်) ပျောက်ဆုံးခြင်းများဖြစ်ပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ကျပ်တစ်သိန်းပေးသွင်းမှသာ ဖုန်းကတ်အသစ်တစ်ကတ်ပြန်လည်ရရှိသည်။ ယခုအခါကျပ်ငါးသောင်းပေးသွင်းပြီးပျောက်ဆုံး၊ ပျက်စီးဖုန်းကတ်များကို ပြန်လည်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့လျှော့ချလိုက်သဖြင့် အသစ်ပြန်လည်လျှောက်ထားမှုများပုံမှန်ထက်များပြားလာကြောင်းလည်း သတင်းရရှိသည်။

ထိုကဲ့သို့လျှော့ပေးလိုက်ခြင်းကြောင့် ယခင်ကသတ်မှတ်နှုန်းထား ကျပ်တစ်သိန်းကို ပြန်လည်ပေးသွင်းရန် မတတ်နိုင်သူများပါ အဆင်ပြေလာကြကြောင်း ယင်းလုပ်ငန်း၏ဝန်ထမ်းများထံမှ စုံစမ်းသိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လျှောက်ထားသုံးစွဲနေသည့်မည်သည့်မိုဘိုင်းဖုန်းအမျိုးအစားမဆိုပျောက်ဆုံးသည်ဖြစ်စေ၊ ပျက်စီးသည်ဖြစ်စေ သက်ဆိုင်ရာမြို့နယ်ရုံးများတွင်ကျပ်ငါးသောင်းဖြင့် မူရင်းလျှောက်ထားခဲ့သည့် စာရွက်စာတမ်းများဖြင့် ပြန်လည်လျှောက်ထားရယူနိုင်ပြီဖြစ်သည်။

## ဒေါ်လာလဲနှုန်းဆက်တိုက်ကျဆင်းနေခြင်းကြောင့် မော်ဒယ်မြင့် နည်းပညာပစ္စည်းဝယ်ယူသူများလာ

ယုဇနကိုကို

ရန်ကုန်၊ ဩဂုတ်-၁၉



ယခုကျင်းပနေသည့် အိုင်စီတီပြပွဲတွင်တွေ့ရသည့် ကွန်ပျူတာနည်းပညာပစ္စည်းများနှင့် ပြပွဲလာရောက်သူများ။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အမေရိကန်ဒေါ်လာဈေးနှုန်းများဆက်တိုက်ကျဆင်းနေခြင်းကြောင့် ပြည်တွင်းကွန်ပျူတာဈေးကွက်တွင်လည်း ဈေးနှုန်းများဆက်လက်ကျဆင်းနေကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကာလအတန်ကြာဆက်တိုက်ကျဆင်းနေခြင်းသည် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်ဝယ်လိုအားကို ပိုမိုမြင့်တက်လာစေကြောင်းလည်း ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသည့် အရောင်းဆိုင်ကြီးများမှစုံစမ်းသိရှိရသည်။

ဈေးနှုန်းများဆက်တိုက်ကျဆင်းလာမှု၏ နောက်ဆက်တွဲအဖြစ်လက်ပ်တော့နှင့်နုတ်ဘွတ်ခ်ကဲ့သို့သော ကွန်ပျူတာပစ္စည်းများသည် ဈေးကွက်၏ဝယ်လိုအားအများဆုံးပစ္စည်းများဖြစ်နေသည်။

ယခင်ရောင်းချခဲ့သည့် ဈေးနှုန်းများထက် ကျပ်ငါးသောင်းမှ နှစ်သိန်းနီးပါးအထိ ပြုတ်ကျခဲ့သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်ကြောင့် လုပ်ငန်းရှင်များအနေဖြင့်မူ ဝင်ငွေကျဆင်းမှုများဖြစ်ပေါ်နေကြောင်း အထက်ပါလုပ်ငန်းရှင် အချို့ထံမှသိရသည်။

“ဒေါ်လာဈေးကဆက်တိုက် မငြိမ်မသက်ဖြစ်လိုက်၊ ကျလိုက်နဲ့ဖြစ်နေတာက ဝယ်သူတွေအတွက်ကတော့ တော်တော်လေးအဆင်ပြေစေပါတယ်။ လုပ်ငန်းရှင်ပိုင်းကျတော့ သွားထိခိုက်တယ်။ ဝန်ထမ်းတွေကိုလစာပေးရမှာတွေ၊ အခွန်အခတွေနဲ့ကျတော့ ဈေးနှုန်းတွေကျလာတာနဲ့က အဆင်မပြေဘူးဖြစ်နေပါတယ်။ ဝယ်လိုအားကတော့ သိသိသာသာကိုတက်လာတယ် ဈေးနှုန်းတွေကျပြီးနောက်ပိုင်းမှာ” ဟု ကွန်ပျူတာကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။


ထိုကဲ့သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဈေးနှုန်းကျဆင်းလာမှုများကြောင့် မော်ဒယ်မြင့်နည်းပညာပစ္စည်းများသည်လည်း ပိုမိုအရောင်းသွက်လာကြကြောင်းသိရသည်။

“ဝယ်သူတွေက အခုလိုဈေးနှုန်းတွေကျလာတော့ တော်တော်လေးဝယ်လာကြတယ်။ အဲဒီထဲမှာမှ အရင်ဆိုဈေးနှုန်းအရမ်းမြင့်တဲ့ မော်ဒယ်နံပါတ်တွေကိုတောင် တော်တော်များများသုံးလာနိုင်ကြတယ်” ဟု Product Managerတစ်ဦးကလည်းလက်ရှိအခြေအနေနဲ့ပတ်သက်ပြီး သုံးသပ်ပြောကြားသည်။

နည်းပညာပစ္စည်းများ အားလုံး၏ ဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ် ဆန်းပိုင်းကာလက ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ကွာဟချက်မှာ အနည်းဆုံးကျပ်နှစ်သောင်းမှ အများဆုံးကျပ်ငါးသောင်းအထိရှိကြောင်း စုံစမ်းသိရှိရသည်။

၂၀၁၁၊ ဩဂုတ်လဆန်းပိုင်းမှ ယခုလက်ရှိအချိန်ထိ ရှိနေသည့် အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းများမှာ တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၇၅၀ မှ ၇၇၅ ဝန်းကျင်တွင်သာရှိနေကြောင်း သိရသည်။




POND'S
perfect matte™
အဆီပြန်ခြင်းကင်း၍
ပိုမိုဆွဲဆောင်သောအလှ
အဆီစုပ်ယူသည့် အစေ့ကလေးများ အမြောက်အများ
ပါဝင်သောကြောင့် အဆီပြန်ခြင်း ကင်းဝေးစေပါသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011



# 'ကလေးသူငယ်ဆိုင်ရာအမှုများအတွက် ရှေ့နေခမယူဘဲ ဥပဒေကြောင်းအရ အခမဲ့ကူညီပါတယ်'

သိမ့်သိမ့်စိုး

**မြန်မာနိုင်ငံအတွင်း အသက် ၁၈ နှစ်အောက်ရှိ ပြစ်မှုကျူးလွန်စော်ကားခံရသော ကလေးသူငယ်များ၊ လူငယ်များနှင့် သက်သေများ၊ ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသော ကလေးသူငယ်များနှင့် လူငယ်များ၊ အသက် ၁၈ နှစ်ကျော်သော်လည်း အမျိုးသမီးဖြစ်သည့်အတွက် ပြစ်မှုကျူးလွန်စော်ကားခံရသော( Female survivors of gender- based violence)အမျိုးသမီးများအတွက် အမှုလိုက်ပါဆောင်ရွက်ခ(ရှေ့နေခ)တစ်စုံတစ်ရာ မယူဘဲ ဥပဒေကြောင်းအရအခမဲ့ကူညီပေးဟုဆိုသော Legal Aid Project မှစီမံကိန်းမန်နေဂျာဦးဝိုင်ဆာ့ခ်နှင့်တွေ့ဆုံမေးမြန်းထားသည်များမှ အချို့ကိုဖော်ပြလိုက်ပါသည်။**

**■ ဒီအဖွဲ့အစည်းကိုလုပ်ဖို့ ဘယ်လိုပူးပေါင်းဆောင်ရွက်ခဲ့ပါသလဲ။**

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီက ခရစ်ယာန်ရှေ့နေတွေက နစ်နာစော်ကားခံရတဲ့အမျိုးသမီးတွေကိုအခမဲ့တတ်နိုင်သလောက်လိုက်ပြီးကူညီပေးနေတာ။ ဒါကို ယူနီဆက်က မွန်မြတ်မှန်းသိတယ်။ ကလေးတွေဟာ ဥပဒေရဲ့ အခွင့်အရေးကို အပြည့်အဝရနိုင်အောင် ရှေ့နေတွေက ကူညီသင့်တယ်ဆိုပြီး ယူနီဆက်က စဆက်သွယ်ခဲ့တာ။ ဒါကြောင့် ဒီပရောဂျက်ကို ပူးပေါင်းဆောင်ရွက်ခဲ့တာ။ Unicef က ရှေ့နေတွေကို ခရီးစရိတ်၊ စားသောက်စရိတ် ထောက်ပံ့ပေးပြီး ကလေးသူငယ် အမှုတွေကို လိုက်ပါဆောင်ရွက်တာပါ။ ကိုယ့်ဟာကိုယ်ရှေ့နေတွေက ဘယ်သူ့ဆီကမှ အကူအညီ မတောင်းပါဘူး။ ယူနီဆက်ကဒီလိုလုပ်တာ မွန်မြတ်မှန်းသိလို့ သူတို့အနေနဲ့ ရှေ့နေတွေကို ခရီးစရိတ်တွေပေးပြီးတော့ အဲဒီအချိန်က စပြီးတော့ ဆောင်ရွက်ခဲ့တာပါ။

**■ အခု လက်ရှိကာလထိ ဒီကနေကူညီထားတဲ့အမှု ဘယ်နှခုလောက်ရှိနေပြီလဲ။**

အခုလက်ရှိ ဇူလိုင်လ ၁၅ ရက်နေ့ထိ အမျိုးသားက ၁,၇၉၈ ဦး၊ အမျိုးသမီးက ၇၅၄ ဦးဆိုတော့ အားလုံးပေါင်းက ၂,၅၅၂ ဦးရှိတယ်။ ဒါက ကလေးသူငယ် အသက် ၁၈ နှစ်အောက်ကိုပြောတာပါ။ ပြီးတော့ ၂၀၁၀ခုနှစ် ဒီဇင်ဘာကစပြီး အသက် ၁၈ နှစ်ကျော်တဲ့အမျိုးသမီးတွေပေါ်မှာ ယောကျ်ားတွေက ကျူးလွန် အနိုင်ကျင့်တဲ့အမှုတွေ၊ (ဥပမာ-မုဒိန်းမှု၊လက်ထပ်ပါ့မယ်ဆိုပြီး ကာမလိမ်လည်ရယူမှု) တွေက မိန်းကလေးတွေအတွက် တအားနစ်နာတယ်။ နစ်နာသူ အမျိုးသမီးတွေဘက်ကလိုက်ပါကူညီဆောင်ရွက်ခဲ့ပါတယ်။ အခုနောက်ဆုံးအစီရင်ခံစာအရဇူလိုင်လကုန် ၃၁ ရက်ထိ ၂၀၁ ဦးရှိသွားပြီ။ အခုဒီအဖွဲ့က လိုက်ပေးတဲ့အမှုတွေက တကယ်ဖြစ်နေတဲ့အမှုတွေရဲ့ ၁၀ ရာခိုင်နှုန်းတောင်မရှိဘူး။

**■ အဖွဲ့ဆီ အကူအညီတောင်းခံဖို့ ဘာတွေလိုအပ်မလဲ။ ခိုင်မာတဲ့ အကြောင်းပြချက်ပေးဖို့ လိုအပ်ပါသလား။**

ခိုင်မာတဲ့ အကြောင်းပြချက်ဆိုတာလည်း မလိုပါဘူး။ နစ်နာသူက အကူအညီပေးပါဆိုပြီး ဖုန်းနဲ့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ပြောလာရင် သူနေတဲ့ နေရာနဲ့ အနီးဆုံးမှာရှိတဲ့ ရှေ့နေကိုလွှတ်ပေးပါတယ်။တချို့ကတော့ဥပဒေအရအရေးယူလို့ မရတဲ့ဟာတွေကိုလည်းနစ်နာတယ်လို့ထင်တတ်တယ်။ရှေ့နေကနေကြည့်ပြီးတော့ တရားစွဲလို့ရတယ်၊ မရဘူး၊ နစ်နာတယ် အမှုစွဲချင်တယ်ဆိုရင် စွဲပေးတယ်။နောက် တရားခံဘက်ကကျတော့ များသောအားဖြင့်တော့ရဲစခန်းရောက်ပြီးမှတရားရုံးရောက်ပြီးမှ သတင်းပို့တာ များတယ်။ အဲဒီအချိန်ကျတော့မှ မိဘတွေကရှေ့နေခ မတတ်နိုင်တော့ဘူးဆိုပြီး အကူအညီတောင်းခံတာမျိုးတွေရှိတယ်။တရားမမှုကိုတော့ ဒီအဖွဲ့အစည်းက လုပ်မပေးဘူး။ ရှေ့နေတွေက ငွေကြေး တစ်စုံတစ်ရာယူတယ်ဆိုရင် တိုင်ကြားနိုင်တယ်ဆိုတော့ တိုင်ရင် ဘယ်လိုအရေးယူပါသလဲ။

အမှုသည်တွေဆီကပိုက်ဆံတစ်ပြားတစ်ချပ်မှ မယူဖို့ ပြောထားပြီးသားပါ။ ရှေ့နေတွေက ယူတယ်ဆိုပြီး အမှုသည်တွေက တိုင်ရင်အရေးယူပါတယ်။ ဒီရှေ့နေတွေကိုကလေးသူငယ်အမှုတွေကို လုံးဝ မလိုက်ပါနဲ့ဆိုပြီး ရပ်ပစ်လိုက်တယ်။ ဒီပရောဂျက်ကို ရှေ့နေတွေကြောင့် အပျက်စီးမခံနိုင်ဘူး။ နံပါတ်တစ် ရည်ရွယ်ချက်ကကလေးသူငယ်တွေအတွက်အကောင်းဆုံးအကျိုးစီးပွားအတွက်ပေါ့။ အသက် ၁၈ နှစ် ကျော်တဲ့ အမျိုးသမီးကို အမျိုးသားတွေက လိင်ပိုင်းဆိုင်ရာ ကျူးလွန်အနိုင်ကျင့်တဲ့ အခါတွေမှာ ဥပဒေကြောင်းအရလိုက်ပါဆောင်ရွက်ပေးတယ်။

**■ အသက် ၁၈ နှစ်ကျော်တဲ့ အမျိုးသမီးတွေကို ကူညီပေးတယ်ဆိုတာ ဘယ်လို အမှုမျိုးတွေမှာ ကူညီတာပါလဲ။**

အသက် ၁၈ နှစ်ကျော်တဲ့ အမျိုးသမီးအချင်းချင်း ရန်ဖြစ်တာတွေမျိုး၊ အမျိုးသမီးအချင်းချင်း လိမ်လည် ခံရတာမျိုးဆိုရင်တော့ မကူညီဘူး။ဒါပေမဲ့ အမျိုးသားက အမျိုးသမီးပေါ်မှာ အနိုင်ကျင့်စော်ကားတာမျိုးဖြစ်ရမယ်။ အဲဒါကျတော့ နည်းနည်းပုဒ်မများတယ်။ အဲဒါကျ ပုဒ်မကို သီးသန့်သတ်မှတ်ပေးရတယ်။ ပရောဂျက်မှာ အကျုံးမဝင်တဲ့ အမျိုးသမီးမှုတွေလည်းရှိတယ်။ ဥပမာ-အမျိုးသမီးအချင်းချင်း လိင်တူဆက်ဆံတာ ရှိချင်ရှိမယ်။ အဲ့ဒါမျိုးမှာသွားပြီးတော့ အမျိုးသမီးတရားခံကို သွားလုပ်မပေးဘူး။ အဲဒါကို နစ်နာတဲ့ သူဘက်က မကျေနပ်ရင်လည်း လုပ်မပေးဘူး။

**■ ဒီမှာ အမှုတော်တော်များများက ယောကျ်ားလေးတွေဖြစ်နေတော့ ယောကျ်ားလေးတွေကို ဘယ်လို အမှုတွေမှာ အကူအညီပေးပါသလဲ။**

ယောကျ်ားအများစု ဖြစ်နေတာက တရားခံဦးရေစာရင်းမှာ ယောကျ်ားများတယ်။ လက်တွေ့လိုက်တဲ့အခြေအနေမှာ ခိုးမှုက ရာခိုင်နှုန်းအများဆုံး။ခိုးမှုမှာ တရားခံက ယောကျ်ားလေးတွေပဲ ခိုးတာများတယ်။ နစ်နာသူဘက်ကကြည့်ရင်တော့ မိန်းကလေးက များပြန်ရော။ အနိုင်ကျင့်ခံရတဲ့ဟာမှာအသက် ၁၈ နှစ်အောက်ချင်းတူရင်တောင်မှ မိန်းကလေးက ယောကျ်ားလေးထက် ပိုများတယ်။တရားခံနဲ့နစ်နာသူနဲ့ဆိုရင် တရားခံကဦးရေ ပိုများတယ်။ တရားခံဦးရေမှာ အမျိုးသားများတယ်။ နစ်နာသူဘက်က အမျိုးသမီးများတယ်။ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် အသက်၁၈ နှစ်အောက်ဆိုရင် အပြည့်အဝ ဘယ်အမှုကိုမဆိုလိုက်ပေးတယ်။ ညှိစာရင်းဆိုရင် တောင်လိုက်လုပ်ပေးတယ်။ နစ်နာသူမှာ ဥပဒေ အခွင့်မရေးရှိတယ်။ တရားခံမှာလည်း ဥပဒေအခွင့်အရေးရှိတယ်ဆိုတော့ နှစ်ဖက်လုံးက လိုက်ပေးပါတယ်။ အမှုကို ဆုံးဖြတ်တာကတော့ တရားသူကြီးက ဆုံးဖြတ်တာပေါ့။ ပြီးတော့ တရားရုံးတွေမှာ ရဲက ကလေးတွေကို ဆက်ဆံတဲ့အခါမှာ ဥပဒေနဲ့အညီ ဆက်ဆံစေချင်တယ်။ ရဲက လက်ထိပ်မခတ်ရဘူးဆို လက်ထိပ်ခတ်လာတယ်။ ကလေးသူငယ်ကို အချုပ်ထဲမှာ မထားရဘူးဆို ထည့်ထားတယ်။ အဲဒါတွေကို သူတို့နဲ့ အတိုက်အခံမပြောဘူး။ ဥပဒေကို သူတို့ နားလည်လာအောင် ရှေ့နေက သူတို့နဲ့ တွေ့ဆုံပြီးတော့ ကလေးသူငယ် အခွင့်အရေးရအောင်လုပ်ပေးတာပေါ့။

**■ အခု ဒီက လိုက်ပေးတဲ့အမှုတွေမှာ ဘယ်ဒေသတွေက ကလေးသူငယ်အမှုတွေကို အများဆုံးဖြစ်လဲ။**

အမှုအများဆုံးကတော့ ရန်ကုန်တိုင်းပေါ့။ ဒုတိယက အများဆုံးကတော့ မန္တလေး။ တတိယကတော့ဧရာဝတီတိုင်းဒေသကြီး။ပြီးတော့ပဲခူးတိုင်းဒေသကြီး။ အဓိကကတော့ လူနေထူထပ်တဲ့နေရာတွေပေါ့။ ခိုးမှုများတယ်။ ဒါက တရားခံမှုပေါ့။

**■ အခုလို ခိုးမှုတွေများတာ ဘာကြောင့်လို့ ထင်ပါသလဲ။**

ဆရာ မြင်သလောက်ကတော့ ကလေးတွေက မိဘမရှိလို့ စားစရာ၊ သောက်စရာမရှိလို့၊ အုပ်ထိန်းသူ ကောင်းကောင်းမရှိလို့၊ နောက်တစ်ခုက မိဘတစ်ပါးပါး မရှိလို့၊ အိမ်မှာ နေမပျော်လို့ လမ်းပေါ်မှာအကြောင်းကြောင့်ရောက်သွားတဲ့ကလေးတွေက တကယ် အခက်အခဲလို့ လုပ်ကြတာ။ ခိုးမှုတော်တော်များများက ကြီးကြီးမားမားတွေမရှိဘူး။အကျင့်စာရိတ္တတာ ပျက်ယွင်းတယ် ဆိုတာက တော်တော်ကို နည်းပါတယ်။

**■ ၁၈ နှစ်အထက် အမျိုးသမီးတွေကို ကူညီတာကရော ဘယ်ဒေသတွေက အများဆုံးလဲ။**

ပဲခူးမှာဆို ခုနစ်လအတွင်း ၁၉မှု၊ မန္တလေးတိုင်း ဒေသကြီးမှာဆို ၁၈ မှု၊ ပုသိမ်မှာဆို ၄၄ မှု၊ ရန်ကုန်မှာဆို ၇၄ မှု၊ ပြည်မှာက ၁၃ မှုရှိတယ်။ ရန်ကုန်တိုင်းဒေသကြီးကတော့ အများဆုံးပေါ့။ ဧရာဝတီတိုင်းဒေသကြီးမှာဆို နာဂစ်ကြောင့် အိုးအိမ်လုံခြုံမှုမရှိဘူး။ အိမ်မှာ ညှော်သည်လာရင်တောင် ညှော်သည်နေတဲ့အခန်းနဲ့ သမီးမိန်းကလေးအခန်းက လုံခြုံမှုမရှိဘူး။ အဲဒီမှာ ကျူးလွန်ဖို့လွယ်ကူတာပေါ့။ ကလေးတွေကို သူတို့နဲ့ ရင်းနှီးတဲ့ သူပဲဆိုပြီး မထည့်သင့်ဘူး။ လုံးဝမမြင်ဖူးတဲ့သူက ဒါမျိုးလုပ်တာ မရှိဘူး။ ၁၆ နှစ်အောက်ကတော့ အိမ်နီးချင်းတွေ၊ ကိုယ့်ထက်အသက်ကြီးတဲ့သူတွေကမုန့်ကျွေးပြီးတော့ လုပ်တတ်ကြတယ်။ဒါကြောင့် ကလေးတွေကို သူစိမ်းတွေနဲ့မထည့်သင့်ဘူး။

**■ ၁၈ နှစ်ထက်ကျော်တဲ့ အမျိုးသမီးတွေကိုရော ဒါမျိုးမဖြစ်အောင် ဘာတွေ ဆင်ခြင်သင့်တယ်လို့များ အကြံပေးချင်လဲ။**

သူတို့လည်း အလားတူပါပဲ။ ရင်းနှီးတဲ့သူတွေက လုပ်တာများတယ်။ အသက် ၁၄ နှစ်အောက်ကတော့ မိန်းကလေးက အလိုတူရင်လည်း မုဒိမ်းမှုမြောက်ပါတယ်။ အသက်ကြီးတဲ့အခါမှာကျတော့ သူစိမ်းက လိုက်ပို့တာတွေ၊ အလုပ်ရှင်က စော်ကားတာတွေ၊ ကျူရှင်ဆရာတွေ ကိုယ့်ကျောင်းသူတွေကို အခွင့်ကောင်းယူပြီး အနိုင်ကျင့် တာတွေ ရှိတယ်။ မိန်းကလေးက လျှပ်ပေါ်လော်လည်လို့ ဖြစ်တယ်ဆိုတာမတွေ့ရသေးဘူး။ ခြုံပြောရရင်တော့ ယောကျ်ားတွေက အဲဒီစိတ်တော်တော်များများ ဝင်တာက မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုလည်းပါတယ်။ ဒါကြောင့်မိန်းကလေးတွေရဲ့ဝတ်စားဆင်ယင်မှုလည်း ပြုပြင်ဖို့လိုအပ်လာတယ်။၁၈ နှစ်ကျော်လိင်ပိုင်းဆိုင်ရာတွေက ညမိုးချုပ် ၇ နာရီ ဝန်းကျင်မှာဖြစ်တာ များတယ်။

ဆေးဝါးတွေရဲ့ အန္တရာယ်ကိုလည်း သတိထားဖို့လိုမယ်။ နောက်ဆုံးပီကေလိုဟာမျိုး ကျွေးရင်တောင်ဂရုစိုက်ဖို့လိုအပ်တယ်။ ပန်းခြံလို နေရာမျိုးမှာတောင် အရမ်း လူသူဝေးပြီး ချောင်ကျတဲ့ နေရာတွေမှာက အန္တရာယ်ရှိနိုင်တယ်။

**■ အမျိုးသမီးတွေပေါ်မှာ အနိုင်ကျင့်တဲ့ဖြစ်ရပ်တွေဖြစ်ပေါ်စေတဲ့ အဓိက အကြောင်းရာက ဘာပါလဲ။**

ပတ်ဝန်းကျင်မှာ အခွေတွေ အလွယ်တကူရနေတယ်။ ဒီနောက်ပိုင်းမှာ ကလေးအချင်းချင်း ကျူးလွန်တဲ့အမှု တော်တော်များများတွေ့လာရတယ်။ အခွေတွေကြောင့်လည်းပါတယ်။ မိဘတွေအနေနဲ့ကလည်း ကလေးတွေရှေ့မှာ ဆင်ဆင်ခြင်ခြင်နေထိုင်သင့်ပါတယ်။ နောက်ယောကျ်ားလေးတွေ အလွယ်တကူရနိုင်တဲ့ ဆေးဝါးတွေကြောင့်လည်းပါတယ်။

**■ အမှုရင်ဆိုင်ရတဲ့အခါမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေက ဘာတွေပါလဲ။ အကြံပေးချင်တာရှိရင်လည်း ပြောပြပေးပါ။**

ဒီလိုမျိုး ကျူးလွန်ခံရတဲ့အခါတွေမှာ သက်သေခံပစ္စည်းတွေကို မဖျက်ဆီးမိဖို့လိုပါတယ်။ မိန်းကလေးအများစုက ဒီလိုဖြစ်ပြီဆိုရင် လူတွေမသိအောင် သက်သေခံပစ္စည်းတွေကို ဖျက်ဆီးပစ်တတ်ကြတယ်။ ဒါတွေက အမှုရင်ဆိုင်တဲ့ အခါမှာ အရေးကြီးပါတယ်။ ဖျောက်ဖျက်မိလို့၊ သက်သေမခိုင်မာလို့လွှတ်သွားတာတွေ အများကြီးပဲ။ နစ်နာရတာတွေ ရှိရင် မတိုင်ဘဲမနေပါနဲ့။ အနိုင်ကျင့်ခံရတဲ့အမျိုးသမီးက မတိုင်ဘဲနေရင် ကိုယ့်လိုပဲ တခြားမိန်းကလေးတွေကိုဖြစ်ဖို့၊ ကျူးလွန်နိုင်ဖို့ အခွင့်အရေးပေးသလိုဖြစ်လို့တိုင်သင့်ပါတယ်။

**■ အခုလို ဖြစ်တဲ့အခါမှာ လက်ရှိချမှတ်တဲ့ ဥပဒေတွေအပေါ်ကိုရော ဘယ်လိုမြင်ပါသလဲ။**

ကလေးသူငယ်ဥပဒေမှာဆို ၁၉၉၃ ခုနှစ်လောက်က ဆွဲထားတဲ့ဥပဒေတွေဖြစ်နေတယ်။လက်ရှိ ဥပဒေက နစ်နာသူဘက်က လုပ်တာမရှိဘူး။ တရားခံဘက်က အာရုံပြုပြီး ဆွဲထားတာတွေ့ရတယ်။ ဒါကြောင့် နစ်နာသူဘက်ကကြည့်ပြီးတော့ ဥပဒေတွေကို ပြင်ဆင်သင့်တယ်။ လောလောဆယ် ချမှတ်ထားတဲ့ဥပဒေတွေက မှားနေတာမဟုတ်ပါဘူး။ သက်သေထွက်ချက်ပေါ် မူတည်ပြီးတော့ အမှုအတိမ်အနက်ကဖြစ်သွားတယ်။ပြစ်ဒဏ်အကြီးအသေးကျတော့ ကျူးလွန်တဲ့ပုံစံပေါ်မှာ မူတည်တယ်။ ပြီးတော့ ကလေးစရိတ်၊ မယားစရိတ်ကို ၁၀၀ သတ်မှတ်တာကတော့ ပြင်သင့်နေပြီ။ ဒီခေတ်မှာ ပိုက်ဆံ ၁၀၀ က ဘတ်စ်ကားခတောင်မရှိတော့ဘူး။ မိန်းမကိုယူပြီးတော့ ကလေးတစ်ယောက်နဲ့ ပစ်ထားခဲ့ရင် များများချမှတ်ရင် ထောင်တောင်ကျနိုင်တယ်။ မယားအများကြီးယူပြီး တစ်လကို မယားစရိတ်၊ ကလေးစရိတ် ၁၀၀ ပေးရမယ်ဆိုတာတွေကတော့ ပြုကိုပြုပြင်သင့်နေပြီ။

**■ ဒီအဖွဲ့အစည်းက ယူနီဆက်နဲ့ MCC (ခရစ်ယာန်အသင်းတော်များကောင်စီ)တို့ ပူးပေါင်းထားပြီး ဘာသာမရွေး လူတိုင်းကို ကူညီတယ်လို့သိရတယ်။ ဒီတော့ အကူအညီတောင်းခံသူတွေကို ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ တရားဟောတာလိုမျိုး တစ်စုံတစ်ရာပြောတာမျိုး လုပ်ခိုင်းတာမျိုးရှိပါသလား။**

ဘာသာရေးကိစ္စကို လုံးဝထည့်မလုပ်ပါဘူး။ တရားဟောတာလည်းမရှိဘူး။ ဘာမှကိုမလုပ်ခိုင်းပါဘူး။ ဒီမှာ ရှေ့နေ ၉၆ ဦး ရှိတယ်။ ခရစ်ယာန်က ၆၆ ဦး တောင်မပြည့်ဘူး။ အားလုံးက ဗုဒ္ဓဘာသာတွေအများစုပဲ။ အဓိကကလေးသူငယ်အကျိုး၊ အခွင့်အရေးနဲ့ ကလေးသူငယ်တွေကို အရေးထား အမှုလိုက်နိုင်တဲ့သူတွေ၊ နိုင်ငံရေးကင်းရှင်းတဲ့သူတွေ၊ ဘာသာရေးမရောဘဲ လုပ်နိုင်မယ့်သူတွေကိုပဲ တာဝန်ပေးထားတာ။

**■ Legal Aid Project က ဘယ်နေရာတွေမှာ ရုံးခွဲတွေဖွင့်ထားလဲ။**

ရန်ကုန်ကတော့ ရုံးချုပ်ပေါ့။ မန္တလေး၊ ပုသိမ်၊ ပြည်၊ ပဲခူး၊ တောင်ကြီး၊ မြစ်ကြီးနား၊ ပခုက္ကူ၊ ကလေး၊ လားရှိုး၊ မော်လမြိုင်၊ မုံရွာ၊ မကွေး၊ ကျိုင်းတုံ၊ သံတွဲ၊ ဘားအံ၊ တောင်ကုတ်၊ မြိတ်၊ ထားဝယ်ဒေသတွေမှာဖွင့်ထားတယ်။ နီးစပ်တဲ့ရုံးတွေမှာ တိုင်လို့ရတယ်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# လိုအပ်လာသော

# ပညာရေးကဏ္ဍပြောင်းလဲမှု

ခင်မောင်ဌေး(ပညာရေး)

'တက္ကသိုလ်ဝင်တန်းအောင်ချက် နှစ်ဆယ်ရာခိုင်နှုန်းအောက်ကျောင်းများအား ထုချေလွှာတောင်း'ဆိုသည့် သတင်းခေါင်းစီးအား ဩဂုတ်လ ၁၁ ရက်ထုတ် 7Day News ဂျာနယ်တွင်ဖတ်ရသည်။

တစ်ဆက်တည်းပင် နိုင်ငံကျော် ဝါရင့်စာရေးဆရာကြီးတစ်ဦးက 'ဆရာဝန်၊ အင်ဂျင်နီယာတို့လိုခက်ခဲသည့် စာမေးပွဲတွေမှာ အအောင်များပြီး ဆယ်တန်းကျခါမှ အရှုံးဘာကြောင့် များနေရပါလိမ့်'ဆိုသည့် သဘောထားမှတ်ချက်ကိုသတိရမိသည်။

တက္ကသိုလ်ဝင်တန်းအောင်ချက်ကျဆင်းနေသည်နှင့်ပတ်သက်၍ ပြင်ပလောကတွင်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့သည်။ ဤသို့ အောင်ချက်နည်းလာရသည်မှာ 'ပြင်ပကျူရှင်များကြောင့်' ဟု ဆိုသူများကလည်းဆိုကြ၏။ ပြင်ပကျူရှင်များကလည်း အထိုက်အလျောက်ဖြေရှင်းကြသည်ဟုလည်း သိရသည်။ အချို့ကမူ ပြင်ပမီဒီယာအချို့ကနေ၍ပင် ဖြေရှင်းလာကြသည်အထိ ကျယ်ပြန့်သွားသည်။

အောင်ချက်နည်းရခြင်း၏ အဓိကအချက်မှာ အစိုးရကျောင်းများမှ ဆရာ၊ ဆရာမများကြောင့်ဖြစ်သည်ဟု ဆိုသည်။ ဆရာ၊ ဆရာမများသည် အိမ်တွင် ကျူရှင်ခေါ်၍သင်သည်။ မေးခွန်းပေး၍လည်း သင်သောကြောင့် ကျောင်းသူ၊ ကျောင်းသားအများစုမှာ ဘာမျှမတတ်ဘဲ ဆယ်တန်း (တက္ကသိုလ်ဝင်တန်း)ရောက်လာသောအခါ အင်္ဂလိပ်စာ (Grammar)လည်းသင်မရ၊ သင်္ချာလည်း သင်မရဖြစ်ကြောင်း ပြင်ပကျူရှင်အချို့က ဖွင့်ချလေတော့သည်။ ကိုယ့်ပညာရေးကို ကမ္ဘာ့မီဒီယာဇာတ်ခုံပေါ်မှပင် ကိုယ့်ပေါင်ကိုလှန်ထောင်းနေကြလေပြီ။ (မည်သူက လာပြီး ဖြေရှင်းပေးကြမှာပါလိမ့်)

စင်စစ် အောင်ချက်ရာနှုန်းနည်းရခြင်းသည် သတ်မှတ်အရည်အချင်းပြည့်မီသူနည်းပါးလာသောကြောင့်ဖြစ်သည်။ ၁၉၈၃-၈၄ နောက်ပိုင်းမှစ၍ သတ်မှတ်ရာနှုန်းတစ်ခုထိ အဆင့်မီရန် (Modulate)လုပ်ရသည်။ နှစ်စဉ်လျော့ကျသွားခြင်းမရှိဘဲ (Modulate)လုပ်ပေးရသည့် အမှတ်ကပို၍တိုးလာနေသည်မှာ လည်း အမှန်ပင်ဖြစ်သည်။

ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အခြေခံကျကျ ပြောင်းလဲရမည်ကို သိနေကြပြီလည်းဖြစ်သည်။ ဂျာနယ်အသီးသီးတွင် အမြင်ရှုထောင့်အဖုံဖုံဖြင့် ရေးသားတင်ပြနေသည်လည်းရှိသည်။ တစ်ဖက်ကလည်း ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းများအပြင် ပုဂ္ဂလိကကျောင်းများကိုလည်း ဖွင့်လှစ်လုပ်ကိုင်နေကြပြီဖြစ်သည်။ ပညာရေးသည် အလွန်နူးညံ့ သိမ်မွေ့သည့် အနုပညာရသမြောက်သော Process တစ်ခုဖြစ်ပါသည်။ အခု ရေတွင်းတူးပြီး အခု ရေကြည်သောက်၍ မရနိုင်ပါ။ အခြေခံကျကျ ပြောင်းလဲရမည့် အချက်အလက်ပေါင်းများစွာရှိပါသည်။ ပျက်နေသည့်ကားအင်ဂျင်တစ်ခုလုံးကို အခြားအသစ်တစ်လုံးနှင့် ပြောင်း၍ အစားထိုးသကဲ့သို့ မမြန်ဆန်နိုင်ပါ။ ခြေခြေမြစ်မြစ်ရှိမည့် အဆောက်အအုံကောင်းတစ်ခုဖြစ်ဖို့အတွက် အောက်ခြေမှစ၍ တရွေ့ရွေ့ပြုပြင်လာရမည်သာ ဖြစ်သည်။ ပညာရေးတွင် 'အရှင်မွေး၍နေချင်းမကြီးနိုင်'သည့် သဘောတရားသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးကြွယ်ဝစွာ ထုတ်လုပ်နိုင်မှု၏ နှုန်းစံတစ်ခုသာဖြစ်သည်။

ယနေ့ ကလေးများ၏ ပညာရေးအခြေအနေဆိုးရွားနေခြင်း (ညံ့ဖျင်းနေခြင်း) မှာ သင်ကြားပြသနေသည့် ဆရာ၊ ဆရာမများတွင်လည်း အပြစ်မရှိပါ။ တာဝန်ယူနေရသည့် သက်ဆိုင်ရာအဖွဲ့အစည်း၏ အပြစ်လည်း မမည်ပါ။ နှစ်ပေါင်း ၂၀-၃၀ အတွင်း အစမ်းသပ်ခံပညာရေးစနစ်၏ ရလဒ်များပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် ခေတ်ကိုလည်း အပြစ်ပုံ၍မရပေ။ ထို့အတူ တစ်ယောက်ပေါ် တစ်ယောက်၊ တစ်ဖွဲ့ပေါ် တစ်ဖွဲ့ လက်ညှိုးထိုးနေရုံနှင့် ဤပြဿနာရှင်းသွားမည်မဟုတ်ပေ။ အပြစ်ပုံနေခြင်းသည် ပုစ္ဆာတစ်ပုဒ်၏ အဖြေမဖြစ်နိုင်ပေ။ အမှန်ပင် ကလေးများအတွက် ရည်ရွယ်ကြသည်ဆိုလျှင် "ဘာလုပ်ကြမှာလဲ၊ ဘယ်လိုလုပ်ကြမှာလဲ"ဆိုသည့်မေးခွန်းအတွက် အဖြေရှာကြခြင်းသည် အမြော်အမြင်ရှိရာရောက်မည်ဖြစ်ပါသည်။

လက်ရှိတွင် ကိုယ်ပိုင်နည်းပြသင်တန်းများ(ကျူရှင်များ)သည် မြို့နယ်အလိုက် သိပ်သည်းစွာပျံ့နှံ့နေပါသည်။ ယင်းကျူရှင်များကလည်း စည်းကမ်းတကျ ကြပ်မတ်သင်ကြားပေးရန်လိုသည်။ ကျောင်းသားများ၏မျက်နှာထက် မိဘများ၏ မျက်နှာကိုကြည့်ရပါမည်။ ငွေကြေးရလိုမှုထက် ကလေးများ၏ သင်ကြားမှု သင်ယူမှုအပိုင်းသာမက ကိုယ်၊ နှုတ်၊ နှလုံးယဉ်ကျေးပြီး စည်းကမ်းရှိရှိ၊ ရည်ရည်မွန်မွန်ဖြင့် အကျင့်စာရိတ္တမြင့်မားသော ကျောင်းသူ၊ ကျောင်းသားများအဖြစ် မွေးထုတ်ပေးသင့်သည်။

လက်ရှိအခြေအနေတွင် ငွေကြေးမျက်နှာကိုသာ ကြည့်သည့် ကျူရှင်များနှင့် ဘော်ဒါဆောင်အချို့ရှိနေသည်။ မိဘတို့ စီမံသင်ကြားအုပ်ချုပ်နိုင်သည့်ဦးရေထက် ရနိုင်သမျှ လက်ခံကာ မနိုင်မနင်းဖြစ်နေသည်များလည်းရှိ၏။ ပညာထက် ငွေကြေးအသုံးအဖြုန်း အပြိုင်ကြဲနေသည့် ကျောင်းသူ၊ ကျောင်းသားများရှိကာ ကျောင်းသားပျော်ရင် ပြီးတာပဲဟု မသိမသာ လွှတ်ထားသောကျောင်းများလည်းရှိသည်။ ထို့ကြောင့်နယ်မှ ကျောင်းသားမိဘအများအပြား ပြန်လည် ကျောင်းနုတ်သွားကြသည်များလည်းရှိသည်။ စာရေးသူ၏ တပည့်ရင်းတစ်ယောက်ကိုယ်တိုင် ကြုံဖူးသည်။ နာမည်ကြီးအဆောင်တစ်ခုတွင် သင်ကြားစဉ်ကဖြစ်သည်။ သူကစာညံ့သောကျောင်းသားများကို အားစိုက်၍ သင်သည်။ မရရအောင်သင်သည်။ ရုံဖန်ရံခါလည်း စိတ်ဒေါသအလျောက် ဆူငေါက်တတ်သည်။ သူ့သူငယ်ချင်းပိုင်ရှင်က "အဲဒီလောက် သင်ဖို့ မလိုကြောင်း၊ အောင်မယ့်သူတွေကို ခွဲထားပြီးကြောင်း၊ ဒါတွေကကျမယ့်ကျောင်းသားတွေဖြစ်ကြောင်း၊ နောင်နှစ်မှာလည်း သူ့ဆီမှလွဲ၍ ဘယ်မှမသွားကြောင်း၊ နောင်နှစ်အတွက် သေချာသည့် အရင်းအနှီးဖြစ်ကြောင်း"ပြောခဲ့ဖူးလေသည်။ အဲဒီနောက် စာရေးသူ၏ တပည့်လည်း ယင်းကျောင်းသို့ သွား၍ မသင်တော့ချေ။

ယခုအခါတွင် ပညာဒါနသင်တန်းများလည်း အလျှိုလျှိုပေါ်ပေါက်လာနေပါသည်။ မြို့နယ်တိုင်းတွင် ပညာဒါနသင်တန်းများဖွင့်လှစ်သွားခြင်းဖြင့် ကျူရှင်မတတ်နိုင်သည့် ကလေးများအတွက် အခွင့်အလမ်းဖန်တီးရာရောက်ပါသည်။ နိုင်ငံတကာတွင် အင်တာနက်မှတစ်ဆင့် ပညာသင်ယူခြင်း၊ သင်ကြားခြင်းလုပ်ငန်းများကိုလည်းကောင်း Text Book များကို ဒီဂျစ်တယ်စနစ်ဖြင့် ပြုပြင်ပြောင်းလဲကာ ကျောင်းသားကိုယ်တိုင် သင်ယူနိုင်သည့် စနစ်များ ထွန်းကားနေချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် MRTV-4 မှ ထုတ်လွှင့်တော့မည့် ပညာဒါနအစီအစဉ်များမှာလည်း ကျောင်းသား၊ ကျောင်းသူများအတွက် အပံ့အပိုးတစ်ခုဖြစ်မည်ထင်ပါသည်။ လက်ရှိအစိုးရကျောင်းများတွင် ဆရာ၊ ဆရာမအများစုသည် ပြင်ပတွင် ကျူရှင်ပေးကြပါသည်။ မိမိတို့၏နေအိမ် (သို့) ကျောင်းသား၊ ကျောင်းသူတစ်ဦးဦး၏ အိမ်တွင်စု၍သင်ကြားကြသည်။ အချို့ဆရာ၊ ဆရာမများသည် အိမ်တွင်ဘော်ဒါပင်ဖွင့်၍ သင်နေကြသည်လည်းရှိ၏။ ဥပဒေအရ ဝန်ထမ်းများ ကျူရှင်မသင်ရဟုဆိုသော်လည်း အကြောင်းကြောင်းများကြောင့်ရှိနေသေးသည်။

ဆရာဝန်သည် မိမိတတ်ကျွမ်းသောပညာဖြင့် လူနာကို အစွမ်းကုန် ကုသရမည်သာဖြစ်ပါသည်။ အကောင်းဆုံးဆေးဝါးကိုလည်း ညွှန်ပြရမည်ဖြစ်သည်။ ဆရာ၊ ဆရာမတို့သည်လည်း မိမိတို့ အနှစ်နှစ် အလလ လေ့လာသင်ယူခဲ့သည့် ပညာရပ်များကို ပညာလိုချင်သည့် ကျောင်းသား၊ ကျောင်းသူများကိုပညာပေးသည်မှာ သဘာဝကျပါသည်။ စာသင်ရန်မရည်ရွယ်ခဲ့သူများပင် စာသင်နေကြသည်။ စာသင်ရန် ရည်ရွယ်၍ ပညာရေးဘွဲ့ယူခဲ့ကြသော ဆရာ၊ ဆရာမများအခြေအနေအမျိုးမျိုးတွင် စာသင်နေကြသည်မှာလည်း အပြစ်တင်ရန်ခက်လှပါသည်။ သို့သော် ဆရာဝန်ဖြစ်စေ ဆရာ၊ ဆရာမဖြစ်စေ မိမိတို့၏အတတ်ပညာအပေါ် အခွင့်ကောင်းယူ၍ အမြတ်ထုတ်ခြင်း၊ ပညာပြခြင်းသည် မိမိတို့၏ ဂုဏ်သိက္ခာနှင့်မိမိတို့၏တာဝန်အပေါ် မလေးစားရာရောက်သည်။ တစ်နည်းအားဖြင့် သစ္စာမဲ့ရာကျပါသည်။

ဆရာ၊ ဆရာမသည် မိမိ၏ တပည့်အတွက် မိမိ၏ အတတ်ပညာကို မချွင်းမချန် သင်ပြရမည့် တာဝန်ရှိသည်။ ကျောင်းတွင် 'ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့'လုပ်၍ အိမ်လာပါမှ သင်ခန်းစာအားလုံး ပြီးအောင် သင်ပေးသည့် စည်းရုံးသိမ်းသွင်းမှုမျိုး၊ ဆရာမဆီမှာ သင်မယ်ဆိုရင် စာများများ ကြည့်စရာမလို၊ မေးခွန်းပေး၍ သင်ကြားခြင်းဖြင့် စည်းရုံးခြင်းမျိုးသည် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်တိုးတက်မြင့်မားရေးအတွက် အဟန့်အတားပင်ဖြစ်နေပါသည်။ ထို့ပြင် သူငယ်တန်းမှစ၍ အဆင့်အလိုက် အတန်းပိုင်ဆရာမ၏ကြီးစိုးမှုကလည်း သိသာနေ၏။ ကျောင်းသား၊ ကျောင်းသူတိုင်း စာမေးပွဲအောင်လိုကြသည်။ မိဘများက ပို၍သာမည်ထင်သည်။ အတန်းပိုင်ဆရာမထံ မသင်လျှင် စာမေးပွဲမအောင်နိုင်ဟုစွဲနေကြသည်။ အောင်နိုင်လျှင်လည်း အဆင့် ၁၊ ၂၊ ၃ ဘယ် လိုမှမရနိုင်ဟု သိနေကြသည်။ အထူးသဖြင့် မူလတန်းအဆင့်တွင် သဲသဲလှုပ်နေကြလေသည်။


ဤနေရာတွင် ယနေ့ ကျင့်သုံးနေသည့် စာမေးပွဲမေးခွန်းထုတ်ခြင်း၊ စစ်ဆေးခြင်းနှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုသည်။ ကျွန်တော်တို့သည် စာမေးပွဲစစ်ဆေးရသည့် စနစ်ကို သိပ်မနှစ်သက်ကြပါ။ သို့သော်လည်း လက်တွေ့တွင်မူ ၂၅ မှတ် အမှတ် ၅၀ ဖိုး အလီလီ အလာလာစစ်နေရဆဲဖြစ်သည်။ Chapter End Test (CET)ကို သုံးနေရဆဲပင်ဖြစ်သည်။ ဂျာနယ်အချို့တွင် Performance, Assessment, Support, Supervision (PASS) စနစ်ကျင့်သုံးရန်ပြင်ဆင်ထားကြောင်း ဖတ်ရပါသည်။ (CET) သို့မဟုတ် (PASS) မည်သည့်စနစ်ကို သုံးသည်ဖြစ်စေ အောင်ချက်ရာနှုန်းဆုံးဖြတ်ရာတွင် ကလေး၏ ကိုယ်ရည်ကိုယ်သွေး (Personality) ထက် စာမေးပွဲရမှတ်ဖြင့်သာ အဆုံးအဖြတ်ပေးနေရဆဲဖြစ်ပါသည်။ ထို့ကြောင့် လက်တွေ့တွင် စာမေးပွဲစနစ် မေးခွန်းနှင့် အတန်းပိုင်တို့၏ အခန်းကဏ္ဍကို အခြေခံကျကျ ထင်သာမြင်သာပြောင်းလဲပြင်ဆင်သင့်လှပါသည်။ အထူးသဖြင့် မူလတန်းအဆင့်မှစ၍ ပြောင်းလဲရန်လိုအပ်ပါသည်။

လက်ရှိအခြေအနေတွင် အတန်းပိုင်နှင့် ဘာသာရပ်သင်ဆရာ၊ ဆရာမများက မေးခွန်းထုတ်သည်။ ကျောင်းသား ၄၀ ရှိရှိ၊ ၅၀ ရှိရှိ တစ်ခန်းတည်းမှာပဲ နည်းနည်းစီ ခွဲထိုင်ပြီး ဖြေလိုက်ကြသည်။ ရသူလည်းရှိသည်။ မရသူလည်းရှိသည်။ လက်တွေ့စစ်လိုက်သည့်အခါ ရသူလည်းမရ၊ မရသူလည်းရ ဖြစ်သွားသည်။ ကျွန်တော်တို့ ငယ်ငယ်ကဆိုလျှင် ပထမအစမ်း၊ ဒုတိယအစမ်းရှိသည်။ ထိုအစမ်းစာမေးပွဲများသည်ပင် အစိမ်ကြီးကဲ့သို့ တစ်စုံတစ်ယောက်ထိုင်၍ ကြပ်ကြပ်မတ်မတ်စစ်ဆေးခံခဲ့ရသည်။ စာရသူမရသူ သိသိသာသာ ပေါ်ထွက်လာကြသည်။

စာမေးပွဲမေးခွန်းနှင့် ပတ်သက်၍ အတန်းပိုင်နှင့် ဘာသာရပ်သင် ဆရာ၊ ဆရာမတို့၏ အနေအထားကိုလည်း စဉ်းစားရမည်ဖြစ်သည်။ ဦးစွာ အတန်းအသီးသီးမှ ဆရာ၊ ဆရာမတိုင်းသည်သက်ဆိုင်ရာ ဘာသာရပ်၏ သင်ရိုးညွှန်းတမ်း၊သင်ရိုး မာတိကာတိုင်း သူ့လနှင့်သူ ပြီးပြတ်အောင် သင်ရမည့် တာဝန်ကို ကျေပွန်စေရပါမည်။ အတန်းအသီးသီး၏ မေးခွန်းများကို တစ်ဆင့်မြင့် ဘာသာရပ်သင် ဆရာ၊ ဆရာမများအားအဖွဲ့ငယ်များဖွဲ့၍ မေးခွန်းထုတ်စစ်မေးသင့်ပါသည်။ ဤအဖွဲ့ငယ်သည် မေးခွန်းလုံခြုံမှု စစ်ဆေးမှုကို တာဝန်ခံနိုင်ရပါမည်။

ဤသို့ဆိုလျှင် မေးခွန်းလိုချင်၍ အတန်းပိုင်ထံ တက်ရသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကာကွယ်ရာ ရောက်ပါသည်။ မေးခွန်းကို အကြောင်းပြု၍ စည်းရုံးသိမ်းသွင်းလိုသည့် ဆရာ၊ ဆရာမများကိုလည်း ထိန်းရာရောက်ပါသည်။ ကိုယ်တိုင်မေးခွန်းထုတ် ကိုယ်တိုင်သင်ရသည့်အတွက် မေးခွန်းနှင့်ဆိုင်သည့်သင်ခန်းစာကိုသာ ကွက်သင်တတ်သည့် ဆရာ၊ ဆရာမများကိုလည်း တွန်းအားပေးရာကျပါသည်။ ဤသို့ဖြင့် ကျောင်းမှာပဲသင်သင် အိမ်မှာပဲသင်သင် တတ်အောင်သင်ဖို့လိုလာပါသည်။ ကုန်အောင်သင်ဖို့လည်း လိုလာသည်။ တတ်အောင်မသင် ကုန်အောင်မသင်သော ဆရာ၊ ဆရာမများထံတွင် မည်သည့်ကျောင်းသား၊ ကျောင်းသူမျှလာ၍သင်ကြမည်မဟုတ်ပါ။ မည်သည့်မိဘကမှလည်း ယုံကြည်ကိုးစားမည် မဟုတ်ပါ။ ထိုအခါ စာမေးပွဲ မေးခွန်းထုတ်ခြင်း၊ စနစ်တကျ ဖြေဆိုခြင်းမှ အဆင့်မှန်များ ရရှိလာခြင်းကြောင့် ကလေးများ၏ ကြိုးစားမှုစွမ်းရည်ပို၍ မြင့်မားလာနိုင်ပါသည်။ ထို့အတူ ပြင်ပကျူရှင်များ၏ အားစိုက်မှု၊ ပညာဒါနသင်တန်းများ၏ ပံ့ပိုးအားနှင့် ပေါင်းစပ်လျှင် အောင်ချက်ရာနှုန်းများသည်လည်း ထူးခြားစွာ တိုးတက်လာရမည်သာ ဖြစ်သည်။

ထို့ကြောင့် အကြောင်းခြင်းရာတိုင်းတွင် အားနည်းချက် အားသာချက်များ ရှိတတ်ပါသည်။ အားနည်းချက်ရှိလျှင် တွေ့အောင်ရှာပါ။ အပြန်ပြန်အလှန်လှန် သုံးသပ်ပါ။ အပြစ်တင်ရုံဖြင့် ပြဿနာကပြေလည်မည်မဟုတ်ပါ။ အပြစ်ရှာခြင်းသည်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမမည်ပါ။ အခြေခံကျကျ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထင်သာမြင်သာရှိရှိ အလျင်အမြန် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ ဤသို့ဖြင့် အခြေခံအကြောင်းတရားတို့ကို ရနိုင်သမျှ စုဆောင်း၍ အကောင်းဆုံးရလဒ် ရရှိနိုင်ရေးအတွက် ဆင်ခြင်သုံးသပ်အဖြေရှာခြင်းကသာလျှင် သင့်မြတ်မည်ထင်ပါသည်။ ။



7DAY NEWS JOURNAL

# Current Affairs

Vol.10, No.23 ✷ AUGUST 25, 2011

## ပါတီတွင်း ဒီမိုကရေစီစနစ် စတင်ကျင့်သုံးပြီဖြစ်ကြောင်း ပြည်ခိုင်ဖြိုးပါတီ ဒုဥက္ကဋ္ဌပြောကြား

**နေပြည်တော်၊ ဩဂုတ်- ၂၁**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်း ဒီမိုကရေစီကို စတင်ကျင့်သုံးပြီဖြစ်ပြီး အနာဂတ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများ၌ တရားမျှတစွာဖြင့် အနိုင်ရရှိရေးဆောင်ရွက်ရန် လိုကြောင်း ပါတီဒုတိယဥက္ကဋ္ဌသူရဦးရွှေမန်းက ပါတီကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် ပြောကြားသည်။

ဩဂုတ်လ ၂၀ ရက် မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၅၀ အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ်(နေပြည်တော်)တွင် ကျင်းပပြုလုပ်သောပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် ပါတီဒုတိယ ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာတွင်ပြောကြားခဲ့ခြင်းဖြစ်သည်။

အနာဂတ်တွင်ကျင်းပဆောင်ရွက်ကြမည့် ရွေးကောက်ပွဲများတွင် တရားမျှတစွာဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ရန်လိုမည်ဖြစ်ကြောင်း၊ ပါတီတွင်း ဒီမိုကရေစီကို စနစ်တကျ စည်းကမ်းရှိရှိ စတင်ကျင့်သုံးပြီဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်၊ တစ်စု၏အမိန့်ညွှန်ကြားချက်မဟုတ်တော့ဘဲ အများ၏ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ပြီးအနည်းစု၏ ဆန္ဒကိုလည်း လေးစားကြရမှာဖြစ်ကြောင်း ဒုဥက္ကဋ္ဌကပြောသည်။ အများဆုံးဖြတ်ချက်ဆိုရာမှာလည်း တည်ဆဲဥပဒေများနှင့် ညီညွတ်သောပါတီ၏ မူဝါဒများနှင့် ကိုက်ညီသော မှန်ကန်သော ဆုံးဖြတ်ချက်များဖြစ်အောင် ကြိုးစားဆောင်ရွက်ကြလျက်ရှိနေပြီဖြစ်ပြီး၊ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် အမိန့်ညွှန်ကြားချက်များအစား၊ ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်လာမှုများမှာ ပါတီတွင်း ဒီမိုကရေစီကျင့်သုံးနေခြင်းကို ဖော်ပြနေခြင်းဖြစ်သည်ဟု ဒုဥက္ကဋ္ဌကဆက်လက်ပြောသည်။

ပြည်ခိုင်ဖြိုးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များစုံညီအစည်းအဝေးကို ဒုတိယအကြိမ်လွှတ်တော်မခေါ်မီ နှစ်ရက်အလိုတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

၂၀၁၀ နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီက အမျိုးသားလွှတ်တော်တွင် အမတ်နေရာ ၁၂၉ နေရာ၊ ပြည်သူ့လွှတ်တော်တွင် ၂၅၉ နေရာအပါအဝင် စုစုပေါင်း လွှတ်တော်နေရာ ၈၈၂ နေရာတွင် အနိုင်ရရှိခဲ့သည်။

## နိုင်ငံပိုင်သတင်းစာနှင့် ရုပ်မြင်သံကြားတွင် ဆောင်ပုဒ်များ ရုပ်သိမ်း

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဩဂုတ်- ၁၅**



အစိုးရသစ်တက်လာပြီး လေးလခန့်အကြာ ဩဂုတ်၁၆ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများနှင့် ရုပ်မြင်သံကြားတွင် နေ့စဉ်ဖော်ပြပါရှိသည့် ပြင်ပအသံလွှင့်ဌာနများအား ရှုတ်ချထားသော ဆောင်ပုဒ်အပါအဝင် မူဝါဒရေးရာဆောင်ပုဒ်များကို ရုပ်သိမ်းလိုက်ပြီဖြစ်သည်။

သတင်းစာမျက်နှာများနောက်ကျောတွင် ဆောင်ပုဒ်များကို သီးသန့်ဘောင်ခတ်ကာ ထည့်သွင်းဖော်ပြရာတွင် ဆောင်ပုဒ် ၄ ခုဖြင့် စာမျက်နှာတစ်ဝက်နီးပါး ဖော်ပြခဲ့သည်မှာ (၄) နှစ်နီးပါးရှိခဲ့ပြီဖြစ်သည်။ ရုပ်မြင်သံကြားတွင်လည်း ည ၈ နာရီသတင်းမလာမီ ယင်းဆောင်ပုဒ်များကို စာနှင့်ရော အသံနှင့်ပါဖတ်ကြားခဲ့ရာမှ ထိုနေ့တစ်ရက်တည်း၌ပင် ရုပ်မြင်သံကြားထုတ်လွှင့်မှုကိုပါ ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။

ယင်းဆောင်ပုဒ်များ ရုပ်သိမ်းလိုက်ခြင်းနှင့်ပတ်သက်ပြီး စာရေးဆရာတစ်ဦးက "အစိုးရသစ်တက်လာပြီး နောက်သတင်းစာတွေကလည်း ဒီတိုင်းပဲဆိုရင် ပြောင်းလဲမှုမရှိဘူးလို့မြင်ခဲ့ပြောခဲ့တယ်။ ခုတော့ ပြောင်းလဲမှုရှိလာပြီလို့ပြောရတာပေါ့"ဟု ဆောင်ပုဒ်များရုပ်သိမ်းလိုက်ခြင်းနှင့်ပတ်သက်ပြီး ကြိုဆိုစကားဆိုသည်။

သတင်းစာနေ့စဉ်ဖတ်ရှုသူ တစ်ဦးကလည်း "စာမျက်နှာထက်ဝက်လောက်အလကားဖြစ်နေရတာကနေ အခုစာမျက်နှာပိုရသွားတာပေါ့"ဟု ဝမ်းသာစကားဆိုသည်။

ယခုအခါ သတင်းစာများတွင် ဆောင်ပုဒ်များမပါဝင်တော့ဘဲ နိုင်ငံပိုင်ရုပ်မြင်သံကြားတွင်မူ သတင်းမလာမီ တို့တာဝန်အရေးသုံးပါး တစ်မျိုးသာလာတော့သည်ဟု ရုပ်မြင်သံကြားပုံမှန်စောင့်ကြည့်သူတစ်ဦးက ပြောသည်။

## မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့မည်



Photo:AP

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊ ဩဂုတ် - ၂၁**

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ ယနေ့ မြန်မာနိုင်ငံသို့ရောက်ရှိလာကာ ထိုနေ့၌ပင် အစိုးရသစ် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဒေါ်အောင်ဆန်းစုကြည်နှင့်မူ ဩဂုတ်လ ၂၃ရက်တွင် သူမနေအိမ်၌ တွေ့ဆုံမည်ဖြစ်ကြောင်း သူမ၏ ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားသည်။

ဩဂုတ်လ ၂၁ရက်က နေပြည်တော်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်တို့နှင့်တွေ့ဆုံကာ လူ့အခွင့်အရေးတိုးတက်ရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ကြကြောင်း ဩဂုတ်လ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ရေးသားဖော်ပြထားသည်။

နေပြည်တော်ရှိ လွှတ်တော်တာဝန်ရှိသူများနှင့် ဩဂုတ် ၂၃ ရက်နံနက်ပိုင်းတွင် တွေ့ဆုံမည်ဖြစ်သည်။ ဩဂုတ်လ ၂၅ရက် ညနေပိုင်း မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ မီဒီယာများနှင့်လည်း တွေ့ဆုံရန်ရှိကြောင်း သိရသည်။

အစီရင်ခံစာ တင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားသည် မြန်မာနိုင်ငံသို့ ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလကငါးရက်ကြာခရီး လာရောက်ခဲ့ပြီး အကျဉ်းထောင်အချို့ရှိ အကျဉ်းသားများ၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ထားသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံတော်အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီးဒေါ်အောင်ဆန်းစုကြည်နှင့်မူတွေ့ဆုံခွင့်မရခဲ့ဘဲ သူမ၏ပါတီတာဝန်ရှိသူ အချို့နှင့် သာ တွေ့ဆုံခဲ့သည်။

ထိုနှစ်က တွေ့ဆုံမှုများအပြီး လေဆိပ်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ မစ္စတာကွင်တားနားက ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တိုက်တွန်းအကြံပြုပြောဆိုမှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

## ပုဂ္ဂလိက သစ်တော ထူထောင်လိုသူများကို ချေးငွေထုတ်ပေးရန်စီစဉ်နေဟုဆို

**ပြည်သိမ်း၊ သန်းငွေး**

**ရန်ကုန်၊ ဩဂုတ်- ၂၁**

ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ထူထောင်ရန် အမှန်တကယ် ဆန္ဒရှိသူများကို သမဝါယမဘဏ်က သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ ချေးငွေများ ထုတ်ပေးရန်စီစဉ်နေကြောင်း ဧရာဝတီတိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီးဦး စိုးမြင့်ကပြောသည်။

ဧရာဝတီတိုင်းရှိ ပုဂ္ဂလိက သစ်တောကဏ္ဍဖွံ့ဖြိုးလာရန်အတွက် သစ်တောစိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားသူများသာ ချေးငွေရရှိဖို့ထောက်ခံပေးမှာဖြစ်ကြောင်း အာမခံပြသသည့် ငွေကြေးပမာဏအပေါ် မူတည်ပြီး ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ထုတ်ချေးပေးရန်စီစဉ်ထားကြောင်း ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဇော်ဝင်းကပြောသည်။

"ရှိုးမန်းနီးပြမှ အာမခံပေးမှာက မစိုက်ဘဲနဲ့ မြေဦးထားတာမျိုးဖြစ်မှာစိုးလို့ပါ။ အမှန်တကယ်စိုက်မယ်ဆိုရင် ကျွန်တော်တို့က ထောက်ခံပေးမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လက်ရှိဧရာဝတီတိုင်းတွင် ပုဂ္ဂလိကစိုက်ခင်းအများဆုံးမှာ ဖျာပုံမြို့နယ်တွင်သာရှိပြီး စိုက်ပျိုးမြေဧရိယာ ၁,၅၅၅ ဧကရှိကြောင်းနှင့်လပွတ္တာတွင်ဧက၃၀ ကျော်သာရှိကြောင်းလက်ထောက်ညွှန်ကြားရေးမှူးကလည်း ရှင်းပြသည်။

"ကျွန်တော်ကတော့ စိုက်ဧကယူထားတာ ၁၅၅ ဧကပါ။ လောလောဆယ်တော့ ၁၃၅ ဧကစိုက်ထားတယ်။ စိုက်စရိတ်က တစ်ဧကကို ကျပ်တစ်သိန်းခွဲဝန်းကျင်ရှိပါတယ်။ စိုက်ထားတဲ့အပင်တွေကတော့ ဒီရေတောအပင်တွေပါပဲ" ဟု ဖျာပုံမြို့နယ်မှ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဧရာဝတီတိုင်းတွင် ကြိုးဝိုင်းသစ်တော ၃၅ ခု၊ စိုက်ဧက ၁,၇၇၈,၈၅၉ ဒသမ ၈ ဧကရှိသည်။ ဧရာဝတီတိုင်း၏ မြေအကျယ်ဝန်းမှာ ၈,၆၅၆,၅၄၆ ဧကရှိကြောင်းသိရသည်။ ကြိုးဝိုင်းသစ်တောများတွင် အထက်ရွှတ်ပြတ်ရောနှောတော စိုက်ဧကမှာ ၄၈၇,၀၄၄ဧက ရှိပြီး အများဆုံး ဖြစ်သည်။ ဒုတိယအများဆုံးမှာ ဒီရေသစ်တောများဖြစ်ပြီး ၄၇၆,၉၄၉ ဧကရှိကြောင်း စာရင်းဇယားများအရသိရသည်။

## One More အစီအစဉ်ကို ကွန်ရက်ချဲ့ထွင်သွားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ်-၂၁**

လူတစ်ဦးတစ်လလျှင် ငွေကျပ်တစ်ထောင်ထည့်ဝင်လှူဒါန်းမှုဖြင့် လူမှုရေးကူညီမှုများဆောင်ရွက်မည့် One More အစီအစဉ်အား နယ်မြို့များမှ ဒေသခံများပါဝင်နိုင်ရန် ကွန်ရက်ချဲ့ထွင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေးမြို့များသာမက နေပြည်တော် (ပျဉ်းမနား)၊ လားရှိုးနှင့် စင်ကာပူနိုင်ငံမှ စေတနာရှင်များအတွက် ဒေသခံအဆက်အသွယ်များဆောင်ရွက်ထားပြီဖြစ်ကြောင်းဇင်းအစီအစဉ် ဆောင်ရွက်နေသူတစ်ဦးကပြောသည်။

One More အစီအစဉ် စတင်မှုအနေဖြင့် ယခုလနောက်ဆုံးပတ်တနင်္ဂနွေနေ့တွင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်းသို့ သွားရောက်လှူဒါန်းမည်ဖြစ်ပြီး လက်ရှိချိန်ထိ ဇင်းအစီအစဉ်တွင် ပါဝင်လှူဒါန်းသူ ၃၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံရှိ မင်းသားဂျက်လီ၏ One Foundation ကို နမူနာယူဆောင်ရွက်ခဲ့သည့် One More အစီအစဉ်အားပါဝင်လိုသူများအနေဖြင့် onemore.thousand@gmail.com နှင့် ကိုပြည်သွေးနိုင် ဖုန်း-၀၉ ၅၀၇၉၆၇၈ သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။

7DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

# ဒေါ်လာတန်ဖိုးဆက်တိုက်ကျဆင်းနေချိန်တွင် ဝင်ငွေခွန်လျှော့ပေါ့ပေးခြင်းကြောင့် ဒေါ်လာစားများ အသက်ရှူချောင်

**ဇာဇာနီ**

**ရန်ကုန်၊ ဩဂုတ်-၁၉**

နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းနေချိန်တွင် အစိုးရသို့ လစဉ်ပေးဆောင်ရသော ဝင်ငွေခွန်ဆယ်ရာခိုင်နှုန်းကို နှစ်ရာခိုင်နှုန်းသို့ လျှော့ချပေးလိုက်သည့်အတွက် ပြည်တွင်းနှင့်ပြည်ပနိုင်ငံများတွင် နိုင်ငံခြားငွေလခစားဝန်ထမ်းများနှင့် ပုဂ္ဂလိက လက်ခစား လုပ်ငန်း(စီအမ်ပီ)ဖြင့် လုပ်ကိုင်နေသူများအသက် ရှူချောင်သွားရကြောင်း နိုင်ငံခြားငွေ လခစားဝန်ထမ်းများက ကြိုဆိုပြောကြားသည်။

"နိုင်ငံခြားငွေနဲ့ အခွန်ထမ်းနေတဲ့ သင်္ဘောသား၊ ပြည်ပနိုင်ငံမှာအလုပ်သွားလုပ်နေတဲ့သူတွေ၊ ပြည်တွင်းမှာရှိတဲ့ အင်န်ဂျီအိုနဲ့ အခြားနိုင်ငံခြားငွေရတဲ့ ဝန်ထမ်းတွေ အကုန်ပါတယ်။ အခုလို လျှော့ပေါ့သတ်မှတ်ပေးတော့ တစ်ဦးချင်း ဝင်ငွေတိုးလာပေမယ့် နိုင်ငံတော်အနေနဲ့ကတော့ လူတစ်ဦးချင်းစီရဲ့ ရှစ်ရာခိုင်နှုန်းသောအခွန်ငွေလျော့ကျလာတယ်" ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ဩဂုတ်၁၉ရက်တွင်ပြောသည်။

ဝင်ငွေခွန်နှင့်ပတ်သက်၍ အမိန့်ကြော်ငြာစာကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၁၅၇/၂၀၁၁ ဖြင့် ယနေ့ထုတ် အစိုးရသတင်းစာများတွင် ထုတ်ပြန်ထားပြီး ၎င်းအမိန့်အရ နှစ်ရာခိုင်နှုန်း ဝင်ငွေခွန်ပေးဆောင်ရမည့် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်မှ လာမည့် ၂၀၁၂ ဖေဖော်ဝါရီ ၁၈ ရက်အထိ ခြောက်လသာ အကျိုးသက်ရောက်စေမည်ဟုပါရှိသည်။

အခွန်ပေးဆောင်ရသည့်နှုန်းကို လျှော့ချလိုက်သည့်အတွက် မိသားစုဝင်ငွေတိုးလာရကြောင်း ပုဂ္ဂလိက ကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသူ အမျိုးသားဝန်ထမ်းတစ်ဦးက "အရင်က ဒေါ်လာတစ်ရာကို တစ်ဆယ်အခွန်ပေးနေရတယ်။ အခုတော့ ဒေါ်လာတစ်ရာမှာ နှစ်ကျပ်ပဲ ပေးရတော့မှာဖြစ်လို့ ကိုယ့်အတွက် အများကြီးသက်သာသွားတာပေါ့" ဟု ပြောသည်။

ထို့အပြင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်တွင် လုပ်ကိုင်နေသော အမျိုးသားဝန်ထမ်းတစ်ဦးက "ခုထက်ထိ ရုံးမှာ ဘယ်လိုဆောင်ရမယ်လို့ မပြောသေးပေမယ့် ဒေါ်လာဈေးတွေ အရမ်းကျနေတဲ့အချိန် ခုလိုနှစ်ရာခိုင်နှုန်းပဲ ဆောင်ရတော့မယ်ကြားလို့ ဒေါ်လာစားတွေ အနေနဲ့ အသက်ရှူချောင်လာတယ်" ဟု ပြောသည်။

ထို့အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁၅၆/၂၀၁၁ ဖြင့် ပုဂ္ဂလိကလုပ်ငန်း၌ စီအမ်ပီစနစ်ဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေရရှိမှုအပေါ် ပေးဆောင်ရသည့် ဝင်ငွေခွန်ဆယ်ရာခိုင်နှုန်းအစား နှစ်ရာခိုင်နှုန်းသို့ လျှော့ပေါ့ပေးလိုက်သည်ဟု သိရှိရသည်။

စီအမ်ပီလုပ်ငန်းများအနေဖြင့် အခွန်နှုန်းလျှော့ပေါ့ပေးလိုက်သည့်အတွက် နိုင်ငံခြားကုန်သွယ်မှုဘက်သို့ နိုင်ငံခြားမှ တရားဝင်ငွေလွှဲရာတွင် ဒေါ်လာတစ်ရာလျှင်ယခုအခါနှစ်ဒေါ်လာသာပေးသွင်းရတော့မည်ဖြစ်သည်။ ပြည်တွင်းသို့ နိုင်ငံခြားငွေများ များစွာဝင်ရောက်လာနိုင်ကြောင်း၊ ဆက်လက်၍ ဒေါ်လာဈေးနှုန်းများကျဆင်းဖွယ်ရှိသည်ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။

"ယခင် အစိုးရလက်ထက်ကတော့ Import Earning မပေးဘူး။ အခုတော့ စီအမ်ပီလုပ်ငန်းတွေအနေနဲ့ Import လိုင်စင်ကို စီးပွားကူးသန်းမှာ လျှောက်လို့ရလာပြီဖြစ်တဲ့အတွက် အခွင့်အလမ်းတွေရလာတော့မယ်" ဟု အထက်ပါပုဂ္ဂိုလ်က 7Day News သို့ပြောသည်။


ရန်ကုန်မြို့လယ်ရှိ နိုင်ငံခြားငွေတရားဝင်လက်ခံနိုင်သော မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်ကိုတွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)




# ကားထုတ်လုပ်မှုမှ မသမာမှုများကြောင့် အရှက်ရမိကြောင်း ပြည်ထောင်စုဝန်ကြီးဆို

**နေလင်းအောင်**

**ရန်ကုန်၊ ဩဂုတ် - ၂၀**

ပြည်တွင်း၌ဖြစ်ပေါ်လျက်ရှိသော ကားထုတ်လုပ်ရေးလုပ်ငန်းများတွင် မရိုးသားသောလုပ်ဆောင်ချက်များဖြစ်ပေါ်လျက်ရှိရာ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အရှက်ရမိကြောင်း အမှတ်(၁)နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ယခုလ ၁၆ ရက်က မီဒီယာများနှင့်တွေ့ဆုံရာတွင် ပြောကြားသွားခဲ့သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျွန်တော်တို့က စက်မှုတိုးတက်အောင်လုပ်သော်လည်းပဲ ယာဉ်ထုတ်လုပ်မှုတွေကောင်းအောင်၊ လူတွေအလုပ်အကိုင်ရအောင်လုပ်သော်လည်းပဲ၊ ဗာဒံပင်အောက်ကနေထိုင်ပြီး ကားထုတ်တဲ့အခြေအနေတွေကို ကျွန်တော်တို့အနေနဲ့ရှက်တာပေါ့ဗျာ။ ဝန်ကြီးဌာနအနေနဲ့ အရှက်ရပါတယ်" ဟု ပြည်တွင်းကားထုတ်လုပ်သူအချို့ အလွယ်လမ်းလိုက်နေကြမှုများနှင့်ဆက်စပ်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကပြောကြားသည်။

လက်ရှိဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်ကာလစတင်စဉ်ကတည်းက မှောင်ခိုတင်သွင်းမှုများပြားလာသည်ကို ကြုံတွေ့ခဲ့ရပြီးထိုနည်းလမ်းမျိုးစုံ အသုံးချနေသည်ကို တွေ့ရှိရကြောင်းသိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ဒီလိုချည်းပဲ ဂျစ်ကားချည်းပဲထုတ်ရမယ့်အစား တိုးတက်တာလေးထုတ်လုပ်စမ်းပါဆိုတဲ့ အချိန်မှာ ယိုးဒယားဘက်ကနေ နည်းမျိုးစုံနဲ့ တောလမ်းကနေလာနေကြတာကတစ်ချက်၊ နားမဆံ့အောင်ကြားနေရတဲ့ ဖမ်းမိတာတွေလည်းရှိတယ်။ မဖမ်းမိတာတွေလည်း အများကြီးနေမှာပေါ့" ဟု လက်ရှိအခြေအနေများနှင့်ပတ်သက်၍ ဆိပ်ကမ်းမှမှောင်ခိုတင်သွင်းလာမှုများကိုပါ ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011



# ခန့်မှန်းရခက်သော ရွှေဈေးကြောင့် အရောင်းအဝယ်ခက်

သိမ့်သိမ့်စိုး

ဈေးခန့်မှန်းရ ခက်နေခဲ့သောကြောင့် ဈေးဖွင့်ရန်ပင် အခက်ခဲဆုံးနှစ်တစ်နှစ်ကိုကြုံတွေ့နေရပြီဖြစ်ကြောင်းလုပ်သက်ရင့်ရွှေလုပ်ငန်းရှင်များကပြောသည်။

လက်ရှိအရောင်းအဝယ်ပြုလုပ်နေသော ရွှေဈေးသည် ရွှေလုပ်ငန်းရှင်များအသင်းရုံးတွင် နေ့လယ်၁၁နာရီခွဲချိန်၌စတင်ဖွင့်လှစ်သော ဈေးနှုန်းပေါ်တွင်မူတည်ကာ ပေါက်ဈေးဖြစ်လေ့ရှိသည်။

ထို့ကြောင့် ရွှေဆိုင်များတွင် အဆိုပါဈေးမဖွင့်မီဖွင့်လှစ်ရောင်းချရသော ဈေးနှုန်းမှာ ခက်မှန်းရခက်၍ ဈေးဖွင့်ရန်ပင် အခက်အခဲဖြစ်နေခဲ့ရကြောင်းရွှေလုပ်ငန်းရှင်များက ပြောသည်။

"အဲလိုတစ်ခါမှ မဖြစ်ဖူးဘူး။ ကမ္ဘာ့ဈေးက ဒေါ်လာ ၂၀၀ လောက်ပြောင်းတဲ့အခါလည်းရှိတော့ဈေးမဖွင့်ရဲဘူး။ ဈေးဖွင့်ရခက်တော့ လုပ်ရကိုင်ရခက်ခဲတဲ့နှစ်ပဲ" ဟုရန်ကုန်နှင့်မန္တလေးဈေးကွက်နှစ်ခုစလုံးတွင်ပါ အရောင်းအဝယ်လုပ်နေသော လုပ်သက်ရင့်ရွှေလုပ်ငန်းရှင် ဦးအောင်က ပြောသည်။

ရွှေဆိုင်များတွင် နံနက်ပိုင်းဈေးဖွင့်ရန် အခက်အခဲကြောင့် ရွှေအရောင်းအဝယ် ပြုလုပ်ချိန်လျော့နည်းသွားရကြောင်း သိရသည်။

"တစ်ခါတလေ ငွေထုပ်ဆွဲပြီး ပမာဏအများကြီး ဝယ်ချင်တဲ့သူတွေဆိုရင် ဈေးဖွင့်လိုက်လို့ ဖောက်သည်တွေ အရှုံးများတာ၊ ဆိုင်အနေနဲ့ အထိနာတာတွေဖြစ်မှာစိုးလို့ ပြန်လွှတ်ရတာတွေရှိတယ်။ ဖောက်သည်နဲ့ ပြောပြီးဈေးအဆင်ပြေလို့ ဝယ်ချင်ရင်တော့ရောင်းရတာတွေလည်း ရှိတယ်" ဟုရွှေအပိုင်းဈေးကွက် နံနက်ပိုင်းအရောင်းအဝယ်ဈေးဖွင့်ရန် ခက်ခဲပုံကို ရွှေဆိုင်လုပ်ငန်းတာဝန်ခံတစ်ဦးက ပြောသည်။

ပုံမှန်အားဖြင့် ရွှေဈေးနှုန်းကိုယခင်နေ့နောက်ဆုံး ပိတ်ခဲ့သောရွှေဈေးနှင့် ကျပ် ၂၀၀၀ မှ ကျပ် ၃၀၀၀ ဝန်းကျင်သာ ဈေးနှုန်းကွာဟကာ နောက်တစ်နေ့ နံနက်ဈေးကို ဖွင့်လေ့ရှိကြောင်းသိရသည်။ သို့သော် ယခုနှစ်တွင် ကျပ် ၂၀,၀၀၀ ကျော်ထိပင် ဈေးဟ၍ ဖွင့်ရမှုများပင်ရှိကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ယခုကဲ့သို့ ရွှေဈေးနှုန်းဖွင့်ရန်ခက်ခဲရခြင်းသည် အဓိကအားဖြင့်ယခုနှစ် ကမ္ဘာ့ရွှေဈေး၏ အတက်အကျ ပြောင်းလဲမှုများခြင်းကြောင့်ဖြစ်ပြီး ပြည်တွင်းမှ အမေရိကန်ငွေလဲလှယ်နှုန်း မငြိမ်ခြင်းမှာလည်း ရွှေဈေးပေါ်တွင် အကျိုးသက်ရောက်မှု ဖြစ်စေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ယခုကဲ့သို့ ရွှေဈေးနှုန်းဖွင့်ရန်ခက်ခဲရခြင်းသည် အဓိကအားဖြင့်ယခုနှစ် ကမ္ဘာ့ရွှေဈေး၏ အတက်အကျပြောင်းလဲမှုများခြင်းကြောင့်ဖြစ်ပြီး ပြည်တွင်းမှ အမေရိကန်ငွေလဲလှယ်နှုန်း မငြိမ်ခြင်းမှာလည်း ရွှေဈေးပေါ်တွင် အကျိုးသက်ရောက်မှုဖြစ်စေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် ယခု ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တစ်အောင်စလျှင် ၁၄၀၀ ဒေါ်လာဝန်းကျင်သာရှိခဲ့ပြီး ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၂,၀၀၀ ကျပ်ရှိခဲ့သည်။ ယင်းအချိန်တွင် အမေရိကန်ငွေလဲနှုန်းမှာ တစ်ယူနစ်လျှင် ၈၅၂ ကျပ်ဈေးပေါက်ခဲ့သည်။

ယခုနှစ်တွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ နှစ်ဆန်းပိုင်းမှ ဧပြီလလယ်ထိတစ်အောင်စလျှင် ၁၃၉၀ ဒေါ်လာနှင့် ၁၄၀၀ ဒေါ်လာစွန်းစွန်းတွင်လည်ပတ်ခဲ့ပြီး ဧပြီလကုန်မှသာ ၁၅၀၀ ဒေါ်လာကျော်ထိမြင့်တက်လာခဲ့သည်။ ယင်းကာလထိပြည်တွင်းရွှေဈေးနှုန်းမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၃,၀၀၀ ကျပ်မှာ အမြင့်ဆုံးဈေးဖြစ်ခဲ့သည်။

သို့သော် ယခုနောက်ပိုင်းတွင်ဇူလိုင်လမှစ၍ ကမ္ဘာ့ရွှေဈေးကွက်သည် အတက်အကျကြမ်းခဲ့၍ တစ်အောင်စလျှင် ၁၇၅၀ ဒေါ်လာနှင့် ၁၈၀၀ ဒေါ်လာကြားတွင်သာလည်ပတ်နေခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၉၉,၀၀၀ ကျပ်ထိ ဈေးနှုန်းများမြင့်တက်ခဲ့သည်။

"ကမ္ဘာ့ရွှေဈေးက ဒီနှစ်မှာ သက်တမ်းတစ်လျှောက်မှာ အမြင့်ဆုံးစံချိန်တင် ဈေးနဲ့ ဆင့်ကဲဆင့်ကဲမြင့်တက်ခဲ့လို့ ပြည်တွင်းဈေးတွေလည်း မြင့်လာတာ။ ဒီအချိန်မှာနိုင်ငံခြားငွေဈေးနှုန်းက အေးနေလို့ ဈေးက ခုနစ်သိန်းနီးပါပဲရှိတာ။ ဒေါ်လာဈေးကောင်းနေခဲ့ရင်တော့ ဒီကာလက ခုနစ်သိန်းတော်တော်ကျော်သွားနိုင်တယ်" ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းများအသင်းမှ အတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။

သို့သော် ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးတက်သလောက်မြင့်တက်ခြင်းမရှိဘဲ တစ်လျှောက်လုံးတွင် ဈေးအနိမ့်ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

ပုံမှန်အားဖြင့် လက်ရှိကမ္ဘာ့ဈေးအတက်အကျသည် ရွှေအရောင်းအဝယ်ပြုလုပ်သူများ အလုပ်ဖြစ်သော ကာလဖြစ်သော်လည်း ယခုနှစ်တွင် ရွှေလုပ်ငန်းရှင်များအသင်းမှ လေပတ်ကားမလုပ်ရန် တားမြစ်ထားသောကြောင့်ဈေးကွက်ကောင်းသော်လည်းဝယ်ရောင်းသမားများ အလုပ်မဖြစ်ခဲ့ကြောင်း ရွှေဘုံသာလမ်း ရွှေဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်တစ်ဦးကပြောသည်။

"ဒီအချိန်က ဝယ်ရောင်းလုပ်လို့ကောင်းတဲ့အချိန်ပေါ့။ ဒါပေမဲ့ တစ်ယောက်က အများကြီးမြတ်ရင်၊ တခြားတစ်ယောက်က အများကြီးရှုံးနိုင်တယ်။ ဒီအချိန်မှာ သာလေပတ်ကားလုပ်လို့ရရင် အများကြီးပြဿနာဖြစ်နိုင်တယ်" ဟု ရွှေကုန်သည်တစ်ဦးက ဈေးကွက်သဘာဝကို ရှင်းပြသည်။

ထို့ကြောင့် အရောင်းအဝယ်ဈေးနှုန်းကို ကြပ်မတ်ထားခြင်း မရှိပါက ရွှေဈေးနှုန်းမှာ လက်ရှိအမြင့်ဆုံးဈေးထက်များစွာမြင့်တက်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"မြန်မာငွေဈေးက မာနေလို့ ကမ္ဘာ့ရွှေဈေးတက်သလောက် မတက်တာ။ ပုံမှန်ဆို လက်ရှိပေါက်ဈေးထက် အများကြီးဖြစ်နေနိုင်တယ်။ ကျပ်ရှစ်သိန်း၊ ကိုးသိန်းထိရှိနိုင်တယ်" ဟုဦးဝင်းမြင့်ကပြောသည်။

ကမ္ဘာ့ရွှေဈေးသည် ဂရိနိုင်ငံမှစသော ငွေကြေးပြဿနာက ဥရောပနိုင်ငံများသို့ပါ သက်ရောက်စေကာ ကမ္ဘာ့ရွှေဈေးသည် စံချိန်တင်ဈေးဖြင့် ဆင့်ကဲဆင့်ကဲမြင့်တက်လာခဲ့ခြင်း ဖြစ်သည်ဟု ၎င်း ကပြောသည်။

ထို့ပြင် လတ်တလော ရွှေဈေးနှုန်းသည် အရှေ့အလယ်ပိုင်းဒေသပြဿနာများနှင့် အမေရိကန်တို့၏ စီးပွားရေးကြွေးမြီပြဿနာများ၊ အင်္ဂလန်နှင့် အမေရိကန်တို့တွင်ဖြစ်သော အကြမ်းဖက်မှုများက ကမ္ဘာ့ရွှေဈေးကို အကျိုးသက်ရောက်စေခဲ့ကြောင်း ဦးဝင်းမြင့်က ဆက်လက်ပြောသည်။

ကမ္ဘာ့ရွှေဈေးသည် ယခုနှစ်ဆန်းတွင် တစ်အောင်စလျှင် ၁၄၀၀ ဒေါ်လာ စွန်းစွန်းမှ ယခုနှစ်လယ်ပိုင်းတွင် ၁၈၀၀ ဒေါ်လာကျော်ထိရှိလာ၍ တစ်အောင်စပေါ်တွင် ဒေါ်လာ ၄၀၀ ဝန်းကျင်မြင့်တက်လာခဲ့သည်။

စာ(၃၀)သို့



7 DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# ပြည်တွင်းထုတ်လျှပ်စစ်ကား ဈေးကွက်တင်ရန် စီစဉ်နေဟုဆို

မေဝင်းမွန်

**ရန်ကုန်၊ ဩဂုတ် – ၁၇**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လျှပ်စစ်စွမ်းအင်တစ်မျိုးတည်းကိုသာ အသုံးပြုမောင်းနှင်နိုင်မည့် လျှပ်စစ်မော်တော်ကား(Electric Vehicle)များကို စမ်းသပ်မောင်းနှင်မှုအောင်မြင်သဖြင့် ဈေးကွက်တွင်းထုတ်လုပ်ရောင်းချနိုင်ရန်ဆောင်ရွက်ထားကြောင်း UD Group မော်တော်ယာဉ် ထုတ်လုပ်ရေးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။



လျှပ်စစ်စွမ်းအင်အသုံးပြု မော်တော်ယာဉ်များအဖြစ် ဘာဂီယာဉ်၊ ၁ တန်ထရပ်ကားနှင့် ၆ ယောက်စီး ဝက်ဂွန်ကားများကို စမ်းသပ်ထုတ်လုပ်မောင်းနှင်ပြီဖြစ်သည်ဟုသိရသည်။ ယာဉ်ကိုယ်ထည်နှင့်လျှပ်စစ်ဆိုင်ရာနည်းပညာများကို တရုတ်နှင့် အမေရိကန်နိုင်ငံတို့မှရယူပြီး အားအပြည့်ဖြည့်သွင်းထားပါက ကီလိုမီတာ ၁၀၀ (မိုင် ၆၀) မောင်းနှင်နိုင်သည်ဟုဆိုသည်။

လျှပ်စစ်မော်တော်ကားကို အိမ်သုံးလျှပ်စစ်ဗို့အား ၂၂၀ ဖြင့် ပလပ်ထိုးကာအားသွင်းနိုင်ပြီး အားပြည့်ရန် ၆ နာရီမှ ၈ နာရီကြာအထိ အားသွင်းရမည်ဟု သိရသည်။

လျှပ်စစ်မော်တော်ကားသည် ဆူညံသံမရှိခြင်း၊ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အပူထုတ်လွှတ်မှုမရှိခြင်း၊ လောင်စာဆီသုံးစွဲရန်မလိုခြင်း၊ အင်ဂျင်သုံးစက်ဆီ၊ ချောဆီအသုံးမပြုရခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းစသည့် အားသာချက်များရှိပြီး ယာဉ်တစ်စီးလျှင် တန်ဖိုးကျပ်သိန်း ၈၀ ခန့်ရှိနိုင်မည်ဟု သိရသည်။ "လျှပ်စစ်ကားတွေထုတ်လုပ်ရောင်းချနိုင်ခွင့်ကိုသက်ဆိုင်ရာမှာ တင်ထားပြီးပါပြီ။ ခွင့်ပြုချက်ရပြီဆိုတော့မှ ဈေးကွက်ဖြန့်နိုင်ဖို့ဆောင်ရွက်ရမှာပါ" ဟု UD Group မော်တော်ယာဉ်မှ တာဝန်ရှိသူကဆိုသည်။

## အိန္ဒိယရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ မြန်မာဈေးကွက်ချဲ့ထွင်

ယုဇနကိုကို

**ရန်ကုန်၊ဩဂုတ်-၁၈**

အိန္ဒိယနိုင်ငံ၏ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီကြီး တစ်ခုဖြစ်သည့် Eros ကုမ္ပဏီအနေဖြင့် မြန်မာအပါအဝင် အခြားနိုင်ငံ နှစ်နိုင်ငံတွင် ၄င်းတို့၏ ဘောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများကို ဈေးကွက်ထိုးဖောက်ခြင်းပြုလုပ်တော့မည်ဖြစ်ကြောင်း အင်တာနက်သတင်းများတွင်ဖော်ပြထားသည်။

ထိုကဲ့သို့ ဘောလိဝုဒ်ရုပ်ရှင်ကားများကို ဈေးကွက်ထိုးဖောက်မှုပြုလုပ်ရန်အတွက် ချုပ်ဆိုခဲ့သည့် သဘောတူညီချက်တွင် မြန်မာနိုင်ငံ၏ရုပ်သံထုတ်လွှင့်မှု ကုမ္ပဏီတစ်ခုနှင့်အိန္ဒိယရုပ်ရှင်ကားတစ်ရာကိုပြသခွင့်ကို ချုပ်ဆိုခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။ Eros အင်တာတိန်းမန့်အနေဖြင့် ပြည်တွင်း၏ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းတွင် ရှေ့ဆုံးမှဦးဆောင်ခဲ့သည့်ကုမ္ပဏီဖြစ်သော Family Entertainment နှင့် သဘောတူညီခဲ့ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

ထို့အပြင် Eros ရုပ်ရှင် ထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ရုပ်သံလိုင်းတစ်ခုတွင် ၄င်းတို့၏ ရုပ်ရှင်ဇာတ်လမ်းများကို ပြသရန်ဆောင်ရွက်ခဲ့ခြင်းသည်ပထမဆုံးအကြိမ် ဈေးကွက်ထိုးဖောက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် တစ်ပြိုင်တည်း အဆိုပါအိန္ဒိယရုပ်ရှင်ဇာတ်လမ်းတွဲများ ဈေးကွက်ထိုးဖောက်ခြင်း လုပ်ငန်းကို ရိုမေးနီးယားနိုင်ငံတွင်လည်း ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြည်တွင်း၏ ရုပ်သံလိုင်းတစ်ခုတွင် ထုတ်လွှင့်ပြသသွားမည့် Eros အင်တာတိန်းမန့်ကုမ္ပဏီ၏ ဇာတ်လမ်းများမှာ ဘောလိဝုဒ်၏ ကမ္ဘာကျော်သရုပ်ဆောင်များစွာပါဝင်ထားသည့် ဇာတ်လမ်းများ ဖြစ်သည်။

## စာ-၂၉၊ ခန့်မှန်းရခက်သော ရွှေဈေးကြောင့် အရောင်းအဝယ်ခက် မှ

ထို့ကြောင့် မြန်မာ့ရွှေဈေးနှုန်းသည်လည်း နှစ်ဆန်းပိုင်းကာလဈေးနှင့်ယှဉ်လျှင် အခေါက်ရွှေတစ်ကျပ်သားပေါ်တွင် ကျပ် ၆၀,၀၀၀ ကျော်ထိ ဈေးနှုန်းမြင့်တက်ခဲ့သည်။

ရွှေဈေးနှုန်းသည်တစ်လျှောက်လုံးတွင် တက်ဈေးဖြစ်ပေါ်ခဲ့သောကြောင့် ရွှေလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုလုပ်သူ အတော်များများ အမြတ်ရရှိခဲ့သော နှစ်တစ်နှစ်လည်းဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"တစ်နှစ်လုံး ခြုံကြည့်ရင်တော့ ရင်းနှီးမြှုပ်နှံခဲ့တဲ့သူတွေ ကိုက်တဲ့နှစ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ ဒီကာလက ဝယ်စုလို့ကောင်းတဲ့အချိန်တော့ မဟုတ်တော့ဘူး။ ဈေးက အမြင့်ပိုင်းရောက်နေပြီဆိုတော့ ဝယ်ရောင်းလုပ်ရင်တော့ မပြောတတ်ဘူး" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြော သည်။

ယခုနောက်ပိုင်း ဈေးနှုန်းမြင့်တက်မှုကြောင့် ရွှေဆိုင်များ၏ ဈေးကွက်ဝယ်လိုအားသည် ပုံမှန်နှစ်များထက်စာလျှင် ၃၀ ရာခိုင်နှုန်းဝန်းကျင်ထိ ကျဆင်းခဲ့ကြောင်း သိရသည်။ ယခုနှစ်သည်ပြန်ရောင်းအားကောင်းသော နှစ်တစ်နှစ်ဖြစ်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးနှုန်း စံချိန်တင်မြင့်တက်ပြီး ရွှေထွက်နည်းသောကာလဖြစ်သော်လည်း ပြည်တွင်းရွှေဈေးမှာ အတက်နည်းနေသေးကြောင်း ဝါရင့်ရွှေလုပ်ငန်းရှင်က ပြောသည်။

ကမ္ဘာ့ရွှေပေါက်ဈေးနှင့် မြန်မာ့ရွှေဈေးကို တိုက်ရိုက်ချိတ်ဆက်ပါက ပြည်တွင်းဈေးနှုန်းယခုထက်များစွာမြင့်တက်နိုင်ကြောင်း လုပ်ငန်းရှင်အများစုက သုံးသပ်သည်။ လက်ရှိတွင် အမေရိကန်ငွေဈေးများကျဆင်းကာ မြန်မာကျပ်ငွေမာနေခြင်းကြောင့် ဈေးတက်သင့်သလောက်မတက်နိုင်ဘဲ ရှိနေခဲ့ခြင်းဖြစ်သည်ဟု လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးအတက်အကျမှာ ခန့်မှန်းရခက်သော အနေအထားတွင်ရှိနေကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

လက်ရှိဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်နေလိုသူများသည် ဈေးကွက်စောင့်ကြည့်၍ ဝယ်ရောင်းလုပ်နိုင်မှသာ အဆင်ပြေနိုင်ပြီး ပုံမှန်အားဖြင့် ဝယ်ထားသူများသည်လက်ရှိကျပ်ခုနစ်သိန်းနီးပါးဈေးမှာ ပြန်ထုတ်သင့်သည့် ဈေးဖြစ်သည်။

နီလာ

Gandamar Whole Sale


7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011




CHICKEN SOUP

# ကျောင်းဆရာနှလုံးသား

■ အိန်ဂျယ်လင်း ■



သူက ကျွန်တော် ပထမဦးဆုံးသင်ရတဲ့ သုံးတန်းကျောင်းသား ၃၄ ယောက်ထဲကတစ်ယောက်ပါ။ ကလေးတွေအားလုံးက ကျွန်တော့်ကိုချစ်ကြောက်ရိုသေကြတယ်။ ဒါပေမဲ့ သူတို့အထဲမှာ တစ်ယောက်ကတော့ စုန်းပြူးဖြစ်နေတယ်။ တစ်သန်းမှာတစ်ယောက်လောက်ပဲပါတဲ့ ကလေးဆန်းမျိုးပေါ့။ သူကကြည့်လိုက်ရင်အမြဲတမ်းသပ်သပ်ရပ်ရပ်နေတတ်တယ်။ တစ်ခါတလေသူတပါးကိုမခံမရပ်နိုင်ဖြစ်အောင်စနောက်တတ်ပေမယ့် သူ့ရဲ့ ပျော်ပျော်နေတတ်တဲ့ အခြေခံသဘာဝကြောင့် သူစတာနောက်တာကို လူတွေက အလွယ်တကူခွင့်လွှတ်တတ်ကြပါတယ်။ သူ့နာမည်က မက်တဲ့။

မက်ဟာ တက်ကြွလွန်းနေတော့ သူစကားပြောလို့ရှိရင် ဘယ်တော့မှ မဆုံးတော့ဘူး။ ဒီတော့ ဆရာလုပ်တဲ့ ကျွန်တော်က စာသင်နေတုန်းမှာ ဆရာကခွင့်မပြုဘဲနဲ့ စကားပြောနေတာဟာ လက်ခံလို့ရတဲ့ အပြုအမူမဟုတ်ဘူးလို့ မကြာခဏသတိပေးနေရတယ်။ ဒါပေမဲ့ ကျွန်တော် သူ့ကို အသိအမှတ်ပြုရတာက သူ့ရဲ့ ရိုးဖြောင့်မှုပဲ။ သူက သူ့အမှားကို အမြဲပဲဝန်ခံတယ်။ 'ကျွန်တော့်အမှားကိုထောက်ပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဆရာ' လို့လည်း အမြဲပြောတတ်တယ်။ လိမ္မာပါတယ်ဆိုတဲ့ကလေးတွေတောင် သူတို့အမှားကို ဆရာလုပ်သူကထောက်ပြရင် အလွယ်တကူဝန်ခံချင်ကြတာမျိုးမတွေ့ရဘူး။ ပထမအကြိမ်တွေမှာ ကျွန်တော်သူ့ကိုဆူလိုက်တိုင်း သူ့ဆီကနေ အခုလိုကျေးဇူးတင်ကြောင်းပြန်ပြောတာကြားတော့ ကျွန်တော်ဘာလုပ်ရမှန်းမသိဘူးဖြစ်သွားတာပေါ့။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ တစ်နေ့တစ်နေ့သူ့ဆီကနေဒီလိုတောင်းပန်တာမျိုး အကြိမ်ကြိမ်ကြားနေရတော့ ရိုးသွားခဲ့တယ်။

ဒီလိုနဲ့ တစ်ရက်မှာတော့ သူနဲ့ပတ်သက်ပြီး ကျွန်တော်ရဲ့သည်းခံစိတ်တွေကလည်းတဖြည်းဖြည်း ပါးလျားလာတဲ့ အချိန်မှာ သူက အစဉ်အလာမပျက်ဘဲ စာသင်ချိန်မှာ စကားတွေပြောနေပြန်တယ်။ ဒီတော့ကျွန်တော်လည်းဒေါသထွက်ပြီး သူ့ကို မျက်နှာထားနဲ့ကြည့်ကာ "အေး၊ နောက်တစ်ခါမင်းပါးစပ်က စကားတစ်ခွန်းထွက်ရဲ ထွက်ကြည့်၊ မင်းပါးစပ်ကို ငါတိပ်နဲ့ ကပ်ထားမယ်" လို့ပြောလိုက်မိတယ်။ ဒါဟာ အတွေ့အကြုံနုသေးတဲ့မူလတန်းကျောင်းဆရာ တစ်ယောက်ကျူးလွန်မိတဲ့ အမှားတစ်ခုဖြစ်သွားခဲ့တယ်။

ဒီလိုပြောဆိုပြီး စာဆက်သင်နေတုန်း သိပ်မကြာပါဘူး၊ ကလေးတစ်ယောက်က "ဆရာ၊ မက်စကားပြောနေပြန်ပြီ" လို့ကျွန်တော့်ကိုလှမ်းတိုင်တယ်။ တကယ်တော့ မက်စကားပြောရင် ငါ့ကိုတိုင်လို့ တခြားကလေးတွေကို ခိုင်းထားတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အားလုံးရှေ့မှာ သူ့ကိုအရေးယူမယ်လို့ပြောထားပြီးသားဆိုတော့ ပြောတဲ့အတိုင်းလုပ်ရတော့မှာပေ့ါ။ ဒါကို ရှောင်လွှဲလိုက်ရင် ဒီကလေးတွေကို နောက်ပိုင်းမှာ ကျွန်တော် ဘယ်လို အုပ်ချုပ်တော့မလဲ။ အဲဒီတုန်းက မြင်ကွင်းတွေဟာ ဒီကနေ့နံနက်မှာပဲဖြစ်ပျက်ခဲ့သလိုမျိုး ကျွန်တော့်အာရုံထဲမှာမြင်ယောင်နေတုန်းပါပဲ။ ကျွန်တော်စားပွဲကို လျှောက်သွားလိုက်တယ်။ ပြီးတော့အံဆွဲကိုဆွဲဖွင့်တယ်။ အံဆွဲထဲမှာ စက္ကူတိပ်အပြားကြီးတစ်ခွေရှိတယ်။ အဲဒါကိုဆွဲထုတ်လိုက်တယ်။ စကားတစ်ခွန်းမှ ကျွန်တော်မပြောဘဲနဲ့ မက်ရဲ့ စားပွဲဆီ ကျွန်တော်သွားတယ်။ ပြီးတော့ တိပ်အစကြီးနှစ်စကို ဖြတ်ပြီး သူ့ပါးစပ်မှာကြက်ခြေခတ်အကြီးကြီးပုံစံနဲ့ ကန့်လန့်ဖြတ်ပိတ်ပြီးကပ်လိုက်တယ်။ ပြီးတော့ စာသင်ခန်းရှေ့က ကျွန်တော့်နေရာကို ပြန်လာခဲ့တယ်။ မက်တစ်ယောက် ဘယ်နှယ့်ရှိစဆိုပြီး ကျွန်တော် တစ်ချက်ကြည့်လိုက်တယ်။ သူက ပါးစပ်မှာ တိပ်ကြီးကပ်ထားတဲ့ကြားက ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြတယ်လေ။ ကဲ ကျွန်တော်ပြောတာ မလွန်ဘူးဆိုတာ တွေ့ပြီမဟုတ်လား။ ကျွန်တော်လည်း ရယ်ချင်စိတ်ကို ဘယ်လိုမှ မချုပ်တည်းနိုင်တော့လို့ တဟားဟားရယ်လိုက်မိတယ်။ တစ်ခန်းလုံးက ကလေးတွေအားလုံးလည်း ဇာတ်တိုက်ထားသလိုအားရပါးရရယ်ကြတယ်လေ။ ကျွန်တော် မက်ရဲ့ စားပွဲကိုသွားပြီး သူ့ပါးစပ်မှာကြက်ခြေခတ်တပ်ထားတဲ့ ပလာစတာကြီးကို ဖြုတ်ပေးလိုက်တယ်။ သူစကားပြောလို့ရတာနဲ့ ပထမဦးဆုံး ပြောတဲ့စကားက "ဆရာကျွန်တော့် အမှားကို ပြင်ပေးတာ ကျေးဇူးတင်ပါတယ်" တဲ့။

အဲဒီနှစ်ကုန်မှာ ကျောင်းက ကျွန်တော့်ကို အလယ်တန်းမှာ သင်္ချာပြောင်းသင်ခိုင်းတယ်။ နှစ်တွေဟာ ခဏကလေးနဲ့ ကုန်သွားခဲ့တယ်။ ကျွန်တော့်သင်နေတဲ့ အလယ်တန်းကို ကျွန်တော်တောင်သတိမထားမိခင်မှာ မက်တစ်ယောက် ရောက်လာပြန်တယ်။ ကျွန်တော်တို့စတွေ့တဲ့ သုံးတန်းကျောင်းသားဘဝကထက်အများကြီးလူလားမြောက်လာခဲ့တယ်။ သူ့ရုပ်ရည်ကလည်း ကြည့်ပျော်ရှုပျော်ကောင်းပြီး ပျော်ရွှင်နေတဲ့ ဆယ်ကျော်သက်ကလေးပုံအပြည့်ပေါက်နေတာပေ့ါ။ သူ့ရဲ့ မွန်မွန်ရည်ရည်ရှိမှုကတော့ငယ်ငယ်တုန်းကလိုပါပဲ။ ဒါပေမဲ့ သူက အရင်သုံးတန်းတုန်းကလို စကားလည်း သိပ်မများတော့ဘူး။ ကျွန်တော်သင်တဲ့ကိုးတန်းဂဏန်းသင်္ချာသင်ကို သူသေသေချာချာအာရုံစိုက်ပြီး နားထောင်နေတတ်တယ်။

တစ်နေ့မှာတော့ ကျွန်တော်တို့ သင်္ချာအယူအဆသစ်တစ်ခုကို ကျောင်းသားတွေကို ခက်ခက်ခဲခဲမိတ်ဆက်သင်ပြရတဲ့ အချိန်နဲ့ သွားကြုံတယ်။ အဲဒီသင်္ချာ အခန်းသစ်ကို ကျွန်တော်တို့ သင်နေတာ တစ်ပတ်လုံးလုံးရှိသွားပြီ။ ဘယ်သူမှသေသေချာချနားလည်ပုံလည်း မပေါက်သေးဘူးလေ။ ကျောင်းသားတွေအားလုံးကလည်းစိတ်ရှုပ်ထွေးတဲ့ ပုံစံမျိုးနဲ့ မျက်မှောင်တွေကုပ်ထားကြတာသတိထားမိတယ်။ သင်ခန်းစာက ခက်လွန်းတော့ သူတို့အချင်းချင်းတောင် ကတောက်ကဆတွေဘာတွေအလွယ်တကူဖြစ်ကြတဲ့အထိ ကလေးတွေစိတ်ဖိစီးမှုများနေကြတာကို ကျွန်တော်ရိပ်စားမိတယ်။ ဒါနဲ့ ဒီအတိုင်းတော့ မဖြစ်ချေဘူးဆိုပြီး သူတို့အာရုံအပြောင်းအလဲတစ်ခုခုဖြစ်အောင် လုပ်ပေးဖို့ ကျွန်တော် စီစဉ်ရတော့တယ်။

ကျွန်တော်က ကလေးတွေကို သင်္ချာတွက်တာတွေခဏနားပြီး စာရွက်အလွတ်နှစ်ခုမှာ အတန်းထဲက သူငယ်ချင်းတွေအားလုံးရဲ့ နာမည်ကိုချရေးခိုင်းတယ်။ နာမည်တစ်ခုချင်းစီရဲ့အောက်မှာနေရာကွက်လပ်နည်းနည်းချန်ထားရတယ်။ အဲဒီကွက်လပ်မှာနာမည်ပိုင်ရှင်ကိုယ့်သူငယ်ချင်းရဲ့ကောင်းကွက်တစ်ခုစီကို ကိုယ့်အမြင်အတိုင်းရေးပေးရမှာဖြစ်တယ်။ ဒီလေ့ကျင့်ခန်းကကျောင်းဆင်းတဲ့အထိအချိန်ယူသွားတယ်။ ကျောင်းဆင်းတဲ့ အချိန်မှာကလေးတွေကို သူတို့ရေးထားတဲ့ စာရွက်တွေ အားလုံး ကျွန်တော့်ကိုအပ်ခိုင်းလိုက်တယ်။ မက်က သူရေးထားတဲ့စာရွက်ကို ကျွန်တော့်ကို ပြန်ပေးတဲ့အခါမှာ "ကျွန်တော်တို့ကို စာသင်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်ဆရာရယ်၊ ကောင်းသောအားလပ်ရက်ဖြစ်ပါစေ" ဆိုပြီး ကျွန်တော့်အတွက်ဆုတောင်းပေးသွားသေးတယ်လေ။ အဲဒီ စနေနေ့မှာ ကျွန်တော်က ကျောင်းသားတစ်ယောက်ချင်းစီရဲ့နာမည်ကိုစာရွက်တစ်ရွက်စီမှာရေးချပြီး သူတို့နဲ့ပတ်သက်လို့ ကျန်တဲ့ အတန်းဖော်တွေရေးပေးတဲ့မှတ်ချက်တွေအားလုံးကို သူတို့စာရွက်မှာ တန်းစီပြီးချရေးပေးလိုက်တယ်။

တနင်္လာနေ့ကျောင်းပြန်ဖွင့်တော့ကျောင်းသားတွေကိုသူတို့ရဲ့ စာရွက်တွေပြန်ပေးလိုက်တယ်။ ကိုယ်နဲ့ပတ်သက်ပြီး အတန်းဖော်တွေရေးပေးလိုက်တဲ့စာရွက်တွေကို ဖတ်ပြီး ကျောင်းသားတွေအားလုံး အပြုံးကိုယ်စီနဲ့ဖြစ်နေကြတယ်။ ဝမ်းသာအားရပြောတဲ့ တီးတိုးစကားတွေကိုလည်းကျွန်တော်ကြားရတယ်။ 'အို ဒီလောက်တောင်ပဲလားကွယ်'၊ 'သူများတွေက ငါ့ကို ဒီလောက်ခင်မယ်လို့ငါဘယ်တုန်းကမှ မတွေးဖူးပါဘူး' စသည်ဖြင့် သူတို့ရဲ့ဝမ်းသာအားရစကားတွေကို ကျွန်တော်ကြားနေရတယ်။ နောက်တော့ ဒီစာရွက်တွေအကြောင်းကိုကလေးတွေအတန်းထဲမှာ မပြောကြတော့ပါဘူး။ သူတို့ဘာသာကျောင်းဆင်းပြီးတဲ့အချိန်မှာ၊ သူတို့အိမ်တွေမှာပြန်ပြောကြမလားတော့ မသိဘူး။ ဒါပေမဲ့ ကျွန်တော့်ရည်ရွယ်ချက်ကတော့ အထမြောက်အောင်မြင်သွားခဲ့တယ်။ ကလေးတွေဟာ သူတို့ဘာသာသူတို့ ကျေနပ်ပျော်ရွှင်သွားကြတယ်။ ပြီးတော့ သူတို့အတန်းဖော်တွေအပေါ်မှာလည်း နှစ်သက်သဘောကျတာတွေပိုများလာတယ်။ ဒါဆိုရင် ဒီလေ့ကျင့်ခန်းကိုလုပ်ရတဲ့ ကျွန်တော့်ရည်ရွယ်ချက်အထမြောက်သွားပြီလို့ ဆိုရမှာပေ့ါ။

ဒီလိုနဲ့ တစ်နှစ်ပြီး တစ်နှစ်၊ ကျောင်းသားတွေလည်းတစ်သုတ်ပြီးတစ်သုတ်ပြောင်းသွားခဲ့တယ်။ ဒီလိုနဲ့နှစ်အတန်ကြာကုန်လွန်သွားခဲ့တယ်။ တစ်နှစ်မှာတော့ အားလပ်ရက်မှာ ကျွန်တော်ခရီးထွက်တယ်။ ခရီးထွက်ရာက အပြန်မှာ ကျွန်တော့်မိဘတွေက ကျွန်တော့်ကိုလေဆိပ်မှာ လာတွေ့တယ်။ သူတို့ကထုံးစံအတိုင်းပဲ ခရီးထွက်ခဲ့တဲ့ကျွန်တော့်အတွေ့အကြုံတွေ၊ ရာသီဥတု၊ ကျွန်တော့်ရဲ့ ခရီးစဉ်အပေါ်မှာ ခံစားချက်စတာတွေကို မေးကြတာပေ့ါ။ စကားက ပြတ်တောင်းပြတ်တောင်းဖြစ်နေတယ်။ ကျွန်တော့်အမေက ကျွန်တော့်အဖေရဲ့မျက်နှာကိုလှမ်းကြည့်ပြီး "ကဲ အဖေကြီးရေ" လို့လှမ်းပြောတယ်။ ကျွန်တော့်အဖေ ချောင်းတစ်ချက်ရှင်းလိုက်တယ်။ ဒါအရေးကြီးတဲ့ စကားတစ်ခွန်းကိုပြောတော့မယ်ဆိုရင်သူလုပ်နေကြအလုပ်ပဲလေ။ "သားရေ၊ မနေ့က သားတပည့် အက်ဒ်လန်က အဖေတို့ဆီ ဖုန်းဆက်တယ်ကွဲ့။" "ဟုတ်လားအဖေ၊ သူတို့ဆီက ကျွန်တော်သတင်းမကြားရတာတောင် အတော်ကြာပေ့ါ။ မက်အကြောင်းလေးဘာလေးရော မကြားမိဘူးလားဗျ" လို့ မေးလိုက်တယ်။ အဖေက မဆိုင်းမတွဘဲဖြေလိုက်တယ်။ "မက်တစ်ယောက်ဗီယက်နမ်မှာ ကျသွားပြီကွဲ့၊ သူပြောတယ်လေ" တဲ့။ "မက်ရဲ့ အသုဘက မနက်ဖြန်ချမှာဆိုတော့ သူ့မိဘတွေက သားကိုလာစေချင်ကြတယ်ကွဲ့။" ဒီကနေ့အချိန်အထိ လေဆိပ်ကနေမြို့ထဲကိုလာတဲ့ အဝေးပြေးလမ်းမကြီးပေါ်မှာ မက်အကြောင်းကို အဖေကျွန်တော့်ကို ဘယ်နေရာနားမှာပြောတယ်ဆိုတာ ကျွန်တော်အတိအကျမှတ်မိနေသေးတယ်။

ကျွန်တော်အရင်တုန်းက စစ်တပ်ခေါင်းတလားထဲမှာရောက်နေတဲ့ စစ်ဝတ်စုံအပြည့်နဲ့ စစ်သားဆိုတာကို မမြင်ဖူးဘူး။ အဲဒီအချိန်မှာ ကျွန်တော့် စိတ်ထဲကနေသူ့ကို "မက်ရယ်၊ အခု အချိန်မှာများ မင်း ငါ့ကိုတစ်ခုခုထပြီးပြောမယ်ဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့တိတ်တွေအားလုံးကိုဝယ်ပြီး မင်းကိုပေးမယ်" လို့ စိတ်ထဲကနေပြောနေမိတယ်။ အဲဒီနေ့ကအသုဘအခမ်းအနားကျင်းပရာ ဘုရားရှိခိုးကျောင်းကြီးထဲမှာ မက်ရဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ပြည့်နေခဲ့တယ်။ ဘုရားကျောင်းက ဘုန်းတော်ကြီးတွေက 'ပြည်ထောင်စု စစ်ချီတေး' ဆိုတဲ့သီချင်းကို ဆိုစေတယ်။ မက်အလောင်းမြေချရတော့မယ့်အချိန်ရောက်တော့မှ မိုးတွေကသဲကြီးမဲကြီး ရွာချလို့ အလောင်းကို ခက်ခက်ခဲခဲ မြေချခဲ့ရတယ်။ အဲဒီအချိန်မှာ စစ်ဘင်ခရာအဖွဲ့က အသုဘတေးသွားတစ်ခုကို တီးမှုတ်နေခဲ့တယ်။ မက်ကို ချစ်ကြခင်ခဲ့ကြတဲ့ သူ့မိတ်ဆွေတွေက တစ်ယောက်ချင်းသူ့ရဲ့ ခေါင်းတလားအနားကိုသွားပြီး ဓမ္မရေစင်နဲ့ သူ့ခေါင်းတလားကို ပက်ဖျန်းပေးကြတယ်။ ကျွန်တော်က နောက်ဆုံးကျမှ သူ့ရဲ့အလောင်းကိုကောင်းချီးရေစင်ပက်ဖျန်းပေးလိုက်တယ်။ ဘင်ခရာတပ်ဖွဲ့ထဲက စစ်သားကလေးတစ်ယောက်က ဦးလေးကမက်ရဲ့ သင်္ချာဆရာလားလို့ကျွန်တော့်ကို လှမ်းမေးတယ်။ ကျွန်တော်က အသာအယာပဲ ခေါင်းညိတ်ပြလိုက်တော့ မက်က ဆရာ့အကြောင်း ကျွန်တော်တို့တွေကိုခဏခဏပြောပြတယ်ဗျလို့ ကျွန်တော့်ကိုပြောတယ်။ အသုဘ အခမ်းအနားပြီးတော့မက်ရဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေအတော်များများကချတ်ရဲ့လယ်တောအိမ်ကလေးဆီလိုက်သွားပြီး နေ့လယ်စာစားကြတယ်။ အဲဒီမှာမက်ရဲ့အမေနဲ့အဖေလည်း ရောက်နေတယ်။ သူတို့ပုံကြည့်ရတာ ကျွန်တော်လာတာကို စောင့်နေမှန်း သိသာလှတယ်။ မက်အဖေကကျွန်တော့်ကိုသူ့အိတ်ထောင်ထဲကနေ ပိုက်ဆံအိတ်ကလေးတစ်အိတ်ကို ထုတ်ပြတယ်။ ပိုက်ဆံအိတ်ကလေးကို အသာအယာဖွင့်ပြီး အထဲကနေ စာရွက်ခေါက်ကလေးတစ်ခေါက်ကို ဆွဲထုတ်ပြတယ်။ စာရွက်ကလေးက အကြိမ်ကြိမ် ထုတ်ဖတ်ပြီးမဆုတ်ပြဲအောင်တိပ်တွေနဲ့ အကြိမ်ကြိမ်ကပ်ထားရတဲ့ ဝါကျင်ကျင်စာရွက်ကလေးပဲ။ "သူကျသွားတဲ့အချိန်မှာ သူ့အလောင်းနဲ့အတူ ဒီစာရွက်ခေါက်ကလေးကိုတွေ့ကြတယ်လေ" လို့ကျွန်တော့်ကိုပြောတယ်။ ကျွန်တော်က သူပြောတဲ့စာရွက်ခေါက်ကလေးကို မြင်တာနဲ့ ဖွင့်မဖတ်ကြည့်ဘဲနဲ့ ဘာဆိုတာမှန်းလို့ရနေပါပြီ။ သူတို့ ကိုးတန်းကျောင်းသားဘဝက သူတို့တစ်ယောက်ချင်းစီရဲ့ကောင်းကွက်တွေကိုအတန်းဖော်တွေအားလုံးကဝိုင်းရေးပေးခဲ့ကြတဲ့ စာရွက်ကလေးပါပဲ။ မက်အဖေက ကျွန်တော့်ကို ဒီစာရွက်ခေါက်ကလေးကို လှမ်းပေးပြီး "ဆရာပြန်ယူထားမလား" လို့မေးတယ်။ ကျွန်တော်က မယူထားတော့ဘဲ သူ့မိဘတွေလက်ထဲဘဲ ပြန်ထည့်ပေးလိုက်တယ်။ အဲဒီအချိန်မှာပဲ ကျန်တဲ့မက်ရဲ့ အတန်းဖော်၊ ကျွန်တော့် တပည့်ဟောင်းတွေအားလုံး ကျွန်တော့်အနားကို ဝိုင်းလာကြတယ်လေ။

ကျွန်တော်တို့ဘဝမှာ ရှင်သန်လှုပ်ရှားနေတဲ့သူတွေကိုပဲ နေ့စဉ်တွေ့မြင်နေရတာများလွန်းတော့ လူ့ဘဝဆိုတာ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အဆုံးသတ်ကိုရောက်လာတတ်တယ်ဆိုတာကို ကျွန်တော်တို့မေ့လျော့နေလေ့ရှိတယ်။ အဲဒီအဆုံးတစ်နေ့ဘယ်တော့ရောက်လာမယ်ဆိုတာကိုလည်း ဘယ်သူမှကြိုသိမနေဘူး။ ဒါကြောင့်ကိုယ်အမှန်တကယ်တန်ဖိုးထားတဲ့လူတွေကို အချိန်သိပ်မနှောင်းခင်းမှာ သူတို့အပေါ် ကိုယ်ဘယ်လောက်တန်ဖိုးထားတဲ့အကြောင်း၊ ဘယ်လောက်ချစ်ခင်တဲ့အကြောင်းပြောပြထားသင့်တယ်။ မဟုတ်ရင်တော့ သိပ်နောက်ကျသွားပါလိမ့်မယ်။ ။

*Ref: 'Heart of a Teacher'*
*by Jordan Fox*

7 DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# မောင်နှင့်နှမ သားနဲ့အမိ

ဆာသော်ဒိုး



**တစ်**နေ့သ၌ကျွန်ုပ်သည်ရောဝတီမြစ်၏ စတုတ္ထမြစ်ကျဉ်းနှင့် မဝေးကွာလှသည့် သီရိခေတ္တရာပျူမြို့တော်ဟောင်းတစ်ဝိုက်ဓာတ်ပုံရိုက်စရာ အလုပ်တာဝန်များနှင့်ရောက်ရှိခဲ့ပါပေ၏။ အချိန်အားဖြင့်သုံးရက်သာရရှိပေရာ ကျွန်ုပ်နှင့်ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးမှာ အပြေးအလွှားသာ ရှာဖွေစူးစမ်းလေ့လာရိုက်ကူးရမှာဖြစ်သည့်အတွက် မြို့ခံသူငယ်ချင်း ညွှန်ကြားရေးမှူးတစ်ဦးအား ချောဆွဲကာ သူ့ကားစုပါဆလွန်းမဟာနှင့် အသွားအလာတို့မှာ တင့်တယ်ချောမွေ့ခဲ့ပါပေ၏။

'နဝဒေး' ရောဝတီမြစ်ကူးတံတားပေါ်မှ အဖြတ်တွင် သီရိခေတ္တရာအတိတ်က ဂန္ထဝင်စာဆိုရှင် 'နဝဒေးကြီး'ကို စိတ်မျက်စိတွင် မြင်ယောင်လာပြီးသကာလ သူ၏ ချစ်သက်သခင်'ရှင်နှောင်း'ကို လည်း ပြန်ပြောင်း သတိရမိပါပေ၏။ စာဆိုတော်'ပြည်နဝဒေးကြီး'၏ သစ္စာ၊ မေတ္တာနှင့် ဘာသာဓလေ့ သိမ်မွေ့ယဉ်ကျေးကဗျာတေးများကား ကျွန်ုပ်တို့ နှလုံးသားတွင် စွဲထင်ဆဲသာဖြစ်ပါ၏လေ။ မြန်မာတို့သည်ကား ယဉ်ကျေးမှု နှလုံးသား မြင့်မားအားကောင်းပြီးသကာလ ရိုင်းပြမှုသဏ္ဍာန်ကို တော်လှန်ဆန့်ကျင်အောင်ပွဲဆင်ခဲ့ကြသည့် မြင့်မြတ်ရိုးသားတည်ကြည်ကာ လိမ္မာယဉ်ကျေးမှု အစုစုတို့ဖြင့် ထုဆစ်ထားသည့် လူသားမျိုးနွယ်တစ်စုပင်ဖြစ်ပါလေ၏။

နဝဒေးတံတား၏ဟိုမှာဖက်စွန်း အနောက်ဘက်ကမ်းသို့ ရောက်သည့်အခါ ကျွန်ုပ်၏ ငယ်ပေါင်းသူငယ်ချင်း ညွှန်ကြားရေးမှူး၏ စီစဉ်ညွှန်ကြားချက်အတိုင်း “ဆင်တဲ”အထိ ဖောက်ထားရာ ကမ်းနားတောင်ပတ်လမ်းမဟာမှ သွားခဲ့ကြပါ၏။ ဟိုတောင်ကွေ့တွင် ကားရပ်လိုက် ဓာတ်ပုံဆင်းရိုက်လိုက် သည်တောင်ကွေ့တွင် ကားနားလိုက် ရောဝတီကို ဓာတ်ပုံဆင်းရိုက်လိုက်ဖြင့် ကျွန်ုပ်တို့မှာ အရှေ့ဘက်ကမ်းမဟာသို့လှမ်းလို့မျှော်ကြည့်လိုက်ကြသည့်အခါ တွေ့ရသည့်မြင်ကွင်းရှုခင်းကြီးမှာ တကယ့်အကောင်းစားကြီးသာ ဖြစ်ပါလေတော့၏။

ဤရှုခင်းကြီးအတွင်းမှာ ဒွတ္တဘောင်မင်းတရားကြီးတည်ခဲ့ရာ ရွှေဆံတော်စေတီမြတ်မှာ ရွှေအဆင်းဝင်းကာအိကာ ရောင်တော်ဖြာလျက် ကြည်ညိုစရာ ဖူးတွေ့ရပါ၏။ သည့်နောက် 'တစ်ပြည်သူမရှေ့ထား' တို့ နေသွားခဲ့ကြရာ မင်းကြီးတောင်ပေါ်မှ အိမ်ကြီးဂေဟာ၊ တစ်ဆက်တည်းမှာ အလောင်းတော်ကဿပတောင်ပေါ်ကျောင်း၊ နောက်တစ်ဆက်တည်းမှာ ညို့မှိုင်းအုပ်ဆိုင်းနေသည့် ရောမကျွန်းတောအုပ်ရှုခင်းရှုည်ကြီးမှာ မျက်စိပသာဒရှိလျက် အကြည့်မခွာရက်စရာပါပေ။

သို့ဖြင့် သို့ဖြင့် ကျွန်ုပ်နှင့် မိတ်ဆွေတို့မှာလည်း အချိန်နည်းရသည့်ကြား မိုးများရွာစွေလာလေရာ ကင်မရာများကိုပြန်လည်သိမ်းထုပ်လိုက်ကြရပြီးသကာလ ကျွန်ုပ်တို့ စတည်းချ ကျောဆန့်နားနေရာ 'အောင်ဆန်းပြည်သာယာ'ဂေဟာသို့ပြန်လာကြကာ လုံးချင်းတိုက်သစ်ကလေးအတွင်း ချက်ချင်းအနွေးဓာတ်ရစိမ့်သောဝှာ ကပျာကယာ ပုလင်းဖွင့်ကြလျက် ဖန်ခွက်ကိုယ်စီကိုင်မြှောက်ကာ 'ကမ်ပေ့' လုပ်လိုက်ကြရပါတော့၏လေ။

ဤသို့ဖြင့် မိုးရွာလျှင် အခန်းအောင်း၊ မိုးညောင်းလျှင် အပြင်ထွက်၊ မိုးသက်လျှင် ဝင်ခို၊ မိုးစိုလျှင် ဝင်သောက်၊ မိုးပျောက်လျှင် ကင်မရာ စွဲ၊ မိုးသည်းလျှင် အနွေးဓာတ်ရှာ ကျွန်ုပ်တို့ မိတ်ဆွေများမှာ သီရိခေတ္တရာမှာ သုံးညတာနေပြီးသကာလ မြို့တော်ရန်ကုန်သို့ပြန်လည် စုန်ဆင်းရတော့မည်ဖြစ်ပါ၏။ သည့်အတွက် အဝေးပြေးဘတ်စ်လက်မှတ်များကိုဖြတ်ကာ ကျွန်ုပ်တို့၏ နောင်တော် 'ဝိဇ္ဇာကြီးကိုခင်ဝမ်း'၏ ငယ်ကျွမ်းသည်းနှင့် မခင်လေးမြင့်ကိုဝင်နှုတ်ဆက်၊ ဆိပ်ကမ်းသာ လက်ဖက်ရည်ဆိုင်မှာ ခဏထိုင်ပြီး နောက်မြို့သစ်အဝေးပြေး ဂိတ်ပေါက်သို့ ချီတက်ခဲ့ကြကာ သန့်သန့်ပြန့်ပြန့် ကျယ်ကျယ်ဝန်းဝန်း မွှေးရနံ့တို့ ထုံလွှမ်းနေသည့်ပီဘိအိပ်စပရက်စ် ဘတ်စ်ကားကြီးပေါ်သို့ တက်လိုလိုက်ပါလာခဲ့ကြပါတော့၏။

အနှီအဝေးပြေးဘတ်စ်ကြီးကား သားနားခန့်ညား သန့်ရှင်းသလို စပယ်ယာဒရိုင်ဘာကိုကိုများမှာလည်း ယဉ်ကျေးပျူငှာကြလျက် ခရီးထွက်ရသည်မှာ စိတ်ချမ်းသာစရာပါပေ။ သို့ဖြင့် ပြည်တောင်တန်းများကို ဖြတ်ကျော်လာပြီး နောက် မကြာမီမှာပင် အတွင်းဝင်နေသည့် တီဗီစခရင်ကြီးမှာ အပြင်သို့ ထွက်ချလာပြီးသကာလ ခရီးသွားများ အပန်းပြေစေရာ မြန်မာဗီဒီယို ဇာတ်ကားတစ်ခု ပြသခြင်းပြုပါလေတော့၏။ ခရီးသွားလျှင် ဝဲ၊ ယာ ရှုခင်းများကို တိတ်တိတ်ဆိတ်ဆိတ် ကြည့်ရှုပြီး လိုက်ပါချင်သည့် ကျွန်ုပ်တို့လို လူများအဖို့ ဤကဲ့သို့ ဗီဒီယိုဖျော်ဖြေရေးတို့ မလိုအပ်ပါပေ။ အပြင်ရှုခင်းကြည့်မည်၊ ပြီးလျှင် ဖတ်စရာယူဆောင်လာသည့် စာအုပ်တို့ကို ဖတ်မည်။ မျက်စိညောင်းလာလျှင် မျက်စိမှိတ်ကာ အနားယူတွေးတောမည်။ သည်လိုစိတ်ကူးရှိသူများအဖို့ အဝေးပြေးဘတ်စ်ပေါ်မှ ဖျော်ဖြေရေးတို့က ဒုက္ခလှလှကြီးပေးပါပေ၏။

တီဗီကို မကြည့်ချင်လျှင် ရလေသော်ငြား ဖွင့်ထားသည့် 'အသံကျယ်ကြီးများ'က နားတို့ကို ရန်လိုနေပါတော့၏။ အတွေ့အကြုံများအရ ဤလို အဝေးပြေးဘတ်စ်ကားများအားလုံးပေါ်မှာ တီဗီအသံကိုလိုသည်ထက်ပို၍ ဆူညံစွာဖွင့်ကြပါပေ၏။ လမ်းခရီးတစ်နေရာ 'အင်းမရေပြာ'အရောက်မှာ ခရီးသည်အချို့ တက်လာရာ စပယ်ယာက နေရာလိုက်ချပေးပြီး ကျွန်ုပ်တို့ ခုံအနီးရောက်ရှိလာရာ သူ့ကိုခေါ်ပြီး သကာလ တီဗီအသံအား အများသူငါ နားခံသာရုံလျှော့ချပေးပါရန် ပန်ကြားလိုက်ပေရာ စပယ်ယာလေးမှာ မကြာမီ တီဗီအသံကို အနည်းငယ်မျှ လျှော့ချပေးပါလေ၏။ အနည်းငယ်မှ အနည်းငယ်သာဖြစ်ပါ၏။

သည့်နောက်တွင်ကား အပြင်ရှုခင်းများ ကြည့်နေနေ၊ စာအုပ်ထဲ စိတ်နှစ်နေနေ၊ မိတ်ဆွေချင်းစကားစမြည်ပြောနေနေ တီဗီအသံက ကြားမှာ နှောင့်ယှက်နေလေရာ မမြင်ချင်ကြားလျက်သား ဖြစ်လျက် နားတစ်ဖက်တစ်ချက်အတွင်း ဂွမ်းများပိတ်ဆို့ခြင်းအမှုသာ ပြုချင်ပါတော့၏။

ကျွန်ုပ်တို့ ဟိုဖက်ဘေးခုံမှာ မောင်နှမနှစ်ယောက် ရှိပါ၏။ ကျွန်ုပ်တို့၏ ရှေ့ခုံတွင်ကား လူပျိုပေါက်သားနှင့် အမေရှိပါလေ၏။ သူတို့နှင့် တစ်တန်းတည်းတွင်ကား ဆရာတော်ကြီးနှစ်ပါးရှိပါ၏။ အရှေ့ခုံတွင်ကား တက္ကသိုလ်ကျောင်းသူဆယ်ကျော်သက် အပျိုတော်တစ်စု၊ ပြီးသော် ဘေးဖက်ခုံမှာတော့ သပ်ရပ်ကော့ပျံနေသော တိုက်ပုံနှင့် ဂုဏ်သရေရှိ လူကြီးတစ်ဦးနှင့် အဖော်လူငယ်တစ်ဦး၊ သူတို့ရှေ့တွင်ကား မယ်သီလရှင်နှစ်ပါးရှိကာ ဘေးဖက်ခုံမှာကား အပျိုပေါက်နှင့်မိသားစု သူ့နေရာနှင့်သူတို့မှာ တီဗီပေါ်ပြသမှု အဝဝကို အလိုလိုမြင်ရလျက်၊ ကြားရလျက်သာ ဤခရီးမဟာကို ဖြတ်ကျော်လို့ ပါလာခဲ့ရပါ၏။

အနှီမြန်မာဗီဒီယိုဇာတ်ကားအတွင်း မင်းသားမှာ ဆံပင်မွေးအပေါက်ရပ်ကာ ထိပ်များပြောင်ရှာတော့မည့် သရုပ်ဆောင် 'အတော်ရဲသည့်မောင်'ဖြစ်ပြီး သကာလ မင်းသမီးမှာ သူနှင့်အသက်ထက်ဝက် လောက်ကွာသော အပြုံး ရွှင်ရွှင် 'သံစဉ်ချိုချို' အပျိုချောဖြစ်ပါ၏။ သို့ဖြင့် မြန်မာဇာတ်ကားတို့ ထုံးစံ 'အကြောင်းမဲ့'အော်ဟစ်ဆူညံလျက်'ပြက်လုံး'ဟု ယူဆမှတ်ထင်ပြီး သူတို့ပြောကြားသည့် ဒိုင်ယာလော့ဂ်စကားလုံးများကား နားနှင့် မကြားဝံ့ကာ ဖဝါးနှင့် နာပြီး သကာလ ဖနောင့်နှင့်ထပေါက်ချင်စရာတွေပဲဖြစ်ပါတော့၏ခင်ဗျာ။ သူတို့၏ ဇာတ်ဝင်ခန်းတစ်ခုကိုပဲ အကဲဖြတ်ကြည့်ပါ။ မင်းသားက စိုက်ပျိုးမွေးမြူရေးခြံပိုင်ရှင် ဘောစိလူပျိုကြီး၊ ကလေးမက သူ့ခြံလာ၍ ပညာသင်။ တစ်နေ့သောအခါမင်းသားကအပြင်က ပြန်အလာ မင်းသမီးလုပ်သူက ဆီးကြိုကာ ဤသို့မေးရှာပါတော့၏။

'ဦးပြောင် ဘယ်ကပြန်လာတာလဲ'

'အဲ ဟိုနွားမဒန်းမကို ဇီးတင်ပြီးပြန်လာတာ'

'ဩော် ဟုတ်လား၊ သနားစရာ အတော်နာသွားမှာပဲနော်။ အတော်လည်းပြဲသွားမှာပဲ။ သွေးတွေလည်း တအားထွက်ကုန်သလား'

'သွား သွား သွား သွား' ဆိုကာ မင်းသားကြီးက မင်းသမီးငယ်ကို တံမြက်စည်းနှင့် လိုက်တီးပါတော့၏။

သို့ဖြင့် ကျွန်ုပ်တို့လည်း ဒေါသမကင်းသည့် ပြက်လုံးပြောင်လုံး အောက်လုံးများကို မကြားချင်ဝင်လျက်သား ခရီးစဉ်တစ်လျှောက် ဒုက္ခခံစားလာရပြီးသည့်နောက်မြို့တော် ရန်ကုန်သို့ပြန်ရောက်လို့လာခဲ့ကြတာ။ အောင်မင်္ဂလာအဝေးပြေးဂိတ်မဟာမှ စမ်းချောင်းအရပ်သို့ တက္ကစီစီးကာပြန်ခဲ့ကြပါ၏။

သည့်နောက် ၁၅ မိနစ်လောက်အတွင်း မိခင်တပ်ရင်းစမ်းချောင်းသို့ ရောက်ကာ အိမ်ဂေဟာမှာ ခေတ္တခဏအမောဖြေကာ ရေမိုးချိုး ထမင်းစားသောက်ခြင်း အမှုပြုပြီးသကာလ နားနားနေနေ တီဗီဖွင့်လေသော် ကြော်ငြာများလာနေသည်ကို တွေ့ရပြီး ခဏအကြာမှာ ရယ်စရာ အစီအစဉ်တစ်ခုကြည့်ရှုခဲ့ရပါတော့၏လေ။

အနှီ ဟာသအစီအစဉ်ကား သရုပ်ဆောင်များကို တစ်ဖက်နှစ်ဦးစီခွဲလျက်စကားလက်ဝှေ့သတ်သည့် လာနေကျ ပရိုဂရမ်တစ်ခုသာ ဖြစ်ပါ၏။ ဤယခုအပတ်မှာကား နုနုနယ်နယ် ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ ဆယ်ကျော်သက် မော်ဒယ်သမီးနှမပျိုကလေးလေးဦးဖြစ်ကာ ဟာသမယ်များ မဟုတ်ကြမူဘဲ တစ်မူကွဲလျက် တင်ဆက်ထားပါပေ၏။ ဤအစီအစဉ်ထဲမှသားအမိနှစ်ဦး၏စကားလုံး တစ်ပိုင်းတစ်စကိုသာ နားသောတဆင်ကြည့်တော်မူကြပါကုန်။

စာ(၁၈) သို့

## JOKE

### ထမင်းစားချိန်

ကုမ္ပဏီတစ်ခုက ထမင်းစားချိန်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်။ ပိန်ပိန်ကပ်ကပ်လူများအတွက် နေ့လယ်ထမင်းစားချိန်ကို မိနစ် ၃၀ သတ်မှတ်သည်။ အကြောင်းမှာ ကျန်းမာရေးကောင်းနေပုံပေါ်ရန် ၎င်းတို့ပိုမိုစားသောက်ရန် လိုအပ်၍ဖြစ်သည်။ ပုံမှန်ခန္ဓာကိုယ်အချိုးအစား ရှိသူများအတွက် ၁၅ မိနစ်သတ်မှတ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများစားသုံးရန် လုံလောက်သည့်အချိန်ဖြစ်သည်။

ဝဝဖိုင့်ဖိုင့်လူများအတွက် နေ့လယ်စာစားချိန်ကို ငါးမိနစ်သာသတ်မှတ်သည်။ ၎င်းတို့မှာ သံပရာရည်တစ်ခွက် (သို့မဟုတ်) Slim Fast ဖျော်ရည်တစ်ခွက်သောက်ရန်သာ လိုအပ်သည်။

### လူ့ခန္ဓာကိုယ်အချက်အလက်များ

- သင်အသက်ကြီးလာသည်နှင့်အမျှ သင့်မျက်လုံးအရောင်များမှိန်လာသည်။
- လူကြီးတစ်ယောက်ခန္ဓာကိုယ်တွင်အရိုးပေါင်း ၂၀၆ ချောင်းရှိ၍ ကလေးများတွင် ၃၀၀ ရှိသည်။ (အသက်ကြီးလာလျှင် အချို့အရိုးများ ပေါင်းစည်းသွားသည်။)
- လူတစ်ယောက်သည် တစ်နှစ်လျှင် အကြိမ်ပေါင်း ၄,၂၀၀,၂၀၀ ခန့်မျက်တောင်ခတ်သည်။
- စားသုံးလိုက်သော အစားအစာများ လုံးဝဥဿုံ အစာကြေရန်အချိန် ၁၂ နာရီလိုအပ်သည်။
- လူ့ခန္ဓာကိုယ်တွင် သက်တမ်းအရှည်ဆုံး ဆဲလ်များမှာ ဦးနှောက်ဆဲလ်များဖြစ်၍ တစ်ဘဝလုံးရှင်သန်နေနိုင်သည်။
- ၁၉၈၅ ခုနှစ်တွင် ယောက်ျားဘောင်းဘီများတွင် လူကြိုက်အများဆုံးအချိုးအစားမှာ ၃၂ ဖြစ်၍ ၂၀၁၀ ပြည့်နှစ်တွင် ၃၆ ဖြစ်သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm

# Business

7 DAY NEWS JOURNAL

Vol.10, No.23 · AUGUST 25, 2011


## ကားဈေးနှုန်းများ ပြန်တက်

ဇာဇာနီ

ရန်ကုန်၊ ဩဂုတ်-၁၇

ဟံသာဝတီကားရောင်းဝယ်ရေး ဈေးကွက်တွင်ယခုတစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ ကျပ်သိန်းဆယ်ဂဏန်းမှ ရာဂဏန်းအထိ ဈေးတက်လာကြောင်း အဆိုပါ ကားဈေးကွက်မှ သတင်းရရှိသည်။

"ဒီလထဲမှာ ကားမျိုးစုံ အရောင်းအဝယ်တော်တော်လေး ဖြစ်လာတယ်။ ဒါကြောင့် ကားဈေးက အမြင့်ကားဆိုလည်း ကျပ်သိန်း ရှစ်ရာကျော်တန်က အခုကျပ်သိန်း တစ်ထောင်လောက်ထိဖြစ်လာတယ်"ဟုဟံသာဝတီယာဉ်ရောင်း ဝယ်ရေးစခန်းမှ ကားပွဲစား ဦးဝင်းကပြောသည်။

လတ်တလောကာလတွင် ကားဈေးနှုန်းများ မြင့်လာရခြင်းမှာ အစိုးရက လေလံကားများ ရောင်းချမှုမရှိတော့ခြင်းနှင့်ပြည်ပမှကားသွင်းမည်ဟုဆိုသော်လည်း လက်ရှိတွင် ဝင်ရောက်မှုမရှိသေးသည့်အတွက် ဈေးနှုန်းများပြန်မြင့်လာသည်ဟု ကားပွဲစားအချို့က ဆိုကြသည်။

"အခုဆိုရင် ကားကအပြင်က ဝယ်စရာမရှိတော့ ဒီဈေးကွက်ထဲမှာပဲရှိတဲ့ကားကို ဝယ်လိုက်ပြန်ဈေးတင်ရောင်းလိုက် လုပ်နေကြတော့ ဈေးတက်လာတာပါပဲ" ဟု ကားပွဲစားကိုမြင့်ဆိုသူက ဆက်လက်ပြောသည်။

လက်ရှိကားဈေးနှုန်းမှာ ရက် သတ္တပတ်အနည်းငယ်အတွင်း တစ်စီးလျှင် ကျပ်သိန်း ၂၀ မှ ကျပ်သိန်း ၂၀၀ ထိဈေးမြင့်ခေါ်လာကြသည်။

အစိုးရလေလံ ကားများရောင်းချစဉ်က ကားဝယ်ရောင်းသမားများမှာ အနိမ့်ဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ အမြတ်ငွေများ ရရှိကြသည်။

ယခုလ ၁၈ ရက်တွင် ကားပွဲစားတန်း၌ ဖြစ်ပေါ်နေသောဈေးနှုန်းအချို့မှာ မတ်ခ်တူးရှေ့ငါး ၂၀၀၂ ကျပ်သိန်း ၁,၀၀၀ ခန့် ပရာဒိုမော်ဒယ်၉၇ အကွာရာ၄(ဂ) ကျပ်သိန်း၁,၂၀၀ ခန့်နှင့် စူဇူကီး R+ အကွာရာ ၇ခ ကျပ်သိန်း ၃၁၀ တို့ဖြစ်သည်။



ဈေးနှုန်းများကျဆင်းကာ အရောင်းအဝယ်အေးစက်ခဲ့သော ကားဈေးကွက် ပြန်လည်လှုပ်လာခြင်းဖြစ်သည်။

## ရွှေဈေး ခုနစ်သိန်းကျော်သွား၍ အရောင်းအဝယ် ရပ်တန့်လုနီးပါးဖြစ်

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဩဂုတ် - ၂၀

ပြည်တွင်းရွှေဈေးနှုန်းများ ကျပ်ခုနစ်သိန်းကျော်ထိ စံချိန်တင်မြင့်တက်လာ၍ ရွှေဈေးကွက်အရောင်းအဝယ်များ ရပ်တန့်လုနီးပါးဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ကမ္ဘာ့ရွှေဈေးကွက်၏ ဈေးနှုန်းသည် စံချိန်တင်ဈေးဖြင့် ဆင့်ကဲဆင့်ကဲမြင့်တက်ခဲ့သောကြောင့်ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အကြိမ်ကြိမ်စံချိန်ချိုးအောင် မြင့်တက်လာခြင်းဖြစ်သည်။

ယခုဩဂုတ်လ ၁၉ ရက် တွင်ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၈၃၅ ဒေါ်လာထိမြင့်တက်ခဲ့၍ ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင်၇၀၅,၀၀၀ကျပ်ထိမြင့်တက်လာသည်။

"ရွှေဈေးက ခုနစ်သိန်းကျော်သွားတော့ ပြန်ရောင်းတဲ့ဘက်မှာလည်း သွင်းတဲ့သူမရှိဘူး။ အထည်ဝယ်တဲ့ဘက်မှာလည်း နည်းသွားတယ်။ အပိုင်းက ဈေးတောက်လျှောက်တက်လို့ သွင်းလာတာရော ဈေးဆက်တက်မယ်ထင်ကြလို့ မသွင်းတာရောကြောင့်အခုဈေးမှာဈေးကွက်ရပ်သလောက်ရှိနေပြီ။ အထည်သမားဝယ်တဲ့သူနည်းနည်းပဲရှိတော့တယ်"ဟုရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

၁၅ ပဲရည်မှာလည်းတစ်ကျပ်သားလျှင် ၆၆၁,၀၀၀ ကျပ်ထိ ဈေးရှိလာသည်။ ယင်းနေ့၏ အမေရိကန်ငွေဈေးမှာ တစ်ယူနစ်လျှင် ၇၂၅ ကျပ်သာရှိနေသည်။

ကမ္ဘာ့ရွှေဈေးကွက်၏ ရွှေဈေးနှုန်းကိုပြည်တွင်းလုပ်ငန်းရှင်အနေဖြင့် မခန့်မှန်းနိုင်သောကြောင့် ပြည်တွင်းဈေးကွက်၏ အတက်အကျမှာလည်း ခန့်မှန်းရခက်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

သို့သော် လက်ရှိပြည်တွင်း ရွှေပေါက်ဈေးမှာ ကမ္ဘာ့ရွှေပေါက်ဈေးထက်စာလျှင် ရွှေတစ်ကျပ်သားပေါ်တွင် ကျပ် ၁၅၀၀၀ ဝန်းကျင် လျော့နည်းနေသေးသည်။ ထို့ကြောင့် ရွှေလုပ်ငန်းမှ ဈေးကွက်ကျွမ်းကျင်သူ လုပ်ငန်းရှင်အချို့က ပြည်တွင်းရွှေဈေးကွက် တက်ရိပ်ပြနိုင်သေးကြောင်း ခန့်မှန်းပြောဆိုနေကြသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၁၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၆၇၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၅၉၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၄ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၂ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၇၆၀ | ကျပ် |

၂၀၁၁ ဩဂုတ် ၂၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဩဂုတ် ၁၉ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၇၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၉၄၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၅၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၉၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၆၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၀၈၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၇. ၂၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၄၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၇၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၉၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၂၅၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၆၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၉. ၂၀၂၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၃ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၈၅၂. ၆၀၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၀၃၀ |
| ငွေ | ၁ အောင်စ | ၄၂. ၁၁၄ |
| ကြေးနီ | ပေါင် | ၄၀၀. ၃၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၄၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ ဩဂုတ် ၂၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011




## မတ်ပဲနှင့် ပဲတီစိမ်းဈေးကျ

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၁၈**

ကုန်သွယ်လုပ်ငန်းခွန် ခြောက်လအတွင်း ကင်းလွတ်ခွင့်ပြုလိုက်သော ပို့ကုန်များထဲမှ မတ်ပဲနှင့် ပဲတီစိမ်းဈေးမှာ တက်မလာဘဲ ကျဆင်းသွားကြောင်း ပဲကုန်သည်အချို့ကပြောသည်။

"မတ်ပဲတစ်တန်ကိုအရင်အပတ်က ငါးသိန်းခြောက်သောင်းလောက်ကနေ အခွန်လျှော့တဲ့သတင်းပါလာတဲ့နေ့ကစပြီး ဈေးပြန်ကျသွားတာ ငါးသိန်းလေးသောင်းကျပ်ပဲရှိတော့တယ်" ဟု ဘုရင့်နောင်ပွဲရုံမှ ပဲကုန်သည်တစ်ဦးက ပြောသည်။

ထို့အပြင် ပဲတီစိမ်းမှာလည်း အရောင်းအဝယ် အေးနေပြီး ပိဿာချိန် ၆၀ ဝင်တစ်အိတ်လျှင် ကျပ်ခြောက်သောင်းဝန်းကျင်သာ ရှိကြောင်း ဈေးကွက်မှ သိရသည်။

"အခွန်လျှော့တဲ့သတင်းပါတဲ့နေ့မှာပဲ ဒေါ်လာဈေးက ကျတော့ ပဲဈေးလည်းပြန်ကျသွားတာ"ဟု ပဲကုန်သည်တစ်ဦးက ဆိုသည်။

ပို့ကုန်ဝင်ငွေပေါ်တွင် ကောက်ခံနေသော အခွန်အား လျှော့ချမည့် သတင်းထွက်လာသည့်ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၇၅၀ ကျပ်ဝန်းကျင်ရှိခဲ့ပြီး ထိုရက်ပိုင်းအတွင်း အဆိုပါသတင်းကြောင့် မတ်ပဲဈေးမှာလည်း ကျပ်ငါးသိန်းသုံးသောင်းကျော်မှ ကျပ်ငါးသိန်းခြောက်သောင်းအထိ ဈေးတက်လာခဲ့သည်။

သို့သော် ဩဂုတ် ၁၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၇၂၀ ကျပ်သို့ ဈေးရောက်ခဲ့ပြီး ပဲဈေးမှာလည်း ပြန်ကျခဲ့သည်။

ထို့အပြင် မတ်ပဲဈေးများလည်း အိန္ဒိယနိုင်ငံမှ ဝယ်လိုအားနည်းနေသဖြင့် အဝယ်မလိုက်ဘဲ ရှိနေသည်။

## သစ်လုပ်ငန်းရှင်များထံပေးသော သစ်ခွဲတမ်းကို ကျွန်းသစ်မှ သစ်မာသို့ ပြောင်းပေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၁၉**

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက သစ်ကုန်ကြမ်းလိုအပ်သောသစ်လုပ်ငန်းရှင်များကို ကျွန်းသစ်များ ခွဲတမ်းအဖြစ်ထုတ်ပေးနေရာမှ သစ်မာအုပ်စုဖြစ်သော အင်ကြင်းသစ်များကိုယခုပြောင်းလဲထုတ်ပေးနေကြောင်း သတင်းရရှိသည်။

"အရင်ကကျွန်းထုတ်ပေးနေရာကနေ အင်ကြင်းကို ပြောင်းထုတ်ပေးတာက ဈေးကွက်လိုအပ်ချက်ကြောင့် ပြောင်းလိုက်တာ။ ဈေးကွက်က ကျွန်းထက် သစ်မာဈေးကွက်ပိုကောင်းနေလို့ ပြောင်းလိုက်တာပါ" ဟုသစ်ကုန်ကြမ်းရရှိဖြည့်တင်းရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက ပြောသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းအနေဖြင့် အင်ကြင်းသစ်တန်ချိန် ၅၀၀၀ ကိုသစ်ကုန်ကြမ်းလိုအပ်သော သစ်အချောထည်စက်ရုံ ၂၀ သို့ခွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ခွဲပေးရာတွင် အထက်မြန်မာပြည် မန္တလေးတိုင်းဒေသကြီး၌ရှိသော စက်ရုံများအတွက်တန်ချိန် ၁၀၀၀ နှင့် အောက်မြန်မာပြည်အတွက် တန်ချိန် ၄၀၀၀ ခွဲပေးသွားမည်ဖြစ်ကြောင်းဎင်းကပြောသည်။ အင်ကြင်းသစ်များကို ခွဲတမ်းပေးရာတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၂၀၀ ဖြင့်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၁၀၀၀ ကျော်ရှိပြီး သစ်ချောထည်စက်ရုံ ၁၀၀ ကျော်ပါဝင်သည်။



# 7DAY BOOK REVIEW




## ကိုယ့်လူ သူ့ဘက်သား

(သန်းအောင်နိုင်)

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးလို့ အသံကောင်းဟစ်နေကြပြီး နောက်ကွယ်မှာ ဆရာကြီးတွေက ဘယ်လိုစီစဉ်နေကြသလဲ။ လူ့အခွင့်အရေးအကြောင်းပြပြီး အမေရိကန်နှင့် ဆိုဗီယက်ယူနီယံမဟာအင်အားကြီးနှစ်နိုင်ငံ၏ ခြေပုန်းခုတ်မှုများ၊ ကမ္ဘာကြီးကို ခွဲဝေယူနေကြပုံ၊ ကွန်ပျူတာထိန်းချုပ်သောကမ္ဘာကြီးဖြစ်အောင် ဖန်တီးနေကြပုံ၊ အမေရိကန်နှင့် ဆိုဗီယက်တို့ရဲ့ ကော်ကူလာ ထိပ်သီးအစည်းအဝေးဖြစ်ရင် ဆိုဗီယက်မှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျနေတဲ့ လူခြောက်ယောက်ကိုပြန်လွှတ်ပေးမယ်။ အစည်းအဝေးအောင်မြင်ရင် အကျဉ်းသား ၂၀၀ လွှတ်ပေးမယ်လို့ဆိုဗီယက်က ဆိုသည်။ ကော်ကူလာ ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်ပြီး အစီအစဉ်တွေ၊ သဘောတူညီချက်တွေ၊ လုပ်ဆောင်မည့်ကိစ္စတွေကို ကေဂျီဘီနှင့် စီအိုင်အေပေါင်းပြီး အထူးအသံသွင်းစနစ်ဖြင့် အသံသွင်းထားသည့်တိပ်ခွေတစ်ခုက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဆီမှာရှိသည်။ ၎င်းတို့က လုံလုံခြုံခြုံသိမ်းထားကြသည်ဟု အစချီ၍ ယူဂိုဆလားဗီးယားနိုင်ငံ၊ အက်ဒရီးယားတစ်ပင်လယ်ထဲက ကော်ကူလာကျွန်းကလေးမှာ လုပ်သည့် ထိပ်သီးဆွေးနွေးပွဲသည် မအောင်မြင်သဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရာထူးမှ နုတ်ထွက်သွားရသည်။ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးက အဆိပ်ဆေးတောင့်ကလေး သောက်သွားရသည်။

မူရင်းစာရေးဆရာ Marilyn Sharp ၏ Master Stroke ကို စာရေးဆရာသန်းအောင်နိုင်က ဘာသာပြန်ဆိုသော ထိုဝတ္ထုသည်၁၉၇၅ ခုနှစ်တစ်ဝိုက်က ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အင်အားကြီးထောက်လှမ်းရေးအဖွဲ့အစည်းကြီးများ၏ အားပြိုင်မှုဇာတ်လမ်းဖြစ်သည်။ အားမာန်သစ်စာပေမှ တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## နှလုံးသားနှင့် ကြည့်ပါ

(ဦးတင်ဦး – ကျူရှင်)

ကွယ်လွန်သူ စာရေးဆရာကြီးသော်တာဆွေကို အားကျ၍ ဘဝဇာတ်ခုံပေါ်၌ ပုံဏ္ဍာန်မျိုးစုံဖြင့် တင်ဆက်ကပြဖျော်ဖြေခဲ့ရသော စာရေးဆရာတစ်ဦး၏ အတွေ့အကြုံနှင့်ယှဉ်သည့် ဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ စာရေးသူက ကျွန်တော် မကြာခဏရေးဖူးသလိုပင် ကျွန်တော်သည် ရောက်မိရောက်ရာရေးသူဖြစ်ပါ၏။ ရောက်မိရောက်ရာနည်းမျိုးဖြင့်ပင် ရေးသော်လည်း ကျွန်တော်သည် မရေးမီ စာဖတ်သူများအား ဘာလေးတော့ မျှဝေပေးလိုက်ချင်၏ ဟူသော စေတနာနှင့် ရည်ရွယ်ချက်ကလေးတော့ ထား၍ ရေးပါသည်။ စာဆုံးသွားသောအခါ တစ်နေရာရာသို့ တော့ရောက်သွားတတ်ပါသည်။ သို့ရာတွင် ရောက်မိရောက်ရာရေးရင်း ဘယ်ကိုမျှ မရောက်ဟု စာဖတ်သူများက ခံစားမိသည်ဆိုပါလျှင် ကျွန်တော်ညံ့သွားလို့သာ ဖြစ်ပါလိမ့်မည်။

ဤစာအုပ်တွင် မဂ္ဂဇင်းတစ်ဒါဇင်ကျော်ထဲ၌ ရေးသားခဲ့သောဆောင်းပါး ၂၅ ပုဒ်တို့ကို စုစည်း ပေးထားပါသည်။ ယင်းတို့တွင် အများစုသော ဆောင်းပါးများမှာ ကျွန်တော်ပြောလိုရာ တစ်ခုခုကိုဦးတည်၍ ရေးသားထားသော အတွေ့အကြုံနှင့် အတွေးအခေါ် ဆောင်းပါးများဖြစ်ကြသည်ဟု ဆိုနိုင်ပါသည်။

အမျှဝေဆောင်းပါး၊ လမင်းကြီးထိန်ထိန်သာသောညနှစ်လေးဆယ်ဘဝမှတ်တိုင်များမှသည်နှစ်ငါးဆယ်သို့ သမင်လည်ပြန်၊ ရေမသောက်သော မြင်းကလေးစသော ဆောင်းပါးများမှာ ကျွန်တော်၏ ပုဂ္ဂလိကခံစားချက်ဘက်ကို လုသည့်ဆောင်းပါးများ ဟု ဆိုနိုင်ပါသည်ဟု အမှာတွင်ရေးသားထားပြီး လင်းလွန်းခင်စာပေမှ တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge

## ရေအိမ်ထဲမှာ ရှိနေတတ်တဲ့သူတွေ

မိလ္လာစနစ်ထောက်ပံ့ကူညီသည့် အင်္ဂလန်မှရေအိမ်ဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ စစ်တမ်းကောက်ယူထားချက်အရရေအိမ်ကိုစနစ်တကျ နေ့စဉ်သန့်ရှင်းရေးပြုလုပ်သူမှာ လူငါးဦးလျှင်တစ်ဦးသာပြုလုပ်သည့် အနေအထားရှိကြောင်းသိရသည်။ သန့်ရှင်းရေးပြုလုပ်မှုအားနည်းခြင်းကြောင့် အိမ်သာကမုတ်တွင် တစ်စတုရန်းလက်မ၌ ဘက်တီးရီးယား ၃ ဒသမ ၂ သန်းရှိနေနိုင်သည်ဟုဆိုသည်။

၎င်းပြင် ရေအိမ်ခန်းအတွင်း၌မနှစ်မြို့စရာ၊ မသတီစရာညှော်သည်များ(ဘက်တီးရီးယားများ)က ပုန်းလျှိုးကွယ်လျှိုးနေထိုင်လျက် ဒုက္ခပေးရန်စောင့်ဆိုင်းလျက်ရှိနေကြသည်။ ထို့နောက်ရေအိမ်ရေဆွဲချချိန်တွင်လည်း အဖုံးအုပ်ထားရန်မမေ့လျော့သင့်ဘဲ ထိုသို့မဟုတ်ပါက ရောဂါပိုးမွှားများက ၁ ဒသမ ၈ မီတာကျော်အထိစဉ်ထွက်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ရေအိမ်ထဲတွင်ရှိနေတတ်သူများမှာ ဝမ်းလျှောနှင့်ဝမ်းကိုက်ရောဂါဖြစ်စေတတ်သည့်Shigella၊ ပဋိဇီဝဆေးယဉ်ပါးသည့်အန္တရာယ်ရှိသည့်Staphylococcus၊ အစာအဆိပ်သင့်ဖြစ်စေတတ်သည့် Salmonella၊ ဝမ်းဗိုက်မအီမသာဖြစ်ကာ ကျောက်ကပ်ပျက်စီးစေနိုင်ခြင်းနှင့် အခြားရောဂါများဖြစ်ပွားစေသည့် E.coli၊ လည်ချောင်းအတွင်းပိုးဝင်ခြင်း၊ အနာစက်နှင့်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်စေသည့် Streptococcus၊ နေထိုင်မကောင်းခြင်း၊ ဝမ်းလျှောခြင်းနှင့်အသားဝါရောဂါဖြစ်စေသည့်အသည်းရောင်အသားဝါအေ Hypatitis A ဘက်တီးရီးယားများဖြစ်သည်ဟုဆိုသည်။

*—Source:Reader's Digest*

# တစ်ပတ်တာဟောကိန်း

ဩဂုတ် ၂၄ မှ ၃၀ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁ – ဧပြီ၂၀)

အရာရာ မှန်းသည်နှင့် လက်တွေ့ကွာခြားပြီးမှ အဆုံးပိုင်းတွင် အဆင်ပြေမည်။ စိတ်ရှုပ်ထွေးစရာများ အခက်အခဲများ ကြုံတတ်သည်။ ကျန်းမာရေးကို အထူးဂရုစိုက်ရမည့်ကာလဖြစ်သည်။ အရာရာ သတိနှင့်ဆောင်ရွက်ပါ။ စိတ်ပန်း၊ လူပန်းဖြစ်မည်။ အတိုက်အခံများကြုံပြီးမှ အဆင်ပြေမည်။ မေတ္တာရေးတွင် အညံ့ကြုံသော ကာလဖြစ်သည်။ သွေးသားအနှောင့်အယှက်တတ်သော ကာလဖြစ်သည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ – မေ၂၁)

ဘဝကံတိုးတက်မြင့်မားခြင်း၊ ငွေကြေးကံကောင်းခြင်း အကြံအောင်ခြင်းများဖြစ်ပေါ်မည်။ အလိုရှိရာ ဆန္ဒရှိရာများ စနစ်တကျလုပ်၍ ကောင်းစွာပြည့်ဝမည်။ သူတစ်ပါးကြောင့် ပြဿနာများ၊ အခက်အခဲများ ကြုံတွေ့ရာမှ ကင်းစင်သွားမည်။ ပျောက်ရှနေသည်များ၊ လက်လွှန်ထားသည်များ လက်ဝယ်ပြန်ရမည်။ စကားပြောဆိုမှုများ အောင်မြင်မည်။ အလုပ်သစ်၊ စီးပွားသစ်များ အဆင်ပြေချောမွေ့မည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ – ဇွန် ၂၁)

ရပ်ဝေး၊ လူမျိုးကွဲနှင့်ပတ်သက်သည်များ ဆောင်ရွက်အဆင်ပြေမည်။ အပြောင်းအလဲကိစ္စများ ဆောင်ရွက်ရမည်။ ခရီးကိစ္စဆောင်ရွက်အဆင်ပြေအောင်မြင်မည်။ လုပ်ငန်းကံကောင်းသည်။ ရည်မှန်းချက်များ အောင်မြင်မည်။ အလုပ်တွင် ဆက်ဆံရသောသူများအပြောင်းအလဲများနှင့် ကြုံမည်။ မေတ္တာရေးတွင် ရည်ရွယ်ထားသူနှင့် လက်ဆက်ရမည်။ ပညာရေးကောင်းသည်။ ထူးခြားစွာ တိုးတက်မှုရရှိမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ – ဇူလိုင် ၂၂)

ဆောင်ရွက်သမျှ အဆင်ပြေမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းမည်။ အလှူမင်္ဂလာကိစ္စများတွင် ပါဝင်ဆောင်ရွက်ရမည်။ မိမိစိတ်ကူးများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရရှိမည်။ မထင်မှတ်ဘဲ သွားလိုက်သော ခရီးများမှ ထူးခြားသော အကျိုးဆက်များရရှိမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ – ဩဂုတ်၂၃)

အထူးကောင်းသည်။ လုပ်သမျှ အဆင်ပြေချောမွေ့မည်။ စိတ်ချမ်းမြေ့ဖွယ်ရာများ အဆက်မပြတ်ဖြစ်ပေါ်မည်။ မိမိရည်စူးထားသည်များ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။ ကာလအတန်ကြာ ရပ်တန့်ထားသည်များ ပြန်လည်ဆောင်ရွက်ရမည်။ အလုပ်လျှောက်ထားသောသူများ နေရာကောင်းရမည်။ လုပ်ငန်းခွင်မှသူများအဆင့်တိုးခြင်း၊ ဝင်ငွေတိုးခြင်းရှိမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ – စက်တင်ဘာ၂၂)

ဘက်စုံတိုးတက်မည်။ ငွေကြေးကံအထူးကောင်းမည်။ စီးပွားတက်မည်။ ဥစ္စာတိုးပွားမည်။ လုပ်ငန်းငွေကြေးတိုးပွားခြင်းရှိမည်။ ရန်အနှောင့်အယှက်များ ကျော်လွှားအောင်မြင်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်နေသောပြဿနာများအေးငြိမ်းသွားမည်။ မှန်းထားသည်များ ရည်ရွယ်ထားသည်များ အပြည့်အဝ အဆင်ပြေအောင်မြင်မည်။ အရာရာ မိမိစိတ်တိုင်းကျ လုပ်ဆောင်နိုင်မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ – အောက်တိုဘာ၂၃)

ဘက်စုံတိုးတက်မည်။ ခက်ခဲသောကိစ္စများကို ဖြေရှင်းအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အလုပ်အကြံအောင်မည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ စတင်သည့် ကိစ္စမှန်သမျှ အလွယ်တကူအဆင်ပြေမည်။ ထိပ်တိုက်တွေ့နေသော ပြဿနာများကိုဖြေရှင်းနိုင်မည်။ ငွေအစုလိုက်ဝင်တတ်သည်။ မိမိရည်မှန်းချက်အတိုင်း ဆောင်ရွက်အောင်မြင်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ – နိုဝင်ဘာ၂၂)

လိုရာ အောင်မြင်မည်။ ကံမြင့်မားမည်။ အကြံအစည်များ အောင်မြင်မည်။ ဘဝတက်လမ်းပွင့်မည်။ မိမိစိတ်ကူးထားသည်များ ရည်ရွယ်ထားသည်များကို အထင်အရှားအကောင်အထည်ဖော်၍ ဆောင်ရွက်ပါ။ အပြိုင်အဆိုင် အတိုက်အခံများမည်။ စိတ်ရှုပ်ထွေးရမည်။ ပျိုရွယ်သူများအဖို့ ပညာရေးနှင့် လုပ်ငန်းရေးရာတွင် အထူးကောင်း၍ တိုးတက်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ – ဒီဇင်ဘာ၂၁)

ဘက်စုံကောင်းသည့်လိုရာအောင်မြင်နိုင်သော ကာလဖြစ်သည်။ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ အားလုံး အဆင်ပြေသွားမည်။ ရန်အနှောင့်အယှက်များကို ကျော်လွှားနိုင်မည်။ နာမည်ဂုဏ်သတင်းကျော်ကြားခြင်း၊ အလုပ်ကိစ္စများအောင်မြင်ခြင်းများကို ကြုံတွေ့ရမည်။ သူတစ်ပါးကြောင့် မိမိတွင် စိတ်ရှုပ်ထွေးစရာများ အနည်းငယ်ကြုံတွေ့ပြီးနောက် အောင်မြင်မှုရရှိမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ – ဇန်နဝါရီ၂၀)

ယှဉ်ပြိုင်သမျှ အောင်မြင်၍ သူတစ်ပါးအပေါ် အနိုင်ယူအောင်မြင်မည့်ကာလဖြစ်သည်။ ကျန်းမာရေးချူချာမည်။ ငွေကြေးကံကောင်းမည်။ စီးပွားခနတိုးတက်မည်။ ရုတ်ခြည်းဆောင်ရွက်သည်များမှ အကျိုးကောင်းစွာရရှိမည်။ မတော်တဆထိရှမှု အန္တရာယ်များကို သတိရှိပါ။ စီမံထားသည်များလက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲပြီးမှ အဆင်ပြေမည်။ အနှောင့်အယှက်ကြုံပြီးမှ ကောင်းခြင်းရရှိမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ – ဖေဖော်ဝါရီ၁၈)

အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ ရန်အနှောင့်အယှက်များလည်း တွေ့တတ်သည်။ သူတစ်ပါးနှင့် ဆန့်ကျင်ဘက် ရှုထောင့်မှ လုပ်ကိုင်ရခြင်းကြုံမည်။ ချောချောမောမော လွယ်လင့်တကူဖြစ်နေသည့်ကိစ္စများမှ အကျိုးမရှိ၊ ခက်ခက်ခဲခဲ လုပ်ငန်းများမှ အကျိုးကောင်း ရရှိမည်။ လုပ်ငန်းခွင်မှ အကြီးအကဲမိတ်ဆွေတို့၏ နှစ်သက်ခြင်းခံရမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ – မတ်၂၀)

အပြောင်းအလဲနှင့် တိုးတက်မှုကြုံမည်။ ရှိရင်းစွဲအနေအထားမှ မြင့်မားသော အဆင့်သို့ရောက်ရှိမည်။ စကားများစရာများ အငြင်းပွားစရာများတစ်မျိုးပြီး တစ်မျိုးပေါ်ပေါက်မည်။ မိမိအပေါ် ဆန့်ကျင်ပြုသူများနှင့် ကြုံမည်။ လူမျိုးကွဲအကျိုးပေးမည်။ မူလစီမံထားခြင်းမရှိဘဲ ရုတ်တရက်ပေါ်လာသော အခွင့်အရေးကို အသုံးချ၍ လုပ်ကိုင်ရမည်။

7DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011




# လက်တင်အမေရိက စီးပွားရေးကို မျှော်ကြည့်သော်

**ကြည်နေဝင်းမင်း**

လွန်ခဲ့သော လေးငါးခြောက်နှစ်ကပင်လက်တင်အမေရိကမှနိုင်ငံရေးခေါင်းဆောင်များသည်ကမ္ဘာကြီးအား ဘဝင်တစ်လုံးဖြင့်စကားပြောနိုင်ကြသည်။ ဥရောပနှင့်အမေရိကန်နိုင်ငံတို့ စီးပွားရေးရပ်တန့်မှုထဲ နစ်မျောနေစဉ်မှာပင် လက်တင်အမေရိက နိုင်ငံများသည်စီးပွားရေးနာလန်ထမှု အားကောင်းခဲ့သည်။ ရေရှည်ခံအပျက်အစီးများမရှိဘဲ စီးပွားပျက်ကပ်ကိုကျော်လွှားနိုင်ခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံငွေများ စီးဝင်မှု၊ နိုင်ငံခြားပို့ကုန်ပစ္စည်းများ၏ စံချိန်တင်ဈေးနှုန်းများရရှိမှု၊ ခိုင်မာသော ပေါ်လစီများနှင့် ဒေသတွင်းငွေကြေးပေါများလာမှုကြောင့် လက်တင်အမေရိကသည်ယမန်နှစ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ၆ ရာခိုင်နှုန်းရှိခဲ့သည်။ ယခုနှစ်တွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၅ ရာခိုင်နှုန်း ရရှိရန်အခြေအနေကောင်းနေသည်။

သို့သော် ယင်းသို့ မိမိကိုယ်ကိုအားရကျေနပ်မှု အပေါ် ယခုရက်သတ္တပတ်အတွင်း လှုပ်နှိုးခံလိုက်ရသည်။ ကမ္ဘာတစ်ဝန်း ဘဏ္ဍာရေးဈေးကွက်များတွင် အကြောက်တရားများ ခြိမ်းခြောက်နေစဉ်လက်တင်အမေရိကဒေသရှိစတော့ဈေးကွက်များနှင့် ငွေကြေးများ လှုပ်ခတ်သွားခဲ့သည်။ ဘရာဇီးနိုင်ငံ၏ စတော့ရှယ်ယာညွှန်းကိန်း ၈ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ရီယယ်ငွေမှာလည်း အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် သုံးလအတွင်း အနိမ့်ဆုံးဈေးရောက်ရှိသွားခဲ့သည်။ မက္ကဆီကို နိုင်ငံသုံး ပီဆိုငွေကြေးမှာလည်း ခြောက်လအတွင်း အနိမ့်ဆုံးတန်ဖိုးသို့ ရောက်ရှိခဲ့သည်။ ယင်းနောက်တွင်လည်း ဈေးကွက်များတွင် လှိုင်းထန်နေဆဲဖြစ်သည်။ သို့ဆိုလျှင် လက်တင်အမေရိက၏ စီးပွားရေးနာလန်ထမှုခြိမ်းခြောက်ခံနေရပြီလားဟု မေးစရာရှိသည်။

“ဒါဟာအ ကျပ်အတည်းက ကမ္ဘာကြီးကို ဒုတိယအကြိမ်ရိုက်ခတ်တာပါ။ ဒုတိယအကြိမ်မှာပဲ ဘရာဇီးနိုင်ငံလည်း တုန်ခါမသွားပါဘူး” ဟုဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်က ကြေညာလိုက်ပါသည်။ ဆက်လက်၍ ၎င်းကဘရာဇီးနိုင်ငံသည် ၂၀၀၉ အစပိုင်း (သို့မဟုတ်) ၂၀၀၈ နှစ်ကုန်ပိုင်းနှင့်နှိုင်းစာလျှင် အကျပ်အတည်းကိုရင်ဆိုင်ရန် ယခုအခါ ပိုမိုအားကောင်းနေကြောင်း ပြောဆိုပါသည်။

တစ်နည်းအားဖြင့် ယင်းမှာ အမှန်ပင်ဖြစ်သည်။ လက်တင်အမေရိကဒေသ၏ အရန်နိုင်ငံခြားငွေကြေးသည် ၂၀၀၈ ခုနှစ်အောက်တိုဘာလမှစ၍ သိသိသာသာတိုးတက်များပြားလာခဲ့သည်။(ဘရာဇီးနိုင်ငံဆိုလျှင် ကန်ဒေါ်လာ ၂၀၀ ဘီလီယံမှ ၃၅၀ ဘီလီယံတိုးလာခြင်း ဖြစ်သည်။) လုပ်ငန်းများလည်းပတ်နှုန်း မြန်လွန်းအားကြီး၍ ငွေကြေးတန်ဖိုးများမြင့်တက်လာပြီး ကုန်ထုတ်လုပ်သူများအပေါ် နာကျင်မှုများဖြစ်ပေါ်လာနေချိန်တွင် ဘရာဇီးနှင့်အခြားတောင်အမေရိကနိုင်ငံများမှပေါ်လစီချမှတ်သူများသည် ၎င်းတို့၏ ငွေကြေးလဲလှယ်နှုန်းများအနည်းငယ်ကျဆင်းလာခြင်းကိုတိုးတိုးတိတ်တိတ် ကြိုဆိုနေကြမည်ဖြစ်သည်။

သို့သော် ပူပန်စရာတစ်ခုမှာတောင်အမေရိကတွင်ငွေကြေးဖောင်းပွမှု တရိပ်ရိပ်တက်လာသည်။ (ဘရာဇီးနိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဗဟိုဘဏ်က ရည်မှန်းထားသည်ထက်များသည်) ကမ္ဘာ့ဘဏ် တောင်အမေရိကစီးပွားရေးပညာရှင် အကြီးအကဲ ဩဂတ်စကိုကမူ ငွေကြေးတန်ဖိုးကျဆင်းခြင်းသည်၁၉၉၀ ခုနှစ်များမှာကဲ့သို့ ငွေကြေးဖောင်းပွမှု အပေါ် သက်ရောက်မှု မပြင်းထန်ကြောင်း ပြောပါသည်။ ယင်းမှာ ဒေသတွင်း စီးပွားရေးပေါ်လစီချမှတ်သူများအပေါ် ယုံကြည်ကိုးစားမှုရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

လက်တင်အမေရိကနိုင်ငံများတွင် ချမ်းသာသော စီးပွားရေးနိုင်ငံကြီးများထက် ပေါ်လစီလက်နက်ကို ပို၍ အသုံးပြုနိုင်သည့် အားသာချက်လည်း ရှိပါသည်။ လွန်ခဲ့သောကိုးလအတွင်း ဗဟိုဘဏ်များသည် အတိုးနှုန်းများကို မှန်မှန်ကြီးမြှင့်တင်ခဲ့ရာ လိုအပ်ပါက ယင်းအတိုးနှုန်းများကိုချပေးနိုင်ကြသည်။ ဘဏ္ဍာရေးလိုငွေပြမှုမှာလည်း လှုပ်သာလှည့်သာအနေအထားရှိသည်။ အစိုးရကြွေးမြီဝန်ထုပ်ဝန်ပိုးများမှာလည်း မများလှပေ။ ၂၀၁၀ ပြည့်နှစ်တွင် ၃၂ ရာခိုင်နှုန်းသာရှိကြောင်း ကုလသမဂ္ဂ၏ လက်တင်အမေရိက စီးပွားရေးကော်မရှင်အစီရင်ခံစာတွင် ပြဆိုထားသည်။

လက်တင်အမေရိကအတွက် မျှော်လင့်ချက်ဆက်လက်ရှင်သန်စေသော အဓိကအကြောင်းပြချက်မှာ ပြင်ပကမ္ဘာမှ လာသည့် ခြိမ်းခြောက်မှုမှာ ၂၀၀၈ ကကဲ့သို့ ပြင်းထန်မှုမရှိဟူသော အချက်ဖြစ်သည်။ ထိုစဉ်က Lehman Brothers ဘဏ်ကြီး ပြိုလဲခဲ့ခြင်းကြောင့် ဒေသတွင်းသို့ရင်းနှီးမြှုပ်နှံငွေများ ဝင်ရောက်ခြင်း ရုတ်တရက် ရပ်တန့်သွားခဲ့သည်။ ယခုအချိန်တွင်မူ ယူရိုဇုန်ဘဏ်များနှင့် ပတ်သက်၍ အထိတ်တလန့်မဖြစ်ပါက ဖွံ့ဖြိုးနိုင်ငံများတွင် စီးပွားရေးရပ်တန့်နေမည်ဆိုသည့် စိုးရိမ်မှုသာရှိသည်။









ယင်းအခြင်းအရာများကို ကာမိစေသည့် အကြောင်းအရာနှစ်ရပ်ရှိပါသည်။ ပထမအကြောင်းအရာမှာ တောင်အမေရိကမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ သဘာဝတွင်းထွက်ပစ္စည်းများနှင့် ကုန်ကြမ်းများကို တရုတ်နိုင်ငံ၏ ဝယ်လိုအားရှိနေခြင်းဖြစ်သည်။ ယင်းမှာ ဆက်လက်အခြေအနေကောင်းမည်ဟု ရှုမြင်နိုင်သည်။ ဒုတိယတစ်ချက်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့်ဆင်းရဲတွင်းမှလွတ်မြောက်လာသော လက်တင်အမေရိက စားသုံးသူများ ကိုယ်တိုင်ပင်ဖြစ်သည်။ ၎င်းတို့က ငွေကြေးပိုမိုသုံးစွဲလာကြသည်။

သို့သော် တစ်ဖက်တွင်လည်းလက်တင် အမေရိကနိုင်ငံများတွင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးလာနိုင်ပြီး တစ်နှစ်လျှင် ၄ ရာခိုင်နှုန်းခန့်သာ ရှိနိုင်ကြောင်းယခင်ကပင်ခန့်မှန်းထားခဲ့ကြသည်။ စီးပွားရေးနာလန်ထမှုအင်တိုက်အားတိုက်ရှိခဲ့ပြီး အချိန်တွင် ကန့်သတ်မိုင်နှုန်းကို ရောက်ရှိလာခြင်း ဖြစ်သည်ဟု ကုလသမဂ္ဂမှ တောင်အမေရိက စီးပွားရေးကျွမ်းကျင်သူ မစ္စတာ ဒီလာတိုရေးက ဆိုပါသည်။

အကြောင်းရင်းမှာ လက်တင်အမေရိက နိုင်ငံအများစုသည် လုံလုံလောက်လောက် စုဆောင်းမှုမရှိသလို လုံလောက်အောင်လည်း ရင်းနှီးမြှုပ်နှံမှု မရှိခြင်းကြောင့်ဖြစ်သည်။ ၎င်းတို့၏ အရင်းအမြစ်များကိုလည်း ထိထိရောက်ရောက် အသုံးမချကြ။ ၁၉၉၁ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း လက်တင်အမေရိက၌ လုပ်သားအင်အားဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် နှစ်စဉ် ၁ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ ယင်းနှစ်များအတွင်းတောင်ကိုရီးယားတွင် ယင်းကဏ္ဍတိုးတက်မှု ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး တရုတ်နိုင်ငံတွင် ၈ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သည်။ ယင်းသို့နှေးကွေးရခြင်းအကြောင်းအရင်းများတွင် စနစ်ကျနမှုမရှိသောစီးပွားရေးပုံစံ၊ တင်းကျပ်သောအလုပ်သမားဥပဒေများ၊ တီထွင်ဆန်းသစ်မှုနည်းပါးခြင်း၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အဦများတွင်အစိုးရက လုံလုံလောက်လောက် ရင်းနှီးမြှုပ်နှံမှုမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

စီးပွားရေး ပညာရှင်များကလည်း တောင်အမေရိက နိုင်ငံများအနေဖြင့် ယင်းသို့အခြေခံတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုအချိန်ကြာကြာရွှေ့ဆိုင်းထားလေလေ၊ ပြင်ပကမ္ဘာ၏ သက်ရောက်မှုခံရလေလေဖြစ်နိုင်ကြောင်း သတိပေးထားသည်။ ထို့အပြင် နိုင်ငံအများအပြားသည် ပေါများလာသောငွေကြေးကို ပြန်လည် ရင်းနှီးမြှုပ်နှံခြင်းထက် နိုင်ငံခြားမှပစ္စည်းများတင်သွင်းခြင်းနှင့် ပျော်ပျော်ကြီး စားသုံးမှုအတွက် အသုံးပြုနေကြကြောင်း စီးပွားရေးပညာရှင်များက ပြောကြားသည်။ ထို့အတွက် လက်တင်အမေရိက၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၂ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိနိုင်ပြီး ၂၀၁၃ ခုနှစ်တွင် ၃ ရာခိုင်နှုန်းသာရှိနိုင်သည်ဟု ခန့်မှန်းထားကြသည်။

*—Ref: Economist*


MCPA
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း
Developer Conference 2011 - Yangon
2011
ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍
မြန်မာအင်ဖိုတက်ခ်၌ ကျင်းပခဲ့သော
Developer Conference 2011 - Yangon
ဖြစ်မြောက်ရန် ပံ့ပိုးကူညီခဲ့ကြသူများအား
လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။
Official Partner
Yatanarpon Teleport
Main Sponsor
MIT
In Search of Technology
Myanmar Info-Tech
Diamond Sponsor
ACE
Data Systems
Inforithm-Maze
INNOVATING for the FUTURE
mcc
GROUP
Gold Sponsor
KMD
Media Partner
INTERNET
journal
Silver Sponsor
Gusto
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

## Computer

| CPU | |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 57,400 |
| Intel P4 Dual Core 2.93 (E 7500) (775)Processor | 85,000 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 143,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 226,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 46,700 |
| MSI H55M-E32 (1156) Motherboard | 67,300 |
| ASUS P8H67 (B3)(1155) Motherboard | 102,500 |
| ASUS P8H61-MLE(B3)(1155) Motherboard | 68,800 |
| ASUS P8H61-MLE/USB3 (1155) Motherboard | 75,000 |
| Gigabyte P674A-UD3 (B3)(1155) Motherboard | 133,800 |
| Gigabyte PG41MT-S2P (775) Motherboard | 4,7400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 76,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 36,700 |
| 1 GB DDR2 (800) Kingston Memory | 13,800 |
| 2 GB DDR3 (1333) Kingston Memory | 13,000 |
| 4 GB DDR3 (1333) Kingston Memory | 20,700 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 6,000 |
| Memory Stick Adata 4 GB | 6,000 |
| Memory Stick HP 4 GB | 7,000 |
| Memory Stick HP 8 GB | 11,000 |
| Memory Stick Sony 4 GB | 8,000 |
| Memory Stick Sony 8 GB | 13,500 |
| Memory Stick Imation 16 GB | 21,000 |
| **UPS** | |
| Star (650 VA) UPS Led | 28,300 |
| Star (650 VA) UPS Lcd Display | 29,800 |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Power Tree (1250 VA) | 62,000 |
| **DVD Writer** | |
| HP DVD Writer (SATA) | 23,700 |
| ASUS DVD Writer (SATA) | 23,700 |
| Liteon DVD Writer (SATA) | 25,200 |
| **အိတ်ဆောင်တီဗီငွေကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဩဂုတ်(၁၉) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sharp (LCD) | Lc22L50M-BK | 205,000 |
| Toshiba | LZE 21-28 | 120,000 |
| SamSung | CS21C5/BCL | 115,000 |
| LG | 20F/BG | 118,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 25,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT223 | 270,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဩဂုတ် (၂၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄၉၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄၈၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၉၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၀) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၄,၀၀၀-၄,၅၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဩဂုတ် (၁၉) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၂၀-၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၇၀-၇၃၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၈၀၀-၃၂,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၂,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၈၀၀-၃,၆၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၄,၆၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၈,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |

ဩဂုတ်(၂၀)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ -၁၈၀ |
| စူဇူကီး ဝက်ဂွန် $R^{+}$ | - | ၇ခ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ၁စ/၈ဆ | ၂၂၀ |
| စူဇူကီး R- (2Way) | CNG ၂ယ | ၁ဂ/၂ဂ | ၁၈၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၈က | ၃၀၀-၃၁၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၇က/၈က | ၄၅၀-၄၆၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၉ | ၄ဂ | ၈၁၀ |
| ဆပ် | ၉၉ | ၄ဂ/၅ဂ | ၁,၁၀၀- ၁,၃၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ/၅ဂ | ၁,၀၂၀ -၁,၁၀၀ |


ဩဂုတ် (၂၀) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ပေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Aug (13) | Aug (14) | Aug (15) | Aug (16) | Aug (17) | Aug (18) | Aug (19) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011






# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**EPS -TPIK သင်တန်း**

၂၀၁၁ (၁၀)လပိုင်းတွင် ကျင်းပမည့် ကိုရီးယားအရည်အချင်းစစ်စာမေးပွဲအတွက် သင်တန်းသားလက်ခံသည်။

ဖုန်း- ၀၉-၄၉၅၀၈၅၂

**အိမ်အရောက်သင်သည်**

Grade (11) Mathematics, Chemistry, Physics အမှတ်ကောင်းရရှိရန် အိမ်အရောက်သင်ကြားပေးသည်။

ဖုန်း- ၀၉-၇၃၁၁၁၂၇၂

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

TOYOTA ALPHARD, Model-2007 အနက်ရောင်၊ ပစ္စည်းစုံ၊ ၈ဈ/၅ထောင်ကျော်။ ဖုန်း- ၀၉-၅၅၁၁၃၆၆

**ရောင်းမည်**

ပေ ၄၅×၆၀ ခြံခတ်ပြီး၊ RC နှစ်ထပ်တိုက် ၁/၁၂/၄၈၉ မဟော်သဓာလမ်း ၁ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

ဖုန်း- ၀၉-၇၃၀၈၃၄၇၄

**ရောင်းမည်**

၂၀×၅၀ ပေ၊ ထောင့်ကွက် လမ်းကျယ် လမ်းပေါ်၊ ယုဇနပလာဇာ၊ မင်္ဂလာဈေးအနီး၊ စီးပွားရေးလုပ်ရန်ကောင်း။

ဖုန်း- ၀၉-၇၃၀၉၆၃၀၅

**သင်တန်း**

RARCITCAL COMPUTER MAINTENANCE COURSE

လူကြီးမင်းတို့၏ကွန်ပျူတာများကို Error မတက်အောင် Hardware ပိုင်း/OS ပိုင်းများကို သင်ကြားပေးသည်။

ဖုန်း- ၀၉-၄၉၂၂၇၃၆၅

**ငါးကန်အမြန်ရောင်းမည်**

ရန်ကုန်-ပုသိမ်-သာပေါင်း ကားလမ်းမဘေး ၆ ကေခန့်ရှိလိုင်စင်ရစပါးငါးကန် (ညှိနှိုင်းဈေး)ဖုန်း- ၀၉-၇၃၁၃၀၂၂၀

**ရောင်းမည်**

iPad 2 Wifi 16 GB, New USA, iPad 2 smart Cover (Green) ရောင်းရန်ရှိသည်။ (i tunes account free)

ဖုန်း- ၀၉-၇၃၀၄၈၃၇၄

**တိုက်ခန်းရောင်းမည်**

စ/သုမင်္ဂလာအိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး ကျောကပ်၊ ၆ လွှာ၊ အရှေ့လှည့်။ ရေမီးစုံဖုန်းပါ။ ပွဲစားမလို။

ဖုန်း- ၀၉-၄၃၀၅၂၉၂၂

**Friends ++ (မြေနီကုန်း)**

ကွန်ပျူတာအိမ်အရောက်ပြုပြင်သည်

ဖုန်း- ၀၉-၅၄၀၃၆၄၂၅၀၄၃၇၅

**သင်တန်း**

တရုတ်စကားပြောတတ်ချင်သူများအတွက် အိမ်အရောက်သင်ကြားပေးပါသည်။

ဖုန်း- ၀၉-၄၃၀၈၈၅၆၈

**GOOD CHOICE Computer**

ပညာဒါနလုပ်ငန်းခွင်ဝင်သင်တန်း Basic, Internet & E-mail, DTP, Excel (Adv), Graphic Design, MYOB Level I, II, III, Auto CAD 2D,3D, Advanced, 3D Studio Max.

ဖုန်း-၀၉-၄၉၃၂၁၃၀၅၊၀၁-၂၄၁၉၆၇

**အထူးသီးသန့်သင်သည်**

C#.Net Programming Language နှင့် On Job Training with C#.Net

ဖုန်း- ၀၉-၇၃၀၅၁၆၂၀

**ဝန်ဆောင်မှု**

မြန်မာ့ရိုးရာ ဖျော်ဖြေရေးဝန်ဆောင်မှု ရဟန်းခံ၊ ရှင်ပြု၊ ကထိန်၊ အလှူမင်္ဂလာများတွင် မြန်မာ့ရိုးရာ အဆို၊ အကဖျော်ဖြေမှုများကိုငှားရမ်းလိုပါက ဆက်သွယ်နိုင်သည်။ ဖုန်း- ၀၉-၇၃၁၁၂၀၇၅

**အိမ်အရောက်သင်ပေးသည်**

ဒသမတန်း သင်္ချာ၊ နဝမတန်း သင်္ချာ၊ ရူပ နှင့် အလယ်တန်း သင်္ချာ၊ အင်္ဂလိပ်။

ဖုန်း- ၀၁-၇၀၅၆၀၁

**ထိုင်းအင်္ဂလိပ်စကားပြော**

ဘန်ကောက်မြို့တွင် ၁၂ နှစ်ကျော်နေထိုင်ခဲ့ပြီး စာသင်ကြားပေးခဲ့သောဝါရင့်ဆရာကြီးကိုယ်တိုင်သင်မည်။

ဖုန်း- ၀၁-၅၂၇၅၈၈

**အဲကွန်းရောင်းရန်ရှိသည်**

Hitachi Window 1 HP 110,000 ကျပ်၊ National Window 1 .5HP 130,000 ကျပ်၊ Toshiba Window 1.5HP 130,000 ကျပ်။

ဖုန်း- ၀၉-၅၁၈၀၇၉၀၊ ၀၁-၂၄၆၁၅၀

**အိမ်အရောက်သင်သည်**

၅ တန်းမှ ၁၀ တန်းအထိ အမှတ်ပေးစည်းမျဉ်းနှင့်အညီစနစ်တကျသင်ကြားပေးသည်။ ဖုန်း- ၀၉-၇၃၀၈၃၂၄၆

**တိုက်ခန်းငှားမည်**

မြေညီထပ်၊ပထမထပ်၊ဘားဂရာလမ်းမပေါ်၊ (၂၀×၆၅)ပေ။

ဖုန်း- ၀၉-၅၄၀၀၈၁၄၊ ၀၁-၅၁၉၃၇၄

**ရောင်းမည်**

အမှတ်(၁၉)၊အောင်ရတနာလမ်း၊၁၄× ၄၀ ပေ၊ ဒုတိယထပ်၊(ပြင်ဆင်ပြီး)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၅၅၉၆၆၆၉

**အိမ်နှင့်ခြံရောင်းမည်**

လှည်းကူးမြို့နယ်၊ ၈/၂ ရပ်ကွက်၊ ၈၀× ၆၀ ထောင့်ကွက်၊ ရေမီးစုံ၊ သစ်ပင်စုံ။ ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

ဖုန်း- ၀၉-၈၀၃၄၁၁၂၊ ၀၁-၅၂၂၆၁၅

**သင်တန်း**

ထိုင်းအခြေခံ စကားပြောသင်တန်း (Intensive Course)စနစ်တကျသင်ကြားပေးပါသည်။

ဖုန်း- ၀၉-၉၁၀၂၈၄၆၄

**အိမ်လိုက်သင်သည်**

၉၊ ၁၀ တန်း၊ ဘောဂဗေဒ၊ တစ်ဦးချင်း (သို့) ၃ ဦးမှ ၅ ဦးဝိုင်းကျူရှင်၊ စာသင်နှစ် (၂၀)နှစ်။ ဖုန်း- ၀၉-၇၃၁၃၂၀၂၇

**သင်တန်း**

ကိုရီးယားစကားပြော၊ အခြေခံ၊ အရေး၊ အဖတ်၊ အပြော(စနစ်တကျ သင်လိုသူများအတွက်) အိမ်အရောက်သင်ကြားပေးသည်။ ဖုန်း- ၅၆၃၃၁၈(မရွှေရည်)

**Hen Si Int'L Travels & Toure**

ပြည်တွင်း၊ ပြည်ပခရီးစဉ်များ၊ Hotel Reservation Car Rental, Guide Service, Visa Service, e-Dform Service, များကို ဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးသည်။ ဖုန်း- ၂၉၇၀၉၃

**အိမ်လိုက်သင်သည်**

English Speaking သီးသန့်၊ ၁၀ တန်းအောင်ပြီး နိုင်ငံခြားသွားမည့်သူများအတွက်သင်တန်းသားများစွာလေ့ကျင့်ပေးခဲ့သူ Chief Engineer ကိုယ်တိုင်သင်ပေးမည်။ ဖုန်း- ၀၉-၇၃၀၃၈၈၁၀

**သင်တန်း**

Medium English Language Training, Writing Class, Speaking Class, 4 Skills, IELTS. **PH: 09-5105470**

**I.C.S System Solution**

လူကြီးမင်းတို့၏ ရုံး၊ အိမ်၊ ကုမ္ပဏီ၊ အင်တာနက်ဆိုင်တို့ရှိ ကွန်ပျူတာများအား လချုပ်၊ နှစ်ချုပ်ဖြင့် ဝန်ဆောင်မှု ပေးပါသည်။ ဖုန်း- ၀၉-၅၄၀၉၇၁၂

**GERMAN & ENGLISH**

အိမ်သီးသန့်နှင့်ရေး၊ဖတ်၊ပြောသင်တန်းများ M.T.R (B.E (che), Dip.in German Language)(Ex.Teacher of I.F.L) **PH: 09-49271962**

**ခွေးသားပေါက်ရောင်းမည်**

ခွေးချစ်သူများအတွက် သတင်းကောင်း အိမ်မွေး Shih tzu သားပေါက်လေးများ အမြန်ရောင်းမည်။

ဖုန်း- ၀၉-၅၀၇၄၈၉၆

**အိမ်လိုက်သင်သည်**

မြန်မာ့သိုင်း(ဗန်ဒို)ပညာ အိမ်လိုက်သင်ပေးပါသည်။ - **ဆရာ နေသူရိန်**

ဖုန်း- ၀၉-၇၃၁၇၃၅၀၉

**OUNG**

English for Grade 6 to Garde 11

**PH: 09-73109828**

**လျှပ်စစ်နှင့် ရေပိုက်ဝန်ဆောင်မှု**

နေအိမ်စက်ရုံများ ဝါယာတပ်ဆင်ခြင်း၊ ရေပိုက်အသစ်သွယ်တန်းခြင်းများ ဆောင်ရွက်ပေးသည်။

ဖုန်း- ၀၁-၅၅၅၉၁ (ကိုဇာနည်)

**ရောင်းမည်**

လမ်းမတော်မြို့နယ်၊ ၂၅×၅၀ ပေ၊ ၂ လွှာ၊ Lift Hall (ပြင်ပြီး) တိုက်သစ်။

ဖုန်း- ၀၉-၄၃၀၈၅၀၁၇

**AAA Technical Service**

Air-Con, Freezer များပြုပြင်တပ်ဆင်ခြင်းနှင့်ဆေးကြောခြင်းလုပ်ငန်းများကို လူကြီးမင်းတို့၏ စိတ်တိုင်းကျ အိမ်အရောက် Warranty ကာလဖြင့် ပြုလုပ်ပေးသည်။ ဖုန်း- ၀၉-၅၃၉၆၄၈၇

**ရောင်းမည်**

တ/ဥ၊ (၁၃) ရပ်ကွက်၊ (သံသုမာလမ်းအနီး) ၄၀×၆၀ ပေ၊ 2BN ၉၂၀ သိန်း။

ဖုန်း- ၀၉-၇၃၁၁၇၂၀၇

**PENGUIN**

Electro Mechanical Services အဲယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ရောင်းဝယ်ရေး အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။

ဖုန်း- ၀၁-၅၂၀၂၂၀

**ရောင်းမည်**

၁၅× ၄၀ ပေ၊ ၂ ခန်းတွဲ၊ တိုက်ခန်း၊ ၃၆ လမ်း (အထက်)၊ ၃ လွှာ။

ဖုန်း- ၀၉-၈၅၇၀၆၀၀

**ကိုရီးယား EPS- KLT**

စာမေးပွဲ သီးသန့် ဆက်သွယ်ရန်-

ဖုန်း- ၀၉-၇၃၀၄၇၂၈၁၊ ၅၀၅၃၉၃

**သင်တန်း**

အင်္ဂလိပ်စာ အခြေခံအားနည်းသောလူငယ်/လူလတ်ပိုင်းများနှင့်ရုံးနှင့်ကုမ္ပဏီဝန်ထမ်းများအတွက် Grammar, Vocabulary, Reading, Speaking ကိုအိမ်အရောက်သင်ကြားပေးသည်။

ဖုန်း- ၀၉-၇၃၀၅၇၂၁၀

**အမြန်သင်ကြားပေးသည်**

Digital Video Editing သင်တန်း အိမ်အရောက် အမြန်သင်ပေးမည်။

ဖုန်း- ၀၉-၅၁၈၂၀၅

**သင်္ချာသီးသန့်သင်သည်**

၂၀၁၁-၁၂ ပညာသင်နှစ်အတွက် ၉ တန်း၊ ၁၀ တန်း International School (Secondary တန်းများ)သင်္ချာ သီးသန့် အိမ်အရောက်သင်သည်။

ဖုန်း- ၀၉-၇၃၀၆၃၀၉၃

7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# စာ – ၉၊ သီပေါဘုရင် မြစ်တော်တစ်ဦး၏ ဘဝပုံရိပ်မှ

သို့သော်အနွယ်တော်အနေဖြင့်ကြည့်ပါက ပါတော်မူပြီးနှစ်ပေါင်းတစ်ရာကျော်ကာလ ကြာမြင့်သည့်အခါတွင် မြေးတော်များမှသည်မြစ်တော်၊ တီတော်၊ တွတ်တော်တို့အထိပင် ရောက်ရှိနေပြီဖြစ်လေ၏။

အနွယ်တော်အားလုံးထဲမှ တတိယနှင့် စတုတ္ထမျိုးဆက်အများစုမှာ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ပြင်ဦးလွင်တို့တွင် နေထိုင်လျက်ရှိကြသည်။ အရှင်နှစ်ပါး၏ပထမသမီးတော်ကြီး၏သမီးတော်(တုတု) မိသားစုမျိုးဆက်များမှာမူ အိန္ဒိယနိုင်ငံ ရတနာဂီရိတွင် နေထိုင်လျက်ရှိ၏။

သီပေါဘုရင်၏ မျိုးဆက်သုံးဆက် သာခြားသော မြစ်တော် ဒေါ်ဒေဝီသန့်စင်တွင် မင်းစိတ်မင်းမာန်မင်းဟန်ပန်တို့ တစ်ခုမျှမတွေ့ရ။ သူမကို ကြည့်လိုက်လျှင် မြန်မာဝတ်စုံ သေသေသပ်သပ်ဝတ်ဆင်ထားတတ်ပြီး ရိုးစင်းစင်းနှင့် ကျို့ကျို့ရို့ရို့ပင်ဖြစ်သည်။

လက်ရှိသူမနေထိုင်ရာ ဘုရားလမ်းနေအိမ်ကလည်း နှစ်ပေါင်းများစွာကြာမြင့်လာသည့်အတွက် အတော်ပင်အိုလှပြီဖြစ်၏။ မြေညီထပ်ဧည့်ခန်းထဲဝင်လိုက်သည့်အခါ သစ်သားဆက်တီခုံလေးငါးလုံးက ဟောင်းနွမ်းနေပြီဖြစ်သော်လည်း ဧည့်ခန်းအတွင်း ပြည့်နှက်နေသည့် စာအုပ်များက ဧည့်ခန်း၏ အလှကိုဆောင်နေလေသည်။ ထို့ထက်ကား နံရံပေါ်မှအရှင်နှစ်ပါး၏ ပန်းချီကားကြီးနှင့် ငြိမ်းချမ်းရေးသင်္ကေတရွှေချည်ထိုးဒေါင်းရုပ်ကားချပ်ကြီးကမူ ဟောင်းနွမ်းနေသည့် ဧည့်ခန်းလေး၏ ဂုဏ်ကို ခန့်ညားထည်ဝါအောင် မြှင့်တင်ပေးလိုက်သလိုရှိတော့သည်။

လူလေးငါးခြောက်ယောက်ခန့်သာဧည့်ခံနိုင်မည့်အကျယ်အဝန်းရှိသည့် ထိုဧည့်ခန်းသည် တစ်ချိန်ကမြန်မာနိုင်ငံကိုအုပ်ချုပ်မင်းလုပ်တော်မူခဲ့သည့်အရှင်နှစ်ပါး၏မြေးတော်၊ မြစ်တော်များနေထိုင်ရာအိမ်မှဧည့်ခန်းဖြစ်လေသည်။

ဒေါ်ဒေဝီသန့်စင်က သိပ္ပံဘွဲ့ရဆည်မြောင်းအရာရှိတစ်ဦးအဖြစ် ခင်ပွန်းဖြစ်သူ ဦးအေးကို(အင်ဂျင်နီယာ)နှင့်အတူ နှစ်ပေါင်း ၂၀ ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီးမှ ၁၉၉၀ ပြည့်နှစ်က အသက်မပြည့်မီတွင် ပင်စင်ပေးခံခဲ့ရသည်။ သားလေး ဦးထွန်းကားခဲ့ရာ အနွယ်တော်မျိုးဆက်တွတ်အထိပင်ရှိနေပြီဖြစ်၏။ ယခုအခါ"အောင်ပင်လယ်" ဆိုသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မဂ္ဂဇင်း တစ်စောင်ကို တာဝန်ယူထုတ်ဝေလျက်ရှိကာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာပေများကို ရေးသားပြုစုဟောပြောနေသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူတစ်ဦးဆိုကလည်း မမှားပေ။ ထို့အပြင် စိမ်းရောင်စိုစာပေအဖြစ် စာအုပ်ထုတ်ဝေသူတစ်ဦးဖြစ်နေပြန်သည်။ ထို့ကြောင့် စာပေလောကထဲမှ စာပေသမားတစ်ဦးလည်းဖြစ်သည်။

လူငယ်များနှင့် စကားပြောသည့်အခါ သူ့ကိုယ်သူဒေါ်လေးဟုသုံးနှုန်းတတ်သည့် ဒေါ်ဒေဝီက အနွယ်တော်ဝင်တစ်ဦးဖြစ်သော်လည်းမိသားစုအတွင်းအနေအထိုင်အပြောအဆိုတို့အကြောင်းမေးသည့်အခါ သာမန်အတိုင်းပါပဲဟုခပ်ပြုံးပြုံးနှင့် ရိုးရိုးရှင်းရှင်းဖြေတတ်သည်။

"ဒေါ်လေးတက္ကသိုလ်မတက်ခင်အထိအိမ်မှာ အဖေတွေအမေတွေကိုဘုရားထူးတယ်။ ဟုတ်ကဲ့ဆိုရင်တင်ပ့ါလို့ပြောတာပေ့ါလေ။ အဲဒါပဲရှိပါတယ်။ ကျန်တာကတော့ သာမန်အတိုင်းနေထိုင်ပြောဆိုတာပါပဲ"ဟု တစ်ဦးတည်းသောသမီးဖြစ်သည့် ဒေါ်ဒေဝီက အိမ်တွင်းစကားအသုံးအနှုန်းများနှင့်ပတ်သက်ပြီးရှင်းပြသည်။ သူမ၏ဖခင်ဖြစ်သူကိုမူ"တော်တော်’ဟူ၍သာ သူမကခေါ်ဆိုသည်။

သို့ရာတွင်ဒေါ်ဒေဝီသန့်စင်၏ဖခင်တော်ဘုရားကလေး ဦးအောင်ဇေ၏ အစ်ကိုကြီးဖြစ်သူတော်ဘုရား(လက်ရှိပြင်ဦးလွင်မြို့တွင် သက်ရှိထင်ရှားနေထိုင်လျက်ရှိပြီး စတုတ္ထသမီးတော်၏ဒုတိယသားတော်) မိသားစုကမူ ထီးသုံးနန်းသုံးအတိုင်း သုံးနှုန်းပြောဆိုနေဆဲဖြစ်သည်ကိုဒေါ်ဒေဝီထံမှသိရသည်။

တစ်ခါတစ်ရံ ပြင်ဦးလွင်မြို့အိမ်(အိမ်တော်)၌ဦးရီးတော်ဖြစ်သူ တော်ဘုရားနှင့် စကားပြောသည့်အခါ အသုံးအနှုန်းမှားယွင်းတတ်သဖြင့် သတိထားပြောဆိုရကြောင်းကို ဥပမာတစ်ခုနှင့်ပြောပြရင်းသူ့စကားနှင့်သူ သဘောကျနေသေးသည်။

"ဘကြီးတော်(ဦးရီးတော်ကိုခေါ်ပုံ)က တစ်ခုခုပြောလိုက်ရင်တင်ပ့ါဘုရားမပြောဘဲနဲ့ဟုတ်ကဲ့လို့ ပြောမိတယ်။ မြန်မြန်ပြန်ပြင်ပြောရတယ်။ တင်ပ့ါဘုရားပေ့ါ။ ငယ်ငယ်တုန်းကတော့ပြင်ဦးလွင်မြို့မှာကျောင်းသွားတက်နေသေးတော့ အထိအတွေ့ရှိတယ်။ အိမ်မှာလည်းမပြောတော့ အခုပြောကျင့် မရှိတော့ဘူးပေ့ါ" ဟု ပြောသည်။

မြန်မာ့ယဉ်ကျေးမှုအသုံးအနှုန်းဖြစ်သော"ပါ"ကိုသာ "ထမင်းစားပြီးပါပြီ" "အိပ်ပါတော့မယ်" စသည်ဖြင့် ထည့်သွင်းသုံးစွဲ ပြောဆိုပြီး ထီးသုံးနန်းသုံးစကားများပြောဆိုသုံးနှုန်းခြင်းမရှိသည့် အတွက်ရိုးစိုင်းသူတစ်ဦး အဖြစ်ပင် အနွယ်တော်များကြား သူမမှာအပြစ်တင်ခံခဲ့ရဖူးသည်။

ထီးသုံးနန်းသုံးအလေ့အထများလုံးဝမရှိဘဲ သာမန်အရပ်သူတစ်ယောက်လို ခံယူရပ်တည်နေသည့်မြစ်တော်ဒေါ်ဒေဝီကတစ်ခါတစ်ရံတိုက်ဆိုင်မှုများကြုံသည့်အခါတိုင်းအနွယ်တော်တစ်ယောက်အနေဖြင့် တော်ဝင်မိသားစုဝင်တစ်ယောက်အဖြစ် ထိခိုက်ခံစားရတတ်ကြောင်း သူမက ရင်ဖွင့်သည်။ "ပလ္လင်တော်ကြီးအမျိုးသားပြတိုက်ရောက်သွားတော့ဘိုးဘွားတွေထိုင်ခဲ့တဲ့ပလ္လင်ကြီးသွားကြည့်တယ်။အဲဒီမှာပြတိုက်ကိုလာကြည့်ကြတဲ့နယ်ဘက်က မိသားစုတစ်စုနဲ့တွေ့တယ်။ သူတို့က ဟာဒီဘုရင်အမျိုးတွေ ဘယ်ရောက်ကုန်ပြီလဲမသိဘူး၊ ရှိသေးလားမသိဘူးပေ့ါ တစ်ယောက်က စပြောတယ်။ ရှိရင်ရှိဦးမှာပေ့ါတဲ့ သူတို့ဟာသူတို့ငြင်းနေကြတာပေ့ါလေ။တစ်ယောက်ကပြန်ပြောတယ်။ "သူ့ကျွန်မခံပြီ" ရုပ်ရှင်ပြတုန်းကတွေ့ဖူးလား၊ ပါသွားကြပြီလေ။ ကလေးလေးတွေ ရောလေဘယ်ပြန်ရောက်မလဲတဲ့"

"အဲဒီအချိန်မှာစိတ်ထဲ အရမ်းဝမ်းနည်းသွားတယ်။ တကယ်တော့ ဒါကခံစားစရာမဟုတ်ဘူးလေ။ လူတွေကဒါကြည့်ရင်ဒါမေးကြပြောကြမှာပေ့ါ။ ကိုယ့်ခေါင်းထဲမှာ ဘာမှမရှိဘူးနော်၊ဒါတွေအပေါ်မှာ။ ဒါပေမဲ့ ကိုယ့်သွေးထဲမှာ စီးနေတဲ့ဒီသွေးကြောင့် တစ်ခါတစ်ခါမှာ ပေါ်ပေါ်လာတယ်ပြောရမယ်"ဟုဒေါ်ဒေဝီကသူ့ခံစားချက်ပြန်ပြောင်းပြောပြသည်။

တော်ဝင် မိသားစုဆိုင်ရာသမိုင်းမှတ်တမ်းအချို့တွင် ဒေါက်တာ ဘမော်လက်ထက်တုန်းကသီပေါဘုရင်၏ မြေးတော်များဖြစ်သော တော်ဘုရားကြီးနှင့် ဒေါ်ဒေဝီသန့်စင်၏ဖခင် တော်ဘုရားကလေးဦးအောင်ဇေတို့ညီအစ်ကိုနှစ်ဦးကိုဘုရင်တင်မြှောက်ရန်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ဖူးကြောင်း ဖော်ပြချက်နှင့် ပတ်သက်၍ ဒေါ်ဒေဝီသန့်စင်က

"ဂျပန်ခေတ်မှ နန်းလျာမင်းသားညီနောင်နှစ်ပါးဆိုပြီး အဲဒီစာအုပ်ထဲမှာရေးထားတယ်။ ဒါပေမဲ့အဲဒီထဲမှာဖော်ပြထားတဲ့အတိုင်း ဘကြီးတော်ကြီး (တော်ဘုရားကြီး)ကလက်မခံဘူး။ အဲဒီအချိန်မှာ လွတ်လပ်ရေးတိုက်ပွဲဝင် နေတဲ့ဗိုလ်ချုပ်အောင်ဆန်းတို့ရှိနေပြီလေ။ ဒါကတော့ သမိုင်းနောက်ခံအကြောင်းလေးပေ့ါ"ဟု သမိုင်းမှတ်တမ်းကိုပြန်လည်ကိုးကားရှင်းပြသည်။

အမှန်တကယ်တော့ဒေါ်ဒေဝီတို့ မိသားစုက ပဒေသရာဇ်စနစ်ကို ဆန့်ကျင်ခဲ့ကာ သူ့ဖခင်တော်ဘုရားလေးဦးအောင်ဇေက သူ့မင်းမျိုးအနွယ် "တော်ဘုရားကလေး"နာမည်ကို စွန့်လွှတ်ခဲ့ပြီး ဦးသန့်စင်ဟူသော နာမည်ကိုပြောင်းလဲခဲ့သည်။ ထို့ကြောင့်လည်းသူမကို သာမန်အရပ်သူအနေဖြင့်သာ "ဒေဝီသန့်စင်" အမည်ကို ပေးခဲ့ခြင်းဖြစ်သည်။

ကုဋေချီပြီး ပိုင်ဆိုင်ခဲ့သည့်တော်ဝင်မိသားစု၏အနွယ်တော်နီးနီးစပ်စပ်ဖြစ်နေသေးသော သူ့မိသားစုထံတွင်အစဉ်တစိုက်ထိန်းသိမ်းရသည့် မိသားစု အသုံးအဆောင်များရှိပါသလားမေးရာ ဒေါ်ဒေဝီက သဘောကျလွန်းစွာ ဟက်ဟက်ပက်ပက်ရယ်လေသည်။

"ဘာမှမရှိပါဘူးကွယ်။ ဘာပစ္စည်းမှမရှိပါဘူး။ လူတွေတောင်ဖမ်းဆီးပြီးခေါ်သွားကြတာဆိုတော့ သမီးတော်နှစ်ပါးကလည်းငယ်ငယ်လေးတွေလေ။ ဘာပစ္စည်းမှမကျန်ပါဘူး" ဟုဆိုလေသည်။

သက်တမ်းတစ်လျှောက်လုံးတွင်တော်ဝင်မိသားစုဝင်တစ်ယောက်အနေဖြင့် အထူးအခွင့်အရေးတစ်စုံတရာခံစားဖူးပါသလားဆိုသည့် အမေးကိုမူ "ကျောင်းတက်တော့ ပညာသင်စရိတ်ကိုတော်ဝင်မိသားစုကဆိုတော့ ၁၀၀ ရတယ်။ သာမန်ကျောင်းသားတွေကတော့ ၇၅ ကျပ် ပဲရတာပေ့ါ။ ဒါပေမဲ့ ဒေါ်လေးအဖေက ကုန်သည်ဆိုတော့ ကျောင်းထားနိုင်တယ်။ မယူဘူး။ မတတ်နိုင်တဲ့လူတွေအတွက်လျှော့သွားမယ်။ အခွင့်ထူးခံဆိုတာကို လက်မခံတဲ့အတွက်နိုင်ငံတော်စရိတ်နဲ့မတက်ခဲ့ဘူး" ဟုဆိုသည်။

ထိုကျောင်းစရိတ်အခွင့် အရေးက သူ့ဘဝတွင်အနွယ်တော်တစ်ဦးအဖြစ် အသိအမှတ်ပြုခံရသောသူ မခံစားလိုက်ဖူးသည့်တစ်ခုတည်းသော အခွင့်ထူးဖြစ်ခဲ့သည်။ အခွင့်ထူးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနွယ်တော်တစ်ယောက်ဖြစ်ခြင်းက ဒေါ်ဒေဝီအတွက်ဂုဏ်မောက်စရာအကြောင်းရာတစ်ခုလည်းမဖြစ်ခဲ့။

"ဒေါ်လေးကို တော်တော်ကအရွယ်ရောက်ကတည်းက ဘာသင်လဲဆိုတော့ ကိုယ်ကမင်းမျိုးမင်းနွယ်ဖြစ်လို့ ဒါနဲ့မာနတက်ဖို့မလိုဘူးတဲ့။ ဂုဏ်မောက်ဖို့မလိုဘူးတဲ့။ အဲဒါဟာ ကိုယ့်တိုင်းပြည်ကိုသူများထက်ငါလုပ်ပေးစရာအများကြီးရှိတယ်ဆိုတဲ့တာဝန်ရှိလာတာပဲတဲ့။ တို့က ဒီသွေးပါတဲ့အတွက်တိုင်းပြည်ကိုကြည့်ဖို့ တာဝန်ပိုရှိတယ်တဲ့" ဖခင်ဖြစ်သူတော်ဘုရားလေးဦးအောင်ဇေ၏ ဆုံးမဩဝါဒအတိုင်းနေထိုင်ခဲ့ပုံကိုပြောပြသည်။

ထို့ကြောင့်လည်း နိုင်ငံရေးလောကနှင့် ခပ်ဝေးဝေးကနေလိုသည်ဆိုသည့်ဒေါ်ဒေဝီကသတ္တလောကကောင်းကျိုးတစ်စုံတစ်ရာလုပ်ကိုင်လိုစိတ်ဖြင့် ယခုကဲ့သို့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစိမ်းရောင်တက်ကြွလှုပ်ရှားသူတစ်ယောက်အဖြစ် ရပ်တည်နေခြင်းဖြစ်ပါလိမ့်မည်။

သို့သော် နောက်ဆုံးဇာတ်သိမ်းမလှခဲ့သည့် သူ့ဘိုးတော်၊ ဘွားတော်များအကြောင်းကမူ သူ့ရင်တွင်းတစ်နေရာတွင်တော့ ရှိနေဆဲဖြစ်သည်။

ဦးနု အစိုးရလက်ထက်က ပါတော်မူနေ့တိုင်းရေဒီယိုမှတစ်ဆင့် (ထိုအချိန်က တယ်လီဗေးရှင်းမပေါ်သေး) မြေးတော်နှစ်ပါးထဲမှ တစ်ပါးပါးက ပါတော်မူနေ့အကြောင်း နှစ်စဉ်အသံလွှင့် ပြောကြားခဲ့ရသည်ကိုလည်း သူမက မှတ်မှတ်ရရရှိနေသေးသည်။ ထိုအချိန်က သမ္မတအိမ်တော်ရာဝင်းအတွင်း ပါတော်မူနေ့၌ သီပေါဘုရင် ထိုင်တော်မူခဲ့သည့်သီဟာသနပလ္လင်တော်ကို အများပြည်သူသို့ပြသကြည့်ရှုခွင့်ပေးရာ ပြည်သူအများ လာရောက်တန်းစီကြည့်ရှုကြသည်ကိုလည်း မမေ့သေး။

ဒေါ်ဒေဝီက သီပေါမင်းတြားနတ်ရွာစံပြီး ၇၇ နှစ်ကြာမှ သရဏဂုံတင်ခွင့်ရခဲ့သည့် ရုပ်ကလပ်တော်တည်ရှိရာ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ တစ်ခေါက်လောက်ဖြင့် အသက်သိပ်မကြီးခင်မှာသွားရောက်လိုသည်။ ထိုဆန္ဒက နောက်ဆုံးမြန်မာမင်းဆက် သီပေါဘုရင် မျိုးဆက်တစ်ဦး၏ ဘိုးတော်အပေါ်ထားရှိသည့်သွေးသားသံယောဇဉ်ဆန္ဒတစ်ခု ဖြစ်ပေလိမ့်မည်။

ယခုအခါ ဒေါ်ဒေဝီ၏ သား၊ မြေးများမှာလည်း မင်းသွေးဆွေစဉ်ခုနှစ်ဆက်တွင် ပါဝင်တော်စပ်နေသေးသော်လည်း သူ့အလုပ်နှင့်သူ သာမန်ဘဝများထဲမှာ ဖြတ်သန်းသွားရင်း မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်ကျော်လွန်သွားနေသည်။

ပါတော်မူနေ့အခမ်းအနားကို မိသားစုအခမ်းအနားအဖြစ် နှစ်စဉ်နှစ်တိုင်းကျင်းပပြုလုပ်လေ့ရှိပြီး ထိုမိသားစု အခမ်းအနားကသည်ပင် သီပေါမိသားစု၏ တစ်ခုတည်းသော အခမ်းအနား တစ်ခုအဖြစ်ရှိနေသည်။ ယခုအခါ ဒေါ်ဒေဝီ၏ သားလေးယောက်ဖြစ်သော တီတော်လေးဦးက ယင်းမိသားစု အခမ်းအနားကို လက်လွှဲပြောင်းကာ ဦးဆောင်လျက်ရှိသည်။

သို့သော်လည်း တဖြည်းဖြည်းနှင့်နောက်ဆုံးဘုရင်၏သွေးသားရင်းချာများမှာသွေးဝေးကာ သာမန်ပြည်သူတွေ အတွေးပုံရိပ်

## အရှင်နှစ်ပါးနှင့် သမီးတော်လေးပါး၏ မှတ်တမ်း

**■ သီပေါမင်းတြား**

အိန္ဒိယနိုင်ငံ ရတနာဂီရိစံအိမ်တော်၌ ၁၉၁၆ ခုနှစ်က သက်တော် ၅၂ နှစ်အရွယ်တွင် နတ်ရွာစံခဲ့။ အုတ်ဂူနန်း ပြသာဒ်တော်ကို အိန္ဒိယနိုင်ငံ ရတနာဂီရိရှိ ဘုံဘေ-ရတနာဂီရိကားလမ်းဘေးမြေ ရိုင်းကွင်းထဲတွင် ထားရှိ။

**■ မိဘုရားခေါင်ကြီးစုဘုရားလတ်**

မြန်မာနိုင်ငံ ရန်ကုန်မြို့ ကိုယ့်မင်းကိုယ်ချင်းလမ်းရှိစံအိမ်တော်တွင် ၁၉၃၅ ခု နှစ်က သက်တော် (၆၆) နှစ်၌ နတ်ရွာစံခဲ့ ။ အုတ်နန်းပြသာဒ်တော်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း(ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)တွင် ထားရှိ။

**■ ပထမသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားကြီး**

ရတနာဂီရိစံအိမ်တော် တံခါးမှူး အိန္ဒိယနိုင်ငံသားဂိုပယ်ဘရောင်စာဝပ်နှင့် အိမ်ထောင်ကျခဲ့ကာ အိန္ဒိယနိုင်ငံ ရတနာဂီရိတွင်ပင် ၁၉၄၇ ခုနှစ်က ကံတော်ကုန်။ သမီးတစ်ဦးထွန်းကားခဲ့ကာ ထိုသမီးတော်(တုတု)က အိန္ဒိယသူအဖြစ်သာ အန္ဒိယနိုင်ငံ၌သားမြေးမြစ်များ မျိုးဆက်ပွားရင်း ထိုဒေသတွင်ပင် နေထိုင်လျက်ရှိ။ ပထမသမီးတော်အုတ်ဂူတော်ကိုသီပေါမင်းတြားအုတ်ဂူတော်နှင့်ဘေးချင်းကပ်လျက် အိန္ဒိယနိုင်ငံ ရတနာဂီရိတွင် ထားရှိသော်လည်းအရိုးအိုးထည့်သွင်းထားခြင်းမရှိဘဲ ဟောင်းလောင်းဖြစ်နေ။

**■ ဒုတိယသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားလတ်**

လတ်သခင်(တိုင်းတားမင်းကြီးမျိုးနွယ်)နှင့် စုလျားရစ်ပတ်ခဲ့။ ကံတော်ကုန်သည်အထိ အိန္ဒိယနိုင်ငံ ကာလကတ္တားတွင် နေထိုင်သားသမီးမထွန်းကားခဲ့ဘဲ ကာလကတ္တားမြို့တွင် ၁၉၅၆ ခုနှစ်ကနတ်ရွာစံ။ အရိုးအိုးကိုမြန်မာနိုင်ငံသို့သယ်ဆောင်ကာ စုဘုရားလတ်အုတ်နန်းပြသာဒ်တော်ခြေရင်းတွင် မြှုပ်နှံထား။

**■ တတိယသမီးတော် အသျှင်ထိပ်စုမြတ်ဘုရား**

သခင်ထိပ်တင်ကိုယ်တော်ကြီး(အိမ်ရှေ့စံကနောင်မင်းသားကြီး၏မြေးတော်)နှင့် လက်ဆက်ခဲ့။ မြန်မာနိုင်ငံ ပြင်ဦးလွင်မြို့ရှိစံအိမ်တော်တွင် နေထိုင်ရင်း ကံတော်ကုန်။ သားသမီးတစ်ဦးထွန်းကား။ အရိုးအိုးကို စုဘုရားလတ်အုတ်နန်းပြသာဒ် တော်ခြေရင်းတွင် မြှုပ်နှံထား။

**■ စတုတ္ထသမီးတော် အရှင်ထိပ်စုမြတ်ဘုရားကလေး**

သီပေါမင်းတြားအစိုးရတွင် တရားသူကြီးဖြစ်ခဲ့သူ၏ မျိုးနွယ်ဖြစ်သော ကိုကိုနိုင်(နာမည်ရှေ့တွင် ဦးမသုံး)နှင့် လက်ဆက်ခဲ့။ မြန်မာနိုင်ငံ မော်လမြိုင်စံအိမ်တော်တွင် နေထိုင်ရင်း ကံတော်ကုန်။ သားသမီး ၆ ဦးထွန်းကားခဲ့။ ဂူနန်းပြာသာဒ်တော်ကိုမော်လမြိုင် ကျိုက်သံလံဘုရားအနီးတွင် ထားရှိ။

**ကိုးကား-ရတနာပုံမှ ရတနာဂီရိသို့**

# Environment

7DAY NEWS JOURNAL

Vol.10, No.23 • AUGUST 25, 2011


# အင်းလေးကန်ပတ်ဝန်းကျင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်သူများကို ငွေချေးမည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၁၃**

အင်းလေးကန်ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲ ထိန်းသိမ်းရေး ဘက်စုံစီမံကိန်းအရ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ထားသည့် အဖွဲ့များ (CF-Community Forest) ကို ယခုနှစ်မှစတင်၍ ငွေစုငွေချေးထုတ်ချေးရန် ကျပ်သိန်း ၄၀ လျာထားကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း သစ်တောရေးရာဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးက ပြောသည်။

ထိုသို့ငွေထုတ်ချေးခြင်းမှာ ဒေသခံပြည်သူများအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို ပါဝင်လုပ်ကိုင်လာစေရန် ရည်ရွယ်၍ဖြစ်ပြီး ထိုအစီအစဉ်ကိုပထမဆုံး ပြည်နယ် သစ်တောဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လွယ်ငြိမ့်ကျေးရွာပိုင် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်သူများကို ချေးငွေထုတ်ပေးထားပြီးဖြစ်သည်။ ချေးငွေထုတ်ပေးရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများဟူ၍ ခွဲခြားထားပြီးတစ်ဦးလျှင် ကျပ်တစ်သိန်း ထုတ်ချေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"ပြည်နယ်တိုင်းအလိုက် CF ဘယ်လောက်လုပ်ပေးမယ်ဆိုတဲ့ target ရှိပါတယ်။ ဒါပေမဲ့ CF ဆိုတာ ကျေးရွာပိုင်ဖြစ်သလို ဒေသခံလူတွေက စိတ်ဝင်စားမှ အောင်မြင်တာဆိုတော့ target ကျော်ချင်လည်းကျော်မယ်။ မကျော်ချင်လည်း မကျော်ဘူး" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။


၂၀၁၀-၂၀၁၁ ခုနှစ် နောက်ဆုံးကောက်ယူသောစာရင်းဇယားအရရေဝေရေလဲ ဒေသများဖြစ်သော ညောင်ရွှေ၊ တောင်ကြီး၊ကလော၊ပင်လောင်း၊ရပ်စောက်၊ ပင်းတယ ခြောက်မြို့နယ်တွင် ဒေသအစုအဖွဲ့ပိုင်သစ်တော ဧကပေါင်း ၂၆၅ ဧကရှိသည်။



**တောတောင်အလှနောက်ခံနှင့် အင်းလေးကန်**

ဓာတ်ပုံ-အိဖြူမွန်

**Environment Cartoon**



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေတစ်ရပ်ထုတ်ပြန်နိုင်ရန် ဥပဒေမူကြမ်းအပေါ် သုံးသပ်ဆွေးနွေး

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၀**

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေတစ်ရပ်ပေါ်ထွန်းလာရေးအတွက် လွန်ခဲ့သော ဆယ်နှစ်ကျော်ကရေးဆွဲခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ(မူကြမ်း) ကိုခေတ်နှင့်အညီပြင်ဆင်မှုများပြုလုပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းဆွေးနွေးပွဲများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းညှိနှိုင်းဆွေးနွေးပွဲတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးများကို အကောင်အထည်ဖော်ရာ၌ ရေရှည် တည်တံ့ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ဘယ်လိုပုံစံတွေပါမယ်ဆိုတာတော့ လောလောဆယ်ပြောလို့မရသေးဘူး။ ကိုက်ညီတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေပေါ်ပေါက်လာဖို့တော့ဆွေးနွေးကြတုန်းပဲ ရှိသေးတယ်" ဟု ယင်းဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူအကြီးတန်း အရာရှိတစ်ဦးက ပြောသည်။ ယခု ပြန်လည်ဖြည့်စွက်မည်ဖြစ်သောဥပဒေမူကြမ်းသည် ၂၀၀၀ ပြည့်နှစ်က ရေးဆွဲတင်ပြခဲ့သော ဥပဒေမူကြမ်းတစ်ခု ဖြစ်သည်။

ခေတ်နဲ့အညီပြန်လည်ဖြည့်စွက်မှုမတိုင်မီသုံးလအလို(မေလ ၂၃ ရက်) ကပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းအဖွဲ့များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌဖြစ်သူ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လိုအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းမေလ ၂၃ ရက်ဆွေးနွေးပွဲတွင် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသင်းအဖွဲ့အများစုက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေတစ်ရပ် ပေါ်ပေါက်ရေးကို အဓိကထား တင်ပြခဲ့သည်။ ယင်းဥပဒေမူကြမ်းနှင့် ပတ်သက်၍ ပါဝင်ရေးဆွဲခဲ့သူပညာရှင်တစ်ဦးက "အရင်တုန်းက ဥပဒေမူကြမ်းက ခေတ်နဲ့လျော်ညီတဲ့ ဥပဒေကိစ္စရပ်တွေပါဖို့လိုနေသေးတယ်" ဟု ပြောကြားခဲ့သည်။


ဥပဒေမူကြမ်း ပြင်ဆင်ရေးဆွဲရေးကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးဦးစိုးမောင်တို့က ဦးဆောင်ပြီး ကော်မတီဝင်သက်ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည်။









Tourism

7 DAY NEWS JOURNAL

Vol.10, No.23 • AUGUST 25, 2011

# ဧည့်လမ်းညွှန်ဝန်ဆောင်ခနှုန်းတိုးမြှင့်တောင်းဆိုမှုရှိလာ

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၂၀**

ဧည့်လမ်းညွှန်အချို့က ခရီးသွားကုမ္ပဏီများထံ ဝန်ဆောင်ခနှုန်းထား တိုးမြှင့်ပေးရန် တောင်းဆိုမှုများရှိလာကြောင်း ခရီးသွားကုမ္ပဏီများထံမှ သတင်းရရှိသည်။

"တစ်နေ့ကို ဒေါ်လာ ၂၀ ရတဲ့သူက ၂၅ ဒေါ်လာလောက် ၃၀ ရတဲ့သူက ၃၅ ဒေါ်လာ လောက် တိုးပေးဖို့ ပြောလာကြတာပါ"ဟု ရန်ကုန်မြို့အခြေစိုက် ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့အပြင် ရှမ်းပြည်ခရီးစဉ်များ လိုက်ပါလေ့ရှိသော ဧည့်လမ်းညွှန်များကလည်း ဝန်ဆောင်ခတိုးမြှင့်ပေးရန် သက်ဆိုင်ရာသို့ တင်ပြစီစဉ်ထားကြောင်း သတင်းရရှိသည်။

"ဒေါ်လာ ဈေးကျတော့ မကိုက်တော့လို့ တိုးပေးဖို့ပြောရတာလည်း အားနာတယ်။ ကုမ္ပဏီတွေလည်း ရှုံးနေတယ်ကြားတော့" ဟု ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းကျဆင်းလာခြင်းနှင့်အတူ ဟိုတယ်နှင့်ပို့ဆောင်ရေး စရိတ်များ ဈေးတက်လာခြင်းကြောင့် လာမည့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွက် ရောင်းချပြီးသား ခရီးစဉ်များမှာ ကုမ္ပဏီများရှုံးနေကြပြီဖြစ်သည်။

ဧည့်လမ်းညွှန်များရရှိသော တစ်နေ့ ဒေါ်လာသုံးဆယ်ဝန်ဆောင်ခမှာ လွန်ခဲ့သော ၁၀ နှစ်ကျော်ကပင်ရရှိခဲ့သော ဈေးဖြစ်သည်။

ထို့အပြင် ဧည့်လမ်းညွှန်အများစုမှာ တစ်နှစ်လျှင် ပျမ်းမျှရက်တစ်ရာခန့်သာ အလုပ်အကိုင်ရှိကြကြောင်း ဧည့်လမ်းညွှန်များက ဆိုသည်။



**ရွှေစည်းခုံစေတီတော်တွင်တွေ့ရသည့် နိုင်ငံခြားသားဧည့်သည်များ**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# နိုင်ငံခြားသားများအတွက် မိုဘိုင်းဖုန်း ငှားပေးသောဝန်ဆောင်မှု ထပ်မံတိုးချဲ့

**ယုဇနကိုကို**

**ရန်ကုန်၊ ဩဂုတ်-၁၇**

ပြည်တွင်းသို့အလည်အပတ်ရောက်ရှိလာသည့် နိုင်ငံခြားသား ဧည့်သည်များအတွက် မိုဘိုင်းဖုန်းခေတ္တငှားရမ်းပေးသည့်ဝန်ဆောင်မှုကို မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပုဂံညောင်ဦးလေဆိပ်များတွင်ပါ တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ယခုလက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌သာမိုဘိုင်းဖုန်းငှားရမ်းနိုင်သည့်ဝန်ဆောင်မှုကို ပေးလျက်ရှိသည်။ ထိုဝန်ဆောင်မှုကိုမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီ၊ ဘလူးအိုးရှင်းကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်ဟု သိရသည်။

မန္တလေးနှင့် ပုဂံညောင်ဦးလေဆိပ်များတွင်တိုးချဲ့ဝန်ဆောင်မှုပေးရခြင်းမှာ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်မှုများပြားသည့်နေရာများဖြစ်သောကြောင့်ဟု သိရသည်။

ယခုကဲ့သို့ ပြည်တွင်းရှိလေဆိပ်ကြီးများတွင် မိုဘိုင်းဖုန်းငှားရမ်းသည့်ဝန်ဆောင်မှုကောင်တာများကို ဖွင့်လှစ်ရခြင်းမှာ ခရီးသွားကဏ္ဍ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း သက်ဆိုင်ရာကုမ္ပဏီတစ်ခုမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လက်ရှိငှားရမ်းပေးနေသည့်မိုဘိုင်းဖုန်း ငှားရမ်းသည့်နှုန်းထားများမှာ ကျပ်ငါးသိန်းတန်ဖုန်းများဖြစ်သည့် 450 နှင့် 800မဂ္ဂါဟတ်ဇ်ဖုန်းများနှင့် ဂျီအက်စ်အမ်ဖုန်းများထဲမှ မည်သည့်ဖုန်းကိုမဆို တစ်ရက်လျှင် ငှားရမ်းခ လေးဒေါ်လာပေးရသည်။ ထို့အပြင်ကြိုတင်စပေါ်ငွေအဖြစ် ဆင်းမ်ကတ်အတွက် အမေရိကန်ဒေါ်လာငါးဆယ်နှင့် ဖုန်းအိမ်အတွက် ဒေါ်လာငါးဆယ်ကိုကြိုတင်ပေးဆောင်ရမည်ဖြစ်သည်။

သို့သော် လေဆိပ်များတွင် မိုဘိုင်းဖုန်းငှားရမ်းအသုံးပြုလိုသည့် ပြည်ပဧည့်သည်များအနေဖြင့် ကြိုတင်စပေါ်ငွေများကို ပေးဆောင်ခြင်းမပြုလိုပါက ၎င်းတို့အားထောက်ခံပေးမည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်းများမှတာဝန်ယူသည့် အာမခံစာများဖြင့် ငှားရမ်းနိုင်ကြောင်း သိရှိရသည်။

ယင်းဝန်ဆောင်မှုကိုရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင်ရန်ကုန်၊မန္တလေးနှင့်ပုဂံ-ညောင်ဦးလေဆိပ်များအပြင်အခြားပြည်ပဧည့်သည်အဝင်များသည့်မြို့များ၌ပါ တိုးချဲ့ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

# ပုလဲနှင့်ကလေးမြို့ကြား ၁၂ ဘီးကား သွားလာခွင့်ပိတ်လိုက်ခြင်းကြောင့် မန္တလေး-ကလေး ကုန်တန်ဆာခမြင့်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

ပုလဲမြို့နှင့်ကလေးမြို့ကြားတွင် ၁၂ ဘီးကားများ သွားလာခြင်းကို ပိတ်လိုက်ခြင်းကြောင့် မန္တလေးမှကလေးသို့ ပြေးဆွဲနေသော ကုန်တန်ဆာခများမြင့်တက်သွားကြောင်း ကုန်တင်ယာဉ်လုပ်ငန်းရှင်များကပြောသည်။

ဇူလိုင်လ ၁၇ ရက်က စတင်ကာ ၁၂ ဘီးကားများ သွားလာခြင်းကို ပိတ်လိုက်ခြင်းဖြစ်ရာ ၎င်းလမ်းကြောင်းသွား ကုန်ကားများ၏တန်ဆာခမှာ ၄၀ ရာခိုင်နှုန်းကျော်ထိမြင့်တက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်ကတစ်ပိသာလျှင် ၆၀ ကျပ်ဖြင့်ပြေးဆွဲနေသောကုန်ပစ္စည်းများ၏ တန်ဆာခမှာ ၁၀၀ ကျပ်ကျော်ထိမြင့်တက်သွားပြီဖြစ်ကြောင်း ကုန်တင်ယာဉ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပုလဲမြို့မှစ၍ ကလေးမြို့ထိ လမ်းပိတ်ထားခြင်းကြောင့် ကုန်ပစ္စည်းများကို မုံရွာဆိပ်ကမ်းမှ တဆင့်သင်္ဘောဖြင့် ကယ့်၍ ကလေးဝမြို့သို့ပို့ပြီးမှသာကလေးသို့ ပြန်လည်တင်ပို့ရကြောင်း သိရသည်။ စာ(၁၈) သို့




# ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ဝန်ထမ်းများအသင်း (ရန်ကုန်) ဖွဲ့စည်း

**အောင်သူရ**


**ရန်ကုန်၊ ဩဂုတ်-၂၀**

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကျွမ်းကျင်ဝန်ထမ်းများအသင်း(ရန်ကုန်)ကို ဖွဲ့စည်းနေပြီဖြစ်ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌဒေါ်မေမြတ်မွန်ဝင်းကပြောသည်။

"ပါမောက္ခဒေါက်တာအောင်ထွန်းသက်နဲ့ ဦးအေးကျော်ကိုအကြံပေးအဖြစ် လျာထား တယ်။ ဖွဲ့စည်းပုံအရဗဟိုအလုပ်အမှုဆောင် ၃၀၊ အလုပ်အမှု ဆောင် ၅၀ ဦးတို့ပါဝင်ပါတယ်"ဟု ဒေါ်မေမြတ်မွန်ဝင်းကဆိုသည်။ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကျွမ်းကျင်ဝန်ထမ်းများအသင်း(ဗဟို)အား ဖွဲ့စည်းခဲ့ပြီးနောက် အဆိုပါအသင်းနှင့်ပူးတွဲလုပ်ဆောင်ရန် ဇုန်အလိုက်အသင်းများဖွဲ့ရန် ရည်ရွယ်ခဲ့သည်။


ရန်ကုန်ဇုန်မှကြီးမှူး၍ လူငယ်များအသိပညာတိုးတက်လာစေရန် ရည်ရွယ်ကာ ယခုလ ၂၁ ရက်တွင် ယုဇနဂါးဒင်းဟိုတယ်၌ ဒေါက်တာအောင်ထွန်းသက် ဟောပြောပွဲကျင်းပမည်ဖြစ်သည်။ ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ဒေါ်မေမြတ်မွန်ဝင်းမှာယခု လက်ရှိတွင် ချက်ထရီယံဟိုတယ်၌တွဲဖက်အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011









7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011




# အိန္ဒိယခြစားမှု တိုက်ပွဲဝင်သူကို ထောက်ခံသည့် ကန့်ကွက်ဆန္ဒပြမှုများ တိုးလာ



**နယူးဒေလီ၊ ဩဂုတ် - ၁၈**

အိန္ဒိယနိုင်ငံတွင် ခြစားမှုတိုက်ဖျက်ရေး တိုက်ပွဲဝင်နေသူ မစ္စတာ အန်နာဟာဇာရေးအား ထောက်ခံသည့်အနေဖြင့် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကန့်ကွက်ဆန္ဒပြမှုများ တိုးလာကြောင်း သိရသည်။

နယူးဒေလီမြို့တွင် မစ္စတာဟာဇာရေးအား ထိန်းသိမ်းထားသည့် အကျဉ်းထောင်အပြင်ဘက်၌ လူရာပေါင်းများစွာက ဝတ်ပြုဆုတောင်းပွဲများကျင်းပခဲ့သည်။ နယူးဒေလီမြို့တော်၏ အထင်ကရ အထိမ်းအမှတ် India Gate အဆောက်အအုံရင်ပြင်တွင်လည်း ဆန္ဒပြသူထောင်ပေါင်းများစွာက ကြွေးကြော်သံများဟစ်အော်၍ မစ္စတာအန်နာဟာဇာရေးအား လွှတ်ပေးရေးတောင်းဆိုသော စာတန်းများ ကိုင်ဆောင်ကာ ဆန္ဒပြကြကြောင်းသိရသည်။ ခြစားမှုအားအရေးယူရန်လည်း ၎င်းတို့က တောင်းဆိုခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ မြို့ကြီးများဖြစ်သော မွမ်ဘိုင်း၊ ချန်နိုင်း၊ ဘန်းဂလိုး၊ ကာလကတ္တားနှင့် အခြားမြို့နယ်များတွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အသက် ၇၄ နှစ်အရွယ်မစ္စတာဟာဇာရေးအား အကျဉ်းထောင်မှ လွှတ်ပေးမည်ဟု အိန္ဒိယအာဏာပိုင်များက ကမ်းလှမ်းခဲ့သော်လည်း မစ္စဟာဇာရေးက ၎င်းအားဖမ်းဆီးခဲ့စဉ်ပြုလုပ်နေသည့် အစာငတ်ခံကန့်ကွက်မှုကို ပြန်လည်ခွင့်ပြုမှသာ အကျဉ်းထောင်မှ ပြန်ထွက်မည်ဟု ပြောကြားသည်။

ယခုနောက်ဆုံး အခြေအနေတွင်မစ္စတာဟာဇာရေးအနေဖြင့် အစာငတ်ခံဆန္ဒပြခြင်းကို ၁၅ ရက်ကြာပြုလုပ်နိုင်ကြောင်း အိန္ဒိယ အာဏာပိုင်များနှင့် မစ္စတာဟာဇာရေး၏ ကိုယ်စားလှယ်များ သဘောတူညီခဲ့ကြောင်းနှင့် ယင်းကိုမစ္စတာဟာဇာရေးကလည်း လက်ခံလိုက်ကြောင်း သိရသည်။ *—Ref: The Hindu, BBC*



## နောက်ကျောပုံး - အစရေးတို့၏ပစ်ခတ်မှုကြောင့် မှ



ဆန္ဒပြသူတစ်ဦးက အစ္စရေးသံရုံးအထပ်မြင့်အဆောက်အအုံကို တွယ်တက်၍ အစ္စရေးအလံအား အီဂျစ်အလံဖြင့် အစားထိုးခဲ့ သည်။ အာမက် အယ်လ်ရှာဟတ်သည် အင်တာနက်လူမှုရေးဝက်ဘ်ဆိုက်များတွင် 'Flagemn' ဟု တစ်မုဟုတ်ချင်း နာမည်တွင်လာပြီး သူရဲကောင်းဖြစ်လာခဲ့သည်။ အီဂျစ်သမ္မတရွေးကောက်ပွဲဝင်ရန်ရှိသည့် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဟမ်ဒိန်းဆာဘာဟီကလည်း ရှာဟတ်အား ဂုဏ်ယူစွာ အလေးအမြတ်ပြုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပါလက်စတိုင်းအဖွဲ့ခွဲတစ်ဖွဲ့က အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်၍ တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံသားရှစ်ဦး သေဆုံးသည်။ ၎င်းအဖွဲ့ကို အစ္စရေးက လိုက်လံတိုက်ခိုက်ရာမှ အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ပြီးနောက် အီဂျစ်နှင့် အစ္စရေးကြား တင်းမာမှုများ ဖြစ်ပေါ်လာခဲ့သည်။

အစ္စရေးသံအမတ်ကြီးအား အီဂျစ်မှ ဖယ်ရှားလိုက်သည်အထိ ကန့်ကွက်သွားမည်ဟု ဆန္ဒပြသူအချို့ကပြောကြားသည်။ အစ္စရေးသံရုံးရှေ့ ကန့်ကွက်မှုများကို အီဂျစ်တပ်ဖွဲ့ဝင် ရာပေါင်းများစွာ ကစောင့်ကြည့်နေကြသည်။

ကိုင်ရိုမြို့အခြေစိုက် အာရပ်အဖွဲ့ချုပ်ကလည်း အီဂျစ်တပ်ဖွဲ့ဝင်များအပေါ် အစ္စရေး၏ တိုက်ခိုက်မှုကိုရှုတ်ချကြောင်းနှင့် ယခုဖြစ်မှုအတွက် အစ္စရေးက အပြည့်အဝတာဝန်ခံရမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

သို့သော် မူဘာရက်ခေတ်လွန် နှစ်နိုင်ငံအကြား အကျပ်အတည်းလျော့ပါးသွားစေရန် အီဂျစ်နှင့်အစ္စရေးနိုင်ငံတို့က ကြိုးပမ်းနေသောအရိပ်အယောင်များ ပေါ်ထွက်လာသည်။ အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီးအား ပြန်လည်ခေါ်ယူမည်ဟု အီဂျစ်နိုင်ငံက ပြောကြားခဲ့သော်လည်း သံအမတ်ကြီးကို ပြန်လည်မခေါ်ယူရသေးပေ။ သို့သော် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက အီဂျစ်နိုင်ငံရှိ အစ္စရေးသံရုံး တာဝန်ခံအား ဆင့်ခေါ်၍ကန့်ကွက်ခဲ့သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘားရက်ကလည်း အီဂျစ်တပ်ဖွဲ့ဝင်များ သေဆုံးခြင်းအတွက် ဝမ်းနည်းကြောင်းပြောကြားပြီး အီဂျစ်နိုင်ငံနှင့် အတူ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် စစ်တပ်အားညွှန်ကြားခဲ့သည်။ ထိုအတောအတွင်း အစ္စရေးအကြီးတန်းအရာရှိကြီးများပါဝင်သည့် အထူးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လည်း အီဂျစ်နိုင်ငံသို့ ရောက်ရှိလာကြောင်းသိရသည်။

—Ref: Reuters

## နောက်ကျောပုံး - အမေရိကန်သည် ကြွေးမြီတာဝန်များ ပျက်ကွက်လိမ့်မည်မဟုတ်ကြောင်း ကန်ဒုသမတပြောကြား မှ

"အမေရိကန်နိုင်ငံဟာ(ကြွေးမြီတွေအပေါ်) ဘယ်တုန်းကမှ မပျက်ကွက်ခဲ့သလို ဘယ်တော့မှလည်းပျက်ကွက်မှာမဟုတ်ပါဘူး" ဟု အမေရိကန်ဒုတိယသမ္မတအဖြစ် တရုတ်နိုင်ငံသို့ တရားဝင်အလည်အပတ်ခရီး၏ နောက်ဆုံးနေ့တွင်မစ္စတာဂျိုးဘစ်ဒန်ကပြောကြားသည်။

ဘဏ္ဍာရေးအနိဋ္ဌာရုံများ ဖြစ်ပေါ်နိုင်ခဲ့သည့် ဘဏ္ဍာရေးပျက်ကွက်မှုအား ယခုလ အစောပိုင်းတွင် ရှောင်လွှဲနိုင်ခဲ့ပြီးနောက် တရုတ်နိုင်ငံသို့ ငါးရက်ကြာ အလည်အပတ်ခရီးအတွင်း မစ္စတာဂျိုးဘစ်ဒန်က အမေရိကန်နိုင်ငံတွင် တရုတ်နိုင်ငံ၏ အလုံးအရင်းနှင့် ရင်းနှီးမြှုပ်နှံထားမှုများ အတွက် တရုတ်ခေါင်းဆောင်များအား အာမခံပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားကြွေးမြီများကို အများဆုံးပိုင်ဆိုင်ထားသည်။

—Ref: AFP

## နောက်ကျောပုံး - သူပုန်တပ်ဖွဲ့များက ကဒါဖီသားအား ဖမ်းဆီးထားပြီဖြစ်ကြောင်း နိုင်ငံတကာတရားရုံးပြောကြား မှ

ကဒါဖီ၏ နောက်ထပ် သားတစ်ဦးသည်လည်း လက်နက်ချရန် သူပုန်များနှင့်ဆက်သွယ်နေကြောင်း အတိုက်အခံတို့ကပြောကြားသည်။ လစ်ဗျားခေါင်းဆောင် ကဒါဖီ မည်သည့်နေရာတွင်ရှိနေသည်ကိုမူ ၎င်းအနေဖြင့် မသိရှိသေးကြောင်း ICC ရှေ့နေ မိုရီနိုအိုကမ်ပိုကပြောကြားသည်။

ဆာအစ်ကဒါဖီ၊ မွမ်မာကဒါဖီနှင့် လစ်ဗျားထောက်လှမ်းရေးအကြီးအကဲတို့အား ဖမ်းဆီးနိုင်ရန် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံးက ဇွန်လအတွင်း နိုင်ငံတကာ ဖမ်းဝရမ်းများထုတ်ပြန်ခဲ့သည်။

—Ref: AP



# Leader's Profile

## အမေရိကန်၏ တတိယသြဇာအကြီးဆုံးပုဂ္ဂိုလ် (သို့မဟုတ်) အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘိုးနာ

ရဲမင်း

ဂျွန်အင်ဒရူးဘိုးနာသည် အမေရိကန်အောက်လွှတ်တော်၏ ၆၁ ယောက်မြောက်နှင့် လက်ရှိဥက္ကဋ္ဌဖြစ်သည်။ ရီပက်ဘလေကန်ပါတီခေါင်းဆောင်လည်းဖြစ်ပြီး အိုဟိုင်းယိုးပြည်နယ်အမှတ် (၈) လွှတ်တော်မဲဆန္ဒနယ်မှ ၁၉၉၁ ခုနှစ်မှစ၍ အောက်လွှတ်တော်အမတ်အဖြစ် အကြိမ်ကြိမ်ပြန်လည်ရွေးကောက်ခံရသူဖြစ်သည်။ ၂၀၀၇ မှ ၂၀၁၁ ခုနှစ်အထိအောက်လွှတ်တော် လူနည်းစုခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၁ ဇန်နဝါရီလ ၅ ရက်မှစ၍ အောက်လွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။

အမေရိကန်၏ သမ္မတရာထူးဆက်ခံခြင်းဥပဒေအရသမ္မတအိုဘားမား၊ ဒုတိယသမ္မတ ဂျိုးဘစ်ဒန်တို့၏နောက် တတိယနေရာတွင် သမ္မတရာထူး ဆက်ခံခွင့်ရှိသူဖြစ်သည်။

ဂျွန်ဘိုးနာအား ၁၉၄၉ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အိုဟိုင်းယိုးပြည်နယ်၊ ရယ်ဒင်းဒေသ၌ မွေးဖွားခဲ့သည်။ ဂျာမန်နှင့် အိုင်းရစ်မျိုးနွယ်များမှ ဆင်းသက်လာသူမိဘများက မွေးဖွားသည့် ကလေး ၁၂ ယောက်တွင် ဒုတိယအကြီးဆုံးသားဖြစ်သည်။ ညီအစ်ကိုမောင်နှမ အများအပြားနှင့်အတူ စင်စင်နတီမြို့ရှိ အိပ်ခန်းနှစ်ခန်းသာရှိသည့်နေအိမ်တွင် ကြီးပြင်းခဲ့သည်။

အသက်ရှစ်နှစ်အရွယ်မှာပင် မိသားစုပိုင်ဘားတွင် အလုပ်လုပ်ခဲ့သူဂျွန်သည် စင်စင်နတီမြို့မိုလာအထက်တန်းကျောင်း၌ တက်ရောက်ခဲ့သည်။ ၁၉၆၈ ခုနှစ် အထက်တန်း အောင်မြင်ပြီးချိန် ဗီယက်နမ်စစ်ပွဲအရှိန် မြင့်နေချိန်တွင်အမေရိကန် ရေတပ်သို့ ဝင်ရောက်ခဲ့သော်လည်း ရက်သတ္တပတ်ရှစ်ပတ်သာတာ ဝန်ထမ်းဆောင်ခဲ့ပြီး ခါးနာရောဂါကြောင့် ရေတပ်က အနားပေးခဲ့သည်။

ဂျွန်ဘိုးနာသည် ၎င်းတို့ မိသားစုဝင်များထဲမှနေ၍ ပထမဆုံးကောလိပ်ကျောင်းတက်သူအဖြစ် အဆင့်မြင့်ပညာရေး ဆက်လက်သင်ကြားခဲ့သော်လည်းမိမိကျောင်းစရိတ်မိမိရှာဖွေကျောင်းတက်ရ၍ ပညာသင်ချိန် ၇ နှစ်ကြာမြင့်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင်မှ ဇာဗီးယားတက္ကသိုလ်မှ ဘီအေ (စီးပွားရေး) ဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရခါနီးအချိန်မှာပင်ထုပ်ပိုးပစ္စည်းနှင့် ပလတ်စတစ်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီငယ်တစ်ခုတွင်ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ကုမ္ပဏီ၏ဥက္ကဋ္ဌအဖြစ်ရာထူးတိုးမြှင့်ရရှိခဲ့ကာ ၁၉၉၀ ပြည့်နှစ်လွှတ်တော်အမတ်ဖြစ်လာသည့်အချိန်တွင်မှ အလုပ်မှ နုတ်ထွက်ခဲ့သည်။

၁၉၈၅ မှ ၁၉၉၀ ပြည့်နှစ်အထိအိုဟိုင်းယိုးပြည်နယ် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်သူဂျွန်ဘိုးနာသည် ၁၉၉၀ ပြည့်နှစ်တွင်လက်ရှိအောက်လွှတ်တော်အမတ် ဘုဇ်လူကင်းနှင့်ယှဉ်ပြိုင်ခဲ့ပြီး ရီပက်ဘလေကန်ထောက်ခံမှုအားကောင်းသည့် အိုဟိုင်းယို အမှတ် (၈) မဲဆန္ဒနယ်မှနေ၍ ၎င်းအားစိန်ခေါ်မည့်သူ မည်မည်ရရမရှိဘဲ ၁၀ ကြိမ်တိတိ ပြန်လည်ရွေးကောက်ခံရသည်။ ၎င်းမဲဆန္ဒနယ်မှာ မြို့ရွာနှင့် ကျေးလက်ရောနှောနေသည့်ဒေသဖြစ်သည်။

ကောလိပ်ပထမနှစ်ကျောင်းသားဘဝကပင် နိုင်ငံရေးတွင် တက်ကြွခဲ့သူ ဂျွန်ဘိုးနာသည် ၁၉၉၄ ခုနှစ် အောက်လွှတ်တော်၌ရီပက်ဘလေကန်ပါတီအတွက် နှစ်ပေါင်း လေးဆယ်အတွင်း ပထမဆုံးအကြိမ်လူများစုနေရာရရှိစေရန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၉၅ မှ ၁၉၉၉ ခုနှစ်အထိ လွှတ်တော်တွင် ရီပက်ဘလေကန်အမတ်များကွန်ဖရင့်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

လွှတ်တော်၌ Freedom to Farm ဥပဒေပြဋ္ဌာန်းနိုင်ရန် စွမ်းစွမ်းတမံကြိုးပမ်းပြီး လယ်သမားများနှင့် မွေးမြူရေးသမားများကို ကူညီခဲ့သည်။ သမ္မတဂျော့ချ်ဒဗလျူဘုရှ်လက်ထက်တွင်ပညာရေးနှင့်အလုပ်သမားရေးရာ လွှတ်တော်ကော်မတီဥက္ကဋ္ဌအဖြစ် ၂၀၀၁ မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် "No Child Left Behind"ဥပဒေအား နောက်ကွယ်မှ အဓိကမောင်းနှင်ခဲ့သူဖြစ်သည်။ ပြည်သူ့ရေးရာဝန်ဆောင်မှုကာလ နှစ်ပေါင်း ၂၀ အတွင်း ဂုဏ်အယူဆုံးအောင်မြင်မှုဟု ဂျွန်ဘိုးနားက ဆိုသည်။

ဂျွန်ဘိုးနာသည် ၂၀၀၆ မှ ၂၀၀၇ ခုနှစ်အထိ အောက်လွှတ်တော်ရွေးကောက်ပွဲ၌ ရီပက်ဘလေကန်များ အရေးနိမ့်ပြီးချိန်တွင်လူနည်းစုခေါင်းဆောင် ဖြစ်လာသည်။ ၂၀၁၀ ပြည့်နှစ်တွင်မူ ရီပက်ဘလေကန်များလွှတ်တော်၌ ပြန်လည်အားကောင်းလာပြီး မစ္စတာဂျွန်ဘိုးနာကိုလည်းလွှတ်တော်ဥက္ကဋ္ဌနေရာခန့်အပ်ရေး ၎င်း၏ ပါတီအမတ်များကတညီတညွတ်တည်းရွေးချယ်ခဲ့ရာမစ္စတာဂျွန်ဘိုးနာသည်အမေရိကန်နိုင်ငံ၏ တတိယသြဇာအကြီးမားဆုံး အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်လာသည်။

ဂျွန်ဘိုးနာသည် ၁၉၇၃ ခုနှစ်တွင် ဇနီးသည် ဒက်ဘီနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီးနှစ်ဦး ထွန်းကားခဲ့သည်။

—Ref: Wikipedia

## မက်ဗီဒက်နှင့် ကင်ဂျုံအီလ်တွေ့ဆုံမှုတွင် နျူကလီးယားနှင့် စွမ်းအင်ကိစ္စများ လွှမ်းမိုးဖွယ်ရှိ

**မော်စကို၊ ဩဂုတ် - ၂၂**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်နှင့် ရုရှားသမ္မတ မက်ဗီဒက်တို့၏ ယခု သီတင်းပတ်အတွင်း ဆိုက်ဘေးရီးယား၌ ရှားရှားပါးပါးတွေ့ဆုံဆွေးနွေးမှုတွင် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ ပြုံယမ်း၏ နျူကလီးယားအစီအစဉ်နှင့် ကွန်မြူနစ်နိုင်ငံ၏ ငတ်မွတ်ခေါင်းပါးမှုများအပေါ် အာရုံစိုက်သွားဖွယ်ရှိကြောင်းသိရသည်။



Photo:AP

ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံမှုသည် ရုရှားအရှေ့ဖျားနှင့် ဆိုက်ဘေးရီးယားဒေသသို့ မစ္စတာကင်ဂျုံအီလ်ခရီးစဉ်၏ အဓိကအစိတ်အပိုင်းဖြစ်လိမ့်မည်ဟု ကရင်မလင်ကပြောကြားသည်။ ယင်းမှာ ၂၀၀၂ ခုနှစ်နောက်ပိုင်း မစ္စတာကင်ဂျုံအီလ်၏ ရုရှားနိုင်ငံသို့ ဒုတိယအကြိမ်မြောက်ခရီးစဉ်ဖြစ်သည်။

မစ္စတာကင်ဂျုံအီလ်၏ ပုဂ္ဂလိကလုံခြုံရေးအတွက် သိသာသော လိုက်လျောမှုအဖြစ် ကရင်မလင်က ၆၉ နှစ်အရွယ် မြောက်ကိုရီးယားခေါင်းဆောင်၏ အစီအစဉ်များနှင့် ခရီးစဉ်အသေးစိတ်အစီအစဉ်များကို လုံးဝနီးပါးဖုံးကွယ်ထားကြောင်း သိရသည်။ မစ္စတာကင်ဂျုံအီလ်သည် ယခုအခါ ၎င်း၏ အထူးရထားဖြင့် ဆိုက်ဘေးရီးယားဒေသအားဖြတ်သန်း၍ ခရီးသွားလျက်ရှိသည်။

မက်ဗီဒက်နှင့် ကင်ဂျုံအီလ်တို့သည် မော်စကိုမြို့အရှေ့ဘက် မိုင်ပေါင်း ၃,၄၅၀ အကွာ ဘာယာတီယာဒေသ ဘိုက်ကယ်လ်ရေကန်ကြီးအနီး အူလန်အူဒီမြို့တွင် တွေ့ဆုံမည်ဟု မျှော်လင့်ထားကြသည်။ ခေါင်းဆောင်နှစ်ဦးသည် ဩဂုတ်လ ၂၃ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးကြဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

—Ref: AFP

NEWS JOURNAL
5, 2011



# ယူရိုငွေကြေးရဲ့ အနာဂတ်ဟာ ဂျာမနီအပေါ်မှာပဲ မူတည်နေတယ်

## ဘီလျံနာ ဂျော့ချ်ဆိုရော့စ် ပြောပြသော ဘဏ္ဍာရေး အတွေးအမြင်များ

ကျော်မျိုး

ယခုအခါ ယူရိုငွေကြေးစနစ်ကို ကျင့်သုံးနေတဲ့ ယူရိုဇုန်နိုင်ငံတွေအတွင်း ကြွေးမြီပြဿနာနဲ့ ငွေကြေးတန်ဖိုးပြဿနာတွေ ရိုက်ခတ်လျက်ရှိနေပါတယ်။ ဥရောပနိုင်ငံတွေဖြစ်တဲ့ ဂရိ၊ ပေါ်တူဂီ၊ စပိန်နဲ့ အီတလီတို့ဟာလည်း ဘဏ္ဍာရေးအရအကြပ်ရိုက်လျက်ရှိပြီး ပြဿနာဟာ တစ်နိုင်ငံချင်းဆိုင်ရာကိစ္စ မဟုတ်တော့ဘဲ ဥရောပသမဂ္ဂအီးယူတစ်ဖွဲ့လုံးနဲ့ ပါသက်ဆိုင်တဲ့ကိစ္စဖြစ်လာနေပါတယ်။ ဒီအကျပ်အတည်းမှာ ဥရောပရဲ့ အကြီးဆုံးစီးပွားရေးကို ပိုင်ဆိုင်တဲ့ ဂျာမနီဟာ ဘဏ္ဍာရေးပြဿနာအတွက် အဓိကဖြေရှင်းပေးနိုင်မယ့် သော့ချက်နေရာမှာ ရောက်လာခဲ့တာ တွေ့နေရပါတယ်။ ဒါ့ကြောင့် ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ တစ်ချိန်က ဗြိတိန် ပေါင်စတာလင်ငွေကြေးကို ထိုးနှက်နိုင်ခဲ့သူလို့ နာမည်ကြီးသူ ကမ္ဘာ့ငွေကြေးနဲ့ ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုဈေးကွက်ရဲ့ အထင်ကရပုဂ္ဂိုလ်ကျော် တစ်ဦးဖြစ်သူ ဘီလျံနာသူဌေးကြီး ဂျော့ချ်ဆိုရော့စ်နဲ့ တွေ့ဆုံကာ လက်ရှိဖြစ်ပေါ်နေတဲ့ ဥရောပရဲ့ ငွေကြေးအကျပ်အတည်း အကြောင်းကို မေးမြန်းထားပါတယ်။

မစ္စတာဆိုရော့စ်ကတော့ ယူရိုဇုန်မှာ ဂျာမနီရဲ့ ခေါင်းဆောင်မှုပိုင်းချို့တဲ့နေတာကို ဝေဖန်ထားပြီး ဘာလင်အစိုးရဟာ ငွေကြေးအကျပ်အတည်းကို ဖြေရှင်းနိုင်ဖို့ ဥရောပကို အမိန့်ပေးဦးဆောင်ရမယ်လို့ဆိုထားပါတယ်။ ယခုဖော်ပြလိုက်တာက စပိုင်းဂဲလ်နဲ့ မစ္စတာဆိုရော့စ်တို့ရဲ့ စိတ်ဝင်စားဖွယ်ရာ အမေးအဖြေကောက်နုတ်ချက်များ ဖြစ်ပါတယ်။

**မစ္စတာဆိုရော့စ်ခင်ဗျာ ကျွန်တော်တို့ဟာ မကြာမီကပဲ ကမ္ဘာလုံးဆိုင်ရာ ဘဏ်စနစ်အကျပ်အတည်း၊ ငွေကြေးအကျပ်အတည်း၊ နိုင်ငံတော်ကြွေးမြီအကျပ်အတည်းတွေကို မြင်လာနေရပါတယ်။ ဘဏ္ဍာရေးအရ လိပ်ခဲတည်းလည်းဖြစ်နေမှုကိစ္စဟာ ကိုင်တွယ်လို့မနိုင်အောင်ကြီးလွန်းနေပြီလား။ အတ္တလန်တိတ် သမုဒ္ဒရာရဲ့ နှစ်ဖက်စလုံးက နိုင်ငံရေးသမားတွေဟာ ဒီလိုမျိုးအကျပ်အတည်း အစုလိုက်အပြုံလိုက်ကြီးကို ဘယ်လိုဖြေရှင်းနိုင်မယ်လို့ မျှော်လင့်ထားပါသလဲ။**

နိုင်ငံရေးသမားတွေဟာ ဘယ်အကျပ်အတည်းကိုမှ ဖြေရှင်းနိုင်ဖို့ တကယ်မကြိုးစားရသေးပါဘူး။ သူတို့ဟာ ယနေ့အထိတော့အချိန်တွေ ဝယ်ဖို့ပဲကြိုးစားနေကြပါတယ်။ ဒါပေမဲ့ တစ်ခါတလေမှာ အချိန်ဆိုတာက ခင်ဗျားက ကြုံနေရတဲ့ ကိစ္စတွေကိုရင်ဆိုင်ဖို့ငြင်းဆန်ရင်၊ လူထုကို ဘာအရေးကြီးနေတယ်ဆိုတာ ရှင်းပြဖို့ ငြင်းဆန်နေရင် ခင်ဗျားကိုဆန့်ကျင်ပြီး တကယ်အလုပ်လုပ်သွားမှာပဲ။

**ဂျာမန်တွေအကြောင်းကို ပြောနေတာလား။ ကျွမ်းကျင်သူအများစုကတော့ အဓိပတိအန်ဂျယ်လာမာကယ်ဟာ ယူရိုငွေကြေးအကျပ်အတည်းကို ဖွင့်ပြောဖို့ တွေ့ဝေခဲ့တယ်လို့ ထင်နေကြပါတယ်။**

ဟုတ်ပါတယ်။ ယူရိုငွေကြေးရဲ့အနာဂတ်ဟာဂျာမနီအပေါ်မှာပဲမူတည်နေပါတယ်။ ဒီအချက်က ကျွန်တော်တကယ်ပြောချင်နေတဲ့အချက်ပါ။ ဂျာမနီဟာ ဒရိုင်ဘာထိုင်ခုံနေရာမှာ ရှိနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီတိုင်းပြည်က ဥရောပမှာ အကောင်းဆုံးခရက်ဒစ်သတ်မှတ်နှုန်းနဲ့ ကာလရှည်ပိုငွေပြနေတဲ့ စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ အကျပ်အတည်းတစ်ခုကြုံတိုင်းမှာတော့ အကြွေးယူထားသူက အမြဲအခွင့်အရေးတွေတောင်းရမှာပါပဲ။ သေချာတာကတော့ဒီအနေအထားဟာ ဂျာမနီ ဒါမှမဟုတ် အဓိပတိ မာကယ်တို့ဘက်က လိုချင်ခဲ့တဲ့ အနေအထားမျိုးမဟုတ်ဘူး။ ဂျာမန်တွေဟာ အခုဆိုရင် ယူရိုငွေကြေးအကျပ်အတည်းအတွက် ဖြေရှင်းချက်ကဘာဆိုတာကို ပြသပြီး ဥရောပကို ဦးဆောင်ရမယ့် အနေအထားမှာ ရောက်နေပါပြီ။

**ဘာ့ကြောင့်ဘာလင် (ဂျာမန်အစိုးရ)ဟာ ဒီအကြံဉာဏ်ကို ဖက်တွယ်သင့်တာပါလဲ။**

အခြားရွေးစရာ မရှိလို့ပေ့ါ။ ယူရိုငွေသာ ပြိုကွဲသွားမယ်ဆိုရင် ဘဏ်စနစ်အကျပ်အတည်း တစ်ရပ်ဖြစ်လာစေပြီး ဘဏ္ဍာရေး အာဏာပိုင်တွေက ထိန်းမရတဲ့ နေရာရောက်သွားလိမ့်မယ်။ အဲဒါဆို အကျပ်အတည်းက ဂျာမနီတင်၊ ဥရောပတင်မကဘူး။ တစ်ကမ္ဘာလုံးကိုပါ ၁၉၃၀ နှစ်များတုန်းက ကြုံရတဲ့မဟာစီးပွားပျက်ကပ်ကာလကိုပြန်အမှတ်ရစရာ အနေအထားမျိုးတွေဆီပြန်တွန်းပို့လိမ့်မယ်။ အဲဒီတုန်းကစီးပွားပျက်ကပ်ကလည်း ထိန်းချုပ်မရတဲ့ဘဏ်လုပ်ငန်း အကျပ်အတည်းကြောင့်ဖြစ်ခဲ့ရတာ။

**ဒါဆိုရင် အကျပ်အတည်းကို တိုက်ခိုက်နိုင်ဖို့ ဘာတွေလုပ်ဖို့ လိုအပ်ပါသလဲ။**

ရွေးချယ်စရာ တစ်ခုတည်းရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒါက ဥရောပဟာ ဘုံငွေကြေးတစ်ရပ်လိုအပ်တယ် မလိုအပ်ဘူးဆိုတာကို မေးခွန်းထုတ်တာ မဟုတ်ဘူး။ ယူရိုကရှိနေပြီး ပြိုကွဲသွားတယ်ဆိုရင် အားလုံးပြဿနာကြုံရမယ်။ ဂျာမနီက ဒါကိုဝင်လုပ်ပေးရပါမယ်။ အလုပ်ဖြစ်အောင်လို့လည်း ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ သူတို့ရဲ့ကြွေးမြီတွေကို သင့်လျော်တဲ့ အနေအထားနဲ့ ပြန်ဖြေရှင်းခွင့် ပေးရမယ်။ ဒါ့ကြောင့် ခင်ဗျားတို့မှာ "ယူရိုငွေတိုက်စာချုပ်" တွေလိုအပ်နေတယ်။ ဒါပေမဲ့ ယူရိုစာချုပ်တွေဖြစ်ဖို့ ပါဝင်နေတာကိုလေ့လာလိုက်ရင် ပြဿနာတစ်ရပ်တော့ တကယ်ကြုံရမယ်။ ဘာလို့လဲဆိုတော့ ဥရောပနိုင်ငံတစ်နိုင်ငံချင်းစီဟာ သူ့ကိုယ်ပိုင် ဘဏ္ဍာရေးပေါ်လစီကို ထိန်းချုပ်ထားဆဲရှိနေလို့ပဲ။ ဒီတော့ဘဏ္ဍာရေးအရလိုက်နာရမယ့် စည်းမျဉ်းတွေကို လုပ်ဆောင်ဖို့ တိုင်းပြည်တွေအပေါ်မှာပဲ မှီခိုရမယ်။

**ဂျာမန်တွေကတော့ ယူရိုငွေတိုက်စာချုပ်တွေ ဖန်တီးရေး၊ ဝယ်ယူရေးဆိုတဲ့ အိုင်ဒီယာကို မုန်းကြတယ်။ သူတို့က ဒီအကျပ်အတည်းကြောင့် လူတိုင်းကို အီတလီလိုနိုင်ငံကြီးတွေကိုတောင်ကယ်ဆယ်ရေး ရန်ပုံငွေထုတ်ပေးရမယ့် ပုံစံဖြစ်သွားမှာကို ကြောက်နေကြပါတယ်။**

ဒါ့ကြောင့် အီးယူအဖွဲ့ဝင်တိုင်းရဲ့ အကြွေးပြန်ဆပ်နိုင်ခြေကို သေချာစေမယ့် ဘဏ္ဍာရေးစည်းမျဉ်းဥပဒေတွေ ချမှတ်ဖို့လိုအပ်ပါတယ်။ ဥရောပဟာ ဘဏ္ဍာရေးအရသာမကဘဲ နိုင်ငံရေးအရပါ ထိန်းချုပ်နိုင်တဲ့ ဘဏ္ဍာရေးအာဏာပိုင်အဖွဲ့တစ်ရပ်လိုအပ်နေတယ်။ ဥပဒေတွေကို သဘောတူညီမှုရဖို့ အခက်အခဲရှိမယ်။ ကံမကောင်းတာက ဂျာမန်တချို့ဟာ ခပ်ပေ့ါပေ့ါစိတ်ကူးတွေ ရှိနေပါတယ်။ သူတို့က ကျန်ဥရောပတိုက်တစ်တိုက်လုံးကို သူတို့ရဲ့ နမူနာကို ယူစေချင်တယ်။ ဒါပေမဲ့ ဂျာမနီအတွက်အလုပ်ဖြစ်တာဟာ ကျန်ဥရောပအတွက် အလုပ်မဖြစ်နိုင်ဘူး။ ဂျာမနီဟာ တခြားနိုင်ငံတွေလိုက်လုပ်နိုင်မယ့်ဥပဒေစည်းမျဉ်းမျိုးတွေကို အဆိုပြုသင့်ပါတယ်။

**လက်ရှိ ဥရောပနဲ့ အမေရိက ဘဏ္ဍာရေးအကျပ်အတည်းဟာ ၂၀၀၈ အကျပ်အတည်းထက် တောင်ပိုဆိုးနေပါသလား။**

ဒီလက်ရှိအကျပ်အတည်းက ၂၀၀၈ အကျပ်အတည်းတစ်ခုတည်းရဲ့ အဆက်ပါပဲ။ ၂၀၀၈ ခုနှစ်မှာ ဘဏ္ဍာရေးစနစ် ပြိုလဲခဲ့ရပြီးစက်အတုနဲ့ အသက်ရှင်အောင် ထောက်ပံ့ထားခဲ့တယ်။ တာဝန်ရှိသူတွေက စနစ်ကိုတော့ ကယ်လိုက်နိုင်တယ်။ ဒါပေမဲ့ အကျပ်အတည်းကိုဖြစ်စေခဲ့တဲ့ ဟန်ချက်မညီမျှမှုတွေကိုတော့ မဖယ်ရှားနိုင်ခဲ့ဘူး။

**ဂရိငွေတိုက်စာချုပ်တွေ ဝယ်ယူရေးကိစ္စကို ညွှန်းခဲ့ဖူးတယ်။ အခုတော့ ဥရောပဗဟိုဘဏ်ဟာ စပိန်နဲ့ အီတာလျံငွေတိုက်စာချုပ်တွေကို စတင်ဝယ်ယူနေပါပြီ။ အဲဒီလိုလုပ်ဖို့ ဥပဒေအရ ခွင့်ပြု၊ မပြုဆိုတာလည်း မရှင်းလင်းသလိုပါပဲ။**

ဟုတ်ပါတယ်။ ဒါပေမဲ့ ဗဟိုဘဏ်တွေဟာ ဘဏ္ဍာရေးစနစ် လည်ပတ်နေအောင် လိုအပ်တာမှန်သမျှအမြဲလုပ်ရပြီး အဲဒီနောက်မှာမှ ဥပဒေရေးရာ အပိုင်းတွေကို သတိပြုရမှာ ဖြစ်ပါတယ်။ အကျပ်အတည်းထဲမှာတော့ ဗျာဒီလို ပူပန်မှုမျိုးတွေကို ကြာရှည်တွေးနေဖို့အချိန်မရှိပါဘူး။

**အမေရိကန်ပြည်ထောင်စုဟာ ဥရောပနိုင်ငံတွေထက် အကြွေးပိုများနေတာပါ။ သူ့ရဲ့ စီးပွားရေးနာလန်ပြန်ထလာမှုကလည်း နာကျင်စရာဖြစ်တယ်။ အမေရိကန်မှာရော နှစ်ထပ်ကွမ်းစီးပွားရေးကျဆင်းမှုကို ကျွန်တော်တို့မြင်တွေ့ရဦးမှာလား။**

အမေရိကန်ရဲ့ အကြွေးကမမြင့်လွန်းပါဘူး။ ပြီးခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်တုန်းကတော့ နှစ်ထပ်ကွမ်းစီးပွားရေးကျဆင်းမှုများ ဖြစ်မလားလို့သံသယရှိခဲ့ကြတယ်။ အခုတော့ သံသယနည်းသွားပါပြီ။ ဘာ့ကြောင့်လဲဆိုတော့ဘဏ္ဍာရေးဈေးကွက်တွေဟာ အနာဂတ်ကိုအလွန် လုံခြုံစိတ်ချတဲ့နည်းလမ်းနဲ့ ခန့်မှန်းနေပြီမို့လို့ပါ။ ပြီးတော့ဒီဈေးကွက်တွေက အမေရိကန်ဟာ စီးပွားရေးကျဆင်းမှုကို ဆက်တော့မြင်နေရဦးမယ်။ အထူးသဖြင့် Standard & Poor's ငွေကြေးအဆင့် သတ်မှတ်ရေး အေဂျင်စီက မကြာမီက ဒေါ်လာကိုအဆင့်ချလိုက်တာ မြင်ရပြီး နောက်ပိုင်းမှာ ဆက်မြင်ရဦးမယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

**ရင်းနှီးမြှုပ်နှံသူတစ်ဦးအနေနဲ့ လူကြီးမင်းရော ယူရိုကိုကိုင်ပြီး အလောင်းစားလုပ် (ငွေကြေးဈေးကွက်ရင်းနှီးမြှုပ်နှံမှု)ဖို့ရှိသေးလား ခင်ဗျ။**

ကျွန်တော်ကယူရိုငွေကိုဖယ်ထားမှာ မဟုတ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ တရုတ်ဟာ ဒေါ်လာအစား ရွေးချယ်စရာငွေမာအဖြစ် ယူရိုကိုစိတ်ဝင်စားနေလို့ပါ။ ယူရိုကိုထိန်းဖို့အားထုတ်နေတဲ့ဥရောပ အာဏာပိုင်တွေရဲ့ကြိုးပမ်းမှုတွေနောက်ကွယ်မှာ တရုတ်ရှိနေတာကို တွက်ဆနိုင်ပါတယ်။

**ဒါက ဒေါ်လာနဲ့ယှဉ်ရင် ယူရိုကတန်ဖိုး ခိုင်မာနေဆဲဖြစ်နေတဲ့ အကြောင်းအရင်းပဲလား။**

ဟုတ်ပါတယ်။ လျှို့ဝှက်တဲ့ဝယ်သူတစ်ဦးကတော့ ယူရိုကို မလဲအောင် ထောက်ကူ၊ ကျားကန်ပေးနေပါတယ်။

**လူကြီးမင်းတော့ မဟုတ်ဘူးပေ့ါ။**

ကျွန်တော်မဟုတ်ရပါဘူးဗျာ(ရယ်လျက်)

**အဆုံးသတ်မှာတော့ တရုတ်ပြည်ဟာ ဒီဘဏ္ဍာရေးအကျပ်အတည်းကနေ တစ်ဦးတည်းသော အနိုင်ရသူဖြစ်လာမှာလား။**

တရုတ်ဟာ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ အကြီးမားဆုံးအောင်နိုင်သူဖြစ်ခဲ့ပြီးပါပြီ။ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်သာ ပြိုလဲသွားခဲ့ရင် တရုတ်တွေလည်း အရှုံးသမားတွေကြားရောက်သွားမှာပဲ။ ဒါ့ကြောင့် သူတို့ဟာ လက်ရှိကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး၊ စီးပွားရေး စနစ်ကြီးကို ကာကွယ်ဖို့ ပြင်းပြင်းထန်ထန် စိတ်ဝင်စားနေတာပေ့ါ။ ဒါပေမဲ့ တစ်နည်းနည်းနဲ့လည်းသူတို့ဟာ ဂျာမန်တွေလိုပဲ အကျပ်အတည်းကို စိတ်မပါဘဲ လက်ခံရပါမယ်။ ဂျာမန်တွေက ဥရောပအတွက် တာဝန်ယူဖို့ တွန့်ဆုတ်ခဲ့ကြတယ်။ တရုတ်ကလည်း ကမ္ဘာကြီးအတွက် တာဝန်ယူဖို့ တွန့်ဆုတ်ခဲ့တယ်။ ဒါပေမဲ့ နှစ်နိုင်ငံစလုံးဟာ အကျပ်အတည်းထဲ တွန်းပို့ခံခဲ့ရပြီးပါပြီ။

*—Ref: Spiegel interview with George Soros*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.23 :



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

## သားကြီး ပြောပြတဲ့ Usher အကြောင်း

ချမ်းခိုက်ခိုက်

**လက်တလောမှာ 'ရုပ်သေးရုပ်' သီချင်းနဲ့ အောင်မြင်မှုကြောင့် လူငယ်ပရိသတ်များကြားရေပန်းစားနေတဲ့သူက R&B အဆိုတော် သားကြီးပါ။ သူ့သီချင်းကို ဖုန်းတွေမှာ Ring Tone လုပ်ပြီးလူငယ်တွေအချင်းချင်း လက်တို့သတင်းပေးညွှန်းဆိုရတဲ့သီချင်းပိုင်ရှင် သားကြီးက ဒီကဏ္ဍကနေ သူ့ကို R&B အဆိုတော်ဖြစ်အောင်တွန်းပို့ခဲ့တဲ့ လူမည်းအဆိုတော် Usher အကြောင်းကို ပြောပြခဲ့ပါတယ်။**

ဆယ်တန်းမအောင်ခင် ၂၀၀၀ ဝန်းကျင်လောက်တည်းက Usherကိုသိခဲ့တာပါ။ အဲဒီတုန်းက သူက တစ်ကိုယ်တော်ခွေ ထွက်ပြီးပေမယ့် သိပ်မအောင်မြင်သေးဘူး။ ၂၀၀၁မှာ သူ့ရဲ့ U Got It Bad သီချင်းကိုနားထောင်ဖြစ်တယ်။ အဲဒီချိန်တုန်းက ကျွန်တော့်ကို လွှမ်းမိုးထားတာက ပေ့ါပ်။ ဒါပေမဲ့ ကျွန်တော်က ငယ်ငယ်တည်းက လူမည်းတွေကို ကြိုက်လို့လားမသိဘူး။ လူမည်း USher သီချင်းနားထောင်ပြီး အရမ်းကြိုက်သွားတယ်။ ၂၀၀၄ ကျတော့ Confessions ခွေထွက်လာတယ်။ အဲဒီခွေက ကျွန်တော်အခုလုပ်နေတဲ့ R&B ဂီတလမ်းကြောင်းပေါ် ကိုရောက်အောင် တွန်းအားပေးခဲ့တဲ့ ခွေဖြစ်ခဲ့ပါတယ်။ အဲဒီခွေထဲက Confessions တို့၊ Burn တို့၊ Yeah တို့ဆို အရမ်းပေါက်တဲ့သီချင်းတွေပါ။ အဲဒီခွေရဲ့အော်ဒီယိုစီဒီဆို နှစ်ချပ် တောင်ဝယ်ရတယ်။ အရမ်းကြိုက်လွန်းလို့။

Confessions ခွေပြီးတော့ Moving Mountain ခွေဆို အရမ်းကြိုက်တော့ ခဏခဏဖွင့်လို့ စီဒီတောင်ပျက်သွားပြီ။ Love In The Club သီချင်းဆို ဘီယွန်းဆေးနဲ့ ပြန်ဆိုပြီး ရီမစ်လုပ်ထားတာ အရမ်းပေါက်တယ်။ အမ်တီဗီရိုက်တော့လည်း တော်တော်မိုက်တယ်။ နောက်အလီရှာကီးနဲ့ဆိုထားတဲ့ My Boo သီချင်းလည်းမိုက်တယ်။

သူ့ကိုချီးကျူးဖို့ကောင်းတာက ဂီတအမြင်လည်း ရှိတယ်။ ဂျက်စတင်ဘီဘာလို ကမ္ဘာမှာ ကြောက်ဖို့ကောင်းလောက်အောင် နာမည်ကြီးနေတဲ့ ကလေးလေးကို Usher ကတင်ပေးခဲ့တာ။ စာ(၄၉)သို့



## မွေးနေ့မှာငွေဆောင်သွားမည့် ချမ်းချမ်း

အေးသူစံ

**ရန်ကုန်၊ ဩဂုတ် ၁၉**

စက်တင်ဘာ ၁၄ ရက်တွင် ကျရောက်မည့်မွေးနေ့တွင် ကမ်းခြေတစ်ခုခုသို့ အပန်းဖြေခရီးသွားရန် စီစဉ်နေပြီး ငွေဆောင်ကမ်းခြေသို့ သွားရောက်ရန် စဉ်းစားထားကြောင်း မွေးနေ့ရှင် ချမ်းချမ်းကပြောသည်။

"မွေးနေ့မှာ ကမ်းခြေသွားမယ်။ ညီမက ကမ်းခြေအရမ်းကြိုက်တာ။ မွေးကတည်းက မိုးတွင်းမှာမွေးလို့ ရေအရမ်းကြိုက်တယ်။ ငွေဆောင်သွားဖို့ စီစဉ်ထားတယ်။ စာနယ်ဇင်းထဲက ခင်တဲ့အစ်မတွေနဲ့လည်းဖြစ်ချင်ဖြစ်မယ်။ သူငယ်ချင်းတွေလည်းပါမယ်" ဟု မွေးနေ့အစီအစဉ်ကို ချမ်းချမ်းကပြောသည်။

သူမ၏ ဒုတိယတစ်ကိုယ်တော်ခွေ 'သိပ်ချစ်တယ်၊ အရမ်းမုန်းတယ်' စီးရီးကို မူလက ဇူလိုင်လတွင် ထွက်ရန်မှန်းထားသော်လည်း ပရိုဂျူဆာမှ စိတ်တိုင်းမကျသဖြင့် စက်တင်ဘာလထဲသို့ ထွက်ရက်ပြောင်းထားကြောင်း သိရ သည်။

"စီးရီးခေါင်းစဉ်က 'ချစ်တယ်မုန်းတယ်' ဆိုတော့ ပရိုဂျူဆာက ချစ်တဲ့မျက်နှာတစ်ခု၊ မုန်းတဲ့မျက်နှာတစ်ခုစီကို နှစ်ခြမ်းကပ်ပြီးဘုတ်တင်ချင်တော့ အရင်ရိုက်ထားတဲ့ပုံတွေအားလုံးအစ ကနေအဆုံး ပြန်ရိုက်နေရလို့ အချိန်ကြာသွားတယ်။ စာ(၄၉)သို့

## မင်္ဂလာနှစ်ပတ်လည်မှာ ကိုယ်ဝန်လွယ်ထားရပြီလို့ ကြေညာလိုက်တဲ့ ဟီလာရီဒပ်ဖ်


**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် - ၁၅**

ဟောလိဝုဒ်မင်းသမီး ဟီလာရီဒပ်ဖ် နှင့်ခင်ပွန်းသည် ဟော်ကီကစား သမား မိုက်ကွန်မရီတို့သည် မင်္ဂလာနှစ်ပတ်လည် တစ်နှစ်ပြည့်အချိန်တွင် ပထမဆုံးကလေးအားကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း သိရသည်။ ယင်းသတင်းကို ဟီလာရီဒပ်ဖ်က သူမ၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်မှ တစ်ဆင့် ပရိသတ်များအား သတင်းပေးခဲ့ခြင်းဖြစ်သည်။


ဒပ်ဖ်က သူမ၏ ဝက်ဘ်ဆိုက်တွင် "ဟယ်လို၊ ပရိသတ်များရှင့်။ ဒီတစ်ပတ်ထဲမှာ မိုက်နဲ့ကျွန်မတို့ဟာ မင်္ဂလာနှစ်ပတ်လည် ဆင်နွှဲခဲ့ပါတယ်။ ဒါ့အပြင် စိတ်လှုပ်ရှားစရာသတင်းလည်း ရှိပါသေးတယ်။ ကလေးရတော့မှာမို့ မိသားစုသုံးဦးဖြစ်တော့မှာပါ" ဟု ရေးသားထားသည်။

ဒပ်ဖ်သည် ကွန်မရီနှင့် ၂၀၀၉ က စတွေ့ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင်လက်ထပ်ခဲ့သည်။ သူမသည် မကြာမီကလည်း ယူအက်စ်မဂ္ဂဇင်းဝက်ဘ်ဆိုက်သို့ ကွန်မရီနှင့်ကလေးလိုချင်ကြောင်း ၎င်းတို့နှစ်ဦးစလုံးမှာ ကလေးချစ်တတ်သူများဖြစ်ကြောင်း ထုတ်ဖော်ပြောခဲ့သည်။

—Ref: MTV news



## ကြော်ငြာမော်ဒယ်ရွေးချယ်ရာမှာဝေးဝေးရှောင်သင့်သူဖြစ်လာတဲ့ပဲရစ်



**ဩဂုတ်-၁၅**

အမေရိကန်ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ကုန်ပစ္စည်းသစ်များ အရောင်းမြှင့်တင်မည်ဆိုပါက ဟိုတယ်သူဌေးမကလေး ပဲရစ်ဟီလ်တန်ကို ဝေးဝေးရှောင်ရမည့်အနေအထားရှိနေသည်။

Reuters/Ipsos မှပြုလုပ်သည့်စစ်တမ်းကောက်ယူချက်အရ ဆိုရှယ်ကျသူ၊ တီဗီစတားပဲရစ်သည် လူစိတ်ဝင်စားမှုအနည်းဆုံးနှင့် ပင်ကိုယ်စရိုက်မကောင်းသူအဖြစ် ထိပ်ဆုံးနေရာရှိနေခြင်းကြောင့် ကုန်ပစ္စည်းသစ်အရောင်းမြှင့်တင်ရေးဆွဲဆောင်သည့်အစား ပျက်စီးအောင်လုပ်သကဲ့သို့ဖြစ်စေနိုင်ခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

နာမည်ကျော် ၁၀၀စာရင်းတွင် ပဲရစ်သည် ၆၀ရာခိုင်နှုန်းဖြင့် လူကြိုက်အနည်းဆုံးနေရာတွင် ဦးဆောင်နေကာ ချာလီရှင်းန်ကလည်း ၅၂ရာခိုင်နှုန်းဖြင့် အမီလိုက်လျက်ရှိသည်။ သီးခြားထွက်ပေါ် လာသည့် ရလဒ်များအရ ချာလီရှင်းန်မှာပဲရစ်ထက်ပင် မရိုးဖြောင့်ကြောင်း ပရိသတ်ကခံယူကြပြီး ရှင်းန်နှင့်ကြော်ငြာသောကုန်ပစ္စည်းများကို ဝယ်ယူမှုနည်းပါးသည်ဟုဖြေကြားခဲ့ကြသည်။

ပဲရစ်ဦးဆောင်သည့် လူကြိုက်အနည်းဆုံးစာရင်းတွင် ချာလီရှင်းန်က ဒုတိယနေရာ၊ ဘရစ်တနီစပီးစ်နှင့် ကိန်းဝက်စ်က တတိယနေရာ၊ အာနိုးရှဝါဇန်နက်ဂါ၊ တိုက်ဂါးဝုဒ်စ်၊ ကင်မ်ကာဒက်ရှန်၊ မဲလ်ဂစ်ဘ်ဆန်၊ ဒေါ်နယ်ထရန့်၊ လက်ဘရွန်ဂျိမ်းစ်တို့က အစဉ်လိုက်စာရင်းဝင်ခဲ့ကြသည်။

ပဲရစ်တို့စာရင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် ပရိသတ်အချစ်တော်နာမည်ကျော်စာရင်းတွင် ၁၉၈၀ပြည့်နှစ်က အမေရိကန်ရုပ်သံဟာသဇာတ်လမ်း Golden Girls သရုပ်ဆောင်များတွင် သက်ရှိထင်ရှားရှိနေသေးသူ အသက် ၈၉ နှစ်ရှိ ဘက်တီဝိုက်မှာ ၈၆ရာခိုင်နှုန်းဖြင့် ပရိသတ်အချစ်ဆုံးနှင့်ယုံကြည်မှုအရှိဆုံးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဘက်တီနောက်တွင် ဒန်ဇဲဝါရှင်တန်၊ ဆန်ဒရာဘူးလော့ခ်၊ ကလင့်အိစ်ဝုဒ်၊ တော်မ်ဟန့်စ်၊ ဟယ်ရီဆင်ဖို့ဒ်၊ မော်ဂန်ဖရီးမန်း၊ ကိန်းဘရစ်ချ်မြို့စားကတော်ကိတ်မစ်ဒဲလ်တန်၊ ဝီလ်စမစ်သ်၊ ဂျော်နီဒပ်တို့က ပရိသတ်အချစ်နှင့်ယုံကြည်မှုအများဆုံးရရှိသူများဖြစ်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

## ငါးနှစ်ကြာပြီးမှတစ်ကိုယ်တော်ခွေထွက်မည့်မီးမီးခဲ


**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် ၁၉**

တစ်ကိုယ်တော်ခွေမထွက်ဖြစ်သည်မှာ ငါးနှစ်ခန့်ရှိနေသည့် အဆိုတော်မီးမီးခဲသည် ယခုနှစ်အောက်တိုဘာလတွင် ကိုယ်ပိုင်သံစဉ်တစ်ကိုယ်တော်ခွေထွက်ရန် စီစဉ်နေပြီဟု မီးမီးခဲကပြောသည်။

"တစ်ကိုယ်တော်ခွေကို တစ်ခါတည်း ဗီစီဒီပါထွက်လိုက်ချင်လို့ ဗီစီဒီရိုက်ဖို့ပါ လုံးပန်းနေတယ်။ ဒီမိုးတွင်းမှာ အပြီးလုပ်ပြီး အောက်တိုဘာလလောက် ထွက်မယ်။ တီးဝိုင်းက Concoror ။ ကိုထူးအယ်လင်းတို့နဲ့ မီးမီးအစ်ကိုတွေ ပေါင်းထားတဲ့ တီးဝိုင်းပါ။ သီချင်းပုံစံလေးတွေက ပေါ့ပ်၊ ရော့ခ် ၊အီမို၊ အီလက်ထရို အစုံပါတယ်။ ဒါပေမဲ့ကိုယ်ဆိုနေကျ Trend ထဲကတော့ ထွက်မသွားတော့ဘူးပေါ့။ 'အချစ်ကို သိချိန်' လိုသီချင်းပုံစံမျိုးလည်းပါတယ်။ သီချင်းအဟောင်းတွေတော့ ပြန်မထည့်တော့ဘူး။ အကုန်လုံးကိုယ်ပိုင်သံစဉ်သီချင်း အသစ် ၁၃ ပုဒ်ထည့်ထားတယ်"ဟု သူမကပြောသည်။


ယခုအခွေနှင့်ဆိုလျှင် တစ်ကိုယ်တော်ခွေငါးခွေမြောက်ရှိပြီဖြစ်ပြီး အောင်ဖြိုး၊ ဝေလ၊ ရယ်ထူး၊ ကိုထက်၊ ညီညီမောင် စသူတို့ ရေးသားထားသော သီချင်းများ ပါဝင်မည် ဟုသိရသည်။ ယင်းအခွေတွင်ထူးအယ်လင်းရေးသော သီချင်းပါဝင်ခြင်း ရှိမရှိမေးရာ "ကိုထူးအယ်လင်းရေးတာတော့ မပါဘူး။ သူက သံစဉ်ပဲရှာတတ်တယ်လေ။ သီချင်းသိပ်မရေးတတ်ဘူး။ မီးမီးရေးထားတဲ့ သီချင်းလေးပါတယ်။ 'အဖြည့်ခံဆု'တဲ့။ အသည်းကွဲတဲ့ သီချင်းလေးပါ။ သူချစ်တဲ့သူက သူ့ကိုမချစ်ဘဲ ရက်စက်တဲ့အကြောင်းလေးပါ။ ဗီစီဒီကိုလည်း အမ်တီဗီပုံစံမျိုးပဲ ရိုက်ချင်တယ်။ မင်းသမီးကလည်း ခက်ခက်ခဲခဲ ကိုယ်ပဲလုပ်မယ်။ (ရယ်လျက်) ဝိတ်ချနေတယ်" ဟု ဆိုသည်။



လတ်တလောတွင် အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး ထွက်ပေါ်နေသောသတင်းများကို မေးမြန်းရာ မီးမီးခဲက "အဲဒီအကြောင်းတော့ မပြောချင်ပါဘူး။ ခုတလောဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်ညစ်နေလို့ပါ" ဟု ဖြေကြားသည်။

တစ်ကိုယ်တော်ခွေ ထွက်လျှင် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို အခမဲ့ပြုလုပ်မည်ဖြစ်ပြီး အခွေဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ လာရောက်ကြည့်ရှုနိုင်ရန်စီစဉ်မည်ဟု ပြောကြားသည်။

## ဘီယွန်စေး၏ Heat ရေမွှေး နံပါတ်တစ်နေရာ ရှိနေ



**လန်ဒန်၊ ဩဂုတ် – ၁၆**

အမေရိကန်အဆိုတော် ဘီယွန်စေးထုတ်လုပ်သော Heat ရေမွှေးသည် နာမည်ကျော် အနုပညာရှင်များထုတ်လုပ်သည့် ရေမွှေးများထဲ၌ နံပါတ်တစ်နေရာ၌ရှိနေကြောင်း ဗြိတိန်ရေမွှေးကုမ္ပဏီ The Fragrance Shop မှ ပြုစု သောစာရင်းအရသိရသည်။


ဘီယွန်စေး၏ရေမွှေးနောက်တွင်ကောလင်းရွှန်နေး၏ Butterflies က ဒုတိယရခဲ့ပြီး တတိယနေရာတွင် ဒေးဗစ်ဘက်ခမ်းထုတ်လုပ်သော Homme နှင့် စတုတ္ထနေရာတွင် မာရီယာကာရေး၏ Lollipop Bling၊ ပဉ္စမနေရာတွင် ဒေးဗစ်ဘက်ခမ်းပင် ထုတ်လုပ်သော Intimately Yoursတို့က အစဉ်လိုက်ရှိသည်။

Fragrance Shop၏ အကြီးအကဲဆန်ဂျေးဗက်ဒေရာကလည်း "နာမည်ကျော် အနုပညာရှင်တွေရဲ့ ရေမွှေးများဟာ လူကြိုက်အများဆုံးစာရင်းမှာ ရှိနေဆဲပါပဲ"ဟုပြောသည်။ ၎င်းတို့၏စာရင်းတွင်နံပါတ်ခြောက်မှ တစ်ဆယ်အထိနေရာရခဲ့သော အခြားရေမွှေးများမှာ (၆) Pink Sparkle (ကိုင်လီမီနိုဂ့)၊ (၇) Darling (ဘီယွန်စေး)၊ (၈) Cilabelle (ကိတ်မော့စ်)၊ (၉) Radiance (ဘရစ်တနေးစပီးယား၊ (၁၀) Signature (ဗစ်တိုးရီးယားဘက်ခမ်း)တို့ဖြစ်သည်။









7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011



## စာ – ၄၇၊ သားကြီးပြောတဲ့ Usher အကြောင်းမှ

သူရှာတွေ့ပြီး Produce လုပ်ပေးခဲ့တာ။ ဂျက်စတင်ဘီဘာလည်း တော်သလို Usher ရဲ့ ကွန်ထရိုးကလည်းကောင်းတော့ ဂျက်စတင်ဘီဘာဆိုတာ ခုချိန်မှာ အရမ်းကို အောင်မြင်နေတဲ့အဆိုတော်ပေါက်စလေးဖြစ်သွားပြီ။

သူက ဒီတိုင်းမနေဘူး။ ခေတ်ရေစီးကြောင်းအရ အမြဲတမ်းလေ့လာပြီးပြောင်းလဲနေ တယ်။ အခုနောက်ပိုင်း အီလက်ထရိုပုံစံလေးတွေလုပ်လာတယ်။ သူ့အသက်အရွယ်နဲ့ ဒီလောက်ထိ ဂီတလောကမှာ သက်တမ်း အကြာကြီးရပ်တည်နိုင်တာ တော်တော်အံ့ဩဖို့ကောင်းတယ်။ ဂီတလောကမှာ ခန့်ခန့်ညားညားနဲ့ အကြာကြီးရပ်တည်နိုင်တဲ့ ကျွန်တော်ရဲ့ ဟီးရိုးတစ်ယောက်ပါ။ ဖြစ်နိုင်ရင် သူ့ရှိုးပွဲလေးကိုတောင် ကြည့်ဖူးချင်တယ်။ အာရှလောက်ထိ နီးနီးနားနား လာလုပ်ရင်တော့ သွားကြည့်ဖြစ်မယ်ထင်တယ်။

ခုနောက်ပိုင်းမှာ အီလက်ထရိုဂီတက တခြားဂီတတွေအပေါ် အနည်းနဲ့အများ လွှမ်းမိုးလာတယ်။ Usherဆိုလည်း ခုနောက်ပိုင်းသူ့သီချင်းတွေကို အီလက်ထရိုလေးတွေနဲ့ ပေါင်းပြီး လုပ်လာတာကိုကြည့်ရတာ မိုက်ပါတယ်။ ဒါပေမဲ့အီလက်ထရိုစတိုင်လ်လေးယူပြီး အာအန်ဘီမုထ်လေးလုပ်ရင် ပိုကောင်းတယ်။

မှတ်မှတ်ရရအရှိဆုံးUsher ရဲ့သီချင်းလေးကတော့ Confessions ပါ။ နောက်တစ်ပုဒ်က You will be In My Heart။ ဒီသီချင်းကအရင် သီချင်းအဟောင်းလေးကို ပြန်ဆိုထားတာ။ Confessions ရဲ့ အဓိပ္ပာယ်က ခရစ်ယာန် ဘာသာမှာဆို အပြစ်ကို ဝန်ခံတာပေါ့။ သီချင်းထဲကအတိုင်းပဲ ကောင်မလေးကို သူ့အမှားတွေကို တောင်းပန်တဲ့ အကြောင်းအရာပေါ့။ ဒီသီချင်းလေးရဲ့ အကြောင်းအရာ၊ Flow တွေ၊ သူ့ရဲ့ဆိုဟန် ဆိုပေါက်လေးတွေ၊ တီးထားတာလေးတွေကိုကျွန်တော်အရမ်းကြိုက်တယ်။

သူ့သီချင်းတွေကို ကြိုက်ပေမယ့် Reference လုပ်ပြီး ပြန် ဖန်တီးတဲ့သီချင်းတော့ ကျွန်တော့်မှာမရှိဘူး။ ကျွန်တော် အရမ်းကြိုက်တဲ့သီချင်းတွေကို ဘယ်တော့ မှ Reference မလုပ်ဘူး။ Burn သီချင်းကိုတော့ ကြိုက်လို့ အဲဒီစတိုင်လ်လေးအတိုင်း လုပ်ထားတယ်။ ဒါပေမဲ့ကော့ဒ်လည်း မတူဘူး။ ဒရမ်စတိုင်လ်လေးကို ကြိုက်လို့လုပ်ထားတာပါ။

Usher ရဲ့ ဖက်ရှင်စတိုင်လ်ကို လည်းကြိုက်တယ်။ လောလောဆယ်တော့ သူ မိန်းမလည်း ရနေပြီ။ (ရယ်လျက်) အရင်က သူ သရုပ်ဆောင်လည်းလုပ်တယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က တစ်ခန်းစနှစ်ခန်းစ ဝင်ရိုက်တယ်။ သူလုပ်တတ်တယ်ဆိုတာကိုပြတာပေါ့။ အဲဒီတုန်းတည်းက သဘောကျတယ်။ သူ့ကို ကြိုက်လို့ သူ့အတိုင်း ချွတ်စွပ်လိုက်လုပ်တဲ့သူတွေ အများကြီးပဲ။ ကိုရီးယားမှာဆို ရိန်းတို့၊ ထေရန်းတို့ဆို စင်ပေါ်မှာလမ်းလျှောက်တာ၊ စကားပြောလို့ မျက်နှာအနေအထားအရွဲ့ကအစ၊ မိုက်ကိုင်တဲ့စတိုင်လ်၊ အသံအတွန့်အခါ ကာလာကအစ လိုက်တုတယ်။ ရိန်းကတော့ သိပ်မတူဘူး။ ထေရန်းဆို Usher နဲ့ တထေရာတည်းဖြစ်အောင်လိုက်ဆိုတယ်။

Usher ရဲ့အသံအနေအထားအတိုင်း ကျွန်တော် လိုက်ပြီး လေ့ကျင့်တယ်ဆိုပေမယ့် သူ့စတိုင်လ်ကြီးပဲတော့ လွှမ်းမိုးခံမှာ မဟုတ်ပါဘူး။ သူ့ Note တွေ၊ အသံအယူအဆတွေကို ကျင့်တာပါ။ သူ့အသံကာလာ ချွတ်စွပ်အတိုင်းတော့ မယူပါဘူး။ ကျွန်တော့်ပင်ကို အသံကာလာအတိုင်းသွားတယ်။ သူ့ရဲ့ Note ကို သင်တယ်။ ဒါကြောင့်လွှမ်းမိုးမှုက ရှိသင့်သလောက်တော့ရှိပါတယ်။

Usher ကအရမ်းတော်သလို အရမ်းလည်းကြောက်ဖို့ ကောင်းတယ်။ ဘယ်အဆိုတော်မှ သူ့လောက် သက်တမ်းကြာကြာကြီး မရပ်တည်နိုင်ကြဘူး။ သူက အသက်အရွယ်နဲ့လိုက်ပြီး အစွမ်းအစရှိတယ်။ အသံမှာပါရမီရှိတယ်။ နိုင်ငံခြားမှာ တကယ့်ဆရာကြီးတွေဖြစ်တဲ့ အဆိုတော်ကြီးတွေကအစ Usherကို ကြောက်စရာကောင်းတဲ့ အသံပိုင်ရှင်ဆိုပြီး လက်ခံထားကြတယ်။ သူ့လိုက်ဖ်ရှိုးတွေဆိုလည်း ကြည့်ကြည့်ပါ။ အခု ကိုရီးယားက လုပ်နေတဲ့ လိုက်ဖ်ရှိုးတွေ တော်တော်များများက သူခုနစ်နှစ်ရှစ်နှစ်လောက်က လုပ်ခဲ့တဲ့ဟာတွေပါ။ ထူးချွန်တဲ့ အသံပါရမီပိုင်ရှင်ပါ။ ဥပမာမြန်မာနိုင်ငံမှာဆို ကိုစည်သူလွင်လိုပေါ့။ တစ်ခေတ်မှာတစ်ယောက်ပေါ်လာတဲ့ ပညာရှင်ပေါ့။ အကပိုင်းရော အဆိုပိုင်းရောလေ့လာကြည့်ပါလို့ အကြံပြုချင်ပါတယ်။

## စာ – ၄၇၊ မွေးနေ့မှာငွေဆောင်သွားမည့် ချမ်းချမ်း မှ

နောက် ဘုတ်ထောင်မယ့် နေရာရွေးနေတာရယ်၊ Mixing ကို စိတ်တိုင်းမကျမချင်း ပြန်ရွေးနေရတယ်ဆိုတော့ ကြာနေတယ်။ မွေးနေ့မ တိုင်ခင် ငါးရက်တစ်ပတ်လောက်ကြိုပြီးထွက်ချင်ပါတယ်" ဟု ချမ်းချမ်းကပြောသည်။

ယခုနောက်ပိုင်းတွင် ချမ်းချမ်း၏ ဖက်ရှင်နှင့်မိတ်ကပ်အပြင်အဆင်များ ပြောင်းလဲလာပြီး ပရိသတ်အများစုထံမှ မိန်းမဆန်ဆန်လှပလာသည်ဆိုသည့် ဝေဖန်မှတ်ချက်ပြုသံများကြားလာရခြင်းကြောင့် ဖက်ရှင်နှင့်ပတ်သက်ပြီး ပြုပြင်ပြောင်းလဲခဲ့ပုံများကိုလည်း မေးမြန်းရာ ချမ်းချမ်းက ပြောပြသည်။

"များသောအားဖြင့် ညီမပရိသတ်တွေက စာရေးပြီးအကြံပေးကြတယ်။ ဒီလိုဒီဇိုင်းလေးတွေ ဝတ်ပေးပါလို့ ဖုန်းဆက်ပြီးလည်းပြောကြတယ်။ တချို့ဆို ကတ်တလောက်တွေတောင်လှမ်းပို့ပေးတယ်။ သူတို့ကြိုးစားပြီးပို့ပေးတာကို အချည်းနှီးမဖြစ်စေချင်ဘူး။ ဒါကြောင့် ဖက်ရှင်က ပြောင်းသွားတယ်။ မိတ်ကပ်ဆိုလည်း ညီမက သဘာဝဆန်တာမျိုးကို ပိုကြိုက်တော့ မိတ်ကပ်သမားနဲ့ပြင်လိုက်ပြီးမှ စိတ်တိုင်းမကျလို့ပြန်ပြောရမှာလည်း အားနာတယ်။ ပရိသတ်ဝေဖန်သံလေးတွေလည်းနားထောင်ပြီး ကိုယ့်ဟာကိုယ်အရောင်လေးတွေ ပြန်ချိန်းပြင်ကြည့်ရင်းနဲ့ ကိုယ့်ဘာသာ ကိုယ်ပဲလိမ်းဖြစ်တာ ခြောက်လလောက်တောင်ရှိပြီ"ဟုပြောသည်။ ပြည်ပခရီးစဉ်အနေဖြင့် စက်တင်ဘာလတွင် ဘန်ကောက်သွားရန်ရှိပြီး အောက်တိုဘာတွင် အင်္ဂလန်သွားရန်ရှိကြောင်း၊ သို့သော် ပြည်တွင်းမှ ဖျော်ဖြေပွဲများနှင့်တိုက်ဆိုင်ပါက သွားဖြစ်ရန်မသေချာကြောင်းချမ်းချမ်းက ပြောသည်။

## Me & Ma Girls အဖွဲ့ဝင် ထိုက်ထိုက်က Tiger Girls နှင့်ပတ်သက်သည့် သတင်းစာပါ အကြောင်းအရာများကို ရှင်းလင်းပြောကြား

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် ၁၈**

၂၀၁၀ ပြည့်နှစ်အတွင်းက ကြော်ငြာအားကောင်းကောင်းဖြင့် ဂီတလောကအတွင်းသို့ ဝင်ရောက်လာခဲ့သော Tiger Girls အဖွဲ့နှင့်ပတ်သက်၍ အဖွဲ့လိုက်အမည်၊ အမှတ်တံဆိပ်၊ အဖွဲ့ဝင်တစ်ဦးချင်းစီ၏ အမည်တို့ အသုံးပြုခွင့်တားမြစ်ခြင်းကြော်ငြာကို ယင်းအဖွဲ့အားစတင်ဖွဲ့ စည်းပေးခဲ့သော Sound Impact Visual ကုမ္ပဏီက သတင်းစာများတွင် နှစ်ကြိမ်တိုင် ကြေညာခဲ့ပြီးခြင်းအပေါ် အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ၊ ယခုလက်ရှိတွင် Me &Ma Girls အဖွဲ့အမည်ဖြင့် အမည်ပြောင်းလဲ လှုပ်ရှားခဲ့သူ အဖွဲ့ဝင်ထိုက်ထိုက်က ယခုကဲ့သို့ ပြောပြသည်။

"၂၀၁၁ ဖေဖော်ဝါရီလမှာ Sound Impact Visual ကုမ္ပဏီနဲ့ နှစ်ဦးသဘောတူ အလုပ်ခွဲလုပ်ဖို့ သဘောတူညီလိုက်ပါတယ်။ သူတို့ဘက်ကလည်း သမီးတို့နဲ့စာချုပ်သက်တမ်းပြည့်သွားတဲ့ အတွက် ထပ်ချုပ်ဖို့ ဆန္ဒမရှိတော့သလို သမီးတို့ကလည်း မချုပ်ချင်တော့ပါဘူး။ အလုပ်ခွဲလုပ်လိုက်တဲ့အချိန်မှာသမီးတို့က TigerGirls အဖွဲ့အနေနဲ့ ဗီစီဒီသုံးပုဒ်ကို ဖြန့်ဝေခဲ့ပါတယ်။ အဲဒါကလည်း Sound Impact အနေနဲ့စာချုပ်သက်တမ်း တစ်နှစ်ပြည့်ပြီးချိန်အထိ ဗီစီဒီကို မထုတ်ပေးခဲ့ပါဘူး။ သတင်းစာထဲမှာကြော်ငြာတဲ့အပေါ် မှာ သမီးတို့အဖွဲ့ကို ပထမဆုံး တည်ထောင်ပေးခဲ့တဲ့အတွက် လေးစားသမှုနဲ့ အဖွဲ့နာမည် ပြောင်းပေးခဲ့ပါတယ်"ဟုထိုက်ထိုက်ကပြောသည်။

Me and Ma Girls ဆိုတဲ့နာမည်နဲ့ သမီးတို့ငါးယောက်လုံး အစစအရာရာပြန်ကြိုးစားခဲ့ပါတယ်။ သမီးတို့အဖွဲ့မှာ ငွေကြေးရော၊ အဆက်အသွယ်ရော အစစအရာရာ အားနည်းပါတယ်။ သတင်းစာထဲမှာ နောက်တစ်ကြိမ် ထည့်ခဲ့တာ ဘာကြောင့်လဲတော့ မသိပါဘူး။ ခိုးယူသုံးစွဲတာလည်းတစ်ခုမှမရှိပါဘူး။ Me & Ma Girls ကိုလည်း ဂီတအလုပ်တွေစပြီး အရှိန်အဟုန်နဲ့လုပ်နေပါပြီ။ ဗီစီဒီတွေမထွက်သေးတဲ့အတွက်လည်း ဗီစီဒီကို စပြီးလုပ်နေပါပြီ။ သမီးတို့ဘက်ကတော့ အတတ်နိုင်ဆုံး ကြိုးစားနေပါတယ်။ သီချင်းအသစ်တွေကိုလည်း ထပ်လုပ်နေပါပြီ။ ပရိသတ်ကို ကတိပေးထားတဲ့အတိုင်း အော်ရီဂျင်နယ် သီချင်းတွေကိုပဲ လုပ်သွားမှာပါ"ဟု ထိုက်ထိုက်က ဆက်လက်ပြောသည်။

"စာချုပ်တစ်ခုကို စလုပ်ပြီဆိုတာနဲ့ ကုမ္ပဏီအနေနဲ့ လူရွေးချယ်မှုကို စိစိစစ်စစ်လုပ်သင့် ပါတယ်။ သူတို့လည်း ရေရှည်အလုပ်လုပ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေကြီးမားတာလည်း နားလည်ပါတယ်။ ကောင်းကောင်းမွန်မွန်နဲ့ သူတို့အတွက် အကျိုးရလဒ်ရမယ့်ဟာကို ရေရှည်စီမံကိန်းနဲ့လုပ်မယ်ဆိုရင် အများကြီးအကျိုးရှိမှာပါ" ဟု ထိုက်ထိုက်က ပြောသည်။

"Sound Impactအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး အချိန်မကျသေးတဲ့အတွက် ဘာမှမပြောလိုပါဘူး။ အချိန်ကျလာရင်တော့ သတင်းမီဒီယာတွေကို ဖိတ်ခေါ်ရှင်းလင်းသွားဖို့ရှိပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ဖြေကြားခဲ့သည်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Rise of the Planet of the Apes | 20th Century Fox | ၁၀၅,၂၀၈,၂၂၆ | ၂ |
| ၂။ | The Help | N/A | ၃၅,၉၁၈,၄၁၆ | ၁ |
| ၃။ | Final Destination 5 | Warner Bros: Pictures | ၁၈,၀၃၁,၃၉၆ | ၁ |
| ၄။ | The Smurfs | N/A | ၁၀၀,၇၇၈,၇၄၁ | ၃ |
| ၅။ | 30 Minutes or Less | Sony Pictures | ၁၃,၃၃၀,၁၁၈ | ၁ |
| ၆။ | Cowboys & Aliens | Universal Pic: | ၈၁,၆၇၄,၀၁၅ | ၃ |
| ၇။ | Harry Potter and the Deathly Hallows Part II | Warner Bros: | ၃၅၇,၃၃၇,၃၅၅ | ၂ |
| ၈။ | Captain America: The First Avenger | Paramount Pictures | ၁၅၆,၉၇၁,၁၀၈ | ၄ |
| ၉။ | Crazy, Stupid, Love | Warner Bros: | ၅၅,၅၂၆,၅၂၄ | ၃ |
| ၁၀။ | The Change-UP | Universal Pic: | ၂၅,၈၃၈,၈၅၀ | ၂ |

## Movie Review

### The Debt




၁၉၉၇ ခုနှစ်တွင် အစ္စရေးနိုင်ငံ လျှို့ဝှက်ထောက်လှမ်းရေးမှ အနားယူထားသည့် ရေချယ်နှင့် စတီဖင်တို့သည် ၎င်းတို့ လုပ်ဖော်ကိုင်ဖက်ဟောင်း ဒေးဗစ်အကြောင်း ထိတ်လန့်စရာသတင်းကြားရသည်။ ဆယ်စုနှစ် သုံးစုကြာ ၎င်းတို့ နိုင်ငံက သူတို့သုံးဦးကို သူရဲကောင်းများအဖြစ် သတ်မှတ်ထားကြသည်။ ၁၉၆၆ ခုနှစ်တွင် ၎င်းတို့သုံးဦးသား နာဇီစစ်ရာဇဝတ်ကောင် Vogelကို အရှေ့ဂျာမနီအထိခြေရာခံခဲ့ပြီး အန္တရာယ်များကြား၊ လူမှုရေးအရ ပေးဆပ်မှုများစွာဖြင့် ၎င်းတို့၏ အထူးတာဝန်ကို အောင်မြင်အောင်စွမ်းဆောင်ခဲ့သည်။ နှစ်ပေါင်းများစွာကြာမှ ၎င်းတို့အထူးတာဝန်၏ အချက်အလက်သစ်များ ထွက်ပေါ်လာရာ မော့ဆက် အေးဂျင့်များ၏ ပေးဆပ်ရမှု မည်သို့အဆုံးသတ်မည်နည်း ဆိုသည်မှာ . . . ။

စစ်အခြေခံ၊ သည်းထိတ်ရင်ဖို၊ပြစ်မှုအကြောင်းအရာများ ရောပြွမ်းနေသည့်ဇာတ်ကားအား John Madden ကရိုက်ကူး၍ Helen Mirren, Sam Worthington, Jom Wilkinson တို့ပါဝင် သရုပ်ဆောင်ထားသည်။ Focus Features ကဩဂုတ် ၃၁ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# ၁၉ နှစ်အောက် အာဆီယံ ဘောလုံးပြိုင်ပွဲ မြန်မာအသင်းပွဲစဉ်များ ရုပ်/သံမှ တိုက်ရိုက်ထုတ်လွှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံယူ- ၁၉ ဘောလုံးပြိုင်ပွဲ၏ မြန်မာအသင်းယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား(MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လာမည့်စက်တင်လာ၈ရက်မှ ၂၁ရက်အထိရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်မြန်မာလူငယ်အသင်းသည် အုပ်စု(ခ)တွင် အင်ဒိုနီးရှား၊ လာအို၊ ဗီယက်နမ်၊ ဘရူနိုင်းအသင်းများနှင့် ကျရောက်လျက်ရှိပြီး အုပ်စု(က)တွင် ထိုင်း၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ မလေး ရှားနှင့် ကမ္ဘောဒီးယားအသင်းများပါဝင်သည်။

ပွဲစဉ်များအား တစ်ရက်လျှင် နှစ်ပွဲနှုန်းကစားမည်ဖြစ်ပြီး ပထမပွဲများအား ညနေသုံးနာရီခွဲတွင်လည်းကောင်း၊ ဒုတိယပွဲစဉ်များကိုညနေ ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုအဆင့်ပွဲစဉ်များအား စက်တင်ဘာ ၈ ရက်နှင့် ၉ ရက်များတွင် ကစားမည်ဖြစ်သော်လည်း မြန်မာအသင်းမှာ အဖွင့်ပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် စက်တင်ဘာ ၁၀ ရက် ညနေသုံးနာရီခွဲတွင် စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁၉ ရက်နှင့် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲများကို စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ ၎င်းပွဲစဉ် များကိုလည်း မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲ၏ ကွင်းဝင်ကြေးမှာ အုပ်စုပွဲစဉ်များအတွက် တစ်ဦးလျှင် အထူးတန်းကျပ်နှစ်ထောင်နှင့် ရိုးရိုးတန်း ကျပ်တစ်ထောင်ဖြစ်ပြီး အကြိုဗိုလ်လုပွဲစဉ်များမှစတင်၍ အထူးတန်းကျပ်သုံးထောင်နှင့် ရိုးရိုးတန်းကျပ်တစ်ထောင် သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

# သုဝဏ္ဏကွင်းပတ်လည်တွင် ပိုက်ကွန်များ ကာရံသွားမည်



ဓာတ်ပုံ - ဖြိုးမောင်မောင်(အေစီဝဲ)

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၂၀**

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် သုဝဏ္ဏဘောလုံးကွင်းအတွင်းပတ်လည်တွင် အမြင့်ပေ ၂၀ ရှိပိုက်ကွန်များကာရံသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ပရိသတ်အချို့၏ ကွင်းအတွင်းသို့ အရာဝတ္ထုမျိုးစုံဖြင့် ပစ်ပေါက်ခဲ့မှုကြောင့်ပွဲပျက်ခဲ့ရသော မြန်မာ-အိုမန်ပွဲစဉ်နောက်ပိုင်း ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် နိုင်ငံတကာပွဲစဉ်အတွက် ပြိုင်ပွဲကျင်းပစဉ် အန္တရာယ်ကင်းရှင်းစေရန်အတွက် ယခုကဲ့သို့ ပြုလုပ်ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သုဝဏ္ဏကွင်းပတ်လည်ကို ပိုက်ကွန်တွေကာရံဖို့စတင်ဆောင်ရွက်နေပါပြီ။ ဘောလုံးပွဲမြင်ကွင်းကိုလည်း အနှောင့်အယှက်မဖြစ်အောင်စီမံသွားမှာပါ" ဟုအထက်ပါတာဝန်ရှိသူက ပြောသည်။

ပရိသတ်အချို့၏ ကွင်းအတွင်းသို့ အရာဝတ္ထုများဖြင့် ပစ်ပေါက်မှုကြောင့် ပထမဆုံးအကြိမ် ပွဲမပြီးခင် ရပ်နားခဲ့ရသော မြန်မာ-အိုမန်ပွဲစဉ်နောက်ပိုင်းတွင် ကျင်းပနေသော မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များ၌လည်း လုံခြုံရေးပိုမိုတင်းကျပ်မှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် အရက်သေစာသောက်စားမူးယစ်သူများကိုလည်း ကွင်းအတွင်းဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း ၎င်းကဆိုသည်။

"သုဝဏ္ဏကွင်း ပရဝုဏ် ပတ်ပတ်လည်မှာလည်း အရက်ရောင်းချခွင့် မပြုတော့ပါဘူး။ ကွင်းအတွင်းကို အန္တရာယ်ရှိ ပစ္စည်းမပါလာအောင် တင်းတင်းကျပ်ကျပ်ဆောင်ရွက်သွားမှာပါ။ ပရိသတ်တွေအနေနဲ့လည်း စည်းကမ်းတကျအားပေးမယ်လို့ မျှော်လင့်ပါတယ်" ဟုအဖွဲ့ချုပ်မှ တာဝန်ရှိသူကဆိုသည်။

အာဆီယံ ၁၀ နိုင်ငံပါဝင်ယှဉ်ပြိုင်ကြမည့် အသက် ၁၉ နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲကို လာမည့် စက်တင်ဘာ ၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

# အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းအတွက် ဂျပန်နည်းပြဆရာတစ်ဦး ရောက်ရှိမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၂၀**

မြန်မာလက်ရွေးစင်ဘောလုံးအသင်းကို ကိုင်တွယ်ရန် ဂျပန်လူမျိုးနည်းပြဆရာတစ်ဦးသည် ဩဂုတ်လ ၂၈ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါနည်းပြဆရာမှာ ဂျပန်လူမျိုး Mr.Makuta ဆိုသူဖြစ်ပြီး အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်းအား တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရွေးစင်အမျိုးသမီးနည်းပြအတွက် ဂျပန်ဘောလုံးအဖွဲ့ချုပ်ထံ အကူအညီတောင်းတော့ သူတို့ပို့ပေးတဲ့ နည်းပြဆရာတွေထဲက ရွေးချယ်ခေါ်ယူခြင်းဖြစ်ပါတယ်။ ရန်ကုန်ရောက်မှ အပြီးသတ်ဆွေးနွေးပြီး စာချုပ်ချုပ်သွားမှာဖြစ်ပါတယ်" ဟုဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် လာမည့်အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက်အထိ လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့တွင် ကျင်းပပြုလုပ်မည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းများနှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။




7 DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# မြန်မာနေရှင်နယ်လိဂ် ကစားသမားများ ဖူဆယ်လိဂ်တွင် ကစားခွင့်တားမြစ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၁၇**

မြန်မာနေရှင်နယ်လိဂ်အသင်းကြီးများ၌ စာရင်းပေးသွင်းထားသည့် ဘောလုံးသမားများ လာမည့်နှစ် ဖူဆယ်လိဂ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ပြုတော့မည်မဟုတ်ကြောင်းသတင်းရရှိသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပြုလုပ်ခဲ့သည့် အဖွဲ့ချုပ်အစည်းအဝေးတွင် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က အထက်ပါအတိုင်း လမ်းညွှန်မှုပေးခဲ့ကြောင်း ဖူဆယ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ယခု ၁၆ ရက်တွင် ပြောသည်။

"ဒီလိုလုပ်ရခြင်း အဓိကရည်ရွယ်ချက်ကတော့ ဖူဆယ်ကစားသမားမျိုးဆက်သစ်တွေပိုမိုထွက်ပေါ်လာစေရေးအတွက်ပါ။ ဥပမာ-မြန်မာနေရှင်နယ်လိဂ်ကကစားသမားနှစ်ဆယ် ဖူဆယ်မှာဆင်းကစားရင် ဖူဆယ်မှာလူသစ်နှစ်ဆယ်လျော့သွားမယ်။ နိုင်ငံတကာမှာဆိုရင် ဖူဆယ်ကနေဘောလုံးပွဲကြီး ကူးသွားတာပဲရှိပါတယ်။ မြန်မာပြည်မှာတော့ ပြောင်းပြန်ဖြစ်နေတယ်။ ဒီလိုဖြစ်ရတာကလည်း အခြေအနေကြောင့်လည်း ပါပါတယ်။ အဖွဲ့ချုပ်အနေနဲ့လည်း တစ်နှစ်ပတ်လုံး ဖူဆယ်လှုပ်ရှားမှုတွေ မပြတ်အောင် စီစဉ်သွားမှာပါ" ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

ပြိုင်ပွဲဝင်အသင်းရှစ်သင်းပါဝင် ယှဉ်ပြိုင်လျက်ရှိပြီး လက်ရှိကျင်းပလျက်ရှိသော MFF Tiger Fustal League ပြိုင်ပွဲများတွင် မြန်မာနေရှင်နယ်လိဂ်အသင်းကြီးမှ ကစားသမား ၃၀ ရာခိုင်နှုန်းခန့် ပါဝင်ကစားလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။



# ဖူဆယ်လိဂ် ပွဲစဉ်များ ကွင်းပြောင်းကစားရမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

ဖူဆယ်လိဂ်ပွဲစဉ်များအား လက်ခံကျင်းပလျက်ရှိသည့် လှိုင်မြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂) (NIS-2)သည် မိုးရေများ ဝင်ရောက်မှုကြောင့် ပြင်ဆင်မှုပြုလုပ်ရန်လိုအပ်သဖြင့် လက်ကျန်ပွဲစဉ်များအား အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)(NIS-1)တွင် ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

"လှိုင်ကွင်း(NIS-2)မှာ အားကစားရုံ ကြမ်းခင်းအတွင်း မိုးရေတွေဝင်ရောက်နေလို့ ဖူဆယ်ပွဲစဉ်တွေဆက်ကစားဖို့မဖြစ်နိုင်တော့ပါဘူး။ ရေတွေတော့ စုပ်ထုတ်နေပါတယ်။ ဒါကြောင့် လက်ကျန်ပွဲစဉ်တွေကို (NIS-1)မှာ ဆက်လက်ကျင်းပသွားမှာပါ"ဟု ဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

MFF Tiger Fustal Leauge ပြိုင်ပွဲသည် အပတ်စဉ် ၁၀ ယှဉ်ပြိုင်ကစားအပြီးတွင် ယခုကဲ့သို့ ကွင်းအခက်အခဲဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲပြီးဆုံးရန် လေးပတ်သာကျန်ရှိတော့ကြောင်း သိရသည်။ လက်ကျန်ပွဲစဉ်များအား ဩဂုတ် ၂၃ရက်၊ စက်တင်ဘာ ၁၊ ၆၊ ၁၁ ရက်များ၌ တစ်ရက်လျှင် လေးပွဲနှုန်းဖြင့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# Max Cement ဖလား ၂၄ ထွက်ပြိုင်ပွဲတွင် ရောဝတီယူနိုက်တက် ရန်ကုန်ကို ၂၄ နိမ့်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ် - ၁၈**

ယခုနှစ် ဘောလုံးရာသီတွင် ရှုံးပွဲမရှိသေးသည့် ရောဝတီယူနိုက်တက်အသင်းသည် MFF Max Cement ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရန်ကုန်ယူနိုက်တက်အသင်းအား ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ယခုလ ၁၇ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါပွဲစဉ်၌ ရန်ကုန်ယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အခြားကွာတားဖိုင်နယ်ပွဲစဉ်တွင်လည်း နေပြည်တော်အသင်းက ကာကွယ်ရေးအသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယင်းပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၂၄ ရက်တွင် မကွေးအသင်းနှင့် ရက္ခပူရယူနိုက်တက်တို့ပွဲစဉ်ကို အောင်ဆန်းကွင်းနှင့် ဇေယျာရွှေမြေအသင်းနှင့် မနောမြေအသင်းတို့ပွဲစဉ်ကို သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။




HONCON
HONG KONG INTERNATIONAL LIGHTING


RAINBOW
DETERGENT CREAM


NEW COMET TRADING CO., LTD.
NC
Customer
Quality
Email: newcomet@myanmar.com.mm

7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# မဲခေါင်မြစ်အတွင်း ဧရာဝတီလင်းပိုင် ၈၅ ကောင်ခန့်သာ ကျန်ရှိတော့ဟုဆို

**ဖနွမ်းပင်၊ ဩဂုတ် - ၁၇**

မဲခေါင်မြစ်အတွင်း ဧရာဝတီလင်းပိုင်များ၏ ကောင်ရေအရေအတွက်သည် ၈၅ ကောင်ခန့်သာရှိတော့ပြီး မျိုးသုဉ်းမည့်အန္တရာယ် ကြုံတွေ့နေရကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့၏ လေ့လာမှုအသစ်တစ်ခု၌ ဖော်ပြသည်။ အဆိုပါရန်ပုံငွေအဖွဲ့၏ ရေချိုကဏ္ဍ အစီအစဉ် ဒါရိုက်တာလီလီဖင်းကလည်း "လင်းပိုင်အများစုကို ရှာဖွေလို့ရနိုင်ပါတယ်။ ကျွန်တော်တို့ဟာ ဒီသတင်းအချက်အလက်ကိုသုံးပြီး ကျန်ရှိနေဆဲ လင်းပိုင်ကောင်ရေ အရေအတွက်ကို ခန့်မှန်းတာပါ" ဟုပြောသည်။

ပညာရှင်များ၏ ယခုခန့်မှန်းချက်သည် ယခင်ခန့်မှန်းချက်များထက် ကောင်ရေမြင့်မားလာသော်လည်း မဲခေါင်မြစ်အတွင်း လင်းပိုင်များသည် ပြီးခဲ့သည့်နှစ်အနည်းငယ်၌ ကောင်ရေတိုးပွားလာခြင်းမရှိတော့ကြောင်း ဖော်ပြထားသည်။ သို့သော် ကမ္ဘောဒီးယား မဲခေါင်မြစ်သက်ရှိမျိုးစိတ်ထိန်းသိမ်းရေးကော်မရှင်ဥက္ကဋ္ဌ တပ်ဆီယန်တာနာက WWF ၏သတိပေးချက်ကိုပယ်ချခဲ့ပြီး ယမန်နှစ်က လင်းပိုင်လေးကောင်မှာ ငါးဖမ်းပိုက်ဖြင့်ဖမ်းယူမှုကြောင့် သေဆုံးခဲ့ရသည်ကို တွေ့ရသော်လည်း ထပ်မံသားပေါက်ထားသော လင်းပိုင် ငယ်ခုနစ်ကောင် တွေ့ရှိထားကြောင်းဆိုသည်။

၎င်းက ကမ္ဘောဒီးယားအရှေ့မြောက်ပိုင်းကရာတီနှင့် စတန်ထရင်ပြည်နယ်မှ မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင် ၂၀၀၆ ခုနှစ်က လင်းပိုင်ကောင်ရေ၁၀၀ ခန့်ရှိခဲ့သော်လည်း ယခုအခါ ၁၅၅ မှ ၁၇၇ ကောင်ကြားသာရှိကြောင်းဆိုသည်။ မဲခေါင်မြစ်မှ ဧရာဝတီလင်းပိုင်များကို ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ၂၀၀၄ ခုနှစ်မှစ၍ မျိုးတုံးနိုင်သည့် အန္တရာယ်ရှိသော သက်ရှိမျိုးစိတ်တစ်ခုအဖြစ် အနီရောင်စာရင်းသွင်းသတ်မှတ်ခဲ့သည်။

*—Ref: Xinhua*




Photo: AP

# ကမ္ဘာ့ရွှေဈေး ကန်ဒေါ်လာ ၁၈၀၀ နီးပါးသို့ ပြန်လည်ရောက်ရှိ

**နယူးယောက်၊ ဩဂုတ် - ၁၈**

ကမ္ဘာ့ရွှေဈေးနှုန်းသည် သုံးရက် ဆက်တိုက် ပြန်လည်မြင့်တက် လာပြီး စိတ်ပိုင်းဆိုင်ရာ ခံစားချက် အရအရေးကြီးသည့် တစ်အောင်စလျှင်ကန်ဒေါ်လာ ၁၈၀၀ နီးပါး သို့ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ယခင်နှစ်ရက်တွင် ၃ ဒသမ ၂ တန်ဖိုးတက်ခဲ့သော ရွှေမှာ ဩဂုတ်လ ၁၇ ရက်တွင် ၈ ဒသမ ၅ ကန်ဒေါ်လာ ထပ်မံတန်ဖိုးမြင့် လာပြီး နယူးယောက်မြို့ ကုန်စည်ရောင်းဝယ်ရေး စတော့ဈေး ကွက်၌ တစ်အောင်စလျှင် ကန် ဒေါ်လာ ၁၇၉၃ ဒသမ ၅၀ ဖြင့် ဈေးကွက်ပိတ်သိမ်းခဲ့သည်။

ရွှေဈေးသည် မကြာသေးမီ သီတင်းပတ်များအတွင်း တစ် အောင်စလျှင် ကန်ဒေါ်လာ ၁၈၀၀ ကျော်သို့ရောက်ရှိခဲ့သော် လည်း ဈေးကွက်ပိတ်သိမ်းချိန် တွင် ကန်ဒေါ်လာ ၁၈၀၀ အောက် သာပြန်လည်ရောက်ရှိခဲ့သည်။

ဒေါ်လာ ညွှန်းကိန်းလည်း အနည်းငယ်ကျဆင်းလာရာ အမေရိကန်ဒေါ်လာသုံး ကုန်ပစ္စည်း ရောင်းဝယ်မှုအား မြင့်တက်လာ စေသည်။ ယူရိုနှင့် ရောင်းဝယ် မှုတွင် ဒေါ်လာတန်ဖိုး လျော့ကျ ခဲ့သော်လည်း ဂျပန်ယန်းငွေနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးမြင့်တက်လာ သည်။

*—Ref: UPI*

# ယခုနှစ်အတွင်း မြောက်အာဖရိကမှ အီတလီသို့ ခိုးဝင်သူ ၁၅၀၀ ကျော် ပင်လယ်ထဲ ပင် သေဆုံး

**ဂျီနီဗာ၊ ဩဂုတ် - ၁၇**

ယခုနှစ်အတွင်း လစ်ဗျားနှင့် တူနီးရှားနိုင်ငံများမှ အီတလီကမ်းခြေများသို့ရောက်ရှိရန် ခိုးဝင်လာခဲ့သော လူပေါင်း ၁,၅၀၀ ကျော်သည် ပင်လယ်ထဲ၌ပင် အသက်ဆုံးခဲ့ရကြောင်း ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR)က ပြောကြားသည်။

အဆိုပါ ကြေကွဲဖွယ် လူသေဆုံးမှုများဖြစ်ပွားရခြင်းမှာ ပင်လယ်ဖြတ်ကူးရန် မသင့်တော်သောလှေများသုံးခြင်း၊ လှေသင်္ဘောများပေါ်တွင်လည်း ကျွမ်းကျင်သည့်မာလိန်မှူးမပါရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း UNHCR ပြောခွင့်ရပုဂ္ဂိုလ် အက်ဒီရီယန် အက်ဒဝပ်ကပြောသည်။ စာရင်းများအရယခုနှစ်အတွင်းမြေထဲပင်လယ်ကိုဖြတ်၍ အီတလီသို့ခိုးဝင်သူ ၅၂,၀၀၀ ဦးရှိခဲ့ပြီး ၂၇,၀၀၀ ခန့်မှာ လစ်ဗျားမှဖြစ်ကာ ကျန်လူအားလုံးမှာ တူနီးရှားမှဖြစ်သည်။ ပြီးခဲ့သည့်အပတ်အတွင်း မြောက်အာဖရိကဒေသမှ လူပေါင်း ၂,၀၀၀ ခန့်မှာ အီတလီကျွန်းတစ်ကျွန်းဖြစ်သော လမ်ပီဒူဆာသို့ ရောက်ရှိခဲ့သည်ဟုဆိုသည်။


အာဖရိကမှ ဥရောပသို့ မြေထဲပင်လယ်ဖြတ်၍ ရွှေ့ပြောင်းလာသူများတွင် လစ်ဗျားစစ်ပွဲ၌ ကြားခံဖြစ်နေသော ဆိုမာလီယာကဲ့သို့နိုင်ငံများမှထွက်လာသူများကို UNHCR က ခိုလှုံသူဒုက္ခသည်အဖြစ် သတ်မှတ်ပေးပြီး ပြန်လည်အခြေချရေးကိစ္စများဆောင်ရွက်ပေးသည်။ အခြား အာဖရိကသားများမှာမူ ဥရောပတွင် နေထိုင်ရန် စီးပွားရေးအကြောင်းပြချက်များဖြင့် ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။

*—Ref: Xinhua*



7 DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

## ဆီးရီးယားအရေးကို နိုင်ငံတကာတရား ုံးသို့ ရည် ႏန်းရန် ကုလလူ့အခွင့်အရေးအကြီးအကဲ စဉ်းစားနေ



**ကုလသမဂ္ဂ၊ ဩဂုတ် - ၁၈**

ကုလသမဂ္ဂလုံခြုံရေး ကောင်စီအနေဖြင့် ဒီမိုကရေစီ လိုလားသူ ကန့်ကွက်ဆန္ဒပြသူများအပေါ် ဆီးရီးယားနိုင်ငံတွင် နှိမ်နင်းနေခြင်းအရေးကိစ္စအား နိုင်ငံတကာရာဇဝတ်မှုရုံးသို့ရည်ညွှန်းရေးအတွက် ကုလလူ့အခွင့်အရေးအကြီးအကဲက အဆိုပြုသွားလိမ့်မည်ဟုမျှော်လင့်ရကြောင်း ကုလသမဂ္ဂကိုယ်စားလှယ်များက ပြောကြားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးအကြီးအကဲ မစ္စနာဗီပီလေးသည် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီတံခါးပိတ်အစည်းအဝေးတစ်ခုတွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာအကြီးအကဲ ဗာလာရီအာမို့စ်ကလည်း ယင်းအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

လွန်ခဲ့တဲ့ ငါးလအတွင်း ကန့်ကွက်ဆန္ဒပြမှုများအပေါ် ကိုင်တွယ်ရာတွင်ဆီးရီးယားနိုင်ငံက နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများကို လေးလေးနက်နက်ချိုးဖောက်ခဲ့သည်ဆိုသည့် အထောက်အထားများ ကုလသမဂ္ဂလူ့အခွင့်အ ရေးကော်မရှင်နာရုံးက တွေ့ရှိခဲ့သည်ဟု အမည်မဖော်လိုသူ သံတမန်တစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

ဆီးရီးယားနှင့်ပတ်သက်၍ စေ့စပ်သေချာသော နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန်လိုအပ်နေသည်ဟု မစ္စပီလေးကပြောကြားရမည်ဟု မျှော်လင့်ရပြီး ယင်းကိစ္စကို နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးသို့ ရည်ညွှန်းပါက သင့်တော်မည်ဟု ကုလလူ့အခွင့်အရေးရုံးအကြီးအကဲက လုံခြုံရေးကောင်စီသို့တင်ပြလိမ့်မည်ဖြစ်ကြောင်း အဆိုပါသံတမန်က ဆက်လက်ပြောကြားသည်။

*—Ref: Reuters*

## တိုင်းပြည်တိုးတက်ရန် နိုင်ငံရေးက တားဆီးနေကြောင်း အိုဘားမားပြောကြား




Photo: Getty Images

**အီလီနွိုက်၊ ဩဂုတ် - ၁၈**

အမေရိကန်နိုင်ငံ ရှေ့ဆက်တိုးတက်ရေးတွင် နိုင်ငံရေးကြောင့် အတားအဆီးဖြစ်နေကြောင်း အီလီနွိုက်ပြည်နယ် အက်တင်ဆန်မြို့နယ်ခန်းမ၌ပြုလုပ်သည့် အစည်းအဝေးတစ်ခုတွင် သမ္မတအိုဘားမားက ပြောကြားသည်။

"လောလောဆယ် ကျွန်တော်တို့ကို နောက်ပြန်ဆွဲထားတဲ့အရာက နိုင်ငံရေးပဲဖြစ်ပါတယ်" ဟု အမေရိကန်သမ္မတက အီလီနွိုက်အစည်းအဝေးတွင် ပြောသည်။

ဥပဒေပြုရေးကိစ္စများကို လွှတ်တော်က မြန်မြန်ဆန်ဆန်လုပ်ဆောင်ရန် ၎င်းကတိုက်တွန်းပြောကြားပြီး လစာငွေများမှ အခွန်လျှော့ပေါ့ပေးရေး၊ အလုပ်လက်မဲ့ခံစားခွင့်များ၊ အခြေခံ အဆောက်အဦများတည်ဆောက်ရေးနှင့် ယင်းလုပ်ငန်းများတွင် အလုပ်နေရာများ ဖော်ဆောင်ရေးအတွက် သီးခြားဘဏ်တစ်ခုထူထောင်ခြင်း၊ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များ အတည်ပြုရေး အစရှိသည့် ကိစ္စရပ်များကို လွှတ်တော်က အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အိုဘားမားက ပြောသည်။ ယင်းကိစ္စရပ်များကို ပါတီနှစ်ရပ်စလုံးကလည်းထောက်ခံကြောင်း ၎င်းကပြောသည်။

"Made in America လို့ ရေးထိုးထားတဲ့ ထုတ်ကုန်တွေ တစ်ကမ္ဘာလုံးမှာ မြင်တွေ့ချင်ပါတယ်" ဟု စိတ်အားထက်သန်နေသည့် လူထုပရိသတ်ကြီးကို အိုဘားမားက ပြောကြားသည်။ လောလောဆယ်၌ နိုင်ငံတွင် မှားယွင်းနေသော အခြင်းအရာများမရှိကြောင်း နိုင်ငံရေးတွင်သာ မှားယွင်းနေကြောင်း အမေရိကန်သမ္မတက ဆက်လက်ပြောကြားသည်။

*—Ref: UPI*






7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# ကာဗွန်အခွန်ကောက်ရေးဥပဒေ သြစတြေးလျတွင် ပြဋ္ဌာန်းမည်

**ကင်ဘာရာ၊ ဩဂုတ် - ၁၈**

သြစတြေးလျနိုင်ငံတွင် ကာဗွန်အခွန်ကောက်ခြင်း ဥပဒေကို လာမည့်လ၌ပါလီမန်တွင် တင်ပြမည်ဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ဥပဒေဖြစ်လာရန် မျှော်လင့်ထားကြောင်းဖယ်ဒရယ်အစိုးရက ပြောကြားသည်။


Photo: Reuters

အငြင်းပွားဖွယ်ဖြစ်နေသည့် အခွန်ကောက်ခံမှုစနစ်အရ လေထုညစ်ညမ်းစေသည့် ကာဗွန်များထုတ်လွှတ်သည့် ထိပ်ဆုံးသြစတြေးလျကုမ္ပဏီ ၅၀၀ အနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်တစ်တန်ထုတ်လွှတ်လျှင် ကန်ဒေါ်လာ ၂၄ ဒေါ်လာပေးဆောင်ရမည်ဖြစ်သည်။ ယင်းဥပဒေမှာ ၂၀၁၂ ခုနှစ် ဇူလိုင် လ ၁ ရက်မှစ၍ အသက်ဝင်မည်ဖြစ်သည်။

ထို့အပြင် ကုမ္ပဏီများအနေဖြင့် ဈေးကွက်အခြေခံ ကာဗွန်ရောင်းဝယ်ရေး ပြုလုပ်နိုင်ရန်လည်း ၂၀၁၅ ခုနှစ်အား ပစ်မှတ်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းတွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် ကုမ္ပဏီများ၏ ကာဗွန်ရှယ်ယာများကိုဝယ်ယူနိုင်မည်ဖြစ်သည်။

ယင်းဥပဒေပြဋ္ဌာန်းခြင်းကို လူနှစ်ထောင်ခန့်က ကန့်ကွက်ဆန္ဒပြခဲ့ပြီး တစ်ရက်အကြာတွင် အစိုးရ၏ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ကာဗွန်အခွန်ကောက်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ဂျူလီယာဂင်းလာ့ဒ်က ရွေးကောက်ပွဲကတိပေးခဲ့ခြင်း နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။


သြစတြေးလျ ရာသီဥတုပြောင်းလဲမှုဝန်ကြီး ဂရက်ကွန်ဘက်ကမူ ကာဗွန်အခွန်ကောက်ရေးကိစ္စကို အစိုးရက ထပ်မံရွေ့ဆိုင်းတော့မည် မဟုတ်ကြောင်း ပြောကြားသည်။ *—Ref: UPI*

## လူလိုက်ပါသော အာကာသယာဉ်များ စေလွှတ်ရေး ဦးစားပေးအစီအစဉ်မဟုတ်ကြောင်း ရုရှားပြောကြား

**မော်စကို၊ ဩဂုတ် - ၁၈**

လူလိုက်ပါသော အာကာသယာဉ်များစေလွှတ်ရေးကို ဦးစားပေးအစီအစဉ်အဖြစ် မော်စကိုက မရှုမြင်တော့ကြောင်း သို့သော် နိုင်ငံတကာအာကာသစခန်းနှင့် ပတ်သက်၍ ရုရှားနိုင်ငံ၏ တာဝန်ဝတ္တရားများကိုမူ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီ ရော့စ်ကိုမော့စ်အကြီးအကဲကပြောကြား လိုက်သည်။

ယခုအခါနိုင်ငံပေါင်း ၁၆ နိုင်ငံက တည်ဆောက်ထားသည့် နိုင်ငံတကာ အာကာသစခန်း သွားလာရေးကို ရုရှားနိုင်ငံတစ်နိုင်ငံတည်းက ချုပ်ကိုင်ထားသည်။ အမေရိကန်နိုင်ငံက ၎င်း၏ နှစ် ၃၀ လွန်းပျံယာဉ် အစီအစဉ်ကိုဇူလိုင်လအတွင်း အဆုံးသတ်ခဲ့ပြီးနောက် ရုရှားဆိုယုဇ်အာကာသယာဉ်များသည် နိုင်ငံတကာ အာကာသစခန်း (ISS)သို့ လူများတင်ဆောင်သွားရောက်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်လာသည်။



အမေရိကန်၏ အာကာသယာဉ်မှူးများအား ISS သို့ပို့လွှတ်ရန်နာဆာက ခရီးစဉ်တစ်ခုလျှင် ကန်ဒေါ်လာသန်း ၅၀ ပေးရသည်။ ရုရှား အာကာသ အစီအစဉ် ဘတ်ဂျက်ထက်ဝက်ခန့်ကို လူလိုက်ပါသော အာကာသယာဉ်များစေလွှတ်ရေးအတွက် အသုံးပြုနေရကြောင်း၊ နည်းပညာပိုင်းကိုပို၍ ဦးစားပေးသည့် ပရောဂျက်များအပေါ် ပိုမို အာရုံစိုက်ရန်လိုအပ်နေကြောင်း ရုရှားအာကာသအေဂျင်စီ အကြီးအကဲ ဗလာဒီမာပိုပေါ့ဗ်ကင်က ပြောကြားသည်။ ရုရှားနိုင်ငံ၏ ထိပ်တန်းလေကြောင်းပြပွဲ MAKS တွင်ရုရှားအကြီးအကဲက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

—Ref: Reuters



7 DAY NEWS JOURNAL
# International
Vol.10, No.23 • AUGUST 25, 2011


## သူပုန်တပ်ဖွဲ့များက ကဒါဖီသားအား ဖမ်းဆီးထားပြီဖြစ်ကြောင်း နိုင်ငံတကာတရားရုံးပြောကြား

**ထရီပိုလီ၊ ဩဂုတ် - ၂၁**
လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ပြစ်မှုများအတွက် ဖခင်က ကဒါဖီနှင့်အတူ စွဲချက်တင်ခံထားရသည့် ကဒါဖီ၏ သားတစ်ဦးဖြစ်သူ ဆာအစ်အယ်လ်အစ္စလာမ်အား လစ်ဗျားသူပုန်အထူးတပ်ဖွဲ့များက ဖမ်းဆီးထားပြီဖြစ်ကြောင်း နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားရုံး(ICC)က ပြောကြားကြောင်း သိရသည်။

အစိုးရဆန့်ကျင်ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်ခဲ့စဉ်က အကြမ်းဖက်နှိမ်နင်းမှုများ ပြုလုပ်ခဲ့ပြီး အရပ်သားများအပေါ် ဥပဒေမဲ့တိုက်ခိုက်မှုများတွင်ပါဝင်ခြင်း၊ စီစဉ်ခြင်း၊ အမိန့်ပေးခြင်း စွပ်စွဲချက်များဖြင့် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံးက ဆာအစ် ကဒါဖီ၊ ၎င်း၏ဖခင် ကဒါဖီနှင့် လစ်ဗျားထောက်လှမ်းရေးအကြီးအကဲတို့အား စွဲချက်တင်တရားစွဲဆိုခဲ့သည်။



Photo:AFP



ဆာအစ်ကဒါဖီအား သူပုန်အထူးတပ်ဖွဲ့များက ထိန်းသိမ်းလိုက်ပြီဖြစ်ကြောင်း ICC ရှေ့နေ လူးဝစ်မိုရီနိုအိုကမ်ပိုက အေပီ သတင်းဌာနသို့ပြောကြားခဲ့သည်။ သို့သော် ဖမ်းဆီးမှု၏ အသေးစိတ် အချက်အလက်များနှင့် သတင်းရင်းမြစ်ကိုမူ ICC ရှေ့နေက မပြောကြားခဲ့ပေ။

"မနက်ဖြန်မနက် ကျွန်တော်တို့ သူတို့(သူပုန်တွေ)နဲ့စကားပြောပါမယ်။ တရားဥပဒေနဲ့ ရင်ဆိုင်ရမယ့်အချိန်ပါ။ လက်စားချေရမယ့်အချိန်မဟုတ်ပါဘူး"ဟု မစ္စတာအိုကမ်ပိုက သူပုန်များနှင့်ပတ်သက်၍ပြောကြားသည်။

လစ်ဗျား နိုင်ငံ မြို့တော်ထရီပိုလီသို့ ခုခံမှုနည်းပါးစွာဖြင့် သူပုန်တပ်ဖွဲ့များ ချီတက်နေချိန်မှာပင် ဆာအစ်ကဒါဖီအား ထိန်းသိမ်းလိုက်သည်ဆိုသောသတင်းများ ထွက်ပေါ်လာခြင်းဖြစ်ပြီး ကဒါဖီအား ကာကွယ်ရန်တာဝန်ယူထားသည့်တပ်ဖွဲ့နှင့် ထရီပိုလီမြို့က လက်နက်ချ၍ တော်လှန်ရေးနှင့် ပူးပေါင်းသွားပြီဖြစ်ကြောင်း၊ ထို့အတွက် အတိုက်အခံ သူပုန်တပ်ဖွဲ့များမြို့အတွင်း လွတ်လွတ်လပ်လပ်သွားလာလှုပ်ရှားနေကြောင်း သူပုန်ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။ စာ(၄၅)သို့

## အမေရိကန်သည် ကြွေးမြီတာဝန်များ ပျက်ကွက်လိမ့်မည်မဟုတ်ကြောင်း ကန်ဒုသမတပြောကြား



Photo:AP

**ချန်ဒူး၊ ဩဂုတ် - ၂၂**
အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးအပေါ် တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချမှုမြင့်တက်လာစေရန်ရည်ရွယ်သည့် တရုတ်နိုင်ငံသို့အလည်အပတ်ခရီးစဉ်တွင် အမေရိကန်ဒုတိယသမ္မတဂျိုးဘစ်ဒန်က ကမ္ဘာ့အကြီးဆုံးစီးပွားရေးနိုင်ငံအနေဖြင့် ၎င်း၏ ကြွေးမြီများအပေါ်မည်သည့်အချိန်တွင်မှ ပျက်ကွက်လိမ့်မည်မဟုတ်ကြောင်းပြောကြားသည်။


တရုတ်နိုင်ငံတောင်ပိုင်း ချန်ဒူးမြို့ တက္ကသိုလ်တွင် တက္ကသိုလ်ကျောင်းသားရာပေါင်းများစွာအား မိန့်ခွန်းပြောကြားရာ၌ အမေရိကန်ဒုတိယသမ္မတက အစိုးရနှင့်ပြည်သူကြား လွတ်လပ်စွာ သတင်းစီးဆင်းမှုကို တန်ဖိုးထားရန်လည်း တရုတ်နိုင်ငံအား တိုက်တွန်းပြောကြားသည်။

နိုင်ငံတကာငွေကြေးအဆင့်သတ်မှတ်ရေးအေဂျင်စီ (Standard & Poor's)က ယခင်သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ၏ ငွေကြေးယုံကြည်စိတ်ချရမှုကို အကောင်းဆုံးအဆင့်မှ လျှော့ချမှုရှိခဲ့သော်ငြား အမေရိကန်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီး လောင်းကြေးထပ်ရန် တစ်ခုတည်းသော အကောင်းဆုံးနေရာဖြစ်နေသေးကြောင်း ဆီချွမ်တက္ကသိုလ်မိန့်ခွန်း၌ မစ္စတာဂျိုးဘစ်ဒန်ကပြောကြားသည်။ စာ(၄၅)သို့

## အစရေးတို့၏ပစ်ခတ်မှုကြောင့် အီဂျစ်တပ်ဖွဲ့ဝင်များသေဆုံးခြင်းအပေါ် တင်းမာမှုများလျှော့နည်းရန် နှစ်နိုင်ငံကြိုးပမ်းမည်

**ကိုင်ရို၊ ဩဂုတ် - ၂၁**
အစ္စရေးနိုင်ငံနယ်စပ်အား ဖြတ်ကျော်စီးနင်းတိုက်ခိုက်ခဲ့သူများကို လိုက်လံတိုက်ခိုက်သည့် အစ္စရေးတို့၏ စစ်ဆင်ရေးကြောင့် အီဂျစ် တပ်ဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ခြင်းအတွက် နှစ်နိုင်ငံအကြား ဖြစ်ပေါ်လာသည့် သံတမန်အရေးအကျပ်အတည်းအားပြေလည်စေရန် အီဂျစ်နှင့် အစ္စရေးနှစ်နိုင်ငံလုံးက ကြိုးပမ်းနေကြောင်းသိရသည်။ သို့သော် ယင်းကိစ္စနှင့်ဆက်စပ်၍ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အစ္စရေးသံရုံးရှေ့တွင် လူအုပ်ကြီးက ဒေါသတကြီးဖြင့် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ စာ(၄၅)သို့


### News Analysis



**လက်တင်အမေရိက စီးပွားရေးကို မျှော်ကြည့်သော**

စာ-၃၆

### Interview



**ယူရိုငွေကြေးရဲ့ အနာဂတ်ဟာ ဂျာမနီအပေါ်မှာပဲ မူတည်နေတယ်**
ဘီလျံနာ ဂျော့ချ်ဆိုရော့စ် ပြောပြသော ဘဏ္ဍာရေး အတွေးအမြင်များ

စာ-၄၆



7DAY NEWS JOURNAL
# အထူးအချပ်ပို
Vol.10, No.23 · AUGUST 25, 2011



နိုင်ငံတော်သမ္မတရုံးခန်းတွင် သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ဗိုလ်ချုပ်အောင်ဆန်း ဓာတ်ပုံရှေ့၌ တွေ့ရစဉ်

# နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်ပထမဆုံးအကြိမ်တွေ့ဆုံ

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၀**

**နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်သမ္မတရုံးခန်း၌ ဩဂုတ်လ ၁၉ရက် ညနေပိုင်းက တွေ့ဆုံခဲ့သည်။**

ထိုသို့တွေ့ဆုံစဉ် မတူကွဲပြားသော သဘောထားအမြင်များ ဘေးဖယ်ထားပြီး နိုင်ငံနှင့်ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမည့် ဘုံအကျိုးစီးပွားများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်ဟု နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြခဲ့သည်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံချိတ်ဆွဲထားသော ခန်းမအတွင်း သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့်ပထမဆုံးအကြိမ်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ဝမ်းမြောက်ကျေနပ်ကြောင်းပြောကြားသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့သို့တက်ရောက်ပြီးအပြန် သတင်းထောက်များ၏ မေးမြန်းမှုကို ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် အုပ်ချုပ်ရေးမြို့တော် နေပြည်တော်သို့ ဩဂုတ်လ ၁၉ရက်တွင်ရောက်ရှိလာသည်။ ထိုနေ့ညနေတွင်နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံသည်။



အလုပ်ရုံဆွေးနွေးပွဲတက်ရောက်နားထောင်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်ကို ဦးမြင့်၊ ဒေါ်ရီရီမြင့်တို့နှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ - အားမာန်

ဩဂုတ် ၂၀ရက်တွင် ကျင်းပသော အထက်ပါအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့သို့ နံနက် ၉နာရီတွင် ဒေါ်အောင်ဆန်းစုကြည်ရောက်ရှိလာသည်။ သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် စီးပွားရေးပညာရှင်ဒေါက်တာဦးမြင့်နှင့် စီးပွားရေးပညာရှင် ပါမောက္ခ ဒေါ်ရီရီမြင့်တို့နှင့်အတူ အထူးဖိတ်ကြားထားသူများ၊ ပညာရှင်များအတွက် စီစဉ်ပေးသောထိုင်ခုံများမှ ရှေ့ဆုံးတန်းတွင်ထိုင်၍ စာတမ်းနှစ်စောင်ဖတ်ကြားသည်ကိုနားထောင်ခဲ့သည်။

နံနက် ၁၀နာရီ စာတမ်းဖတ်ကြားမှု ရပ်နား၍ လက်ဖက်ရည်နှင့်မုန့်များဖြင့် ဧည့်ခံချိန်တွင် ဒေါ်အောင်ဆန်းစုကြည်သည် သီးသန့်ခန်းအတွင်း အထူးအရေးကြီးပုဂ္ဂိုလ်များအတွက် စီစဉ်ထားသော စားပွဲဝိုင်းတွင် ပြည်ထောင်စုဝန်ကြီးလေးဦး၊ ပညာရှင်နှစ်ဦးတို့နှင့်အတူ ရင်းနှီးစွာ လက်ဖက်ရည်သောက်ရင်း စကားပြောခဲ့သည်။ ထိုစကားဝိုင်းတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအောင်ကြည်၊ ဗိုလ်ချုပ် သိန်းဌေး၊ စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်၊ ပါမောက္ခ ဒေါ်ရီရီမြင့်တို့နှင့်အတူ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ အဖော် ဧည့်သည်တော်တစ်ဦး စုစုပေါင်း ရှစ်ဦး မိနစ် ၃၀နီးပါးကြာ ရင်းနှီးစွာပွင့်လင်းစွာပြောဆိုခဲ့ကြသည်ကို တွေ့ရသည်။ အလုပ်ရုံဆွေးနွေးပွဲသို့မိမိတက်ရောက်ခြင်းမှာစီးပွားရေးပညာရှင်ဒေါက်တာဦးမြင့်၏ ဖိတ်ကြားချက်ကြောင့်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကပြောသည်။

ထိုခရီးစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရက စီစဉ်ပေးသော ကားဖြစ်သည့် တိုရိုတာအယ်လ်ဖတ် (၅ဂ/၇၀၀၇)ဖြင့် နေပြည်တော်၌ လှည့်လည်သွားလာခဲ့ပြီး၊ မြတ်မင်္ဂလာဟိုတယ်တွင် တည်းခိုခဲ့ကြောင်း သတင်းရရှိသည်။

ထိုခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်အတွက် နေပြည်တော်သို့ ပထမဆုံးအကြိမ်ရောက်ရှိခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမ္မတတာဝန်စတင်ယူပြီးနောက် ၎င်းနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်သည်။

အစိုးရသစ်လက်ထက်တွင်ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရသစ်၏ ကိုယ်စားလှယ်ဖြစ်သော ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်သည်။ ဒုတိယအကြိမ်တွေ့ဆုံပြီးနောက် ၇ရက်အကြာတွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပါအဝင် အစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေးမှုများ စိပ်လာခြင်းမှာ စိတ်ဝင်စားဖွယ်ကောင်းပြီး အပြောင်းအလဲများ၏ အစဖြစ်နိုင်ကာ ကြိုဆိုပါကြောင်း နိုင်ငံရေးလေ့လာသူအချို့ကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်အတွက် ပထမဆုံး နိုင်ငံရေးခရီးစဉ်အဖြစ် ဩဂုတ်လ၁၄ရက်က ပဲခူးနှင့် သနပ်ပင်မြို့များသို့ သွား ရောက်ခဲ့သော ခရီးစဉ်များအပြီး ငါးရက်အကြာ နေပြည်တော်သို့ ထပ်မံလာရောက်ခဲ့ခြင်းဖြစ်သည်။

# အက်ဖ်အီးစီ ဖျက်သိမ်းပါက ကျပ်ငွေနှင့် လဲလှယ်ပေးမည့် အစီအစဉ် တာဝန်ရှိသူ ပြောကြား

**အားမာန်**

**နေပြည်တော်၊ ဩဂုတ်- ၂၁**

အက်ဖ်အီးစီ ရုပ်သိမ်းသောအခါ ထိုငွေလက်ဝယ်ရှိသူများ မနစ်နာစေရန် အက်ဖ်အီးစီနှင့် ညီမျှသော ဒေါ်လာ(သို့မဟုတ်) ထိုအချိန်တွင် သတ်မှတ်ထားသည့် ဒေါ်လာပေါက်ဈေးနှင့် ညီမျှသော ကျပ်ငွေဖြင့် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်းက 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

နိုင်ငံတော်မှ ကျပ်ငွေနှင့် မြန်မာငွေလဲလှယ်နှုန်းကို ပြောင်းလဲသတ်မှတ်ရန် စီစဉ်နေပြီးပထမဦးစွာနိုင်ငံအတွက် အကျိုးရှိပြီး တည်ငြိမ်သောဒေါ်လာနှင့်မြန်မာကျပ်ငွေလဲလှယ်နှုန်းကို သတ်မှတ်မည်ဖြစ်သည်။ ထို့နောက် အက်ဖ်အီးစီ(နိုင်ငံခြားငွေလဲလှယ်ရေးလက်မှတ်) ရုပ်သိမ်းရေးကို ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ရုပ်သိမ်းပါက အက်ဖ်အီးစီနှင့်ညီမျှသောဒေါ်လာ(သို့မဟုတ်)ပြောင်းလဲသတ်မှတ်လိုက်သော ဒေါ်လာနှင့်ကျပ်ငွေလဲလှယ်နှုန်းအတိုင်း အက်ဖ်အီးစီကို ကျပ်ငွေဖြင့် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း ဦးလှထွန်းက ဩဂုတ်လ ၂၀ ရက်တွင် 7Day News ၏မေးမြန်းမှုကိုပြန်လည်ဖြေကြားသည်။

သို့သော် နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ရန်(Exchange Rate)မှာ နိုင်ငံအတွက်အရေးကြီးသည့်အတွက် အစိုးရနှင့်ပညာရှင်များပူးပေါင်းကာ ဆောင်ရွက်နေကြောင်းလည်း ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားသည်။

ဩဂုတ်လ ၁၂ ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သော ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲတွင် အက်ဖ်အီးစီနှင့် ပတ်သက်၍ ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်း၏ မေးမြန်းမှုကိုဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိမ်းက “Exchange Rate (ကျပ်ငွေနှင့် နိုင်ငံခြားငွေတရားဝင်လဲလှယ်နှုန်း)က ကျွန်တော်တို့နိုင်ငံရဲ့ Monetary Policy မှာ အရေးကြီးတဲ့ ကိရိယာတစ်ခုဖြစ်တော့ ဒီကိစ္စကို ကျွန်တော်တို့ အထူးအလေးထားဆောင်ရွက်ဖို့ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံနဲ့ ပြည်သူ့အကျိုးစီးပွားနဲ့ နေ့စဉ်လူမှုရေးဘဝတွေမှာထိခိုက်မှုမရှိစေဖို့ ဦးစားပေးပြီး IMF နဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Exchange Rate Unification ကိစ္စ ဆောင်ရွက်ရင် အက်ဖ်အီးစီရုပ်သိမ်းရေးကိစ္စကလည်း အလိုအလျောက်ပါသွားမှာဖြစ်ပါတယ်။ အဲဒီလိုရုပ်သိမ်းတဲ့အခါမှာအက်ဖ်အီးစီလက်ဝယ်ရှိတဲ့နိုင်ငံသားများအနေနဲ့နစ်နာမှုမရှိစေဖို့ အက်ဖ်အီးစီအစား သူနဲ့ညီမျှတဲ့ နိုင်ငံခြားငွေအမေရိကန်ဒေါ်လာဖြစ်စေ (သို့မဟုတ်)အဲဒီအချိန်မှာရှိတဲ့ သတ်မှတ်ထားတဲ့ပေါက်ဈေးနဲ့ညီမျှတဲ့ ကျပ်ငွေဖြစ်စေ ရရှိစေမှာဖြစ်ပါတယ်။ နစ်နာမှုမရှိစေဖို့အတွက်လည်း တာဝန်ယူဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ဖြေကြားခဲ့သည်။

သို့သော် လူအများစုမှာ “ထိုအချိန်၌ သတ်မှတ်ထားသော ပေါက်ဈေးနဲ့ညီမျှသောကျပ်ငွေ” ဆိုသည်မှာ အက်ဖ်အီးစီပြင်ပပေါက်ဈေးနှင့်ညီမျှသော ကျပ်ငွေဟု ထင်နေကြသည်။ ထိုသို့ ထင်ကြခြင်းနှင့် အက်ဖ်အီးစီ ရုပ်သိမ်းမည်ဆိုသော သတင်းများကြောင့် ဩဂုတ်လ ၁၂ ရက်မှစတင်၍ အက်ဖ်အီးစီတန်ဖိုးမှာ ပြင်ပဈေးကွက်၌ ဆက်တိုက်ပြုတ်ကျနေသည်။

ဩဂုတ်လ ၂၂ ရက်တွင် ပြင်ပငွေလဲလှယ်ရေး ဈေးကွက်၌ အက်ဖ်အီးစီ တစ်ယူနစ်လျှင် ၆၇၀ ကျပ်ရှိသည်။ ပြည်တွင်း၌ဒေါ်လာတန်ဖိုးမှာ ဆက်လက်ပြုတ်ကျနေပြီး ဩဂုတ် ၂၂ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၆၈၅ကျပ်ရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.23 · AUGUST 25, 2011

## ထူးခြားမှုများဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၁**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်တွင် ဩဂုတ်လ ၁၉ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သည်။

ထူးခြားမှုမှာ ထိုအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့သို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ခဲ့သည်။ ထို့အပြင် ပြည်ပရောက် မြန်မာစီးပွားရေးပညာရှင်သုံးဦးကလည်း စာတမ်းများဖတ်ကြားခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသော ထိုအလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးပညာရှင်များ၊ အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှတာဝန်ရှိသူများတက်ရောက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲ သုံးရက်စလုံးတွင် တက်ရောက်သူ ၄၀၀ ကျော်ရှိခဲ့သည်။

"ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်တဲ့နေရာမှာ အခုပထမဆုံး ငါးနှစ်ဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ဒီငါးနှစ်မှာ ကျွန်တော်တို့အနေနဲ့ ခိုင်မာမှန်ကန်တဲ့ ခြေလှမ်းတွေကိုလှမ်းနိုင်မှသာ အနာဂတ်နိုင်ငံတော်ရဲ့ ရှေ့ခရီးဟာ ဖြောင့်ဖြူးမှာဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲ မိန့်ခွန်းတွင်ပြောကြားခဲ့သည်။

"၁၉၈၈ နောက်ပိုင်းမှာ ပြည်ပနိုင်ငံတွေရဲ့ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ(Official Development Assistance-ODA) များ လျော့ကျလာခဲ့ပြီး၊ နောက်ပိုင်းနှစ်များမှာ အနောက်နိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့မှုများပါ ရင်ဆိုင်ခဲ့ရတဲ့အတွက် မက်ခရိုစီးပွားရေးအပေါ် ပြင်ပမှ လွှမ်းမိုးမှုများ သက်ရောက်မှုရှိခဲ့ပါတယ်"ဟု နိုင်ငံတော်သမ္မတက ပြင်ပအကူအညီများနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ် မေလ ၁၉ ရက်မှ ၂၁ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်းဗင်းရှင်းဗဟိုဌာန၌ပင် ကျင်းပခဲ့သော 'ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး' အလုပ်ရုံဆွေးနွေးပွဲကျင်းပအပြီး သုံးလအကြာတွင် ယခု အလုပ်ရုံ ဆွေးနွေးပွဲကိုကျင်းပခဲ့ခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ သုံးရက်တွင် စီးပွားရေးပညာရှင်များ၊ အစိုးရဌာနမှ တာဝန်ရှိသူများက စာတမ်းပေါင်း ၂၄ခု ဖတ်ကြားတင်သွင်းခဲ့သည်။

အမေရိကရောက် ပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာဇော်ဦးက 'အာဆီယံ ၂၀၁၅စီးပွားရေး အသိုက်အဝန်းမှ အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ' ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားပြီး၊ ပြည်ပရောက် ပညာရှင်နှစ်ဦးဖြစ်သော ဒေါက်တာကျော်ရင်လှိုင်က 'Reforming Government-Business Relations in Myanmar' ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း၊ ဒေါက်တာတင်မောင်မောင်သန်းက 'Myanmar and the Political Economy of Development' ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့သည်။

ယခု အလုပ်ရုံဆွေးနွေးပွဲ တွင် ဖတ်ကြားသောစာတမ်းများမှာ မေလက ဖတ်ကြားခဲ့သော စာတမ်းများထက် ပိုမိုကောင်းမွန်သည်။ သို့သော် အလုပ်ရုံဆွေးနွေးပွဲပုံသဏ္ဍာန်ထက် စာတမ်းဖတ်ပွဲနှင့်ပိုတူခဲ့ကြောင်းလည်း အစည်းအဝေးတက်ရောက်လာသူများကပြောသည်။

နိုင်ငံရေးပါတီများအပြင် အစိုးရဌာနနှင့် အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများကိုဖိတ်ကြားခဲ့သည့်အတွက် အလုပ်ရုံဆွေးနွေးပွဲမှာ အလွှာပေါင်းစုံပါဝင်ခြင်းအသွင် ပိုမိုဆောင်ခဲ့ကြောင်း နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူများကပြောသည်။ သို့သော် အစည်းအဝေးသို့တက်ရောက်လာသော ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ပါဝင်ဆွေးနွေးနိုင်ခွင့်မှာ အကန့်အသတ်ဖြင့်သာဖြစ်ခဲ့၍ ယခုထက်ပိုမိုပါဝင်ဆွေးနွေးခွင့်ရလိုကြောင်းလည်း စီးပွားရေးပညာရှင်နှင့် လုပ်ငန်းရှင်အချို့ကပြောသည်။

ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းမှာ နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

## ကြိုးနီစနစ် ဆက်လက်ကိုင်စွဲထားသူ၊ အဂတိလိုက်စားသူများအား ထိရောက်စွာ အရေးယူမည်ဟု နိုင်ငံတော်သမ္မတပြောကြား



Photo- Getty Images

**သီဟ**

**နေပြည်တော်၊ ဩဂုတ်-၂၂**

ယခုအချိန်သည် ခေတ်ပြောင်းနေသည့်အချိန်ဖြစ်သဖြင့် စနစ်ကိုပါ ပြောင်းလဲနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လုပ်နည်းလုပ်ဟန်များ၊ ကြိုးနီစနစ်များ ဆက်လက်စွဲကိုင်ထားသူများ၊ တာဝန်သိမှု၊ တာဝန်ယူမှုကင်းမဲ့သော အဂတိလိုက်စားမှုများအားထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားသည်။

သမ္မတ ဦးသိန်းစိန်က နေပြည်တော်၌ ယနေ့စတင်ကျင်းပသည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၏ ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် မိန့်ခွန်းပြောကြားရာ၌ အထက်ပါတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

အလားတူ သမ္မတကြီးက တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လွှတ်တော်သို့ပေးအပ်ခဲ့သည့် ကတိကဝတ်များနှင့်အညီ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများအား ပြန်လည်သုံးသပ်လေ့လာကာစီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

"စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာမှာလည်းဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်နဲ့အညီတရားသဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ လူတိုင်းလူတိုင်း တန်းတူရည်တူ အခွင့်အလမ်းများ ရရှိရေးတို့ကို အစွမ်းကုန်မြှင့်တင်ပေးပြီး မလိုအပ်သော အပိုကုန်စရိတ်များ လျော့နည်းကျဆင်းရေး၊ ကြိုးနီစနစ်များ ရှင်းလင်းဖယ်ရှားရေး၊ စျေးကွက်စီးပွားရေးယန္တရားများ အသက်ဝင်ရှင်သန်ခိုင်မာလာရေး၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံတဲ့ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲကျင့်သုံးရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟုသမ္မတကြီးကပြောကြားသွားသည်။

## ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေး မေးခွန်းနှင့် အဆိုတင်သွင်းမှုများမည်

**အားမာန်**

**ရန်ကုန်၊ ဩဂုတ် - ၂၂**

ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်အရပ်ရပ်၌ လွှတ်တော်အမတ်များက မေးခွန်းမေးမြန်းခြင်း၊ ဥပဒေကြမ်းနှင့် အဆိုတင်သွင်းခြင်းတို့ကိုများစွာပြုလုပ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

နေပြည်တော်တွင် ယနေ့မှစတင်၍ ကျင်းပနေသော ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခုတည်း၌ပင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသော မေးခွန်းပေါင်း ရာဂဏန်းနှင့် တင်သွင်းမည့်အဆိုပေါင်း တစ်ရာခန့်ရှိကြောင်းလည်း လွှတ်တော်နှင့် နီးစပ်သူများကပြောသည်။ အလားတူ အမျိုးသားလွှတ်တော်တွင်လည်း မေးခွန်းမေးမြန်း ခြင်းနှင့် အဆိုတင်သွင်းမှု များစွာ ရှိနိုင်ကြောင်း အမျိုးသားလွှတ်တော်အမတ်များနှင့်ရင်းနှီးသော နိုင်ငံရေးလေ့လာသူအချို့ကပြောသည်။ လွှတ်တော်စတင်ကျင်းပသည့် ဩဂုတ် ၂၂ရက်တွင် ပြည်သူ့လွှတ်တော်၌ကော်မတီ ၁၈ ခုဖွဲ့စည်းခဲ့ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ပါဝင်သည်။ အမျိုးသားလွှတ်တော်တွင်လည်း အလားတူကော်မတီများ ဖွဲ့စည်းခဲ့သည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်း ကန်ဒေါ်လာ ၃၆ ဘီလီယံကျော်

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၀**

မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် နိုင်ငံပေါင်း ၃၁ နိုင်ငံက ၂၀၁၁ ဇူလိုင်လကုန်အထိ လုပ်ငန်းပေါင်း ၄၅၄ ခုတွင် အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံကျော် (ဒေါ်လာသန်းပေါင်း ၃၆,၀၇၁ ဒသမ ၈၈၈) ရင်းနှီးမြှုပ်နှံထားကြောင်း သတင်းရရှိသည်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံသောကဏ္ဍမှာ လျှပ်စစ်ကဏ္ဍဖြစ်ပြီး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ဒုတိယအများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကျွမ်းကျင်သူ ဒေါ်မြသူဇာက နေပြည်တော်၌ ကျင်းပခဲ့သော နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင်တင်သွင်းသောဂုဏ်၏စာတမ်း၌ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးပမာဏစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်မှာ လျှပ်စစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံထားပြီး၊ ၃၈ ရာခိုင်နှုန်းကျော်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သောနိုင်ငံများတွင် တရုတ်နိုင်ငံမှာ အများဆုံးဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံပမာဏ၏ ၂၆ ဒသမ ၆၂ ရာခိုင်နှုန်းကျော်ရှိသည်။ ထိုင်းနိုင်ငံမှာ ဒုတိယအများဆုံးဖြစ်ပြီး ၂၆ ဒသမ ၅၃ ရာခိုင်နှုန်းရှိသည်။ ဟောင်ကောင်နိုင်ငံမှာ တတိယအများဆုံး ရင်းနှီးမြှုပ်နှံသောနိုင်ငံဖြစ်ပြီး ၁၇ ဒသမ ၄၉ ရာခိုင်နှုန်းရှိသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးစီးဝင်ခဲ့သောနှစ်မှာ ၂၀၁၀-၁၁ ဘဏ္ဍာနှစ်ဖြစ်ပြီး ထိုတစ်နှစ်အတွင်းမှာပင် ကဏ္ဍမျိုးစုံ၌ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံကျော်တန်ဖိုး နိုင်ငံပေါင်းစုံမှ လာရောက်ရင်းနှီးမြှုပ်နှံခဲ့သည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံကဏ္ဍ၌ မြန်မာနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၁၁ ဇူလိုင် ၃၁ ရက်အထိ အမေရိကန်ဒေါ်လာသန်း ၂,၁၉၀ ကျော်နှင့် ကျပ်ငွေ ၁,၄၂၄ ဘီလီယံရှိသည်။ မြန်မာနိုင်ငံသားများ အများဆုံး ရင်းနှီးမြှုပ်နှံသောကဏ္ဍများမှာ စက်မှုလုပ်ငန်း၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း စသည်တို့ဖြစ်သည်။

ပြည်ပကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုကြောင့် ဇူလိုင်လကုန်အထိ ပြည်တွင်းဝန်ထမ်း ၁၅၇,၃၃၂ ဦးနှင့် ပြည်ပဝန်ထမ်း ၁၅,၇၂၀ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိခဲ့သည်ဟုဆိုသည်။ ထိုနည်းတူ ပြည်တွင်းကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုကြောင့် ထိုကုမ္ပဏီများတွင် ပြည်တွင်းဝန်ထမ်းပေါင်း ၂၀၇,၄၂၉ ဦးနှင့် ပြည်ပဝန်ထမ်း ၂,၄၃၉ ဦး တာဝန်ထမ်းဆောင်နေသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများတွင်ပြည်တွင်းဝန်ထမ်းပေါင်း ၃၆၀,၀၀၀ ကျော်နှင့် ပြည်ပဝန်ထမ်းပေါင်း ၁၈,၀၀၀ ကျော် တာဝန်ထမ်းဆောင်နေသည်။

ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံတွင်နိုင်ငံခြားကုမ္ပဏီ ၁,၂၉၀ ခု၊ မြန်မာကုမ္ပဏီ ၂၄,၀၅၀ ခု၊ ဖက်စပ်ကုမ္ပဏီ ၇၂ ခု၊ အစုစပ် ၁,၀၇၂ ခုနှင့် အသင်း ၄၃ ခု စုစုပေါင်းကုမ္ပဏီ ၂၆,၅၂၇ ခု မှတ်ပုံတင်ထားကြောင်း ဒေါ်မြသူဇာ၏ စာတမ်း၌ဖော်ပြထားသည်။

7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011



# ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ဥပဒေအချို့အား ရုပ်သိမ်းရန်အဆိုများ တင်သွင်း

**သီဟ**

**နေပြည်တော်၊ ဩဂုတ်-၂၂**

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၏ ဒုတိယပုံမှန်အစည်းအဝေးတွင်ပြည်ထောင်စု အစိုးရမှ ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာဥပဒေအချို့အား ရုပ်သိမ်းရန်နှင့်ပြင်ဆင်ရန် အဆိုများ တင်သွင်းခဲ့သည်။

ထိုအဆိုလွှာများတွင် အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအားဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးလှထွန်းက တင်သွင်းရာတွင်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၉၆ အရပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဇယား(၁)ပါပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမြတ်ခွန်ဥပဒေမပါရှိခြင်း၊ တည်ဆဲဝင်ငွေခွန်ဥပဒေတွင် အမြတ်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များပါဝင်ခြင်း၊ တိုက်ရိုက်အခွန်ကို လက်ရှိအခွန်ဥပဒေနှစ်မျိုးဖြင့် ကောက်ခံနေရာမှ ဥပဒေတစ်မျိုးတည်းဖြင့် စည်းကြပ်ကောက်ခံခြင်းဖြင့် အခွန်ကောက်ခံမှုစနစ်




Photo- Getty Images

လွယ်ကူရှင်းလင်းသွားနိုင်ခြင်းတို့ကြောင့်အဆိုပါဥပဒေကိုတင်သွင်းရခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။ ဆက်လက်၍ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက မြန်မာနိုင်ငံတံဆိပ်ခေါင်းဥပဒေကို ပြင်ဆင်ရန်ဥပဒေကြမ်း၊ ကုန်သွယ်ခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရုံးခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းတို့အား တင်သွင်းခဲ့သည်။

ယခုကျင်းပလျက်ရှိသည့် ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးများအား ယနေ့ဩဂုတ် ၂၂ ရက်တွင် စတင်ကျင်းပပြီး မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများအပေါ် မူတည်၍ သုံးလေးပတ်နှင့်အထက် ကြာမြင့်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အခွင့်ထူးခံပါမစ်ကိစ္စများ စိစစ်ရန် တာဝန်ရှိသူအကြံပြု

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၁၉**

ဇိမ်ခံမော်တော်ယာဉ်များ တင်သွင်းခွင့်ပေးနေခြင်း၊ စီမံကိန်းများတွင် အခွန်ကင်းလွတ်နေမှုနှင့် အခွင့်ထူးခံပါမစ်ကိစ္စများကိုနိုင်ငံတော်က စိစစ်ဆောင်ရွက်သင့်ကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်းက အကြံပြုပြောကြားခဲ့သည်။

ထိုသို့ လူတစ်စု(သို့မဟုတ်) လူတစ်ဖွဲ့အတွက်ငွေပိုမိုရရှိစေရန် တရားဝင် နည်းလမ်းမှလည်းကောင်း မသင့်လျော်သော နည်းလမ်းများဖြင့်လည်းကောင်း ဆောင်



ရွက်တင်သွင်းခွင့်ပေးနေခြင်းများသည် နိုင်ငံတော်၏ စီးပွားရေးကို ထိခိုက်စေကြောင်း ဦးစိုးသိန်းက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ‘စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးမူဝါဒ’ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားစဉ် အကြံပြုပြောကြားသည်။

လက်ရှိတွင်ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)၌ အခွန်ကောက်ခံရရှိမှုမှာ ၃ ရာခိုင်နှုန်းသာရှိပြီး အချိုးအစားပါဝင်မှုမြှင့်တင်ရန်လိုကြောင်းလည်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။ ထို့အပြင် ပြည်တွင်းရှိလုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့်မှာ အခွန်တိမ်းရှောင်ခြင်း၊ အခွန်လျှော့ပေါ့ခြင်းကိုပြုလုပ်လျက်ရှိကြောင်းလည်း ၎င်းက ခန့်မှန်းပြောကြားသည်။

# နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအားလုံးကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသွားမည်

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၁၉**

နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများအားလုံးကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသွားရန် အစီအစဉ်ရှိကြောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနတို့၏ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက ဩဂုတ်လ ၁၉ရက်တွင် ပြောကြားသည်။

“နောက်ငါးနှစ်မှာ အစိုးရပိုင်ဆိုင်မှု နည်းနည်းလာပြီး၊ ပုဂ္ဂလိကပိုင်ဆိုင်မှု များများလာမယ်။ နောက်ဆုံး အစိုးရရဲ့ ပိုင်ဆိုင်မှု လုံးဝမရှိအောင် လုပ်သွားဖို့ အစီအစဉ်ရှိတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် ‘စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးမူဝါဒ’ခေါင်းစဉ်ဖြင့် စာတမ်း ဖတ်ကြားစဉ် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများအား အသိပေးပြောကြားခဲ့သည်။ နိုင်ငံတော်မှ ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံအများစုမှာ အရှုံးခံ၍ လုပ်ကိုင်ပေးနေခြင်းဖြစ်ပြီး ခေတ်ကာလနှင့်လျော်ညီစေရန် ပုဂ္ဂလိကသို့ ဖြည်းဖြည်းချင်း လွှဲပြောင်းပေးသွားရန် စီစဉ်ခြင်းဖြစ်ကြောင်း ဦးစိုးသိန်းက ရှင်းလင်းပြောကြားခဲ့သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)တွင် စက်မှုလက်မှုကဏ္ဍပါဝင်မှု အချိုးအစားမှာ ၄၀ ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအတွင်းရှိပြီး၊ မြန်မာနိုင်ငံမှာ ၂၆ ရာခိုင်နှုန်းသာရှိကြောင်း ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ဇွန် ၃၀ ရက်အထိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံပေါင်း ၉,၄၂၁ရုံရှိသည်။

# ယခုဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်လိုငွေ ကျပ် ၂၂၀၀ ဘီလီယံကျော်

**အားမာန်**

**နေပြည်တော်၊ ဩဂုတ်- ၂၀**

**၂၀၁၁-၁၂ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်လိုငွေမှာ ကျပ် ၂,၂၀၀ ဘီလီယံကျော်ရှိကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလင်းအောင်ကပြောကြားသည်။**

နေပြည်တော်တွင် ပထမဦးဆုံးအကြိမ် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ‘နိုင်ငံတော်က ချမှတ်ထားသောဘဏ္ဍာရေးမူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေအားသုံးသပ်တင်ပြခြင်း’စာတမ်းဖတ်ကြားစဉ် ဒေါက်တာလင်းအောင်ကပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုဘတ်ဂျက်လိုငွေတွင် ပြည်ထောင်စုအတွက်လိုငွေ အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက်ပါပါဝင်သည်။ အစိုးရသစ် စတင်တာဝန်ယူသော ယခုဘဏ္ဍာရေးနှစ်တွင်ပြည်ထောင်စုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အားလုံးအတွက်ဘတ်ဂျက်(ရသုံးခန့်မှန်းခြေငွေစာရင်း) ရငွေမှာ ကျပ် ၅,၇၀၀ ဘီလီယံကျော်ရှိပြီး၊ သုံးငွေမှာ ကျပ် ၇,၉၀၀ ဘီလီယံကျော်ရှိသဖြင့် ဘတ်ဂျက်လိုငွေကျပ် ၂,၂၀၀ဘီလီယံကျော်ရှိနေခြင်းဖြစ်သည်။

၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်၏ နိုင်ငံတော်ရသုံးခန့်မှန်းခြေငွေစာရင်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လွှတ်တော်မခေါ်မီ ဇန်နဝါရီ ၂၇ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၄၄၃ နှင့်အညီပြဋ္ဌာန်းခဲ့သည်ဟုဆိုသည်။

ဘတ်ဂျက်လိုငွေ ပေါ်ပေါက်နေသည့်အတွက် ပြည်ထောင်စုအစိုးရက ယခု ဘဏ္ဍာရေးနှစ်တွင် လောလောဆယ် မလိုအပ်သေးသောအသုံးစရိတ်များကိုလျှော့ချခြင်းနှင့် အရေးကြီးသော စီမံကိန်းများ ပြီးစီးအောင် ဆောင်ရွက်ရန် ဗဟိုအဖွဲ့အစည်းများ၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြန်လည်ညှိနှိုင်းဆွေးနွေးပြီးနောက် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လိုငွေကျပ် ၅၅၃ ဘီလီယံကျော် လျှော့ချနိုင်ခဲ့ကြောင်း ဇွန်လ ၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ လိုငွေဖြစ်ပေါ်မှုမှာ မူလ လျာထားချက်ထက် ကျပ်သန်းပေါင်း ၅၅၃,၂၀၂(ကျပ် ၅၅၃ ဘီလီယံကျော်) လျှော့နည်းသွားကြောင်း နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဇွန် ၂၁ ရက်၌ ကျင်းပသည့် ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်ပြီး အစည်းအဝေး၌ပြောကြားခဲ့သည်။ ဘတ်ဂျက်လိုငွေလျှော့ချနိုင်ခဲ့သည့် ပမာဏနှင့် နိုင်ငံဂျီဒီပီ အချိုးမှာ ၃ ဒသမ ၅၉ ရာခိုင်နှုန်းရှိသည်။

ယခုဘဏ္ဍာရေးနှစ်တွင် ဧပြီလမှ စက်တင်ဘာလအထိ ပထမခြောက်လကို နိုင်ငံတော်မှ တာဝန်ယူ၍ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ကျန်ခြောက်လ (အောက်တိုဘာမှ မတ်လကုန်ထိ) ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါက်တာလင်းအောင်၏ စာတမ်း၌ ဖော်ပြထားသည်။

ဘတ်ဂျက်လိုငွေဖြည့်ဆည်းရာတွင် ပြည်ပမှ ငွေကြေးဖြည့်ဆည်းခြင်းနှင့်ပြည်တွင်းငွေကြေးဖြည့်ဆည်းခြင်း နည်းလမ်းနှစ်မျိုးရှိသည်။ ပြည်ပမှ ငွေကြေးဖြင့် ဖြည့်ဆည်းခြင်းတွင်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေ၊ နှစ် နိုင်ငံအစိုးရချင်း ချေးငွေနှင့် အခြားချေးငွေများ ရယူခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေရရှိမှုမှာ ၁၉၉၀ နောက်ပိုင်းတွင် မရှိသလောက် နည်းပါးလာကြောင်းလည်းသတင်းရရှိသည်။

ပြည်တွင်းငွေကြေးဖြည့်ဆည်းခြင်းမှာ ဘဏ်မှချေးငွေတွင် ဗဟိုဘဏ်က အစိုးရ၏ ငွေတိုက်လက်မှတ်များ(Treasury Bills) ဝယ်ယူခြင်းနှင့် အခြားချေးငွေအပြင် အစိုးရက အများပြည်သူတို့ ငွေတိုက်စာချုပ်များ (Treasury Bonds) အပါအဝင် ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရောင်းချခြင်းတို့ဖြစ်သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ် (၂၀၁၀-၁၁)ကလည်း ဘတ်ဂျက်လိုငွေပြခဲ့ပြီး၊ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၆ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ဘတ်ဂျက်လိုငွေ၏ ၁၅ ရာခိုင်နှုန်းကို ငွေတိုက်စာချုပ်များဖြင့် ဖြည့်ဆည်းပေးခဲ့ကြောင်း ဒေါက်တာလင်းအောင်၏စာတမ်းတွင်ဖော်ပြထားသည်။

ယခုနောက်ပိုင်းနှစ်များတွင် မြန်မာနိုင်ငံ၌ ဘတ်ဂျက်လိုငွေနှစ်စဉ် ပေါ်ပေါက်နေသည်။ အာဆီယံနိုင်ငံများတွင်လည်း အလားတူလိုငွေများ ပေါ်ပေါက်နေကြောင်း မြန်မာနိုင်ငံ၏ ရသုံးငွေစာရင်းကို လေ့လာခြင်းခေါင်းစဉ်ဖြင့် ထိုအလုပ်ရုံဆွေးနွေးပွဲ၌ စာတမ်းဖတ်ကြားခဲ့သော ပညာရှင်ဦးစံသိန်း၏ စာတမ်း၌ဖော်ပြထားသည်။

7DAY NEWS JOURNAL
Vol.10, No.23 • AUGUST 25, 2011

# ကန့်သတ်ထားသော ဆီနှမ်းများ ပြည်ပတင်ပို့ခွင့်ပြု

**အားမာန်**

**ရန်ကုန်၊ ဩဂုတ် - ၁၇**

**ပြည်ပတင်ပို့ခွင့်ကန့်သတ်ထားသော ဆီနှမ်းဟုအလွယ်ခေါ်သည့်နှမ်းညို၊ နှမ်းကြား၊ နှမ်းဝါတို့ကို ကုန်ကြမ်းအတိုင်းဖြစ်စေ၊ ကုန်ချော ဆီအဖြစ်ဖြစ်စေ ပြည်ပသို့ တင်ပို့ခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။**

အစိုးရသစ်တက်လာပြီးနောက် စားအုန်းဆီတင်သွင်းမှုကို ပုဂ္ဂလိကကုမ္ပဏီများသို့စိစစ်၍ တင်သွင်းခွင့်ပြုခဲ့ရာ ယခုကာလတွင် စားအုန်းဆီဈေးနှင့် ပြည်တွင်းစားဆီဈေးနှုန်းများအားလုံး ကျဆင်းတည်ငြိမ်နေပြီဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်ကိုလည်း ထိခိုက်မှုမရှိဘဲ၊ လုပ်ငန်းရှင်များနှင့် တောင်သူများအဆင်ပြေရန် နှမ်းညို၊ နှမ်းကြား၊ နှမ်းဝါတို့ကို ကုန်ကြမ်းအတိုင်းဖြစ်စေ၊ ၎င်းတို့မှထုတ်ယူသော ဆီကိုဖြစ်စေပြည်ပတင်ပို့လိုပါက ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ဩဂုတ်၁၆ရက်ညနေပိုင်းက လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့ကြောင်း ထိုတွေ့ဆုံမှုတွင် ပါဝင်ခဲ့သောလုပ်ငန်းရှင်အချို့ကပြောသည်။

ဒေါ်လာနှင့်ပို့ကုန်ရငွေကျဆင်းမှုကြောင့်လုပ်ငန်းများ အခက်အခဲနှင့်ရင်ဆိုင်နေရသော ပဲ၊ ဆန်နှင့်နှမ်းပြည်ပတင်ပို့သူများ၊ ရေထွက်ကုန်ပြည်ပတင်ပို့သူများ၊ အထည်ချုပ်လုပ်ငန်းရှင်များကို နိုင်ငံတော်သမ္မတက ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် တွေ့ဆုံခဲ့သည်။

ယခင်ကတည်းက နှမ်းနက်နှင့် နှမ်းဖြူတို့ကို ပြည်ပတင်ပို့ခွင့်ပြုသော်လည်း နှမ်းဟု သတ်မှတ်ထားသော နှမ်းညို၊ နှမ်းကြား၊ နှမ်းဝါတို့ကို ယခင်ကပြည်ပတင်ပို့ခွင့် မပြုခဲ့ပေ။ သို့သော် အဆိုပါနှမ်းများမှာ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် နည်းလမ်း မျိုးစုံဖြင့် တင်ပို့မှုရှိခဲ့ကြောင်းလည်း နှမ်းကုန်သည်များကပြောသည်။

ဦးသိန်းစိန်က ဩဂုတ် ၁၇ရက်တွင် အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ်ဒေါ်လာတန်ဖိုးကျဆင်းခြင်းနှင့်ပတ်သက်၍အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ယခုအခါမှာ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ဒေါ်လာငွေဈေးကျဆင်းနေမှုများဟာ ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးကို ပါရိုက်ခတ်လျက်ရှိနေပါတယ်။ လွန်ခဲ့တဲ့လတွေက အမေရိကန်တစ်ဒေါ်လာ ငွေလဲနှုန်းဟာ ပြည်တွင်းငွေကျပ် ၈၀၀ခန့် အချိန်အတော်ကြာ ရပ်တန့်နေသော်လည်း ယခုအခါမှာ ငွေကျပ် ၇၅၀ခန့် အထိကျဆင်းသွားတဲ့တွက် ပို့ကုန်လုပ်ငန်းအချို့ ကျဆင်းခဲ့ပါတယ်။ ပို့ကုန်ကျဆင်းတာနဲ့အမျှ ပြည်တွင်းဝယ်လိုအားပါကျဆင်းလာပြီး ထုတ်လုပ်သူများကိုပါ ထိခိုက်လာနိုင်တဲ့အတွက် အထူးသဖြင့် မြန်မာ့စီးပွားရေးမှာ လယ်ယာထုတ်ကုန်များကိုသာ ပြည်ပပို့ကုန်အဖြစ် အားထားနေကြရတဲ့အတွက် တောင်သူလယ်သမားများ ထိခိုက်မှုမရှိရစေအောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်"

ထို့အပြင်ပြင်ပတင်ပို့ခွင့် ကန့်သတ်ထားသော ကြက်သွန်နီကိုလည်း



**နှမ်းလှေ့နေသော အညာတောင်သူတစ်ဦး** ဓာတ်ပုံ - လမင်းနိုင်

ပြည်တွင်းဈေးကွက်ကို မထိခိုက်စေဘဲ တန်ချိန်ကန့်သတ်ချက်ဖြင့် ပြည်ပတင်ပို့ခွင့်ပြုနိုင်ကြောင်း သတင်းရရှိသည်။ နှမ်းညို၊ နှမ်းဝါ၊ နှမ်းကြားတို့ကို ပြည်ပတင်ပို့ခွင့် ပြုလိုက်ပြီဖြစ်ပြီး၊ ကြက်သွန်နီပြည်ပတင်ပို့ခွင့်ကိုမူ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းမှပြည်တွင်းဈေးကွက်အခြေအနေကိုလေ့လာ၍ ပြည်တွင်းဈေးကွက် မထိခိုက်ဘဲ ပြည်ပတင်ပို့မှုကို ဦးဆောင်စီမံလုပ်ကိုင်ရန် မှာကြားထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဩဂုတ်လ ၁၉ရက်က 7Day News ၏မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြန်လည်ပြင်ဆင်မည်

**အားမာန်**

**နေပြည်တော်၊ ဩဂုတ် - ၂၀**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာစေရန်အတွက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်က ပြောကြားသည်။

၁၉၈၈ ခုနှစ်က ရေးဆွဲခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ခေတ်ကာလနှင့် လျော်ညီစေရန် ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ဒေါ်ဝင်းမြင့်က နေပြည်တော်တွင် ကျင်းပခဲ့သော နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းတင်သွင်းသောစာတမ်းကိုဖတ်ကြားစဉ် ပြောကြားခဲ့သည်။

ဒေါ်ဝင်းမြင့်က အထက်ပါ အလုပ်ရုံဆွေးနွေးပွဲတွင် 'တိုင်းပြည်၏ကုန်ထုတ်လုပ်စွမ်းအားနှင့် တိုင်းပြည်ဝင်ငွေဆိုင်ရာ စာရင်းဇယားများအား ပြုပြင်ပြောင်းလဲရန်လိုအပ်ချက်များ'စာတမ်းဖတ်ကြားစဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည့် အကြောင်းကိုပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ခေတ်ကာလနှင့်လျော်ညီအောင်ပြင်ဆင်ခြင်းမှာပြီးစီးပြီဖြစ်ပြီး ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီဖြစ်ကာ နောင်တွင် ကျင်းပမည့် လွှတ်တော်၌တင်သွင်း၍ သဘောတူပါကပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်းလည်း အမျိုးစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ဇူလိုင်လကုန်အထိ နိုင်ငံပေါင်း ၃၁ နိုင်ငံမှ လုပ်ငန်းပေါင်း ၄၅၄ ခုတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံတန်ဖိုးပမာဏမှာ ဒေါ်လာသန်းပေါင်း ၃၆,၀၀၀ ကျော်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွန်ကောက်ခံရုံ၊ သင့်တော်သော နိုင်ငံခြားငွေလဲနှုန်းသတ်မှတ်ရုံစသည်တို့ဖြင့် မရနိုင်ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များစွာဝင်ရောက်လာမှသာ တိုးတက်မည်ဖြစ်ကြောင်း ပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာသန်းညွန့်ကလည်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။




# မန္တလေးတွင် မိုးကြီး အနိမ့်ပိုင်းရပ်ကွက်များ ရေလွှမ်း

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်- ၂၁**



မန္တလေးမြို့ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ မဟာအောင်မြေမြို့နယ်များတွင် ယခုလ ၂၀ ရက် နံနက် ၂ နာရီခန့်မှ နံနက် ၉ နာရီခန့်အထိမိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရပ်ကွက်အချို့ ရေနစ်မြုပ်လျက်ရှိသည်ဟု သိရသည်။

မန္တလေးမြို့တွင် ယခုလ ၁၆ ရက်ကလည်း မိုးရေချိန် ၅ ဒသမ ၈၇ လက်မရွာသွန်းသဖြင့် အောင်မြေသာစံမြို့နယ် အနိမ့်ပိုင်းရပ်ကွက်များတွင် ရေလွှမ်းမိုးမှုများရှိခဲ့သည်။ အောင်မြေသာစံမြို့နယ် ပန်းဥယျာဉ်ရပ်ကွက်၊ ပြည်ကြီးရန်လုံရပ်ကွက်တို့ ရေလွှမ်းခဲ့ရသည်။

"အောင်မြေသာစံမြို့နယ် ၈၆ လမ်းနှင့် ကမ်းနားလမ်းကြား၊ ၁၀ လမ်းနှင့် ၁၂ လမ်းကြား၊ ပန်းဥယျာဉ်ရပ်ကွက်ကမနှစ်ကအောက်တိုဘာ မိုးလောက်မကဘူး။ နံနက် ၂ နာရီခန့်ကစပြီး အိမ်ထဲရေတွေဝင်လာတယ်။ နံနက်ကျတော့ ရေတွေက ရင်ခေါင်းလောက်ထိမြုပ်ပါတယ်။ မိသားစုလိုက် ချက်ချင်း ရေလွတ်ရာပြေးရပါတယ်။ ရေဆိုးထုတ်မြောင်းတွေ ပိတ်ပြီးနေအိမ်တိုက်တာဆောက်တာကတော့ မကောင်းပါဘူး။ အဓိကပြဿနာကတော့ ရေဆိုးထုတ်မြောင်းတွေ ပိတ်ကုန်လို့ပါပဲ"ဟု ဒေသခံ ရပ်ကွက်သားတစ်ဦးက ပြောသည်။

၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၈ ရက်က ပုသိမ်ကြီးမြို့တွင် ၁၁ ဒသမ ၃၁လက်မ၊ မန္တလေးမြို့တွင် ၅ဒသမ ၁၂လက်မရွာသွန်းခဲ့သဖြင့် ပရန်တော်ချောင်းရေလျှံကာ၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့ရှိ ရပ်ကွက်အချို့ ရေနစ်မြုပ်မှုဖြစ်ပြီး ယခုဩဂုတ် ၁၆၊ ၂၁ရက် မိုးတို့ကြောင်း ရပ်ကွက်အချို့ ရေနစ်မြုပ်မှု ထပ်မံဖြစ်ပေါ်ခြင်းဖြစ်သည်။